


mgyoe.com

# မြန်မာအက်ဆေး ၁၀၁

စိတ်ကူးချိုချိုစာအုပ်တိုက်မှ စီစဉ်သည်။

mgyoe.com



အတက်ဆေးမည်သည်

ရင်ပွင့်စာ သို့ဓမာတ်

ရင်ပွင့်သံ .....

တိုက်စိုး

mgyoe.com
mgyoe.com

mgyoe.com

မြန်မာ့အက်ဆေး ၁၀၁

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၉၃၀၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၂၈၀၅၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဿ.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လတွင် တန်ဖိုး ၄၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုဖြိုး

၈၀၈.၈

ကလောင်စုံ

မြန်မာအက်ဆေး ၁၀၁ / ကလောင်စုံ ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၅၂၂ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) မြန်မာအက်ဆေး ၁၀၁

mgyoe.com

mgyoe.com

# မာတိကာ

| | | |
|---|---|---|
| ၁။ စိမ်းလန်းသော တောင်ကုန်းများ | နွယ်စိုး | ၁ |
| ၂။ ရှမ်းပွဲ | သာဂရစိုး | ၆ |
| ၃။ အဖြူနှင့် အနက် | မောင်ခင်မင်(ဓနုဖြူ) | ၁၀ |
| ၄။ လိမ်ဖည်ဖည် တီးတဲ့မောင်ရယ် | အောင်သင်း | ၁၃ |
| ၅။ မှန် | မင်းကျော် | ၂၀ |
| ၆။ အလွမ်းနှာ | မောင်နီသင်း(ပျဉ်းမနား) | ၂၂ |
| ၇။ လပြည့်ည | ဖေမြင့် | ၂၅ |
| ၈။ ဈေးမြင်ကွင်း | ဂုဏ်ထူးဦးသိန်းနိုင် | ၂၉ |
| ၉။ ကျွန်တော်တို့ သူငယ်ချင်းတစ်စု | ကိုလွမ်း (ဝိုင်းမော်) | ၃၆ |
| ၁၀။ ဆွဲခြင်း | မိချမ်းဝေ | ၄၀ |
| ၁၁။ သက်ငြိမ် | မသီတာ(စမ်းချောင်း) | ၄၄ |
| ၁၂။ အဆိပ်သင့်လက်ချောင်းများ | မြင့်မိုးအောင် | ၅၀ |
| ၁၃။ အပြေးကောင်းတဲ့မြို့၊အတွေးကောင်းတဲ့မြို့ | ဒေါက်တာအောင်ကြီး | ၅၄ |
| ၁၄။ မြင်းပုဏ္ဏက | မြင့်ဦးသစ် | ၅၉ |
| ၁၅။ မြသံစဉ်ညို | ဗရေဂျမ်း | ၆၄ |
| ၁၆။ ရန်ကုန်ခရီး၊ ဘဝခရီးနှင့် သံသရာ | ဒေါက်တာစိုးအောင် | ၆၇ |
| ၁၇။ တောင်ပံခတ်သူများ | တင်လုဝင်းထင် | ၇၃ |
| ၁၈။ စကားလုံးတွေနဲ့ တည်ဆောက်တာဘဝလား | စိုင်းဝင်းမြင့် | ၇၆ |
| ၁၉။ အဖေ့ဒိုင်ယာရီပေးဖတ်ခြင်း | နေမျိုး | ၇၉ |
| ၂၀။ အခု စကားပြောနေတာ ဖြူလုံးလား | မိုးဝေး | ၈၃ |
| ၂၁။ အချစ်ဦးသို့ | စံညိမ်းဦး | ၈၆ |
| ၂၂။ လိပ်ပြာလှသူများ | ခင်ဆွေဦး | ၉၁ |
| ၂၃။ အကြမ်းဖက်ဝါဒနဲ့ဂန္ဓီ--ကင်းတို့ရဲ့ အကြမ်းဖက်ဆန့်ကျင်ရေးဝါဒ | လှူထုစိန်ဝင်း | ၉၅ |

mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂၄။ ရွာအလွမ်း | ကိုင်းသစ်အောင် | ၁၀၁ |
| ၂၅။ မိုး ကွက်ကျားရွာတဲ့ ဒီကမ္ဘာမှာ | မောင်သူ | ၁၀၆ |
| ၂၆။ ရေပေါ်ဆီ | ဇော်ခိုင်ဦး | ၁၁၂ |
| ၂၇။ အချစ်၊ အမုန်းနှင့် ဘောလုံးအကြောင်း | ကျော်ဝင်း | ၁၁၆ |
| ၂၈။ ကောက်ရိုးနွယ်နှင့် ငါးဖုတ်ထောင်း | ကျောင်းကုန်း ဧည့်မှူး | ၁၁၉ |
| ၂၉။ တစ်ပိုင်းတစ်စ ဒိုင်ယာရီ –၄ | အောင်မင်း | ၁၂၃ |
| ၃၀။ အမေ သားဂုက် | ကျော်ဇေ | ၁၃၁ |
| ၃၁။ ရောင်စုံပန်းခင်းမှ သင်းပျံ့ရနံ့များ | ကိုကြွယ်(ဟင်္သာတ) | ၁၃၇ |
| ၃၂။ မူးမြစ်ကမ်းက မြို့ကလေး | မင်းချမ်းငြိမ်း | ၁၄၃ |
| ၃၃။ နွေတစ်ရက်၌ ဥသြငှက်ကိုပန်းကုံးစွပ်ခဲ့ခြင်း | မောင်ရင့်မာ(ကျောင်းကုန်း) | ၁၄၈ |
| ၃၄။ တူတူပုန်း | ခင်လှိုင်ကြူ | ၁၅၂ |
| ၃၅။ အသိုက် | မောင်တည်ငြိမ် | ၁၅၈ |
| ၃၆။ မုန့်ကလေးတစ်ချပ် | ဇင်သန့် | ၁၆၁ |
| ၃၇။ မန္တလေးအသွား လမ်းပေါ်မှာ | ချစ်သိန်းဦး | ၁၆၅ |
| ၃၈။ ကျွန်တော်နှင့် စာတန်းများ | လွန်းတင် | ၁၆၉ |
| ၃၉။ အတာသင်္ကြန် နွေဦးကဗျာ | ဝိုင်ချို | ၁၇၃ |
| ၄၀။ မာဂဓအလွမ်း | လွတ်လပ်အိမ် | ၁၇၈ |
| ၄၁။ လက်ပံပွင့်ကောက်တမ်းချမ်း | ဝိုင် | ၁၈၅ |
| ၄၂။ နှောင်တသတ္တဝါ | ဝသုန် | ၁၉၂ |
| ၄၃။ အကြင်နာတရား လူသားဆန်မှုနဲ့ ကျွန်တော်တို့နေထိုင်ရာ | မောင်ဆေးရိုး | ၂၀၂ |
| ၄၄။ လွင်တီးခေါင် ရှုမျှော်ခင်း | ထွန်းဝေမြင့် | ၂၀၅ |
| ၄၅။ ပေါင်းစည်းခြင်း | ခင်မောင်ဇော် | ၂၀၈ |
| ၄၆။ ကိုယ့်အတွက်မလုပ်နဲ့ သူများအတွက်လုပ် | ထက်ကျော် | ၂၁၂ |
| ၄၇။ စိမ်းလန်းသော ရုပ်ရှင် | နေဝင်းမြင့် | ၂၁၆ |
| ၄၈။ ရတနာများ ပျောက်ဆုံးခြင်း | ဖူးသစ်မော် | ၂၂၂ |
| ၄၉။ ကားမစီးရဲလို့ သားကြီးပဲလာခဲ့ပါ | မြဝင်း(ဒဿန) | ၂၃၁ |
| ၅၀။ မြို့တစ်မြို့လွမ်းချင်း | ဂျူး | ၂၃၅ |
| ၅၁။ နေရောင်ခြည်အောက်က စာအုပ်စင် | အေးမင်းစော | ၂၄၂ |
| ၅၂။ ခပ်ညံ့ညံ့စာရေးဆရာတစ်ယောက်ရဲ့ ကိုယ်တိုင်ရေးအတ္တုပ္ပတ္တိ | ဝင်းထွဋ်ဇော် | ၂၄၈ |
| ၅၃။ ဆင်ခြေဖုံးက ဘူတာရုံလေး | မောင်တင်ဆင့် | ၂၅၅ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၅၄။ အိမ်ပြန်ချိန် နှုတ်ဆက်မိုး | သိန်းထိုက်ဆွေ | ၂၆၀ |
| ၅၅။ ယန္တရားထဲက တစ္ဆေ | ကြူးနှစ် | ၂၆၆ |
| ၅၆။ ခေတ်ကာလ အပရာဇိတနှင့် ကျိုက်ပိုင်းပွဲတော်ည | လင်းထင် | ၂၇၂ |
| ၅၇။ စိုက်ခင်းကော | ငွေးဝင်းနှစ် | ၂၇၇ |
| ၅၈။ လူတစ်ယောက်ရဲ့ ညနေခင်း | ကိုရွှေး | ၂၈၁ |
| ၅၉။ ငှက်ကလေးကို ရှက်လို့ပါ | မြေလတ်မောင်မြင့်သူ | ၂၈၄ |
| ၆၀။ ဘဝအနာ | ထက်နိုင်(တလုပ်မြို့) | ၂၉၀ |
| ၆၁။ ကတ္တီပါဖိနပ်တစ်ရန် | တင့်လွင်ကျော်ဖြိုး(စလင်း) | ၂၉၇ |
| ၆၂။ ချောတိုင်တက်ပွဲ | မောင်သာချို | ၃၀၃ |
| ၆၃။ ခြားနားခြင်း | မောင်ဉာဏ်ဝင်း(ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်) | ၃၀၆ |
| ၆၄။ အရက်မူးသမား | မောင်ကြည်ဖြူ(ပညာရေးတက္ကသိုလ်) | ၃၁၀ |
| ၆၅။ လောင်းရိပ် | ခင်မောင်ကြွယ် (ဥက္ကံ) | ၃၁၅ |
| ၆၆။ ပထမကလောင် | ကထိက ဦးကျော်ရင် | ၃၂၀ |
| ၆၇။ ဒုတိယကလောင် | ကထိက ဦးကျော်ရင် | ၃၂၈ |
| ၆၈။ မိဖြူ | တက္ကသိုလ်ဝင်းမွန် | ၃၃၉ |
| ၆၉။ ဦးအောင်ကိုး | မင်းကျော် | ၃၄၃ |
| ၇၀။ တောကအလှူ | နွယ်တမယ် | ၃၅၀ |
| ၇၁။ စိတ်နှင့်အမြင် | မစန္ဒာ | ၃၅၄ |
| ၇၂။ လိပ်ပြာ | တိုက်စိုး | ၃၅၈ |
| ၇၃။ ပုပ္ပားတောင်ကလပ်၏ ညဥ့်ဦးယံ | တက္ကသိုလ်မောင်မောင်ကြီး | ၃၆၁ |
| ၇၄။ ပိမိုးနင်းနှင့် ရွှေလရောင် | ဓေယျ | ၃၆၈ |
| ၇၅။ မိုးတစိမ့်စိမ့် | ချစ်ကိုကို | ၃၇၄ |
| ၇၆။ နွားနှင့် သပိတ် | မောင်ညိုမြ | ၃၇၇ |
| ၇၇။ ပလာတာကောလိပ် | တက္ကသိုလ်မောင်မောင်ကြီး | ၃၈၂ |
| ၇၈။ ကန်စွန်းနွယ် | ဓေယျ | ၃၈၉ |
| ၇၉။ အမေ | သိန်းဖေမြင့် | ၃၉၄ |
| ၈၀။ စာရေးဆရာနှင့် ဆင်စွယ်ရဲတိုက် | တက်တိုး | ၄၀၆ |
| ၈၁။ ကလောင်သွားနှင့် မုန့်ဟင်းခါး | ဓေယျ | ၄၁၂ |
| ၈၂။ သတင်းဆိုး | မန်းတင် | ၄၁၈ |
| ၈၃။ သုံးနာရီ | တက္ကသိုလ်မြတ်စိုး | ၄၂၄ |
| ၈၄။ အနုပညာသမား | ဦးဆောက်ပန်း | ၄၃၀ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၈၅။ | မြန်မာ့ခြင်းခတ်ပညာ | မြမျိုးလွင် | ၄၃၅ |
| ၈၆။ | အဟောသိကံမဖြစ်ပါ | တက္ကသိုလ်ထင်ကြီး | ၄၄၀ |
| ၈၇။ | တိမ်တောက်ချိန် | ဒဂုန်ဦးစန်းငွေ | ၄၄၄ |
| ၈၈။ | ဆေးရုံနှင့် ကျွန်တော် (သို့မဟုတ်) တတိယအတွေး | ဇော်ဂျီ | ၄၄၉ |
| ၈၉။ | ခေတ်စမ်း တောဘွဲ့ | မောင်ထင် | ၄၅၇ |
| ၉၀။ | လူ့ဘဝ ရုပ်ထုဆရာ | ဒဂုန်တာရာ | ၄၆၁ |
| ၉၁။ | ချစ်စရာ့ ဘဝ ဆည်းဆာ | တက်တိုး | ၄၆၆ |
| ၉၂။ | အညာလွမ်းချင်း | ကျော်အောင် | ၄၇၁ |
| ၉၃။ | စောင့်စည်းမှု | အောင်သင်း | ၄၈၁ |
| ၉၄။ | ရှေ့မြုပ်ပမာ | တက္ကသိုလ်မင်းမော် | ၄၈၆ |
| ၉၅။ | စခွန့်သံနှင့် ဝက်သားနီချက် | သာထပ်ဖေ | ၄၉၄ |
| ၉၆။ | ဆောင်းကာလတွင်ဝိပဿနာဖြင့်နေထိုင်ခြင်း | မောင်ရန်ပိုင် | ၄၉၇ |
| ၉၇။ | ပင့်ကူအိမ် | ချောသန့်စင် | ၅၀၂ |
| ၉၈။ | အသုံးလုံး | စိန်စိန်ထွန်းတင် | ၅၀၆ |
| ၉၉။ | မီးပုံးပျံပွဲ | ထွန်းသာတိုး(ကောလင်း) | ၅၁၂ |
| ၁၀၀။ | ကုသိုလ်ရှင် | ညိုမြင်းသွင် | ၅၁၅ |
| ၁၀၁။ | သားတို့မျက်နှာ | မြစိန်မိုး | ၅၁၉ |


❑

mgyoe.com

mgyoe.com

# စိမ်းလန်းသောတောင်ကုန်းများ

နွယ်စိုး

စိမ်းလန်းစိုပြေသော မြက်ခင်းတို့ဖြင့် ဖုံးလွှမ်းကာရှိသော တောင်ကုန်းတို့၏ အကြားတွင် သပ္ပာယ်လှစွာသော စေတီတော်သည် ငြိမ်ဆိမ်တိတ်ဆိတ်ခြင်းတည်းဟူသော အသရေကိုဆောင်ကာ တည်ရှိ၏။

နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်ရှိသော တောင်ကုန်းတို့ကို ကျော်လွန်၍ ဤစေတီတော်မြတ်သို့ လာရောက်ဖူးမြော်သူများသည် ကြည်လင်သောစိတ်ထား၊ ရွှင်လန်းသောအာရုံဖြင့် ချဉ်းကပ်ကြသည်သာ ဖြစ်ပေလိမ့်မည်။ ကျွန်တော်တို့ မောင်နှမတစ်စုကား စေတီတော်မြတ်အား ဖူးမြော်အံ့ဟု ကြေညာ၍ အိမ်မှထွက်လာကြသော်လည်း စင်စစ်မှာမူ လွတ်လပ်ပျော်ရွှင်စွာ မိမိတို့ချည်း သွားလာလည်ပတ်ရခြင်းကို အဓိကထားသူများဖြစ်ကြ၏။ နေ့လယ်စာကို အိမ်၌မစားသောက်တဲ့ သာယာသော တစ်နေရာရာတွင် ပျော်ပွဲစားသဖွယ် ယူဆောင်၍ စားသောက်လိုကြရကား စေတီတော်မြတ်၏ ပတ်ဝန်းကျင်ရှိ ကုန်းကလေး၊ ချိုင့်ကလေး၊ မြေညီမြက်ခင်းကလေး၊ စမ်းကလေးများရှိရာသို့ ကျွန်တော်တို့သည် တညီတညွတ်တည်း မျက်နှာမူကြ၏။ "ဘုရားဖူးသွားမလို့" ဟု ပါးစပ်က ပြောကြ၏။ "တို့ ပျော်ရမှာပဲ" ဟု အားရဝမ်းသာ စိတ်ထဲက အောက်မေ့ကြ၏။

မြေညီလမ်းတွင် လျှောက်လာစဉ် ခပ်ဝေးဝေးမှ စေတီတော်မြတ်အား မြင်တွေ့ရ၏။ စိမ်းလန်းသောတောင်ကုန်းမြင့်များ၏ ခြေရင်းသို့ ရောက်သောအခါ စေတီတော်မြတ်အား မမြင်နိုင်ပေ။ ဤတောင်ကုန်းများသည် သာယာလှ၏။ ကြည်အေးသောရေကို ငတ်မွတ်မောပန်းသော ခရီးသည်သည် မဝနိုင်၊ မတော်နိုင်၊ အားမရနိုင်အောင် နှစ်နှစ်ခြိုက်ခြိုက်ကြီး သောက်သကဲ့သို့ ဤတောင်ကုန်းများ၏ စိမ်းလန်းသော အရောင်သည် ကျွန်တော်တို့၏ မျက်စိအာရုံကို တင်းတိမ်စေခြင်းငှာ မတတ်နိုင်။ သာယာသော သဘာဝ၏အရသာကို ကျွန်တော်တို့မောင်နှမတစ်စုသည် လွတ်လပ်ပျော်ရွှင်စွာ ခံစား

mgyoe.com

mgyoe.com


ကြ၏။ မြင့်သောတောင်ကုန်းကို ပြေးတက်ကြကုန်၏။ နိမ့်သော ချိုင့်ဝှမ်းသို့ ပြေးဆင်းကြကုန်၏။ ကျွန်တော်တို့ကား ငယ်ရွယ်၏။ သန့်စွမ်း၏။ ကျန်းမာ၏။ နုပျို၏။ ငြိုငြင်ခြင်း၊ ပူပန်ခြင်း၊ စိုးရိမ်ခြင်းတည်းဟူသော စိတ်၏အနှောင့်အယှက်များမှ လွတ်ကင်း၏။

ကျွန်တော်တို့အထဲတွင် ခင်လှ ကား အပျော်ဆုံးတည်း။ စိတ်အားအထက်သန်ဆုံးတည်း။ ကျွန်တော်တို့ စခန်းချမည့်စေတီတော်မြတ်ထံသို့ အလျင်အမြန်ဆုံး ရောက်ချင်သူတည်း။ ခင်လှသည် ၁၃ နှစ်အရွယ် ကျွန်တော့် ညီမကလေးဖြစ်၏။ ကျွန်တော်တို့၏ ရှေ့ဆုံးမှနေ၍ လွှားခနဲ၊ လွှားခနဲနေအောင် အမြန်လျှောက်ကာ မိမိ၏လျင်မြန်ထက်သန်သောစိတ်ကို ထင်ရှားစေ၏။ ခင်လှ၏ သန့်မာနုပျိုသော ကိုယ်လုံးကလေးသည် စိမ်းလန်းစိုပြေနေသော မြက်ခင်းပေါ်တွင် တစ်လှမ်းစီလျှောက်နေသည်ဟု မထင်ရ။ အားမစိုက်ရဘဲ လျင်မြန်စွာ အလိုလို ရွေ့သွားသည်ဟု ထင်ရ၏။

ခင်လှကား မိမိသွားလိုရာအရပ်သို့ ချက်ချင်းပင် ရောက်လို၏။ ရောက်အောင်လည်း သွား၏။ စိတ်သွားတိုင်း ကိုယ်ပါ၏။ ခင်လှ ကုသိုလ်ကောင်း၏။

ခင်လှသည် ရှေ့ခပ်လှမ်းလှမ်းမှ ကျွန်တော်တို့အား လှည့်ကြည့်၍ "ကိုကိုလေးတို့က နှေးလိုက်တာ" ဟု ပြုံးလျက် အော်ပြော၏။ နောက်ကျနေသော ကျွန်တော်တို့မောင်နှမတစ်စုသည် ခင်လှနှင့် အမီလိုက်ရလေသည်။

ကျွန်တော်တို့ကား စိတ်၏ပျော်ရွှင်ခြင်းကို မျိုသိပ်မထား။ သီချင်းဆိုကြ၏။ ရယ်စရာ ပြော၍ ရယ်ကြ၏။ ရယ်စရာမပြောဘဲလည်း ရယ်ကြ၏။ တောင့်တင်းကြံ့ခိုင်သော ခြေတံတို့သည် နုပျိုရွှင်လန်းသော စိတ်၏အခိုင်းအစေကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေး၏။ စေတီတော်မြတ်သို့ ကျွန်တော်တို့ ရောက်သောအခါ မည်သူမျှ မောသည့်လက္ခဏာဖြင့် ဟီးမချ။ မည်သူမျှ ပင်ပန်းသည့်လက္ခဏာဖြင့် ပစ်မလှဲချေ။ ဆူညံစွာ စားသောက်ကြ၏။ ခင်လှ၏ ပါးစပ်မှ တတွတ်တွတ်ပြောသော စကားသံတို့သည် စမ်းငယ်မှ စီးဆင်းသောရေသံတို့ဖြင့် ရောနှောကာ လေထဲတွင် လွင့်ပါသွား၏။ စေတီတော်မြတ် အနားတွင် ကျွန်တော်တို့ စခန်းကျသော်လည်း ဘုရားဝတ်ပြုရန်ကား ရုတ်တရက် သတိမရကြချေ။

"မထွေး ဘုရားကန်တော့ဦးလေ" ဟု ခင်လှအား ကျွန်တော်က သတိပေးရလေသည်။ ခင်လှအား တစ်ခါတစ်ရံ မထွေး၊ တစ်ခါတစ်ရံ အထွေး ဟု ကျွန်တော်က ခေါ် လေ့ရှိ၏။ အထွေး၊ မထွေးဟု ခေါ်ခြင်းကို ကလေးဘဝတွင် ခင်လှသည် သဘောမကျ မရှိခဲ့သော်လည်း ယခုကား ၁၃ နှစ်အရွယ် ရှိပြီဖြစ်၍ မိမိကိုယ်ကို မိမိလူကြီးဖြစ်ပြီ ဟု မှတ်ယူကာ သဘောမကျလှချေ။ အစ်ကိုဖြစ်သူ ကျွန်တော့်ကိုကား မခေါ်ပါနှင့် မတားမြစ်ဝံ့ချေ။ သို့သော် စကားပြောလျှင် ခင်လှ၊ ခင်လှ ဟု မိမိနာမည်ကို ထည့်၍ ပြော၏။ အခြားသူများက "ခင်လှ"ဟု ခေါ်မှ ကြိုက်၏။

mgyoe.com

mgyoe.com


"ခင်လှ ဘာဆုတောင်းရမလဲ" ဟု ကျွန်တော့်ကို မေး၏။

မောင်နှမတစ်စု ဝိုင်းရယ်ကြ၏။ တစ်ယောက်တစ်မျိုး အကြံပေးကြ၏။ ခင်လှကား နားပိတ်၍ ပြေးလေပြီ။ စေတီတော်မြတ်ရှေ့တွင် ခဏတွေဝေနေ၏။ ပုဆစ်ဒူးတုပ်ချလျက် ခပ်သုတ်သုတ် ဝတ်ကျေဝတ်ကုန် ဦးသုံးကြိမ်ချ၏။ ဦးခေါင်းမော့လျက် ဆုတောင်းဟန်ရှိ၏။

ကျွန်တော်တို့ထံ ပြန်လာသောအခါ မောင်နှမတစ်စုက "ခင်လှ ဘာဆုတောင်းခဲ့သလဲ"ဟု မေးကြ၏။

"ခင်လှ ဆုတောင်းတာလေ၊ ပြောမယ်၊ ခင်လှလေ ... အသက်အရှည်ကြီးနေချင်တယ်။ အသက်ရှည်နေရတာ သိပ်ကောင်းတာပဲနော်။ ခင်လှ ခုနက လျှောက်လာတုန်းက အော်လာတာကြားရလား။ ခင်လှစိတ်ထဲမှာ သိပ်ပျော်တာပဲ။ အသက်ရှင်နေရတာ သိပ်ကျေးဇူးတင်တာပဲ။ ဒါကြောင့် ခုနက 'မြေ...မြေ၊ ငါလျှောက်ဖို့ ခိုင်မာအောင်နေလို့ ကျေးဇူးတင်တယ်၊ လေ ...လေ ငါ့ကို အေးအောင်တိုက်လို့ ကျေးဇူးတင်တယ်။ မြက်ခင်း၊ မြက်ခင်း ငါ့ကိုပျော်အောင် စိမ်းစိမ်းကလေး နေလို့ ကျေးဇူးတင်တယ်'လို့ အော်လာတယ်။ ဒါကြောင့် ဘုရားမှာ ခင်လှစဉ်းစားပြီးတော့ တပည့်တော်မ အသက်အရှည်ကြီးနေရပါစေဘုရား။ လူ့ပြည်နေလို့ သိပ်ကောင်းတာပဲလို့ ဆုတောင်းပြီး ပြောခဲ့တယ်" ဟု စိတ်ပါလက်ပါ ပြောပြလေရာ ကျွန်တော်တို့ မောင်နှမတစ်စု များစွာ သဘောကျကြလေသည်။

ကျွန်တော်တို့သည် စားသောက်ပြီးကြသောအခါ အသွားတုန်းကကဲ့သို့ပင် သွက်လက်ပျော်ရွှင်စွာ ပြန်လာကြ၏။ စေတီတော်မြတ်အား စောင်းငဲ့၍မျှပင် မကြည့်ခဲ့ပေ။ နပျိုငယ်ရွယ်သူတို့၏ ထုံးစံအတိုင်း ကျွန်တော်တို့မှာ ရှေ့သို့သာ ဇောစိုက်လျက်သွားကြ၏။ စေတီတော်မြတ်အား ကျောခိုင်း၍ မျက်ကွယ်သွားသည့်အခါ သတိမရကြတော့ချေ။ ဤသို့ဖြင့် တောင်ကုန်းများကို သွက်လက်စွာ ကျော်လွှန်လာကြရာ အဆုံးစွန်သော တောင်ကုန်း၏ခြေရင်းတွင် လူကြီးတစ်ယောက်ကို ကျွန်တော်တို့ တွေ့မြင်ရလေသည်။

ထိုသူမှာ အသက် ၆၀ ကျော်ကျော် ရှိပေလိမ့်မည်။ ထိုသူသည် ယခင်အခါက ခန့်ညားသန်မာသော ရုပ်ကြန်သဏ္ဍာန်ရှိခဲ့ပေလိမ့်မည်။ ယခုအခါမူကား အသက်ကြီးအရွယ်ရင့်၍လော၊ ရောဂါဘယကြောင့်လော မသိ။ သန်သန်မာမာ မဟုတ်ကြောင်းကို 'ကျ'နေသော မျက်နှာက သက်သေခံလျက်ရှိ၏။ တဘက်တစ်ခုကို လောဘက်ထိုး၍ စိမ်းလန်းသော တောင်ကုန်း၏ခြေရင်းတွင် ခြေစုံရပ်ကာ စေတီတော်မြတ်ရှိရာအရပ်သို့ မျက်နှာမူလျက် တည်ကြည်ငြိမ်သက်စွာ ဘုရားအာရုံပြုနေသည်ကို ကျွန်တော်တို့ မောင်နှမတစ်စု တွေ့မြင်ရ၏။

ရှေ့ဆုံးမှခင်လှသည် ရပ်တန့်လျက် ဘုရားအာရုံပြုသူ လူကြီးအား ငေးစိုက်

mgyoe.com

mgyoe.com


၍ ကြည့်၏။ အော်ဟစ်ကျယ်လောင်စွာပြောခဲ့သော ကျွန်တော်တို့၏ စကားသံ ရယ်မောသံသည် အလိုအလျောက် တိတ်ဆိတ်သွား၏။ ထိုသူ၏ နောက်ဘက်ရှိ မြေညီလမ်းနှင့် ရှေ့ဘက်ရှိ တောင်ကုန်းများသည် ထိုသူ၏ အခြေအနေကို ထင်ရှားစွာ ပြ၏။ ထိုသူကား စေတီတော်မြတ်ကို ဖူးမြော်လို၍ လာသူဖြစ်၏။

မြေညီလမ်းအဆုံးတွင် ထိုလူကြီးသည် မောလေပြီ။ တောင်ကုန်းများကို ဖြတ်ကျော်သွားခြင်းငှာ မတတ်နိုင်တော့ချေ။ ကျွန်တော်တို့အဖို့ စိမ်းလန်းသာယာသော တောင်ကုန်းများသည် ထိုလူကြီးအဖို့ကား ကာကွယ်ပိတ်ဆီးသော အနှောင့်အယှက်များတည်း။ ထိုလူကြီးငယ်ရွယ်စဉ်က ကျွန်တော်တို့ကဲ့သို့ပင် လွှားခနဲ၊ လွှားခနဲဖြင့် တောင်ကုန်းများကို ကျော်သွားခဲ့ပေလိမ့်မည်။ ထိုလူကြီးငယ်ရွယ်စဉ်က စေတီတော်မြတ်အားအရေးတကြီး ဂရုမစိုက်ဘဲ ခပ်ပေါ့ပေါ့ပင် နေခဲ့ပေလိမ့်မည်။ စေတီတော်နားမှ ဖြတ်သန်း၍ သွားသော်လည်း ငဲ့၍မျှမကြည့်၊ စိတ်ထဲကမျှ အမှတ်မရဘဲ သွားလာခဲ့ပေလိမ့်မည်။ ယခုကား ထိုလူကြီးအိုပြီ။ စိမ်းလန်းသော တောင်ကုန်းများကို ကျော်မတက်နိုင်တော့ပြီ။ မောခြင်းဟူသော ဒုက္ခကပ် စွဲနေချေပြီ။ ကျွန်တော်တို့ကော။

ယခုမူကား ထိုလူကြီးသည် တောင်ကုန်း၏ ခြေရင်းမှပင် ဘုရားကိုအာရုံပြုနေရရှာ၏။ ငယ်ရွယ်စဉ်က မည်သည့်ကုသိုလ် အကုသိုလ်များကို ပြုခဲ့ပါသနည်း။ နောင်ဘဝအတွက် စဉ်းစားရမည့် ယခုအရွယ်တွင် စေတီတော်မြတ်ထံသို့ချဉ်းကပ်ခြင်းငှာ မတတ်နိုင်တော့ပြီ။ ကျွန်တော်တို့ကော။

ဘုရားကို တကယ်ပင်ချဉ်းကပ်ရန် မြင်မြင်ထင်ထင် ဖူးမြော်ရန် လိုလားရသည့်အရွယ်၌ ဤစိမ်းလန်းသော တောင်ကုန်းများသည် စေတီတော်မြတ်အား ကွယ်ထားလေပြီ။ ဤစိမ်းလန်းသော တောင်ကုန်းများ၏ခြေရင်းမှ စေတီတော်မြတ်အား မမြင်ရ။ စိတ်၌သာ အာရုံပြုနိုင်တော့သည်။ ကျွန်တော်တို့ကော။

ကျွန်တော်တို့သည် တစ်မိနစ်ခန့်မျှ ထိုလူကြီးအား ငေးစိုက်လျက်ကြည့်မိ၏။ ခင်လှသည် ကျွန်တော့်ထံသို့ ဖြည်းညင်းစွာလာလျက် "ကိုကိုလေး၊ ခင်လှ ဘုရားကို ပြန်သွားချင်တယ်" ဟု လေသံဖြင့်ပြောလေ၏။ မောင်နှမတစ်စု တိတ်ဆိတ်စွာ စေတီတော်မြတ်ရှိရာသို့ ပြန်လှည့်သွားကြ၏။ လမ်းတွင် ခင်လှသည် တစ်လှမ်းချင်းလှမ်း၍ ဖြည်းလေးစွာ သွား၏။ မောင်နှမတစ်စုမှာ စကားတစ်လုံးမျှ မပြောကြချေ။

စေတီတော်မြတ်သို့ ရောက်သောအခါ ကျွန်တော်တို့ အားလုံး ငြိမ်သက်စွာ ရှိခိုးကြ၏။ ခင်လှသည် လေးနက်သော အာရုံဖြင့် ကြာရှည်စွာ ရှိခိုးပူဇော်၏။ ဘုရားရှိခိုးအပြီးတွင် ခင်လှ၏ ရှိုက်သံကိုကြား၍ လှည့်ကြည့်လိုက်ရာ မျက်နှာပြင်ပေါ်တွင် မျက်ရည်အသွယ်သွယ်ကျ၍ ပါးစပ်မှ "အရှင်ဘုရား၊ တပည့်တော်မ ခုနက ဆုတောင်းတာ ပြင်ပါရစေဦးဘုရား၊ အသက်တော့ ရှည်ချင်ပါတယ်၊ နို့ပေမယ့် အိုရင် ဒီတောင်ကုန်းတွေကို ဖြတ်လာနိုင်အောင် သန်သန်မာမာ ရှိပါရစေ။ အို ... ခင်လှ မအိုချင်ဘူး၊

mgyoe.com

mgyoe.com


အရှင်ဘုရားကို တောင်ကုန်းတွေကွယ်ပြီးနေရင် ခင်လှ အိုရမှာကြောက်တယ်။ အို .. ဘုရာ့၊ ခင်လှ ဒီလိုပဲ အိုရမှာလား ဘုရား။ ဒီမြက်ခင်းတွေ တောင်ကုန်းတွေ စိမ်းနေတာ ဘာလုပ်ဖို့လဲ။ အရှင်ဘုရားကို ခင်လှတစ်သက်လုံး မြင်ချင်ပါတယ် ဘုရား" ဟု တစ်လုံးစီ လှိုက်လှိုက်လှဲလှဲ ဆုတောင်းသည်ကို ကြားရပါသည်။ ကျွန်တော်မှာ စကားမပြောနိုင်ဘဲ ညီမလေး၏ လက်ကိုကိုင်ကာ စေတီတော်မြတ်အား မော့၍ မော့၍ ငေးနေမိတော့သတည်း။

**ကုံကော်မြိုင်စာတမ်း စာအုပ်မှ**

❑

mgyoe.com

mgyoe.com

# ရှမ်းပွဲ

သာဂရင်စိုး

"မဟာပဒေသ၊ ကမ္ဘောဇဟု၊ မြမြညိုမှိုင်း၊ တိုင်းကြီးအထွတ်၊ သာလွတ်အောင်မြေ၊ ညောင်ရွှေပြည်"တွင် ဆင်နွဲကျင်းပသော ရှမ်းပွဲမဟုတ်၊ ကုန်ကုန်ရေးရသော် ထိုထို ရှမ်းပြည်တစ်ဝိုက်တွင် သိုက်မြိုက်ခန့်ညားစွာ ကျင်းပသောရှမ်းပွဲကိုလည်း မဆိုလို။ တိုတိုပြောရလျှင် အောက်မြန်မာပြည် ဇောကိမည်သော ရှမ်းရွာကလေး၌ ကျင်းပသော ရှမ်းပွဲအကြောင်းမျှသာဖြစ်လေသည်။

အညတြရွာ၊ ရွာဗလချာတွင် ကျင်းပသော ရှမ်းပွဲဖြစ်လင့်ကစား၊ အသွယ်သွယ်အဖြာဖြာသော ဂုဏ်ထူးဝိသေသတို့နှင့် ပြည့်စုံလေသည်။ မိတ်ဆက်ပွဲဟုလည်း ခေါ်နိုင်၏။ သမီးရည်းစား စကားရည်လုပွဲဟုလည်း သမုတ်အပ်၏။ ဓမ္မခန္ဓာ ပေစာအပေါင်း၊ အဟောင်းအဆွေး စသည်များကို ရွတ်ဖတ်သရဇ္ဈာယ်သော တရားပွဲလည်း မည်ပါပေ၏။ တစ်နှစ်တစ်ခါ ထမင်းရည်ချောင်းစီး ပျားရည်အိုးမှောက် အလှူပေးပွဲလည်း ဖြစ်၏။ ဆယ့်နှစ်ရာသီပွဲပေါင်းကိုအကုန်စုလျက်တစ်ခါတည်းနှင့်ကိစ္စပြီးကျင်းပသောပွဲဟု ဆိုကလည်း မှားမည်မထင်။

နှစ်တိုင်း နှစ်တိုင်း ထိုပွဲကို တန်ဆောင်မုန်းလပြည့်ကျော်(၃)ရက်ကစ၍ ကျင်းပစမြဲဖြစ်၏။ ထိုရွာရှိ ရှမ်းများမှာ ထိုနေ့တွင် သစ်လွင်သောအဝတ်တန်ဆာဖြင့် ဆင်ယင်ကုန်လျက် နှစ်ဧကသာသာရှိသော မိမိတို့ရွာတစ်လျှောက်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေတော့သည်။ "ပတ်–ဘိတ်–ဘိတ်–နောင်'ဟု တူရိယာငါးပါးသံ မပြည့်သော ဗုံ၊ ငင်းတို့ဆိုင်းသံကို ချောင်းတစ်ဖက်ကပင် အတိုင်းသား မှုမပျက် ကြားရလေသည်။ ငှက်ဖျားမိသောသူ၏ ဆွဲငင်စွာငြီးသော အသံကဲ့သို့သော အသံတစ်ခုသည်လည်း ဆိုင်းသံ၊ ဗုံသံ တိတ်သွားသလိုရှိသည့်အခါတိုင်း ပေါ်ထွက်လာလေသည်။

သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသော ဝါးအိမ်အနီးသို့ ရောက်လာလေလေ ငင်းဆိုင်းသံမှာ ပိုမိုကျယ်လောင်၍ လာလေလေဖြစ်၏။ ရွာရှိ ပါရရာခွေးများလည်း

mgyoe.com

mgyoe.com


စီစီလောင်လောင် အူကြလေသည်။ တစ်နှစ်မှတစ်ခါသာ ကြားရသော ထိုဆိုင်းသံသည် အသို့လျှင် ခွေးများစိတ်၌ မအံ့ဩစေနိုင်ဘဲ ရှိတော့အံ့။ မရွှင်မမြူးဘဲနေတော့အံ့။ မထူးခြားဘဲ ဖြစ်တော့အံ့။ အံ့ဩရွှင်မြူးထူးခြားသည်သာ မဟုတ်ပါလော။

ထိုဝါးအိမ်ပေါ်တက်မိသောအခါ ဖိနပ်ချွတ်တွင် ဖိနပ်အရုံပေါင်း တစ်ရာလောက် တွေ့ရလေသည်။ လူတိုင်းပင် လူတစ်ရာလောက်တော့ အနည်းဆုံး ကြိတ်ကြိတ်တိုးတိုးပဲဟု ထင်တော့မည်။ သို့သော် အိမ်ထဲဝင်သွားသောအခါ လူအစိတ်ထက်ပိုသည်ကို မတွေ့ရပေ။ ယောက်ျားပျိုများက တစ်ဖက်၊ မိန်မပျိုများကတစ်ဖက် ထိုင်လျက်ရှိ၏။ ယောက်ျားများက ရီးတိုးရွတ၊ မိန်းမပျိုများက ဣန္ဒြေရရ။ အကုန် ရှမ်းတွေချည်းဖြစ်လေသည်။ ရှည်လျားမည်းနက်သော အိုးစည်ကြီးကို ရှမ်းတစ်ယောက်က ရပ်လျက် တီးနေ၏။ တစ်ယောက်က မောင်းတီးလေသည်။ အိုးစည်သံလေး၍ မောင်းသံဖြည်းလာသောအခါ တစ်ယောက်က သီချင်းဖောက်ဆို၏။ ထိုသီချင်းကား တောဘွဲ့၊ တောင်ဘွဲ့၊ တောလား၊ ရေလား မဟုတ်။ အလွမ်းလည်း မဖက်။ အပျော်သက်သက်ဖြစ်သော မယ်ဘွဲ့သည်သာ ဖြစ်လေသည်။

သမီးရှင်တို့သည် ထိုပွဲတွင် သမီးကို သမက်လောင်းအား ပြရလေသည်။ အမှန်းမခံရသော သမီးရှိက ‘စွံ’သွားလေအောင် ထုတ်ပြကြလေသည်။ ရှမ်းပျိုများကား အသစ်ကျပ်ချွတ်လုံချည် အင်္ကျီများကို ဝတ်ဆင်လျက် ကော့နေအောင် ကြော့ကာ ‘မြာရွေး’ကြကုန်၏။ မယ်ဘွဲ့တေးကို စောင်းချိတ်ကာဆိုလျက် ဖိုသံပေးကြ၏။ မိန်းမပျိုများလည်း အားကျမခံ ပြန်လှန်တေးဆို၏။ သို့သော် ဖျော့တော့အားငယ်သောအသံသည် လေးနက်စူးရှသောအသံကို အသို့လျှင် ဖုံးလွှမ်းနိုင်ပါအံ့နည်း။

ရှမ်း ခပ်ကြီးကြီးတစ်ယောက်က သီဆိုနေဆဲ မယ်ဘွဲ့တေးကို ကျွန်ုပ်အား အဓိပ္ပာယ်ပြန်ပြဘိ၏။ မြန်မာစကားပြေဖြင့် ရေးရသော် အဆင်ပြေလှမည်မဟုတ်။ ရသဖြင့်ပြည့်စုံမည်လည်းမထင်။ သို့သော် ကောင်းသလိုလိုပင်။

“အို…နုပျိုသော အမျိုးသမီး။ သင်၏ဆံပင်ကား တောင်ပေါ်ရှိ ရင့်မှာသော ကျောက်တုံးအရောင်ကဲ့သို့ မည်းနက်၏။ လက်မောင်းကလေးများကား ဝါးစိမ်းကဲ့သို့ သေးသွယ်ပါ၏။ ခြေချောင်းကလေးများကား ခို၏ ခြေချောင်းကလေးများကဲ့သို့ ရှိပေသည်။ အသားအရေကား ချောမွေ့လှ၏။ သင်ဝတ်ဆင်ထားသောအဝတ်တန်ဆာကား တို့ရွာ၌ မပေါ်စဘူး။ အဘယ်ဆိုင်က ဝယ်ခဲ့သနည်း။ အို …အမျိုးသမီးချော ..ငါ့အား ကြည့်လှည့်၊ ငါသည် သင့်အား ဆေးကိုင်း တောင်ယာ ပဲခင်းထောင်လျှက် လုပ်ကျွေး၍ မွေးထားရန် အသင့်ရှိပါသည်”

သို့ မယ်ဘွဲ့တေးတျာအမျိုးမျိုးကို နားထောင်ပြီးနောက် အလှူပေးရာနေရာသို့ ထွက်ခဲ့လေသည်။ မုန့်ဖက်ထုပ်များ ချကျွေးသည်မှာ စားမကုန်နိုင်တော့ပြီ။ ထမင်းထပ်ကျွေးပြန်သေး။ စားရသည်လည်း ခပ်လန့်လန့်။ ဆေးခတ်တတ်သည်ဆိုကိုး။ သို့သော်

mgyoe.com

mgyoe.com


အလှူလုပ်ရာ၌ ပညာ မကစားဟု ပြောသံကြားဖူး၏။ မြန်မာများက ရှမ်းဆေးတတ်သည်ကို ကြောက်ကြ၏။ ရှမ်းများက မြန်မာများ လိမ်တတ်သည်ကို ကြောက်။ သို့ တစ်ယောက်ကို တစ်ယောက် ကြောက်နေကြသည်မှာ နှစ်ပေါင်းမရေတွက်နိုင်တော့ပြီ။

သို့ အလှူပေးသောနေရာမှ တစ်ဖန် ထွက်ခွာလာသော် သောင်ပြင်သဲပြင်ကြီးပေါ်တွင် ဆောက်ထားသော ဟင်းလင်းဟောင်းလောင်းနှင့် ကျောင်းပျက်လိုလို ဇရပ်ပျက်လိုလို တစ်ခုတွေ့လေသည်။ ဤဝေဠုပိဟာသည် အရံအကာ ဗလချာမို့၊ နွှေခါမှု ဖုတ်ထ၊ မိုးကျလျှင် ရွှဲရွှဲစို၊ ဆောင်းဆိုလျှင် ကောက်ရိုးစင်မယွင်း နှင်းရော ဆီးရော၊ စကောရာမျှမလုံ"ဟူသော ဦးပုည ဝါးကျောင်းကို သတိရလာ၏။ သို့သော် သာမည မဟုတ်။ ဓမ္မအသွယ်သွယ်၊ ပေစာအဝဝ၊ ဓာတ်တော်အထွေထွေ၊ ဖတ်ရာဌာနဖြစ်ပေသည်။ ကြမ်းကျွံကျမည်ကို စိုးရသည်က တစ်တန်၊ စာဖတ်နေသူ ဓမ္မကထိကအား နှောင့်ယှက်မည်ကို စိုးရသည်က တစ်ဝကြောင့်၊ ဖြည်းဖြည်းတက်၊ ဖြည်းဖြည်းသွားရလေတော့သည်။ ဖန်ဖြင့် မွမ်းမံစီခြယ်အပ်သော ဟောင်းနွမ်းသော ပလ္လင်ပေါ်တွင် နားထောင်သူပရိသတ်ဘက် ကျောပေးလျက် စာထိုင်ဖတ်နေသော ဓမ္မကထိကကို တွေ့ရလေသည်။ နားထောင်သူအပေါင်းကား ကော်ဇောပေါ်တွင် အခန့်သား ပက်လက်အိပ်လျက်ရှိ၏။ အချို့ကား ဝိုင်းဖွဲ့ကာ စကားပြောနေ၏။ ဤဌာန၌ကား အဘိုးကြီးဆံဖြူသက်ကျားတို့သာ ရှိ၏။ မိန်းမကြီး အဘွားအိုများကား ဇရပ်အောက်တွင် ထိုင်လျက် တရားနားထောင်ကြရလေသည်။

စာဖတ်သံကို နားမလည်လင့်ကစား နားထောင်၍ကား ကောင်းလှ၏။ အတူပါလာသော ရှမ်းကြီးအား ဝေဿန္တရာဓာတ်ကို ဖတ်နေသလောဟု မေးရာ "ဘယ်က ဝေဿန္တရာဟုတ်ရမှာလဲမောင်၊ ဥမ္မာဒန္တီတို့ ပဒုမ္မဒေဝီတို့ ဓာတ်ကို ဖတ်နေတာ" ဟု ပြန်ပြော၏။ ဓမ္မကထိကကား နယ်နယ်လူမဟုတ်၊ နန်းခမ်းမြို့တွင် သုံးနှစ်တိတိ ဤစာကို ဖတ်နိုင်အောင် သွားသင်လာသူတည်း။ တစ်နှစ်ကို ယောကျ်ားပျိုတစ်ယောက်ကျ ရွေးချယ်လျက် ပညာတော်သင် လွှတ်၏။ ပညာတတ်၍ ဓမ္မပေစာ အပေါင်းကို ဖတ်နိုင်လာသောအခါ မိဘဆွေမျိုး မျက်နှာကြီးတော့သည်။ ကြင်ရာမရှားတော့ပြီ။ နို့ ဘိလပ်ပညာတော်သင်များနှင့် တူလိုက်လေချင်း။

ဓမ္မာရုံနှင့် မနီးမဝေးတွင် ဘုရားကျောင်းတော်ကလေး ရှိသေး၏။ (ဘုန်းတော်ကြီးကား မရှိ) ကျောင်းတော်နံဘေး ပတ်လည်တွင်ကား တံခွန် ကုက္ကား၊ မလေးပွားအရှည်ကြီးများကို ဝါးဘိုးတိုင်တွင် ချည်လျက် မြေတွင်စိုက်ထားလေသည်။ ညဏ်တော် တစ်တောင်နှစ်တောင် ကျော်ကျော်ရှိသော ကျောက်ဆင်းတုတော်များဖြင့် ကျောင်းတော် တစ်ဆောင်လုံး ပြည့်နေတော့၏။ ကျပ်ခိုးစင်လုပ်လျက် အချို့သောကိုယ်တော်များကို တင်ထားရလေသည်။ တချို့ကိုယ်တော်များကား မြေပေါ်တွင် စံနေတော်မူရာ၏။ မတ်တတ် ကုလား ဘုရား၊ ဝတ်ပြုသလို ရှိခိုးရတော့၏။ ခက်မှ ခက်ရလေ။

mgyoe.com

mgyoe.com


ဖောတိရှမ်းပွဲကလေးသည် နေထွက်မှ နေဝင်၊ နေဝင်မှ နေထွက် အိုးစည်တီးကာ မောင်းတီးရင်း သီချင်းဆိုလိုက်နှင့် သုံးရက်တိတိ ကျင်းပလေသည်။ ဂေါ်ရခါး စစ်ပုလိပ်ကုလား၊ ကရင်၊ မြန်မာ၊ တလိုင်း၊ ပလောင်တို့လည်း သွားကြည့်ကြ၏။ အမျိုးမျိုး မှတ်ချက်ချကြကုန်မည်။ သို့သော် ဖောတိရှမ်းတို့ကား ဂရုစိုက်နေမည်မဟုတ်။ အရေးလုပ်မည်မထင်။ နှစ်စဉ် နှစ်တိုင်း ပြုအပ်သောပွဲကို ဝတ္တရားအလျောက် ပြုလုပ်မည်သာတည်း။

ဇွန်၊ ၁၉၃၇ ခုနှစ်၊ ဂန္ဓလောက

❑

mgyoe.com

mgyoe.com

# အဖြူနှင့် အနက်

မောင်ခင်မင်(ဓနုဖြူ)

ကျွန်တော့်လက်ကိုင်ပဝါကို မင်စွန်းသွားသည်။ စာရေးရင်း ဖောင်တိန် မင်ခါလိုက်ရာမှ ရှေ့မှာချထားသော လက်ကိုင်ပဝါပေါ်သို့ မင်စက်ကျသွားခြင်းဖြစ်ပါသည်။ လက်ကိုင်ပဝါက ဖြူသည်။ မင်စက်က နက်သည်။ အဖြူပေါ်အနက်ကျသဖြင့် အထင်းသားပေါ်လွင်နေသည်။ ဒဂိုးဝိုင်းလောက် မင်ကွက်ကြီးကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။ ကိုယ်မြတ်နိုးသည့် ပစ္စည်းဖြူဖြူဖွေးဖွေးကလေး စွန်းထင်းပေကျံသွားသည်ကို မည်သူနှစ်သက်ပါမည်နည်း။ "မင်ကွက်ပျောက်သွားအောင် လက်ကိုင်ပဝါတစ်ထည်လုံး မင်နက် ဆိုးပစ်ပါကလား"ဟု ကျွန်တော့်ညီက နောက်ပြောင်လိုက်သေး၏။

ကျွန်တော် ထီးကိုင်ပြီး လမ်းထွက်လာခဲ့သည်။ လမ်းလျှောက်ရင်း တစ်ခုခုကို သတိထားလိုက်မိ၏။ အခြားမဟုတ်။ ကျွန်တော် ဆောင်းထားသော ဖဲထီးပင်။ ဤထီးကြီးကို သွားလေရာရာ ကျွန်တော်ယူသွားသည်။ လမ်းထွက်တိုင်း အသုံးဝင်သော်လည်း ဤထီးကြီးကို ကျွန်တော် ဂရုမစိုက်မိ။ လက်ကိုင်ပဝါလေးလို ယုယုယယ မကိုင်။ ထားချင်ရာထားပစ်ခဲ့သည်။ စွန်းလိုစွန်း၊ ပေလိုပေ။ ဖြစ်ချင်ရာ ဖြစ်ပေစေဟု သဘောထားခဲ့သည်။ ထီးကြီးကား ခံနိုင်ရည်ရှိလှသည်။ ဘယ်လောက်စွန်းစွန်း၊ ဘယ်လောက်ပေပေ နည်းနည်းမျှမဖြူ။ တတ်နိုင်လျှင် မင်တစ်စက်မက တစ်ပုလင်းလုံးပင် သွန်အပေါ်လောင်းချစေဦး အမည်းပေါ် အမည်းထပ်ပြီး ပြောင်၍ ပြောင်၍လာမည်။ အာဂထီးနက်ကြီးပါပေ။

"အဖြူနှင့်အနက်" သဘောသည် ကျွန်တော့်အတွေးထဲသို့ လျှပ်ပြက်သလို ဝင်းခနဲ လက်ခနဲ ဝင်လာသည်။ "အဖြူ"သည် အစွန်းအထင်းမခံ။ ပေကျံ၍မဖြစ်။ စွန်းထင်းပေကျံသွားလျှင် အလှပျက်တော့သည်။ "အနက်"ကား ထိုသို့မဟုတ်။ အရောင်တကာထိပ်သီး အမှောင်ဆုံး အမည်းဆုံးဖြစ်၍ ဘာစွန်းစွန်း၊ ဘာပေပေ ခံနိုင်ရည်ရှိသည်။

mgyoe.com

mgyoe.com

ကျွန်တော့် အဒေါ်တစ်ယောက်အကြောင်းကို ဖြုန်းခနဲ သတိရလိုက်သည်။ အဒေါ်သည် ရပ်ဝေးမှာနေသည်။ တစ်နေ့တွင် သူ အသည်းအသန် မမာနေကြောင်း ကျွန်တော့်ထံ စာရောက်လာသည်။ အဒေါ်မှာ နာတာရှည်လူမမာဖြစ်၍ အိပ်ရာထဲလဲနေသည်မှာ ကြာပေပြီ။ အသည်းအသန်ဟူသောစကားကြောင့် ကျွန်တော် အလွန်အမင်း စိုးရိမ်သွားသည်။ "သူ သေမှာပဲ"ဟု တထစ်ချထင်လိုက်မိသည်။ ထို့ကြောင့် အလွန်စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရသည်။ ဝမ်းနည်းပူဆွေးခဲ့ရသည်။ သိပ်မကြာပါ။ အဒေါ် ကွယ်လွန်ကြောင်း စာထပ်ရောက်လာတော့သည်။ ထူးခြားသည်မှာ အဒေါ် တကယ်ကွယ်လွန်သောအချိန်တွင် ကျွန်တော့်အဖို့ သတင်းကြားရခါစကလောက် ဝမ်းမနည်းတော့ခြင်းဖြစ်ပါသည်။ "ဘာကြောင့်ပါလိမ့်" ဟု ပြန်စဉ်းစားကြည့်သည်။ ကျွန်တော် အဒေါ်အကြောင်း ကြားရခါကစ "သေမှာပဲ" ဟုထင်ပြီး အဆိုးဆုံးအခြေအနေကို ကြိုတင်မျှော်လင့်ထားခဲ့သည်။ သေမှာပဲဟု ယုံကြည်လွန်းသဖြင့် ထိုအခြေအနေဆိုးအတွက် ခံစားရမည့် ဝမ်းနည်းပူဆွေးမှုကို ကြိုတင်ခံစားထားမိသည်။ ထိုအဖြစ်ဆိုး တကယ်ကြုံလာသောအခါတွင် ကျွန်တော့်ဝမ်းနည်းမှုသည် တော်တော်အရှိန်သေသွားလေပြီ။

ကျွန်တော် ထင်ပါသည်။ "အဒေါ်တော့ ပြန်နေကောင်းမှာပဲ" ဟုသာ မူလက မျှော်လင့်ထားခဲ့မိလျှင် ယခုလို အဆိုးဆုံးအဖြစ်နှင့် ကြုံရသည့်အခါ ကျွန်တော်သည် ယခုထက်ပို၍ အလွန်အမင်း ဝမ်းနည်းရပေလိမ့်မည်။ "အဒေါ် သေမှာပဲ" ဟု ယုံကြည်ထားပြီးမှ ပြန်နေကောင်းလာသည်ကို ကြုံရလျှင်လည်း ကျွန်တော်သည် အလွန်အမင်း ဝမ်းသာရပေလိမ့်မည်။ ကျွန်တော်တို့သည် မျှော်လင့်ထားသော ဝမ်းသာမှု ဝမ်းနည်းမှုမျိုးထက် မမျှော်လင့်သော ဝမ်းသာမှု ဝမ်းနည်းမှုမျိုးကို ကြုံရသည့်အခါ ပို၍ တုန်လှုပ်တတ်ကြသည်မဟုတ်လော။

ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရှိပါသည်။ သူသည် နယ်မှ တက္ကသိုလ်ဝင်တန်းဖြေသည်။ သိပ်ဖြေနိုင်သဖြင့် "အောင်မှာပဲ" ဟု ကျိန်းသေတွက်လိုက်သည်။ ရန်ကုန်လာပြီး တက္ကသိုလ်ဆက်တက်ရန် စိစဉ်သည်။ ကျွန်တော့်အိမ်မှာ တည်းခိုစဉ် တက္ကသိုလ်မှာ ဘာသာသာတွေ သင်ယူမည်၊ ဘယ်လိုင်းလိုက်မည် စသည်ဖြင့် စိတ်ကူးယဉ်ရသည်မှာအမော။ သို့နှင့် စာပေးပွဲအောင်စာရင်း ထွက်လာသည်။ သူ့အမည်ကား ပါမလာချေ။ သူ့ခမျာ ရူးမလို နှမ်းမလို ကြောင်တောင်တောင် ဖြစ်သွားတော့သည်။ မအိပ်နိုင် မစားနိုင် တငိုငိုတည်းငိုငိုနေရှာသည်။ သူအိပ်မက် မက်ခဲ့သော စိတ်ကူးယဉ်ချက်များ ပြိုပျက်သွားသည်ကိုမှ မချိ။ နောက်ဆုံး ချော့မော့ပြီး နယ်ပြန်ပို့လိုက်ရသည်။

ကျွန်တော် စဉ်းစားကြည့်ပါသည်။ သူသည် "စာမေးပွဲအောင်မှာ" ဟု မျှော်လင့်မထားဘဲ "ကျမှာပဲ" ဟု မျှော်လင့်ပြီး စိတ်လျှော့ထားခဲ့လျှင် ယခု တကယ်စာမေးပွဲကျသောအခါ ယခုလောက် အခံရဆိုးမည်မဟုတ်။ အနည်းဆုံး "စာမေးပွဲ" ဆိုတာ

mgyoe.com

အောင်ချင်အောင်မယ်၊ ကျချင်ကျမယ်ဟု သဘောပေါက်လျှင်ပင် ယခုလောက် အခံရဆိုးမည်မဟုတ်ပေ။

ဤတွင် "အပြုံနှင့်အနက်" သဘောကို ဆက်စပ်သတိရခြင်းဖြစ်ပါသည်။

ဝမ်းသာစရာကို မျှော်လင့်၍ ဝမ်းသာစရာဖြစ်လာသောအခါ ဝမ်းသာရသည်။ ဝမ်းနည်းစရာကို မျှော်လင့်၍ ဝမ်းသာစရာဖြစ်လာသောအခါတွင်ကား ပို၍ ပို၍ ဝမ်းသာရသည်။

ဝမ်းနည်းစရာကို မျှော်လင့်၍ ဝမ်းနည်းစရာ ဖြစ်လာသောအခါ ဝမ်းနည်းရသည်။ ဝမ်းသာစရာကိုမျှော်လင့်၍ ဝမ်းနည်းစရာ ဖြစ်သောအခါတွင်ကား ပို၍ပို၍ ဝမ်းနည်းရသည်။

ကျွန်တော်တို့သည် ဝမ်းသာလျှင်လည်း တုန်လှုပ်သည်။ ဝမ်းနည်းလျှင်လည်း တုန်လှုပ်သည်။ သို့သော် ဝမ်းနည်း၍ တုန်လှုပ်ခြင်းမျိုးကို မည်သူမျှ မခံစားလိုကြ။ ထို့ကြောင့် ဝမ်းသာစရာကိုသာ ကြိုတင်မျှော်လင့်ထားတတ်ကြသည်။

ဝမ်းသာမှုသဘောသည် ရွှင်လန်းသည်။ ပေါ့ပါးသည်။ ထို့ကြောင့် "အပြုံ" ဟုဆိုကြပါစို့။ ဝမ်းနည်းမှုသဘောသည် ထိုင်းမှိုင်းသည်။ လေးလံသည်။ ထို့ကြောင့် "အနက်" ဟု ဆိုပါစို့။ "အပြုံ" သည် အထိမခံနိုင်။ အပြုံ ကို အပြုံအတိုင်းတွေ့ရမှ စိတ်ချမ်းသာသည်။ အပြုံတွင် အနက်ကလေး တစ်စက် စွန်းလျှင် အလှပျက်တော့သည်။ ဝမ်းသာစရာကိုသာ ကြိုတင်မျှော်လင့်တတ်သူသည် လက်ကိုင်ပဝါဖြူဖြူကလေးကို တယုတယ ကိုင်သူကဲ့သို့ဖြစ်သည်။

အနက်ကား အပြုံလိုမဟုတ်။ ခံနိုင်ရည်ရှိသည်။ ထိချင်သလိုထိ။ ပေချင်သလိုပေ။ စွန်းချင်သလိုစွန်း။ နက်သည်ထက်နက်၍ ပြောင်သည်ထက်ပြောင်လာမည်သာ။ ဝမ်းနည်းစရာကို ကြိုတင်မျှော်လင့်ထားတတ်သူသည် ဖဲထီးအနက်ကြီးကို အကြမ်းပတမ်းကိုင်သူကဲ့သို့ဖြစ်သည်။

လောကကို အမှောင်ဘက်မှသာ မြင်တတ်သူဟုဆိုချင်လည်း ဆိုကြပါစေတော့။ အကောင်းဆုံးအခြေအနေတွင် ရှိစေကာမူ အဆိုးဆုံးကို ကြိုတင်မျှော်လင့်ထားတတ်သည့် စိတ်ဓာတ်မျိုး မွေးမြူနိုင်အောင် ကျွန်တော် အားထုတ်ရပေဦးမည်။

၁၉၈၇၊ ပန်းကုံးကော်၊ မြန်မာစာစီစာကုံးနှင့် စာတမ်းများ

❑

mgyoe.com

mgyoe.com

# လိမ်ဖည်ဖည်တီးတဲ့မောင်ရယ်

အောင်သင်း

"တော်တီး ... တော်တီး ... တော်"

"ဂျမ်း တုတ်တုတ် ... ဂျမ်း တုတ်တုတ်"

"တော်တီး ... တော်တီး ... တော်"

"ဂျမ်း တုတ်တုတ် ... ဂျမ်း တုတ်တုတ်"

ကောင်လေးနှစ်ယောက် အပြန်အလှန် အချီအချ အော်နေကြခြင်းဖြစ်သည်။ ရုတ်တရက်ဆိုလျှင် စစ်ချီဘင်ခရာသံ၊ အော်ဟစ်ကစားနေကြခြင်း ဖြစ်သည်ဟု ထင်စရာရှိသည်။ ကြည့်လိုက်တော့လည်း တစ်ယောက်နှင့်တစ်ယောက် နီးနီးနားနား မဟုတ်။ သွားရင်းလာရင်း ခပ်လှမ်းလှမ်းမှ ရန်စောင်ပြီး အော်နေကြခြင်းဖြစ်သည်။

ကျွန်တော်တို့နှင့်အတူ ကလေးချင်းကတော့ ချက်ချင်း သိလိုက်ကြသည်။ စောမင်းနှင့် မြဆောင်။ ဒီကောင်နှစ်ကောင် တစ်ယောက်ကို တစ်ယောက် 'မအေခေါ်' ဆဲနေကြခြင်းဖြစ်သည်။

မြဆောင်က "တော်တီး ... တော်တီး ... တော်" ဟုဆဲလျှင်

စောမင်းက "ဂျမ်း တုတ်တုတ် ... ဂျမ်း တုတ်တုတ်" ဟု ပြန်ဆဲသည်။

ဒီလို အော်ကြတာနဲ့ မအေခေါ် ဆဲတာ ဘာဆိုင်လို့လဲ။ ဒါ ဆဲတာလားဟု မေးစရာရှိသည်။ ဆဲတာမှ ဆဲတာအစစ်ပါခင်ဗျာ။ တကယ့်ကို မအေခေါ်ပြီး ဆဲနေကြတာပါ။

စောမင်းအမေရဲ့နာမည်က "ဒေါ်ခရာ"တဲ့။ ဒီတော့ "တော်တီးတော်" က ခရာ တွတ်တယ်ပေါ့။ စောမင်းကလည်း အားကျမခံဘဲ မြဆောင်ရဲ့အမေ့နာမည်က "ဒေါ်ဂျမ်း" တဲ့။ မိန်းမကြီးက ရောမ ဝတုတ်တုတ်ကြီး။ ဒါကြောင့် သူ့အမေကို ဘင်တီးပစ်လိုက်တယ်။ "ဂျမ်း တုတ်တုတ် .. ဂျမ်းတုတ်တုတ်"။ နှစ်ယောက်ပေါင်းပြီး အချီအချ ဆဲလိုက်တော့ စစ်ချီဘင်ခရာသံဖြစ်နေတော့သည်။

mgyoe.com

mgyoe.com


နောက်တော့ ဒီသင်္ကေတနိမိတ်ပုံဆဲမှုကြီး နှစ်ဖက်သော မိခင်များနားသို့ ပေါက်ကြားသွားသဖြင့် သူတို့ ဟက်ဟက်ပက်ပက် ရယ်မောကြသည်။ သို့သော် ဤသင်္ကေတနိမိတ်ပုံကို ဆက်လက်သုံးစွဲခြင်းမပြုရဟု နှစ်ဖက်သောမိဘများ ညှိနှိုင်းပြီး သဘောတူထုတ်ပြန်ကြေညာလိုက်သည်။ ထို့ကြောင့် သူတို့ဘင်ခရာတီးဝိုင်းမှာ တရားဝင် တီးမှုတ်ခွင့်ရပ်ဆိုင်းသွားပြီး လူကြီးတွေ မမြင်ကွယ်ရာတွင်သာ တစ်ခါတစ်ရံ တီးမှုတ်ခွင့်ရသော မှောင်ခို ဘင်ခရာတီးဝိုင်းအဖြစ်သို့ လျှောကျသွားလေတော့သည်။

သို့သော် ကျွန်တော်တို့ ကလေးများလောကတွင်တော့ ဤဘင်ခရာတေးသံမှာ ဝဲပျံလွင့်ပါးပြီး ကျန်ရစ်ခဲ့သည်။ စောမင်းနှင့် မြဆောင်တို့မှာလည်း ဘွဲ့ထူး၊ ဂုဏ်ထူးတွေ အသီးသီးရသွားကြသည်။ စောမင်းနာမည်က "တော်တီး"၊ မြဆောင်နာမည်က "ဂျမ်းတုတ်"။ ကျွန်တော်တို့က စောမင်းနှင့်တွဲဖက်။ နေ့စဉ် ကစားဖက်။

ပထမတော့ ကျွန်တော်တို့ "တော်တီး" ဟု ခေါ်လျှင် "ငါ့ကို ဒီလိုမခေါ်နဲ့ကွာ၊ ငါ မကြိုက်ဘူး" ဘာညာနှင့်ခပ်မှုန်မှုန် ပြန်ပြောတတ်ပါသည်။ သို့သော် ကလေးလောကတွင် သည်လိုနှင့် ရရိုးလား။ ဘောလုံးကန်နေရင်း "ဟေ့ တော်တီး၊ ဒီကို ဒီကို" ဟုလည်း နာမည်ခေါ်ပြီး ဘောလုံးပို့တတ်သည်။ သည်အခါမျိုးမှာတော့ သည်အကောင်ကြီးလည်း စိတ်ကောက်နေဖို့ အချိန်မရှိတော့။ ပြေးဖို့လွှားဖို့သာ စဉ်းစားနေရချိန်ဖြစ်သည်။ သူက ဂိုးသွင်းလိုက်လျှင်လည်း "တော်တီးကွ" ဟု ပြေးပြီး သူ့ကို ဖက်လိုက်ကြပြန်တော့ သည်ကောင်ကြီးကလည်း ခုန်လား ပေါက်လား မြူးနေရာ ဘာမှ စဉ်းစားမနေနိုင်။ သည်လိုနှင့်ပဲ နား ကျင့်သားရပြီး "တော်တီး" ဟူသောအမည်ကို သည်ကောင်ကြီး တရားဝင်လက်ခံခဲ့ရလေတော့သည်။ ကျွန်တော်တို့ကလည်း သူ့ကို ဆဲလိုသည့်စေတနာ တစ်ဆံခြည်မျှ မရှိတော့။ ဤသို့ ချစ်လို့၊ ခင်လို့၊ စရင်း၊ ပြောင်ရင်း ကပင် နားကျင့်သားရသွားကြသည့်ကိစ္စတွေ တစ်ပုံကြီးဟု ကျွန်တော် ထင်မိပါသည်။

ကလေးတစ်ယောက်မှာ ဘဝအကျိုးပေးမကောင်းရှာလို့ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းနေရှာသည်ဆိုပါစို့။ ကြင်နာရမည်မဟုတ်ပါလား။ ညှာတာရမည်မဟုတ်ပါလား။ ဖေးဖေးမမ ကူညီစောင့်ရှောက်ကြရမည်မဟုတ်ပါလား။ ယခု ကျွန်တော် ပြန်ပြီး စဉ်းစားကြည့်တော့ သည်လိုသူငယ်ချင်းမျိုးတွေအပေါ် လူအား ကိုယ်အားဖြင့်တော့ ညှာတာခဲ့ကြပါ၏။ ကြင်နာခဲ့ကြပါ၏။ ဖေးဖေးမမ တွဲခေါ်တန်လျှင် တွဲခေါ်ခဲ့ကြပါ၏။ သို့သော် ပါးစပ်ကဖြင့် ဘယ်တော့မှ မညှာခဲ့ပါ။ စိတ်မထင်လျှင် မထင်သလို သူ့ချွတ်ယွင်းချက် အနာအဆာကို ဖော်ပြီး မခံချင်အောင် ခေါ်ပစ်သည်။

ကျွန်တော် မှတ်သားမိသလောက် အနောက်တိုင်းသားတို့ ကျင့်သုံးပုံအရဆိုလျှင် ဤသို့သော နောက်ပြောင်မှုမျိုးမှာ အလွန်ရိုင်းစိုင်းသည်။ ကြင်နာမှုကင်းမဲ့ရာ၊ ရက်စက်ရာရောက်သည်။ စဉ်းစားကြည့်လျှင်လည်း တကယ်တော့ ရက်စက်ရာရောက်သည် အမှန်ပင်။ ကာတွန်းဆရာကြီး ဦးဟိန်စွန်း တစ်ခါက ရေးဖူးသည်ကို သတိရမိသည်။

mgyoe.com

mgyoe.com


နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးမှာ လက်တစ်ဖက် မရှိသူ။ သူ့နိုင်ငံရေးကို သရော်ချင်တော့ ကာတွန်းရေးပြီး လှောင်သည်။ သို့သော် လက်တစ်ဖက်ကို ဖြည့်ပြီး ရေးဆွဲသည်။ သူ့နိုင်ငံရေးကို လှောင်သော်လည်း ဘ၀အကျိုးပေး မကောင်း၍ ကိုယ်အင်္ဂါချို့တဲ့ရရှာသည်ကိုတော့ ဘယ်တော့မှ မလှောင်ကြ။ အဘယ်မျှ ယဉ်ကျေးပါသနည်း။ အဘယ်မျှ ဖြူစင်ရိုးဂုဏ်ကိန်းပါသနည်း။

ကျွန်တော်တို့ဆီမှာရောတဲ့။ လူကြီးတွေကတော့ ဒါမျိုးကို မလှောင်စေချင်။ မပြောင်စေချင်။ အမြဲတားမြစ်ကြသည်။ တကယ်တော့ တားမြစ်ပုံကလည်း ကြောက်ပဲကြောက်စရာ။ "ဟဲ့ကောင်လေးတွေ မပြောင်ကောင်းဘူး၊ နင်တို့ ဝဋ်လိုက်လိမ့်မယ်နော်" တဲ့။ ခြေဆွံ့သူ၊ ခြေကျိုးသူကို ပြောင်လျှင် ဘ၀သံသရာ၌ ခြေဆွံ့ ခြေကျိုးဖြစ်တတ်သည်ပေါ့။ ကျွန်တော်တို့ မယုံဘူးလားဆိုတော့လည်း ယုံသည်။ မကြောက်ဘူးလားဆိုတော့လည်း ကြောက်သည်။ စကားထစ်သူကို ပြောင်ရာက တကယ် စကားထစ်သွားသူတွေကိုလည်း တွေ့ဖူးသည်။ မျက်ကြောဆွဲသူကို ပြောင်ရင်းက တကယ်မျက်ကြောဆွဲသွားသူတွေကိုလည်း တွေ့ဖူးသည်။ ကြောက်စရာပေပဲ။ သို့ပေမယ့် ကြောက်တာက တခြား၊ ပြောင်ချင် စချင်တာက တခြားဖြစ်သည်။

ကျွန်တော်တို့ သရက်ထောင်ကို ဖောက်ပြေးကြစဉ်က "ရဲသုံးဖော်" အနက် တစ်ယောက်ဖြစ်သော "ကိုတိုင်းမောင်" မှာ ကျွန်တော်နှင့် တစ်မြို့တည်းသား၊ တစ်ရပ်တည်းသားဖြစ်သည်။ သူက ကျွန်တော့်ထက် ခြောက်နှစ်ခန့်ကြီးပါသည်။ သူ့ညာဘက်ခြေထောက်မှာ ခြေချောင်းကလေးတွေမရှိ။ ငယ်ငယ် ကလေးဘ၀က ထန်းလျက်ဖိုမီးကျီးခဲထဲ ကျလို့ဆိုလား။ ခြေချောင်းကလေးများ နေရာတွင် ဖုဖုလုံးလုံးကြီး ဖြစ်နေသည်။ ခြေညှပ်ဖိနပ် စီးလို့မရ။ ကင်းဗတ် ရှူးလိုဖိနပ်မျိုးကို စီးရသည်။ အဲဒါ သူ့ကို ရွယ်တူသူငယ်ချင်းတွေက "အေတီအို"တဲ့ ခင်ဗျာ။ အဲဒီခေတ်က (A.T.O )ဆိုတာ မြို့ပိုင်ကြီး၊ A.T.O ဆိုတာ Assistant Township Officer လက်ထောက်မြို့ပိုင်၊ (သို့မဟုတ်) မြို့ပိုင်ကလေးပေါ့။ ကိုတိုင်းမောင်ကို A.T.O တိုင်းမောင်တဲ့။ ရုတ်တရက်တော့ မြို့ပိုင်ကလေး တိုင်းမောင်လိုလို ဘာလိုလို။ ဘာဟုတ်လိမ့်မလဲ။ သူတို့ဆိုလိုတာက အေတီအို'အတို' ပါတဲ့ခင်ဗျား။

ကျွန်တော့်မိတ်ဆွေကြီး ကိုတိုင်းမောင်မှာ ဒီခြေထောက်ကလေးနဲ့ ပတ်သက်ပြီး စကြ နောက်ကြသည်ကို အမြဲခံရရှာသည်။ စ မည့်သာ စ ကြသည်။ သူတို့တစ်တွေ ကိုတိုင်းမောင်ကို တကယ်ချစ်ခင်ကြသည်မှာတော့ အမှန်ဖြစ်သည်။ သူ့နာမည်ကို ခေါ်ကြလျှင်ပင် "တိုင်းမောင်" ဟု မခေါ်ကြ၊ "ကိုတိုင်း"၊ "ဗိုလ်တိုင်း" စသည်ဖြင့် ချစ်စနိုးခေါ်ကြသည်။ ကိုတိုင်းမောင်လည်း နားကျင့်ရသွား၍လားမသိ၊ ဤကိစ္စကို ရေးကြီးခွင်ကျယ် သဘောထားဟန်မရှိတော့ပါ။

တစ်ခု မှတ်မိနေပါသေးတယ်။ "ဝဋ္ဋရား"အသံထွက်ဇာတ်ကား။ ထိုဇာတ်ကား

mgyoe.com

mgyoe.com


ထဲတွင် ဒါရိုက်တာဦးမောင်ကြီးက ရာဇဝတ်ဝန်၊ သားဖြစ်သူ ခင်မောင်ရင်က ရာဇဝတ် အုပ်ကလေး။ ဦးမောင်ကြီးက ဝတ္တုရားကို အလွန်ရိုသေ လေးစားသော အရာရှိကြီး။ သားအဖသည် သားအဖ၊ ဝတ္တုရားသည် ဝတ္တုရား သဘောထားသူ။ တစ်ခန်းတွင် ခင်မောင်ရင်က သူ့အဖေထံ အမှုကိစ္စတစ်ခုနှင့်ပတ်သက်ပြီး အစီရင်ခံနေရာ သားအဖ ချင်းရယ်လို့ ဦးထုပ်ကလေးကို လက်မှာပိုက်ပြီး လျော့လျဲလျဲ၊ မတ်တတ်ရပ်ရင်း ပြောနေ မိသည်။ ဦးမောင်ကြီးက ခပ်တည်တည်ကြီး ဖြည်းဖြည်းဆေးဆေး ထလာ၍ ခင်မောင် ရင့်အနားသို့ လျှောက်လာပြီးနောက် "ဘာလဲကွ ဒီခြေထောက်" ဟု ဆိုပြီး ခင်မောင်ရင် ၏ခြေထောက်ကို ကန်ထည့်လိုက်ပါသည်။ ဒါရိုက်တာ ဦးမောင်ကြီး၏ အမူအရာက လည်း အလွန်ကောင်း၍ ထည်ထည်ဝါဝါ ရှိလှပါသည်။ ပရိသတ် စွဲကျန်လောက်သော အမူအရာမျိုး ဖြစ်ပါသည်။

"ဝတ္တုရား"ဇာတ်ကား ကျွန်တော်တို့ပါးစပ်ဖျား၌ ခေတ်စားနေချိန် တစ်ညနေ တွင် သူငယ်ချင်းတွေစုပြီး မိုးတိုးမတ်တတ် စကားပြောနေခိုက် ကိုမြတ်စံ ဆိုတဲ့လူက ခပ်တည်တည် ဒါရိုက်တာဦးမောင်ကြီးအမူအရာမျိုးနှင့် လျှောက်လာပြီး ကိုတိုင်းမောင် ၏ ညာခြေထောက်ကို "ဘာလဲကွ ဒီခြေထောက်" ဟု ပြောရင်း ခပ်သာသာ ကန်ထည့် လိုက်ပါသည်။ ဝတ္တုရားရုပ်ရှင်ကားရော ကိုတိုင်းမောင်ခြေထောက် ချွတ်ယွင်းချက်ကိုပါ မိသွားအောင်ကျီစားလိုက်နိုင်ခြင်းဖြစ်၍ အားလုံးက သဘောကျပြီး တဝါးဝါး ပွဲကျသွား ပါသည်။ ကိုတိုင်းမောင်ကိုယ်တိုင်ကလည်း ဣန္ဒြေပင် မဆောင်နိုင်ဘဲ ရောနှောရယ် မောနေပါတော့သည်။

ဤကိစ္စမှာ သည်မျှနှင့် မပြီးဘဲ နောင် နှစ်ပေါင်းနှစ်ဆယ် အစိတ်ကြာသော အခါ ၁၉၆၄ ခုနှစ်လောက်ထိအောင်ပင် ပါလာသေးသည်။ ဗိုလ်ချုပ်အစ်ကို ဦးအောင် သန်းမှာ ကျွန်တော်၏ မွေးစားဖခင် ဟုပင် ဆိုနိုင်သည်။ သူ့အိမ်မှာကိုပဲ ကျွန်တော် အတော်ကြာကြာကြီးနေဖူးသည်။ ကျွန်တော်တို့ ငယ်ဘဝ၊ ကျွန်တော်တို့ ရပ်ကွက် အကြောင်း ရှေးဟောင်းနှောင်းဖြစ်များကို ကျွန်တော်က ပြောပြလေ့ရှိသည်။ သူကလည်း နှစ်ခြိုက်စွာ ရယ်မောနားထောင်လေ့ရှိသည်။ သူ့ကို ပြောပြသည့် ဇာတ်လမ်းများတွင် "ဘာလဲကွ ဒီခြေထောက်" ဇာတ်လမ်းလည်း အပါအဝင်ဖြစ်သည်။

၁၉၆၄ ခုနှစ်လောက်တွင် ကိုတိုင်းမောင်တစ်ယောက် ရန်ကုန်တွင် အလုပ် လက်မဲ့ဘဝ တယောင်လည်လည် ဒုက္ခရောက်နေသဖြင့် ကျွန်တော့်ဆီ ပေါက်လာ သည်။ ကျွန်တော်က တက္ကသိုလ်က ဆရာတစ်ယောက်၊ ဘာမျှ အစွမ်းအစရှိသူမဟုတ်။ သည်အခါ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းက ကြယ်ငါးပွင့် ရန်ကုန်အေဂျင်စီမှာ အထူး အရာရှိ။ သည်တော့ သူ့ကိုပဲသွားပြီး အပူကပ်ရသည်။ "ခေါ်ခဲ့လေကွာ၊ ကြည့်လုပ်ပေး ရတာပေါ့" ဟု ပြောသည်နှင့် ကိုတိုင်းမောင်ကို သူ့ထံခေါ်သွားသည်။ ကျွန်တော်က ကိုတိုင်းမောင်ပါပဲဟု မိတ်ဆက်ပေးလိုက်တော့ ဦးအောင်သန်းက ပြုံးတုံ့တုံ့လုပ်ပြီး

mgyoe.com

mgyoe.com


"ဘာလဲကွ ဒီခြေထောက်" ဟု ခပ်ငေါက်ငေါက် နှုတ်ဆက်လိုက်ရာ ကျွန်တော်ပါ ကြောင်သွားပါသည်။ ကိုတိုင်းမောင်ကတော့ ပြောမနေနှင့်တော့။ ဦးအောင်သန်းက အလွန်မှတ်ဉာဏ်ကောင်းပါသည်။ ပြောသူ ကျွန်တော်က မေ့နေပြီ။ ကာယကံရှင် ကိုတိုင်းမောင်လည်း သတိမရတော့။ "ဟော့ကောင် အောင်သင်း ... မင်း မေ့နေပြီလား၊ ဝတ္တုရားဓာတ်ကားထဲကဆို" အစဖော်လိုက်မှ ကျွန်တော်က သတိရပြီး အားရပါးရ ရယ်မိပါသည်။ ဒီအချိန်ထိ ကိုတိုင်းမောင်က သတိမရသေး။ ကျွန်တော်က အနည်းငယ် ပြန်ရှင်းပြလိုက်မှ သတိရပြီး ဟက်ဟက်ပက်ပက် ရယ်မောရှာပါသည်။ နောက်တော့ သူက "ခင်ဗျားတို့မို့ ကတ်သီးကတ်သတ် သတိရကြပလေဗျာ၊ ကျွန်တော်ဖြင့် မေ့တောင် မေ့နေပြီ" ဟု ပြောရှာပါသည်။ ဤကဲ့သို့ "ဘာလဲကွ ဒီခြေထောက်" နှင့်ပင် ကိုတိုင်းမောင်တစ်ယောက် ကြယ်ငါးပွင့်သဘော်ကြီး ကုန်တင်ကုန်ချတွင် တာလီစာရေးလား ဘာလားမသိ ရသွားလေသည်။ (ဩော် ... ကိုတိုင်းမောင်သာ တမလွန်ဘဝက ဤစာကို တွေ့မိလျှင် တပြုံးပြုံးဖြစ်နေရှာလိမ့်မည်ထင်သည်)

သူ့လိုလူ နောက်တစ်ယောက် ရှိသေးသည်။ ကိုအောင်ညွန့်တဲ့။ သူကတော့ လက်နှစ်ဖက်လုံးတွင် လက်ချောင်းကလေးတွေ နှစ်ချောင်းစီ၊ သုံးချောင်းစီ ပူးတွဲနေပြီး ခပ်ဖုဖု ခပ်လုံးလုံး ဖြစ်နေသည်။ ဤသို့ဖြစ်သောကြောင့် သွားများအထင်မသေးလိုက်ပါလေနှင့်။ အကိုင်အတွယ် အလွန်သန်မာသည်။ မြင်းအကြောင်းကို အလွန်နားလည်၍ မြင်းချုပ်၊ မြင်းကိုင် အလွန်နိုင်နင်းသည်။ သူ့ကိုလည်း သူတို့ရွယ်တူချင်းတွေက သည်လိုပဲ နာမည်အမျိုးမျိုးခေါ်ပြီး ပြောင်ကြ၊ စကြသည်။ တစ်ခါတစ်ရံ ရန်ဖြစ်သည့် အခါလည်း ရှိသပေါ့။

တစ်ကြိမ်တွင်တော့ ကျွန်တော်တို့ တောင်ပြင်ရပ်က မောင်းတိုင်ရပ်မှာရှိတဲ့ ဆုတောင်းပြည့်ဘုရားပွဲသို့ အတီးအမှုတ်တွေနှင့် ဆွမ်းတော်ကြီးတင် သွားကြရမည် ဖြစ်သည်။ ကျွန်တော်တို့ ကာလသားတွေက ပြင်ကြ ဆင်ကြ စီစဉ်ကြပေါ့။ အဲသည်မှာ ဘယ်ကောင် ဆတ်ဆော့ပြီး တောထဲက ယူလာသည်မသိ၊ ဖြက်သုံးလေးပေလောက် ရှိသည့် ပျားအုံကြီးတစ်ခု။ ပျားတွေ စွန့်သွားသော ပျားအုံဟောင်းကြီးပါ။ လုလို့ သစ်ကိုင်းပါ ခုတ်လာသတဲ့။ သည်မှာတွင် တစ်ယောက်က စိတ်ကူးပေါက်သည်။ မျောက်ဖြူကြီးတစ်ကောင်က ဘုရားကို ပျားဆွမ်းကပ်ရန်ထမ်းလာပုံမျိုး သရုပ်ဆောင်ရလျှင် ကောင်းမည်။ အားလုံးက တစ်ခဲနက် သဘောတူကြသည်။ ဘယ်သူ မျောက်ဖြူ လုပ်မလဲ။ မျောက်ဖြူမင်းသားရှာပြီး ရွေးလိုက်တော့ ဓာတ်လိုက်ကြီး "ချိုတကူး"။ ခိုင်းပုံကလည်း ယဉ်ယဉ်ကျေးကျေးပါပဲ။ "ဟေ့ ကုလား၊ မင်း မျောက်လုပ်ကွာ"တဲ့။ ချိုတကူးကလည်း ကုလားဖြစ်နေပေမဲ့ သူ့ကို ကုလားခေါ်လျှင် မကြိုက်။ သို့ပေမဲ့ ကြာတော့လည်း နားယဉ်သွားရတော့သည်သာ။

သွားမည့်နေ့ နေ့လယ်ပိုင်းတွင် တစုရုံးရုံး ပြင်ဆင်နေကြတော့ ဒိုးကြီး ဆိုသည့်

mgyoe.com

mgyoe.com


ကောင်က ဆရာ ဝင်လုပ်သည်။ "ဟော့ မင်းတို့ ဒိုးပတ်နဲ့ သွားမှာလား၊ အိုးစည်နဲ့ သွားမှာလား။ ဒိုးပတ်နဲ့သွားမှာဆိုရင် ထွေးမောင်က ဒိုးပတ်တီး၊ အောင်ညွန့်က ပလွေမှုတ်၊ ကိုတိုင်းမောင်ကြီးကို အောင်မောင်းခြေထိုး အကခိုင်း။ အိုးစည်နဲ့ သွားမှာဆိုရင်တော့ တင်ဖေကြီးကို အိုးစည် အတီးခိုင်း၊ စိန်အိုးစည် လွယ်သလေ သီချင်းကိုဆို၊ လိမ်ဖည်ဖည်တီးတဲ့ မောင်ရယ်ဆိုတဲ့ အပိုဒ်ကို အထပ်ထပ်ဖိပြီး ဆိုရမယ်" တဲ့။ အားလုံးက ဝိုင်းဆဲပြီး ဝါးလက်ခုပ်နှင့် လိုက်ရိုက်တော့ သည်ကောင် ရယ်မောပြီး ထွက်ပြေးသည်။

မရိုက်ဘဲ နေနိုင်ပါ့မလား ခင်ဗျား စဉ်းစားပဲကြည့်ပါဦး။ ထွေးမောင် ဆိုတာက စစ်ပြီးစ လက်နက်ခဲယမ်း ဗုံးကျည်တွေ နေရာအနှံ့ ရှိနေတုန်းမှာ မီးလောင်ဗုံးပေါက်လို့ဆိုလား ညာဘက်လက်ကောက်ဝတ် အထက်နားက ပြတ်သွားတယ်။ အဲဒီကောင်ကို ဒိုးပတ်တီးရမတဲ့။ လက်ချောင်းကလေးတွေ ပူးနေတဲ့ အောင်ညွန့်ကျတော့ ပလွေမှုတ်ရမတဲ့။ အဲ ... တင်ဖေကြီးကျတော့ ကျွန်တော်တို့ဖြင့် သတိတောင် မထားမိပါဘူး။ တင်ဖေကြီးက အိုးစည်တီး အလွန်ကောင်းပါသည်။ အိုးစည်တစ်လုံးတည်းကို နှစ်လုံးသံထွက်အောင် တီးနိုင်သူဖြစ်သည်။ သို့သော် သူ့ ဘယ်ဘက်ခြေဖဝါးလေး နည်းနည်းစောင်းနေလေတော့ လမ်းလျှောက်ရင် မသိမသာ လိမ်ဖည်ဖည်တော့ ရှိသည်ပေါ့။ ဒါကြောင့် ဝိုင်းပြီး ဆဲကြခြင်းဖြစ်ပါသည်။

အနောက်နိုင်ငံ ယဉ်ကျေးမှုအရဆိုလျှင်ဖြင့် အလွန်ရိုင်းစိုင်းသော ကိစ္စကြီးဟု ဆိုရမည်ဖြစ်ပါသည်။ ကျွန်တော်တို့ဆီမှာတော့ နောက်ပြောင်ရယ်မောပစ်တတ်ကြသည်။ တော်ရုံတန်ရုံ ဒုက္ခကို ရယ်မောဖျောက်ဖျက်ပစ်တတ်ကြသည်မှာလည်း ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ ဉာဉ်ပဲ မဟုတ်ပါလား။ ဤကဲ့သို့ ချစ်ခင်နောက်ပြောင်ရယ်မောရင်းကပဲ ကာယကံရှင်များကိုယ်တိုင်လည်း သူတို့ဒုက္ခကို ရောနှောရယ်ပစ်လိုက်မိကြတော့သည်။ ကိုယ့်ဒုက္ခကို တသသ စုတ်သပ်နေခြင်းမရှိတော့ဘဲ အရှိအတိုင်းကို လက်ခံပြီး ဘဝကို ရင်ဆိုင်လှုပ်ရှားသွားကြသည်သာဖြစ်သည်။ သူတို့တစ်တွေတွင် အားငယ်သည့်အသွင်အပြင် တဖွေ့မျှ မတွေ့ခဲ့ရပါ။ ဤသို့ဆိုသောကြောင့် သူတို့တစ်တွေကို နောက်ပြောင်ရယ်မောခြင်းသည် သင့်၏ ဟု ကျွန်တော် ဆိုလိုခြင်း မဟုတ်ကြောင်းကိုတော့ အထူးပြောစရာ မလိုတော့ဟု ယူဆပါသည်။

ကျွန်တော်တို့ ဆွမ်းတော်ကြီးတင် သွားကြပါတော့မည်။ ချိုးတကူးကို လဲမှို့တွေကပ်ဖို့ ကော်သုတ်ကြရပါမည်။ ကော်ကျိုပြီးပါပြီ။ မအေးသေးပါ။ နောက်ကျနေလိမ့်မည်ဟု လောဆော်သောကြောင့် ကော်ပူပူ နွေးနွေးကြီးကို ချိုတကူးအား ဖွတ်သုတ်ပေးကြသည်။ ယပ်ခတ်သူက ခတ်၊ ကော်သုတ်သူက သုတ်၊ ပူပူလောင်လောင်နှင့်ပင် ချိုတကူးလည်း မျောက်ဖြူကြီး ဖြစ်သွားတော့သည်။

ဆွမ်းတော်ကြီးတင် ထွက်လာကြတော့ ရှေ့ဆုံးက လဲမှို့တွေ တဖွေးဖွေးနှင့်

mgyoe.com

mgyoe.com

မျောက်ဖြူကြီး ချိုတကူး က ပျားအုံကြီးကို ထမ်းလို့။ ကလေးတွေက ပြေးကာ လွှားကာ သူ့အနားမှာ တရုန်းရုန်း၊ ချိုတကူးကလည်း တပြုံးပြုံး။ ကျွန်တော်တို့ အိုးစည်ဝိုင်းက လည်း တထုံးထုံး။ လူစုံ တက်စုံပါပဲ။ တင်ဖေကြီးရဲ့ အိုးစည်လက်သံကလည်း ပိုင်ပါ နိုင်ပါပေ့။ သီချင်းဆိုသံကလည်း မြိုင်ပါ ဆိုင်ပါပေ့။

"စိန်အိုးစည် လွှယ်သလေလေ လွှယ်သလေလေ လိမ်ဖည်ဖည် တီးတဲ့ မောင်ရယ် လိမ်ဖည်ဖည် တီးတဲ့ မောင်ရယ်"

ပေဖူးလွှာ

❑

mgyoe.com

mgyoe.com

# မှန်

မင်းကျော်

မှန်ကို ကျွန်တော် မြင်ဖူးသည် မမြင်ဖူးသည်ကို အတပ်မပြောနိုင်ပါ။ သို့သော် ကျွန်တော်သည် မှန်ကို တစ်ကြိမ်မက ကြည့်ဖူးသည်။ ဆယ်ကြိမ်လည်းမက၊ အကြိမ်ပေါင်း တစ်ရာ တစ်ထောင်ထက်ပင် ပိုပေဦးမည်။ ရေ ပဲ မရေနိုင်၊ ရေလည်း မရေခဲ့မိ။

မှန်ကိုသာ အကြိမ်ကြိမ်ကြည့်ဖူးသည်။ မှန်ကိုကား အသေအချာမြင်ဖူးသည် မရှိ။ မှန်တွင် ထင်လာသော မိမိကိုယ်ကိုသာ မြင်ခဲ့သည်။

ထို့ကြောင့် ကျွန်တော်သည် မိမိကိုယ်ကို အကြိမ်ကြိမ်မြင်ခဲ့ဖူးသည်ဟု ဆိုချင်သည်။ အနည်းဆုံး တစ်နေ့တစ်ကြိမ်၊ ယနေ့မနက်ပင်လျှင် ကျွန်တော်သည် မှန်ရှေ့သို့တစ်ကြိမ် ရောက်ခဲ့သေးသည်။ မှန်ထဲတွင် ကျွန်တော့်ရုပ်သွင်ကိုလည်း မြင်ခဲ့ရသေးသည်။

သို့သော် ယခု ကျွန်တော့်ငယ်ရုပ်သွင်ကို ကျွန်တော်ပြန်၍ ဖော်ပြရမည်ဆိုလျှင် မည်သို့ ဖော်ပြရမည်ဟု မသိ။ စေ့စေ့ငုငုလည်း မမှတ်မိ။ ဆံပင်ပုံသဏ္ဍာန်၊ နဖူးအနေအထား၊ မျက်လုံးမျက်ခုံး၊ မျက်တောင်တို့ တည်နေပုံ၊ နှာတံ၊ နှုတ်ခမ်း၊ ပါးစပ်၊ မေး၊ ပါးပြင်၊ စသည်တို့၏ ပုံပန်းဘာဆိုဘာမျှ သဲသဲကွဲကွဲ မရှိ။ မှုန်ဝါးဝါးနှင့် ခပ်ရေးရေးမျှ မြင်သလိုလို၊ သိသလိုလို။ ကျွန်တော့် ရုပ်သွင်သဏ္ဍာန်သည် မည်သူနှင့်တူသနည်း။ မေးလာလျှင်ပင် ကျွန်တော့်အဖို့ ဖြေရမည်မှာ မလွယ်ကူ။

သို့သော် ကျွန်တော်သည် မှန်ရှေ့ရောက်လျှင် မှန်ထဲက မိမိရုပ်သွင်ကို အသေအချာကြည့်သည်။ ထိုးထိုးထောင်ထောင် ဖြစ်လာသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးကို တွေ့လျှင် ကျွန်တော် ချက်ချင်း ရိတ်ပစ်သည်။ ဆံပင် ဖရိုဖရဲဖြစ်နေလျှင် ခေါင်းလိမ်းဆီလိမ်းသည်။ ဖြီးသင်သည်။ မျက်နှာ ပြောင်တင်းတင်း ဖြစ်မည်စိုးသောကြောင့် အလှဆီနှစ်ဖြင့် လိမ်းကျံသည်။ တစ်ခါတစ်ရံ ပေါင်ဒါအနည်းငယ်ဖို့သည်။ ကြည့်ပျော် ရှုပျော်ဖြစ်ပြီ အထင်ရောက်သောအခါ ကျွန်တော် ကျေနပ်သည်။

mgyoe.com

mgyoe.com


တစ်နေ့က ကျွန်တော်သည် ငယ်ပေါင်းသူငယ်ချင်းတစ်ယောက်ကို တွေ့သည်။ သူနှင့်ခွဲခွာခဲ့သည်မှာ ဆယ့်ငါးနှစ်ခန့် ကြာပြီ။ တွေ့လျှင်တွေ့ချင်း သူ့ကို ရုတ်တရက် မမှတ်မိ။ သူလည်း ကျွန်တော့်ကို အလွယ်နှင့် မှတ်မိပုံမပေါ်။ တစ်ဦးကိုတစ်ဦး အတန် ကြာ စူးစိုက်ကြည့်မိပြီးမှ အပြန်အလှန် နှုတ်ဆက်မိသည်။ ယခုလို သူငယ်ချင်းတစ် ယောက်ကို တွေ့ရသဖြင့် ကျွန်တော် ဝမ်းသာသည်။ သို့သော် ထိုဝမ်းသာမှုသည် ခဏချင်းပျောက်ရသည်။ ပထမ အံ့ဩသည်။ ပြီး စိတ်မကောင်းဖြစ်ရသည်။

သူ့ရုပ်သွင်သည် အပြောင်းလဲကြီး ပြောင်းလဲနေပြီ။ အသားအရေသည် ပို၍ မည်းနက်နေသည်။ မျက်လုံးအိမ်သည် ငယ်စဉ်က ရွှန်းစိုတောက်ပသောအသွင်ရှိခဲ့ လျက် ယခု မှုန်ရီရီဖြစ်နေသည်။ ပါးရိုးများ ငေါထွက်နေသည်။ မျက်နှာပြင်သည် ညှိုးညှိုးငယ်ငယ် နိုင်လှသည်။ ကျွန်တော် စိတ်မကောင်း၊ ထို့ကြောင့် ကျွန်တော်သည် သူ့ရုပ်သွင်ကို ကြည့်ပြီး စိတ် ထိခိုက်စကား ပြောမိသည်။ သူ အနေအထိုင် အစား အသောက် ဆင်ခြင်သင့်ကြောင်းလည်း သတိပေးရသည်။ သူငယ်ချင်းနားထောင်နေ သည်။ ဘာမျှ ပြန်မပြော။

အမှန်မှာ ကျွန်တော်နှင့်သူ ဆယ့်ငါးနှစ်ခန့် ကွဲနေသော်လည်း သူ့အကြောင်း ကိုကား ကျွန်တော် ကြားနေရသည်။ အများအားဖြင့် သူ့အပြစ် အနာအဆာများ။

ယခု စကားစပ်မိပြီဆိုသောအခါ ကျွန်တော်သည် သူ့ခန္ဓာကိုယ်ပြောင်းလဲမှု ကို ဝေဖန်သတိပေးရာမှ တစ်ဆင့်တက်ကာ သူ့စိတ်ဓာတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက် များကို ဆက်လက်ဝေဖန်လေသည်။ သူ နားထောင်နေသည်။

ကျွန်တော် အတော်ကြီး ကျေနပ်သွားသည်။

နောက်နေ့တွင် ကျွန်တော် မှန်ကို ကြည့်ဦးမည်။ သို့သော် ကျွန်တော့်ကိုယ်ကို ကား မှတ်မိဦးမည်မထင်။ ယုတ်စွအဆုံးပြောရလျှင် ကျွန်တော်၏ ဘယ်ဘက်လက် သည် မှန်ထဲ၌ ညာဘက်ဖြစ်နေသည်ကိုပင် ကျွန်တော် သတိ ထားမိကောင်းမှ ထား မိပေမည်။

မှန်ကို နေ့စဉ်ကြည့်ပါလျက် ကျွန်တော်တို့သည် မှန်ကိုလည်း မမြင်မိ။ မှန်ထဲ တွင် ထင်လာသော မိမိရုပ်သွင်အမှန်ကိုလည်း မမှတ်မိနိုင်သေး။

ဤသို့ဖြင့် ကျွန်တော်တို့သည် မိမိကိုယ်ကို မေ့လျော့ပျောက်ဆုံးနေကြလေ သတည်း။

ပန်းကုံ့ကော်၊ မြန်မာစာစီစာကုံးနှင့် စာတမ်းများ

❑

mgyoe.com

mgyoe.com

# အလွမ်းနာ

မောင်နီသင်း(ပျဉ်းမနား)

ငါ၏နားထဲသို့ တစ်ဖက်က စာရေးမ အစ်မကြီး၏ လက်နှိပ်စက် ရိုက်သံ တဖြောက်ဖြောက်သည် ဝင်လျက်။ ခပ်လှမ်းလှမ်းက တယ်လီဖုန်းသံ တဂွမ်ဂွမ်သည် ဝင်လျက်။ ခေါင်းပေါ်က ပန်ကာသံသည် တဝီဝီ ဝင်လျက်။

ငါသည် နားထဲသို့ စွတ်၍ဝင်လာသော ဤအသံတို့ကို မကြား။ ငါ ကြားနေသည်ကား ငါ စာသင်ခဲ့သော တာပိန်မြစ်ကမ်းနဖူးပေါ်ရှိ ငါ၏ကျောင်းမှ ခေါင်းလောင်းသံ တချိုချို ကို ... တပည့်တို့၏ စာအံသံတညံညံ ကို ဖြစ်၏။ တပည့်တို့၏ တေးဆိုသံ တအေးအေး ကို ဖြစ်၏။ ဤတွင် ငါ့ရင်ထဲ၌ အလွမ်းနာသည် တစစ်စစ်ကိုက်ခဲလေသည်။

ထိုအခိုက် စာရေးမကြီးသည် စကားတစ်ခွန်းမှ မဆိုဘဲ စာရွက်တစ်ပိုက်ဖောင် တစ်ထွေးကြီးကို ဖတ်ရှုရန် ငါ့အား သတိပေး၏။ ငါကလည်း ဖတ်ရှုပြီးသော စာရွက် တစ်ပုံ-တစ်ခေါင်းကြီး ကို စာရေးမကြီးအား ပြန်ပေးဘိ၏။ ထို့နောက် စာရေးမကြီးကား သူ့ နေရာသို့ ပြန်မြဲပြန်လေသည်။ ငါလည်း ငါ့နေရာ၌ ထိုင်မြဲထိုင်ရလေ၏။ ကျောင်းဟူသော အရပ်နှင့် ရုံးဟူသော အရပ်တို့သည်ကား ကွာခြားစွတကား။ ကျောင်းဟူသော အရပ်၌ မေတ္တာကို ပေးနိုင် ရယူနိုင်သော်လည်း ရုံးဟူသောအရပ်၌ စာရွက်စာတမ်းများ ကိုသာ ပေးနိုင်၊ ရယူနိုင်တတ်ပေသည်တကား။

ငါသည် ငါ့ရှေ့က စာရွက်များပေါ်၌ လက်မှတ်ထိုးရသောအခါ ရင်ထဲမှ အလွမ်းနာသည် ငယ်ထိပ်သို့ တက်ခဲ့ပြီ။ ငါ့တပည့်တို့သည် သူတို့စာများကို စစ်ဆေး အမှတ်ပေးသောအခါ အနား၌ ဝိုင်း၍ တီတီတာလျက် တွတ်တွတ်ထိုးကြသည်ကို ငါ တရေးရေး မြင်ပြန်တော့၏။ ကြားပြန်တော့၏။ "အမှတ်ကို အရှည်ကြီးပေးပါ ဆရာရဲ့၊ မင်နီနဲ့ ထိုးပေးပါဆရာရဲ့၊ နေ့စွဲထိုးပေးပါဆရာရဲ့၊ အမှတ်ကလည်း ရှည်လိုက်တာ ဆရာရဲ့" ဟူသော စကားသံတို့ကို ငါ မေ့၍မရ။

mgyoe.com

ငါ့တပည့်တို့သည် ငါ၏ ဖောင်တိန်ထဲ၌ ငါ့နှလုံးသွေးများနှင့် ထည့်၍ရေး သည်ကို သိကြဟန်တူ၏။ အမှားပေးသည်ဖြစ်စေ၊ အမှန်ပေးသည်ဖြစ်စေ ပြုံးကြည် သော မျက်နှာနှင့်သာ ငါ့ထံမှ ပြန်ကြရာလေသည်။ ပြုံးကြည်သော မျက်နှာနှင့်သာ ငါ့ထံ လာကြရာလေသည်။

ငါ့တပည့်တို့ကို လွမ်းသောအလွမ်းနှာ တစစ်စစ် ကိုက်နေစဉ် တစ်နေရာမှ ညှော့သည်တစ်ဦး၏ တက်ကြွသောစကားတို့ကို အမှတ်မထင် ကြားမိ၏။ ဘာတဲ့။ တော်သောတပည့်များအကြောင်းဆိုပါကလား။ ဂုဏ်ထူးများရသော တပည့်များ အကြောင်းဆိုပါကလား။ ပွဲတိုင်းကျော်သော တပည့်များအကြောင်းဆိုပါကလား။ အို ဂုဏ်သရေရှိ ညှော့သည်များတို့၊ ငါ့ထံလာ၍ ငါ့တပည့်များ၏ အကြောင်းကိုမူ အဘယ် ကြောင့် မမေးကြဘိသနည်း။

စာ မကြိုးစားပါက စာမေးပွဲကျလိမ့်မည်ဟု သတိပေးသောအခါ စာမေးပွဲကျ လည်း ကိစ္စမရှိ၊ လယ်လုပ်စား၊ ပိုက်တန်းစားမည်ဟုဖြေသောတပည့်၊ ဗလာစာအုပ်ဖိုး လိုအပ်သဖြင့် မိဘရှိရာရွာသို့ ခုနစ်မိုင်ခရီးကို ခြေကျင်လျှောက်သွားပြီးမှ ဆင်ရိုင်းများ လိုက်သဖြင့် ပြန်ပြေးလာရသောတပည့်၊ ရေ ခဲလု ဆောင်းကာလတွင်း အနွေးထည် မဝတ်နိုင်ဘဲ စာသင်ခန်းထဲ၌ စာရေးခါနီးမှ လက်များကို ဖယောင်းတိုင်မီးနှင့်ကင်၍ သွေးနွေးစေသော တပည့်၊ ကျောင်းပြီးလျှင် စရိတ်ရအောင် နွေရက်များ၌ တောထဲတွင် ပျားအုံလိုက်ဖွပ်ရင်း လက်ကျိုးသောတပည့်၊ တာပိန်မြစ်နှင့် ဧရာဝတီမြစ်ဆုံရာ လှိုင်း ဝဲထန်သောနေရာကို လှေကလေးလှော်၍ ဖြတ်လာကာ ကျောင်းတက်သော ခုနစ်တန်း သုံးခါကျသော တပည့်။ ဝါးတစ်ထောင်၊ ကြိမ်တစ်ထောင်ကို နှစ်ရက်အတွင်း ခုတ်ယူ ဖောင်ဖွဲ့နိုင်သော်လည်း လုပ်အားတန်ဖိုး ချစ်မြတ်နိုးဟူသော စာစီစာကုံး၌ နှစ်မှတ်သာ ရသဖြင့် စာမေးပွဲကျရသော တပည့် ... စသည်ဖြင့် ငါ့တပည့်များ၏ အကြောင်းများစွာ ငါ့ရင်၌ သိမ်းဆည်းထားရှိပါ၏။ လာ၍ မေးလိုက မေးကြပါဘိ။

ကျောင်းရှေ့ရှိ ငါနှင့် ငါ့တပည့်တို့ စိုက်ခဲ့ကြသည့် အပင်ပျို အပင်သစ်တို့ စိမ်းလန်းနေမည်ကိုတွေး၍ ပျော်မိသေး၏။ ငါရောက်ခါစက တာပိန်မြစ်ရေကို ရွှေ ကူ အိုးလေးနှင့်ခပ်ကာ လာကန်တော့သော တပည့်လေးတို့ကို အမှတ်ရ၍ ဝမ်းနည်းမိ သေး၏။ "တာပိန်မြစ်ရေ နောက်ကျိုကျို သောက်မိက မပြန်နိုင်" ဟူသော အယူစကား အရ ငါ မပြန်နိုင်အောင် တာပိန်ရေ လာတိုက်ကြသည်ကို ငါ ပြန်တွေးမိ၍ ဆွေးမိသေး ၏။ တပည့်တို့နှင့်အတူ၊ တပည့်တို့၏ မိဘများနှင့်အတူ သာမှု နာမှုကို လက်တွဲနေခဲ့ စဉ်က "မွေးကတည်းက တွေ့ခဲ့ကြ၍ ချစ်ရခင်ရ ကျွမ်းခဲ့ရလျှင် မည်မျှကောင်းစွ ငါ တောင့်တ" ဟု ဝမ်းသာလိုက်လှဲ ငါဆိုနိုင်ခဲ့သည်ကိုတွေး၍ ကျေနပ်မိသေး၏။

ဟော ... လူများ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြပြီ။ နာရီကို မော့ကြည့်သောအခါ လေးနာရီထိုးပြီ။ ဤတွင် ငါ့ရင်သည် ပေါက်ကွဲတော့အံ့ထင်ရသည်။ အို အလို ..ထိုအ

mgyoe.com

mgyoe.com


နိုက် ငှါနှုတ်မှ ရုတ်တရက်ပွင့်အန်ထွက်သော စေးတစ်စကား တခြားမဟုတ် "မင်္ဂလာပါ တပည့်တို့"ဟု ဖြစ်လေသည်။

၁၉၈၇၊ ပန်းကဲ့ကော်၊ မြန်မာစာစီစာကုံးနှင့် စာတမ်းများ

❑

mgyoe.com

mgyoe.com

# လပြည့်ည

**ပေမြင့်**

“ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ ငွေလရောင်တွေ ဖိတ်ကျနေလိုက်တာ နှမြောမယ့် လူလည်း တစ်ယောက်မှ မရှိပါလား” ဆိုသော စကားကို ဝတ္ထုတစ်ပုဒ်ထဲတွင် ကျွန်တော်ဖတ်မိကာ သူငယ်ချင်းများနှင့် စကားကြုံတိုင်း ရယ်စရာအဖြစ် ပြောလေ့ရှိခဲ့သည်။ ကြံကြံဖန်ဖန် ကတ်ကတ်သတ်သတ် နှမြောတတ်တဲ့လူပဲ” ဟူသော သဘော။

လျှပ်စစ်မီး၊ ရေနံဆီမီးများ မပေါ်ပေါက်သေးသည့် လသာတုန်း ဗိုင်းငင်ဆိုသော ကာလနှင့် ရှေးအထက်ကျော်ကာရီက လူများအတွက် လသာညများသည် အဖိုးတန်ညများ၊ မျှော်မှန်းတမ်းတရသော ညများဖြစ်မည် မှန်သော်လည်း နှစ်ဆယ်ရာစုနှောင်းပိုင်း အချိန်တွင် လူသားဘဝ ရောက်ရှိလာသော ကျွန်တော့်အဖို့ကား လပြည့်၊ လကွယ်၊ လသာရက်၊ လမိုက်ရက် စသည်များမှာ စဉ်းစားစရာအရာများ မဟုတ်ခဲ့။ ညစာ စားပြီးလျှင် လမ်းကလေးတစ်ပတ်လောက် ထွက်လျှောက်၊ သူငယ်ချင်းများနှင့်ဆုံလျှင် လက်ဖက်ရည်ဆိုင် ထိုင်၊ ညရှစ်နာရီမတိုင်မီ အိမ်ပြန်၍ စာကြည့်စားပွဲထိုင်ကာ ည၁၁နက်သန်းခေါင်ချိန်၌ မီးပိတ်အိပ်လိုက်စမြဲဖြစ်သော ကျွန်တော့်အတွက် သော်တာလမင်း ဟူသည် ရက်ကန်းစင်အနီး ချိတ်တွဲစရာ အောက်လင်းမီးအိမ်ကြီး မဟုတ်သကဲ့သို့ ကြည်နူးလွမ်းမောစရာ အခြင်းအရာတစ်ခုလည်း မဖြစ်ခဲ့ပေ။

သို့သော် ယနေ့ညကား ထူးခြားသောည ဖြစ်ချေသည်။

တန်ဆောင်မုန်းလပြည့်ည လမင်းသည် အခြားအခြားသော လပြည့်ဝန်းများထက် ကြီးမားဝိုင်းစက်ကာ အရောင်အဝါလည်း တောက်ပလွန်းသည်ဟု ကျွန်တော်ထင်နေမိသည်။ ကားသံ၊ လူသံ၊ အသံချဲ့စက်မှ တေးဂီတသံတွေ ဆူညံကာ မွန်းနစ်ညပ်သိပ်နေသည့် လူစည်ကားရာ မြို့ထဲ ရပ်ကွက်များ၌ တိုးဝှေ့ပျော်မြူးခဲ့ပြီး လူခြေဆိတ်ငြိမ်သည့် ကျွန်တော်တို့ နေအိမ်ရပ်ကွက်ကလေးသို့ ပြန်လည်ရောက်ရှိလာသည့်အခါ၌ သန်းခေါင်ချိန် တိုင်ခဲ့ပြီဖြစ်၏။ မြို့ထဲတွင် ဆီမီးရောင်စုံ၊ လျှပ်စစ်မီးဆိုင်း၊

mgyoe.com

mgyoe.com


နီယွန်မီး၊ ဆလိုက်မီး၊ မီရှူးမီးပန်း စသည့် သဘာဝမဟုတ်သော အလင်းရောင်စုံများကို မျက်စိကျိန်းလောက်အောင် ကြည့်ရှုနေရခဲ့ရစဉ်က ကောင်းကင်တွင် ချိတ်တွဲထားသည့် အကြီးဆုံးသဘာဝ မီးအိမ်ကြီးကို သတိ မမူမိခဲ့။ ဆိတ်ငြိမ်ရပ်ကွက်ထဲ အဝင်လမ်းကလေးရှိ ကျောက်တုံးကျောက်ခဲနှင့် ချိုင့်ခွက်များကိုလည်းကောင်း၊ လမ်းဘေးဝဲယာ အိမ်ခြေများကိုလည်းကောင်း၊ ခါတိုင်းနှင့်မတူအောင် ရှင်းလင်းကြည်လင်စွာ ရှုမြင်နေရသည့်အခါတွင်မှ "သည်ညသည်ကား အဖြူရောင် ညနေတကား" ဟု အံ့ဩကြည်နူးစွာ မှတ်ချက်ချရင်း ကောင်းကင်မှ အလင်းရောင်ရှင်ကို မော့ကြည့်မိလေသည်။ ဖိုးရွှေလ၊ လပြည့်ဝန်း၊ ငွေဝန်းသော်တာ၊ ယုန်စန္ဒာ၊ မြပုဏ္ဏမာ စသဖြင့် အမျိုးမျိုးအပြားပြား တင်စားခေါ်ဝေါ်ကြသည့် ရွှန်းမြသာဝင်းသော ငွေလမင်း။ ကျွန်တော်တို့ငယ်စဉ်က ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးပါဟု ပူဆာတောင်းခံခဲ့သည့် ဖိုးလမင်း။ ရွှေလမှာယုန်ဝပ်လို့ ဆန်ဖွပ်သည့်အဘိုးအို ဆိုသည့် လင်္ကာအတိုင်း အဘိုးအိုနှင့် ရွှေယုန်ရုပ်ကလေးကို ရှာဖွေကြည့်ရှုခဲ့ရသည့် ဖိုးရွှေလမင်း။ ယခုတော့ ကျွန်တော် မေ့ပျောက်နေခဲ့တာ ကြာပြီဖြစ်သော လပြည့်ဝန်းကြီးသည် အရောင်အဝါပြည့်စုံစွာဖြင့် ကောင်းကင်ယံ၌ သာ၍နေချေပြီ။

မြောက်ဘက်က တိုက်ခတ်လာသော လေပြည်ကြောင့် အေးမြမြလေးခံစားရသော်လည်း အချမ်းကြီးမဟုတ်။ ဆောင်းငွေ့ရနံ့ကို ရနေသော်လည်း ပတ်ဝန်းကျင်၌ ငွေမှုန်နှင်းမှုန် မသက်ဆင်းသေး။ ကောင်းကင်ပြင်တွင် လမင်းနှင့်အပြိုင် တောက်ပနေသည့် ငွေကြယ်ပွင့်ကလေးများကို လိုက်ကြည့်မိသည်။ အလုံးညီစွာ အရောင်တောက်ပလှသည့် ခုနစ်စဉ်ကြယ်ကား အမြီးထောင်ကော့ကာ ခုနစ်နှင့်မတူ၊ လအကွာရာနှင့် ပို၍တူနေသည်။ ခုနစ်စဉ်ကြယ် ဦးခေါင်းလှည့်ရာ ဟို ခပ်ဝေးဝေးအရပ်ဆီတွင် ခပ်မှိန်မှိန် လင်းနေရှာသော ဓူဝံကြယ်ကို မြင်ရသည်။ ကြယ်စုံသောညတွင် ဓူဝံကြယ်ခမျာ ပို၍ မှေးမှိန်သွားသည်ဟု ခံစားနေမိသည်။ အနောက်ဘက်တွင် တစ်လုံးတည်း ထီးထီးမားမား တောက်ပနေသည့် သောကြာကြယ်။ ထို့နောက် မောင်ရင်ဆိုင်းထမ်း၊ တံငါ့ကွန်၊ တံငါ့လှေ၊ ဖျောက်ဆိပ်။ ကောင်းကင်ပုံကားချပ်ကြီးမှာ ကျွန်တော် တတ်သမျှ မှတ်သမျှ အမည်စာတမ်းတွေ ထိုးကြည့်နေမိသည်။

အိမ်သို့ ရောက်လာသည်။ တစ်အိမ်သားလုံး အိပ်စက်ကုန်ကြပြီထင်သည်။ တိတ်ဆိတ်ငြိမ်သက်လျက်။ ကျွန်တော် အိမ်သို့ မဝင်ချင်သေး။ ပြီးသည်နေ့အဖို့ ကျွန်တော်ကြိုက်သလောက် လည်ပတ်ရန် ခွင့်ပြုချက်ရထားသည်။ အပြင်ဘက်ကို ငေးမျှော်ကြည့်မိပြန်သည်။ ခပ်လှမ်းလှမ်းဆီတွင် သံမဏိစက်ရုံ၏ မြင့်မားလှသော ရေစင်ကြီးနှစ်ခု။ ၎င်းတို့အောက်ဘက်နားတွင် သူ့ချည်းဆိုလျှင် မသေးငယ်လှသော်လည်း ရေစင်များနှင့် နှိုင်းယှဉ်တော့မှ သိမ်ငယ်သွားရရှာသည့် ဝန်ချီစက်၏ မောင်းတံကြီးတစ်ခု၊ လရောက်အောက်မှာ ထင်ရှားစွာမြင်နေရသည်။ ကျွန်တော်သည် မြစ်ကမ်းနားရှိ ဆိပ်ခံ

mgyoe.com

mgyoe.com


ဘောတံတားကို သွား၍ သတိရသည်။ အိမ်ခြံတံခါးကို ပြန်စေ့ထားခဲ့ပြီး မြစ်ကမ်းဘက်သို့ ဆက်လျှောက်လာခဲ့သည်။

ရှေ့တွင် လှိုင်မြစ်။ လက်ဝဲဘက်ဆီ၌ ထုထည်ကြီးမားလှသော သံမဏိစက်ရုံ အဆောက်အအုံများနှင့်ဆိုခဲ့သည့် ရေစင်၊ ဝန်ချီစက် စသည်များ။ လက်ယာဘက် ခပ်ဝေးဝေးဆီ၌မူ တဲအိမ်ငယ်များ စုဝေးတိုးဝှေ့လျက်ရှိသည့် ရွာငယ်ကလေး ခပ်ရေးရေး။ မြစ်ကမ်းပါးရှိ ကုန်တင်ကုန်ချဆိပ်ခံ ဘောတံတားသို့ ကျွန်တော် ရောက်လာသည်။ သန့်ရှင်းခြောက်သွေ့သောတစ်နေရာမှာထိုင်ကာ မြစ်ပြင်ကို ငေးမောနေမိသည်။ ရင်ထဲ စိတ်ထဲမှာကား တစ်စုံတစ်ခုကို လွမ်းဆွတ်တမ်းတနေမိသလို။ ဘယ်အရာဟူ၍ကား အဓိပ္ပာယ်ဖော်၍ မရ။

ငွေလရောင်အောက်၌ မြစ်ရေသည် တဖိတ်ဖိတ်တောက်၍ နေသည်။ လှိုင်းကြက်ခွပ်ကလေးများကား ဆလိုက်မီးထိုးလိုက်သလို လင်းခနဲ လက်ခနဲ။ ရွှေရည် ငွေရည်တွေ လူးပ်ခတ်နေသလို။ မြစ်ပြင်သို့ ဖြတ်သန်းတိုက်ခိုက်လာသည့်လေ၏ အေးမြကြည်စင်မှုထဲတွင် ရောစွက်ပါလာသည့် ရွှံ့နံ့နှင့် ငါးညှီနံ့သဲ့သဲ့ကြောင့်သာ နေ့အချိန် မြင်ရဖူးသည့် နောက်ကျိသော လှိုင်မြစ်ရေကို သတိရတော့သည်။

အဝေးဆီမှ ချပ်ချပ် ချပ်ချပ်နှင့် စက်သံသဲ့သဲ့ ကြားရသည်။ ဝန်လေးတင်လာခဲ့ပုံရသော မော်တော်လေးတစ်စင်းသည် ရေဆန်ခရီးကို ပင်ပန်းကြီးစွာ တက်လာနေသည်။ စက်တပ်ယာဉ်ဟူ၍ အမည်မခံသင့်လောက်အောင် နှေးကွေးလေးလံစွာဖြင့် တရွေ့ရွေ့ ဖြတ်ကျော်သွားသည်။ စက်၏ ညည်းညူသံကလေးကို အတော်ဝေးဝေး အထိ ကြားနေရသည်။ စက်သံပျောက်သွားပြီး အဝေးတစ်ဖက်ကမ်းရှိ ရွာစုစုသို့ မျှော်ကြည့်နေဆဲတွင် မြစ်ပြင်မှ လူသံနှင့် တက်ခတ်သံကို လှမ်း၍ ကြားလိုက်ရသည်။ လှေတစ်စင်းနှင့် သီချင်းသည်ပါတကား။ တဖြည်းဖြည်းနှင့် လူလုံးကွဲလာသည်။ အသံပီသလာသည်။ တက်ကို သက်သက်သာသာခတ်ရင်း တေးသီချင်းကို အသံနိမ့်မြင့်မှန်ကန်စွာ သီဆိုလာသည်။ တက်မှ ဖိတ်စဉ်လျှောကျသော ရွှေရည်ရွှေစက်တို့သည် တေးသံရှင်ကို အဆင်တန်ဆာခြယ်သပေးနေသယောင်ရှိသည်။ "လပြည့်ညလည်း သာနေဆဲဝယ်" ဟူသော တေးသံသည် မြစ်တစ်ပြင်လုံးကို လွှမ်းခြုံ၍ သွားသည်။ တေးသံရှင်ကား မည်သူမျှ ကန့်ကွက်စရာမရှိအောင် ညနှင့်လိုက်ဖက်လှသော တေးသီချင်းကို သီဆိုရင်း ဝေး၍ ဝေး၍ ပျောက်ကွယ်သွားလေသည်။ ကျွန်တော်သာလျှင် မကြုံစဖူးသော လသာညတ၏ အတွေ့ထူးတွင် ယစ်မူးကာ မလှုပ်မယှက် ငြိမ်သက်၍ ကျန်နေရစ်သည်။

လရောင်ရိပ်တွင် ဗေဒါပင်စုစုတို့ ရွေ့မျောလာသည်ကို မြင်ရသည်။ ထို့နောက် နောက်တစ်စု နောက်တစ်စု။ ဗေဒါပွင့်ပြာပြာများကို လိုက်ရှာကြည့်မိသည်။ ငွေလရောင်က ကြည်လင်ရွှန်းမြနေသော်လည်း ဗေဒါတို့သည် တိတ်ဆိတ်ငြိမ်သက်စွာပင် မျောရွေ့သွားကြသည်။ သည်လိုပဲ ရေစီးရာ မျောပါနေရခြင်းသည်ပင် ဗေဒါ၏ဘဝ

mgyoe.com

mgyoe.com

လော။ သည်ဘဝကို ဗေဒါက ဒုက္ခဟု မြင်သလော။ သို့တည်းမဟုတ် သည်လိုရွှေ့လျား မျောပါနိုင်စွမ်းသည်ပင် ဗေဒါတို့ရှင်သန်ပြန့်ပွားရေးအတွက် အဓိကအချက်လော။ တစ်ခါမျှ ကဗျာမဆန်ခဲ့ဖူးသော ကျွန်တော်သည် လရောင်အောက်၌ ဗေဒါစျာန်ဝင်စား နေမိသည်။

ဗေဒါပင် စုစုတစ်ခုအနီး ငါးတစ်ကောင် ကျယ်လောင်စွာ ပွက်လိုက်သည်။ နေ့လယ်နေ့ခင်းဆိုလျှင် ငါး၏ ဖြူဖွေးတောက်ပသော အကြေးခွံများကို မြင်လိုက်ရလေမလား မှန်းဆမိသည်။ ရွှေရည် ငွေရည်များကြားထဲတွင် တိုးဝှေ့သွားလာနေသော ငါးသတ္တဝါများစွာတို့သည်လည်း မြစ်ထဲတွင် ရှိနေသေးသည်တကား။ ငါးတို့သည်လည်း လူကဲ့သို့ပင် နေ့အခါ သွားလာလှုပ်ရှား၍ ညအခါ အိပ်စက်တတ်သလော။ ယခု ငါးသည် ကျွန်တော့်နည်းတူ ငွေလရောင်ကြောင့် မအိပ်စက်နိုင်သေးသော သတ္တဝါ တစ်ခုပေလော။ လပြည့်လကွယ်သည် ရေတက် ရေကျကို ဖန်တီးနိုင်သည်ဆို၏။ ရေသတ္တဝါတို့၏ သဘာဝကိုလည်း ဖန်တီးလွှမ်းမိုးနိုင်ချေမည်လော။ လပြည့်ညသည် ငါးတို့အတွက်လည်း ထူးခြားသော ညတစ်ခုပေလော။ ကျွန်တော့်အတွေးများကား လှိုင်မြစ်ရေနှင့်အတူ စီးမျောစီးဆင်း၍ မဆုံးနိုင် ရှိနေတော့သည်။

လပြည့်ဝန်းကား ရွှန်းတင့်ဆဲပဟု စိတ်ထဲမှ ကဗျာဆန်စွာ ရင့်ကျူးလိုက်မိစဉ် မှာပဲ စင်စစ် စောစောကလောက် မရွှန်းတင့်တော့ပြီဆိုသည်ကို သတိပြုမိလိုက်သည်။ လပြည့်ဝန်းကို ဝန်းရံခနေသည့် ရွှေနှင်းမှုန်တို့က လ၏ အလင်းရောင်ကို ပိတ်ဆို့စပြု နေပြီ။ တစ်ဖက်ကမ်းမှရွာစုသည် မှုန်ဝါး၍နေချေပြီ။ လေအဝှေ့တွင် စိမ့်ခနဲ အေးမြ သွားသည်။ ခေါင်းကို သပ်လိုက်သည့်အခါ နှင်းရည်တို့ဖြင့် စွတ်စိုနေသည်ကို တွေ့ လိုက်ရသည်။

စက်ရုံမှ သံချောင်းခေါက်သံ ကြားရသည်။ သုံးနာရီထိုးပြီ။ ကျွန်တော်သည် နေရာမှထကာ အိမ်ဆီသို့ လျှောက်လှမ်းလာခဲ့သည်။ တစ်ညလုံး လျှောက်လည်ခဲ့ပြီး မြစ်ဆိပ်မှာ ကြာရှည်စွာ ထိုင်နေခဲ့သဖြင့် တစ်ကိုယ်လုံး ညောင်းညာတောင့်တင်း၍ နေသည်။ ခန္ဓာကိုယ်က အနားယူလိုပြီဖြစ်သော်လည်း စိတ်က လွင့်မျောနေဆဲ။ အိပ် စက်လိုစိတ် လုံးဝမရှိသေး။ အိပ်ရာထဲရောက်လျှင်လည်း တော်တော်နှင့် အိပ်ပျော်နိုင် ဦးမည်မထင်။ အိပ်တံခါးဝရောက်လာသည်။ လပြည့်ညကား အနည်းငယ် မှုန်ဝါးသွား သည်ဆိုရသော်လည်း "ရွှန်းမြဲသာဆဲ"ဟုပင် ကျွန်တော် ဆိုချင်နေပါသည်။

မြန်မာစာစီစာကုံးနှင့် စာတမ်းများ

❑

mgyoe.com

mgyoe.com

# ဈေးမြင်ကွင်း

ဂုဏ်ထူးဦးသိန်းနိုင်

သရက်မျိုး ကောင်းမကောင်း သိလိုလျှင် သရက်တစ်ပင်လုံးက သီးသော သရက်သီးအားလုံးကို စားကြည့်ရန်မလိုပါ။ သရက်သီးတစ်လုံးကို မြည်းကြည့်လိုက်ရုံဖြင့် သိနိုင်ပါသည်။ ဤလောကကြီး၏အကြောင်းကိုလည်း သိနိုင်ရန် လောကကြီးတစ်ခုလုံးကို လှည့်လည်သွားလာနေစရာမလိုပါ။ လောကကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သော ဈေးမြင်ကွင်းကလေးကို သတိရှင်ရှင်၊ မျက်စိရှင်ရှင်၊ နားရှင်ရှင်ထား၍ လေ့လာလိုက်ရုံမျှဖြင့် ကောင်းစွာသိမြင်နိုင်သည်ဟု ကျွန်တော်ဆိုချင်ပါသည်။

လောကကို စဉ်းစားဆင်ခြင်လိုသော ကျွန်တော်သည် ဈေးသို့ မကြာမကြာရောက်သည်။ ဈေးကြမ်းပိုးဟုပင် ကျွန်တော့်ကိုယ်ကျွန်တော် နားမည်ပေးချင်နေပါသည်။ ထိုနေ့က ကျွန်တော် ဈေးသို့ လျှောက်လာခဲ့သည်။ ဟင်းရွက်တန်းသို့ ကျွန်တော်ပထမဦးစွာ ရောက်လာခဲ့သည်။ ဟင်းရွက်တန်းတွင် ဆန်ကောစုတ်ကလေးထဲ၌ ချဉ်ပေါင်ရွက်စည်း လေးငါးခြောက်စည်းကိုထည့်ကာ ရောင်းနေသော အဒေါ်ကြီးတစ်ယောက်ကို ကျွန်တော် ထူးထူးဆန်းဆန်း တွေ့လိုက်ရသည်။ ခါတိုင်း သူ့မျက်နှာကိုကျွန်တော် မမြင်ဖူးချေ။ မျက်နှာစိမ်းတစ်ခုသာဖြစ်သည်။

သူ့ဘေးက ဈေးသည် ဟင်းရွက်သည် အဒေါ်ကြီးတစ်ယောက်ကို သူက ပြောပြနေသည်။ သူ့မိခင်အိုကြီးမှာ နာမကျန်းဖြစ်နေရှာသည်။ ဆန်ပြုတ်ကလေးတစ်ဇွန်းမျှ ဝယ်၍မသောက်နိုင်။ ဝယ်၍မတိုက်နိုင်။ သူ၏ မိခင်အိုကြီးကလည်း အစာတောင်းနေသည်။ ထိုအခါ အိမ်ဘေးက ချဉ်ပေါင်ရွက်ခင်းတွင် ပိုင်ရှင်မသိအောင် ဝင်၍ခူးကာ ထိုချဉ်ပေါင်ရွက်ကလေးများကို ကပျာကသီစည်းနှောင်၍ ကြံမိကြံရာ ကြံကာ ဆန်ပြုတ်ဖိုး ငွေရှာနေရပါကြောင်း သူ့စကားဆိုနေသည်။ ထိုစဉ်မှာပင် ဈေးဝယ်တစ်ယောက်ရောက်လာကာ ချဉ်ပေါင်ရွက်စည်းကလေးများကို ဈေးမေးနေသည်။ သူ့မျက်နှာသည် ချက်ချင်း ဝင်းထိန်သွားသည်။ ပြုံးရွှင်နေသည်။ သူ့မျက်နှာမှာ သကာလောင်းထား

mgyoe.com

mgyoe.com

သည်။ သူ့စကားလေးများက သကာအိုးထဲက အစိအရီ စုန်၍ထွက်လာသည့်နှယ် ချို သာလှသည်။ စကားအရာ ပျားသကာပေတည်း။ ကျွန်တော် သိလိုက်ပါသည်။ ကျွန်တော် သိလိုက်ပါပြီ။ သူ၏ရင်ထဲတွင် ဟုန်းဟုန်းတောက်နေသော မီးခင်အတွက် သောကမီးတောက်များ ရှိသော်လည်း အပူရုပ်ကို ဟန်လုပ်၍ ဖုံးထားသည်။

အမျိုးသား ကဗျာစာပေဆုရ ကဗျာဆရာ ဆရာ ဘုတလင်ချစ်လေး၏ ကချေသည်ကဗျာကဲ့သို့ပင် ဖြစ်သည်။ ကချေသည် ကဗျာကလေးကိုပင် ကျွန်တော် သတိရမိသည်။ ကချေသည်မကလေးသည် ငိုချင်လျက်နှင့် ဇာတ်ကွက်ကို ဆ၊ ရယ်လိုက်ရသည်။ ယခု ချဉ်ပေါင်ရွက်သည် အဒေါ်ကြီးသည်လည်း ငိုချင်လျက်နဲ့ ဇာတ်ကွက်ကို ဆ၍ ချိုသာလိုက်ရရှာပါသည်။ လောကဒွိ မီးခင်၏ကျေးဇူးကို သူတစ်ပါးဥစ္စာပစ္စည်းကိုခိုး၍ ဆပ်နေရရှာသည်ကို တွေ့လိုက်ရသောအခါ ကျွန်တော့်ရင်ထဲတွင် ကျင်ခနဲ ဖြစ်မိပါသည်။ ကျွန်တော် ကြည့်လည်း မကြည့်ရက်တော့ပါ။ မြင်လည်း မမြင်ရက်တော့ပါ။ ကြားလည်း မကြားရက်တော့ပါ။

ဆက်၍ လျှောက်လာခဲ့ပါသည်။ ငါးစိမ်းတန်းသို့ ကျွန်တော် ရောက်လာပါသည်။ ငါးစိမ်းသည် ရန်တွေ့သကဲ့သို့ဟူသော သူဟောင်းတို့၏ ဆိုရိုးစကားစဉ်ကို ကျွန်တော့်နားတွင် ကြားယောင်မိပါသည်။ နှုတ်ကလည်းကြမ်း၊ လျှာကလည်းကြမ်း၊ အာကလည်းကြမ်း၊ ဤသို့သော ကြမ်းတမ်းလှသည့် နယ်မြေကို ကျွန်တော် ခြေချမိပါပြီ။ ငါးများက ဇျပ်ထဲတွင် ဖျပ်ဖျပ်လူးနေသည်။ နောက်ဆုံးအချိန်ထိ ဇနကထုံးကို နှလုံးမူ၍ သူတို့လွတ်မြောက်ရေးကို ကြိုးပမ်းနေကြဟန်တူပါသည်။ သို့သော် သူတို့အတွက် လွတ်လမ်းမမြင်ပါ။ ဈေးသည်အဒေါ်ကြီးသည် သနပ်ဖက်ဆေးလိပ်ကြီးကို ပါးစပ်တွင် ကိုက်ကာဖွာကာဖြင့် သူ၏ မျက်နှာထားက ခပ်တင်းတင်း။ မကြာမီမှာပင် တောက်တောက်ပြောင်ပြောင် အဝတ်အစားများကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် သူ့ရှေ့သို့ ရောက်ကာ ဖျပ်ဖျပ်လူးနေသော ငါးများထဲမှ အကြီးဆုံးငါးကြီးကို လက်ညှိုးထိုး၍ပြလိုက်သည်။ ဈေးသည်မိန်းမသည် ထိုငါးကြီး၏ တဖျပ်ဖျပ်လူး လွန့်လျက်ရှိသော အမြီးကို ဘယ်လက်နှင့်ကိုင်ကာ စဉ်တီးတုံးပေါ်တွင် တင်လိုက်သည်။ ထို့နောက် ပိုသာလေးဖြင့် ထိုငါးကြီး၏ ဦးခေါင်းကို သုံးချက်မျှ ဆက်၍ ဆက်၍ ထုလိုက်သည်။ မိုက်ရိုင်းနေသော ငါးကြီးသည် လိမ့်သွားလေသည်။ ချက်ချင်းပင် ငြိမ်ကျသွားသည်။ အိပ်ပျော်သွားရှာလေပြီ။ မနိုးသောအိပ်ခြင်းဖြင့် အိပ်လေပြီ။ ထိုအခါချိန်ခွင်ခွက်ထဲတွင် ထည့်၍ချိန်လိုက်သည်။ ငါးစိမ်းသည်မိန်းမက ငါးအလေးချိန်နှင့် ကျသင့်ငွေကို တွက်ချက်၍ပြောသည်။ ထိုအခါ ဈေးဝယ်မိန်းမသည် အနည်းငယ်မျှပင် မဆစ်ဘဲ ငါးကို ယူကာ ငွေကိုပေး၍ ချာ ခနဲလှည့်ထွက်သွားသည်။ ဆစ်ရန်ပင် အဖက်မတန်ဟု သဘောထားလေသလား မဆိုနိုင်။ ဈေးသည်ငါးသည်မိန်းမသည် သူ ရအပ်သောငွေကို ရပြီဖြစ်သောကြောင့် သူလုပ်ရမည့်အလုပ်များကိုသာ ဆက်၍လုပ်

mgyoe.com

mgyoe.com

နေသည်။ ကျွန်တော့်စိတ်ထဲတွင် ဤမိန်းမကား မိုက်ရိုင်းလေစွ၊ ကြမ်းတမ်းလေစွ၊ ရက်စက်လေစွဟု ကောက်ချက်ချမိပါသည်။

ထိုစဉ်မှာပင် အသက် ၇၀ ကျော်မျှရှိသော ဘယ်ဘက်ခြေထောက် ဆာလျက်ရှိသော ဖွားသီလရှင် အဒေါ်ကြီးသည် ဆိုင်ခန်းများတွင် လှည့်လည်၍ အလှူခံနေသည်။ အချို့က လက် မအားသေး၍ဟုဆိုသည်။ တချို့က သွားပါဦးဟု ပြောသည်။ အချို့က နောက်များမှဟု မထိလေးစား စော်ကားမော်ကား စကားဆိုကြသည်။ ဖွားသီလရှင် အဒေါ်ကြီးကမူ နှုတ်ကတဖွဖွဖြင့် သာဓု သာဓု ဟု ကရားရေလွှတ် တတွတ်တွတ်ရွတ်ကာ ဆုများကို ခြွေနေပါသည်။ ငါးစိမ်းသည်မိန်းမ၏ မျက်နှာသည် ပီတိဖြင့် ဝင်းထိန်သွားသည်။ ချက်ချင်းပင် အဒေါ်ကြီးကို ပဋိသန္ထာရစကားဆိုသည်။ မတွေ့မြင်ရသည်မှာ ကြာပြီဖြစ်သောကြောင့် စိုးရိမ်နေရကြောင်း၊ ထို့နောက် ငါးကျပ်တန်အသစ်ကလေးကို ရွေး၍ လှူလိုက်သည်။ စားဖွယ် သောက်ဖွယ်များကိုလည်း ဝယ်ခြမ်း၍ လှူလိုက်သေးသည်။ ပြုံးပြုံးရွှင်ရွှင်ဖြင့် ချိုချိုသာသာ ပြောနေသည်။ လိုအပ်သော ဆေးဝါးများကိုလည်း လှူပါဦးမည်ဟု ကြားလိုက်ရသည်။ ကျွန်တော်သည် ရိုင်းစိုင်းမှုထဲမှာ ယဉ်ကျေးခြင်းကို မြင်လိုက်ရပါသည်။ ရက်စက်ခြင်းထဲမှ ကြင်နာမှုကို ကျွန်တော် တွေ့လိုက်ရပါသည်။ ထိုအခါ ကျွန်တော် အံ့သြ၍မဆုံးတော့ပါ။ အံ့အားသင့်၍ မကုန်နိုင်တော့ပါ။ ဤလောကဥ္စ ကျွန်တော်သိသော အရာတို့ကား ရှားလှ၏။ ကျွန်တော် မသိသော အရာတို့ကား များလှ၏။ ဤသို့ပင် ကျွန်တော့်ကိုယ်ကို ကျွန်တော် ကောက်ချက်ချလိုက်ပါသည်။ ငါးစိမ်းသည်တန်းမှ ကျွန်တော်ထွက်လာခဲ့သောအခါ တစ်နေရာ၌ ဖရုံယိုရောင်းနေသော အဒေါ်ကြီးကို တွေ့လိုက်ရသည်။ ဖရုံယိုရောင်းနေသော အဒေါ်ကြီးသည် အံ့သြဖွယ်ကောင်း လောက်အောင်ပင် ရုပ်ဆင်းရူပကာ သားနားလှသည်။ အသက်အရွယ်မှာ ငါးဆယ် ပတ်ဝန်းကျင်မျှရှိပါလိမ့်မည်။ သူ့ဝတ်စားဆင်ယင်ထားပုံက အဆင့်အတန်းရှိကြောင်း ပြနေသည်။ သူ့မျက်နှာ ပြုံးချိုချိုက အေးမြနေသည်ဟု ကျွန်တော် ကောက်ချက်ချ လိုက်မိပါသည်။ ဖရုံယိုချိုက အေးမြနေသည်ဟု ကျွန်တော် ကောက်ချက်ချလိုက်မိသည်။ ဖရုံယိုဝယ်သူ များလာသောအခါ သူ့ချိန်ခွင်ခွက်ထဲတွင် အလေးနှင့် ဖရုံယိုတို့ကို ထည့်ကာ ချိန်ခွင်ကို မြှောက်လိုက်သည်။ ချိန်ခွင်၏ ဘောင်နားကို လက်မနှင့်လက်ညှိုး လက်ခလယ်တို့ကို မြှောက်၍ ကိုင်ထားလိုက်သည်။ လက်သူကြွယ်နှင့် လက်သန်းကလေးကို အသာကလေးပင် သူဆောင်ရုံ၍ထားလိုက်သည်။ ထို့နောက် ချိန်ခွင်လျှာနောက်သို့ ရောက်နေသည်ကို ဖျတ်ခနဲကြည့်ကာ အလေးဘက် ရောက်နေသည့်ချိန် ခွင်လျှာကို သူ၏ လက်သူကြွယ်နှင့် လက်သန်းကလေးများက ပုတ်၍ထုတ်လိုက်သည်။ ထို့နောက် ရှေ့သို့ ဖရုံယိုချိန်ခွင်ဘက်သို့ လျှာပြူထွက်လာသောအခါ သူက ဈေးဝယ်များကို မြင်အောင်ပြ၍ ချိန်ခွင်ကို ချက်ချင်းပင် ချလိုက်သည်။ ဖောက်သည်များဖြစ် သောကြောင့် ဤသို့ သာသာထိုးထိုး

mgyoe.com

mgyoe.com

ပေးပါသည်ဟုဆိုသည်။ သူ့လက်သူကြွယ်နှင့် လက်သန်းကလေးနှစ်ခုကို အားကိုးပြုကာ ရှေ့သို့ ပုတ်ထုတ်လိုက်သော အမူအရာကို ကျွန်တော်မှတစ်ပါး မည်သူမျှ မမြင်လိုက်ကြချေ။ ကျွန်တော်သာလျှင် ဈေးကြမ်းပိုးဖြစ် သောကြောင့် အမှတ်မထင် တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

ဤလောက၌ နွမ်းပါးသူတို့ မရိုးမသားပြုလျှင် ဘွားဘွားကြီးပေါ်တတ်သည်။ ချမ်းသာကြွယ်ဝသူတို့က ဣန္ဒြေသမ္ပတ္တိနှင့် ခိုးကြသောအခါတွင် အလွန်ပင် ပိရိတတ်သည်။ မလှသူကိုသာ စုန်းယိုးတတ်သည်။ မရှိသူကိုသာ ခိုးနိုးနိုး ယိုးစွပ်တတ်ကြသည်။ ချမ်းသာကြွယ်ဝသူများ၏ စာရိတ္တကိုမူ သံသယမရှိတတ်ကြချေ။ ထိုအခါတွင် ခံလိုက်ကြရသည်သာ ဖြစ်တော့သည်။

ကျွန်တော် တွေ့လိုက်ပြန်ပါပြီ။ တစ်နေရာတွင် ခေါင်းပေါင်းကြီး ဗာဂျာကင်နှင့် တောဘုရားဖူးအဖွဲ့ပင် ဖြစ်သည်။ ထိုတောဘုရားဖူးအဖွဲ့သည် ရွာရောက်လျှင် အပအလှူး၊ အဝါအကြွား ပြရန်အတွက် အလှကုန်ပစ္စည်းများ ရောင်းသောဆိုင်တွင် အလှကုန်ပစ္စည်းများ ဝယ်ခြမ်းနေကြသည်။ ကျွန်တော်က ဈေးကြမ်းပိုးဖြစ်သောကြောင့် တစေ့တစောင်းသာ အကဲခတ်နေသည်။ သူတို့သည် ငွေကြေးကို တနင့်ကြီးပေးကြရသည်။ အတုများသာဖြစ်သည်။ အလှဆိုင်၏ အကျည်းတန်မှုများပေတည်း။ အလှကုန်ပစ္စည်းရောင်းသောဆိုင်မှ အရုပ်ဆိုးသော အကွက်များပေတည်း။

ကျွန်တော် ဤသို့ဆိုလျှင် ဆန့်ကျင်ဘက်အရာများကို တွေ့လိုက်ရပါသည်။ ဈေးသည် အုတ်အုတ်ကျက်ကျက် တစ်ခဲနက်ဖြစ်နေသည်။ ဤသည်ပင် ဈေး၏ထုံးစံဖြစ်သည်။ အမှိုက်များ တသောသောထနေသည်။ အဝတ်အထည်ဆိုင်များတွင် တိုးလိုးတွဲလဲ ဆွဲထားသည်များက လှပအောင် တန်ဆာဆင်ထားခြင်းမျိုးထက် ရှုပ်ပွနေအောင် လုပ်ထားသည်နှင့် တူတော့သည်။ မည်သည့်ဆိုင်တိုင်းမဆို တရုတ်ခေါက်ဆွဲဆိုင်နှင့် တူနေသည်။ ဘဲခေါင်းများကို အစီအရီဆွဲထားသကဲ့သို့ အရာခပ်သိမ်းကို အစီအရီဆွဲထားသည်က များသည်။ ထိုဆွဲထားသည်များကလည်း ပန်းချီမဆန်၊ ဗရုတ်သုတ်ခဆန်နေသည်။ ဤရှုခင်းများမှာ မျက်စိနောက်ဖွယ် ကောင်းလှသည်။

အချို့သောသူများ၏ ဝတ်စားဆင်ယင်ပုံမှာ ဈေးသွား ငါးဝယ် ဟူသော စကားနှင့် ညီကြသည်။ အိမ်နေရင်းအဝတ်အစားထက်လည်း ပို၍ ကောင်းသော၊ ပွဲနေပွဲထိုင်သွားသကဲ့သို့ အဝတ်အစားမျိုးလည်း မဟုတ်သော သာမန်ခပ်လတ်လတ် အဝတ်အစားများကို ဈေးသွား ငါးဝယ်အဝတ်အစား ဟု သုံးနှုန်းကြသည်။ ဈေးသွား ငါးဝယ်အဝတ်စား ဟု သုံးနှုန်းကြသော်လည်း၊ ဤဈေးတွင် ကျွန်တော် တွေ့ရသည်မှာ အချို့သောသူတို့သည် ဈေးလာသည်နှင့်ပင် မတူဘဲ မင်္ဂလာဆောင် ပွဲနေပွဲထိုင်လာသကဲ့သို့ တောက်ပလွန်းအားကြီးသော အဝတ်အစားများကို ဝတ်ဆင်လာကြသည်။ ကြွားစရာနေရာသည် ဤမျှပင် ရှားလေသလားဟု ကျွန်တော် တွေးတောနေမိသည်။ အချို့သော

mgyoe.com

mgyoe.com


သူများကလည်း အုံ့ဩဖွယ်ကောင်းလှသည်။ ထိုသူတို့သည် အဝတ်အစားလဲရန် အချိန်ပင် မရှိလေသလော။ ထဘီပင် မရှိလေသလော မသိ။ ဤ ဈေးထဲသို့ နွမ်း၍ ကြေ၍၊ စုတ်၍၊ အဖာအထေးများပင် ပြွတ်ခဲနေသော အဝတ်အစားများနှင့် လာကြသည်။ တစ်နေရာတွင် တစ်ယောက်သောသူအတွက်ကား အတွေးပေါင်းခြောက်ဆယ်ဖြင့် သောက်သောက်လည်တော့သည်။ ယောကျ်ားရင့်မကြီးတစ်ယောက် ကလေးကိုတစ်ဖက်ကချီ၍ ဈေးခြင်းတောင်းကို တစ်ဖက်ကဆွဲ၍ တရွတ်တသီဖြင့် လာနေသည်။ ထိုရှုခင်းကို ကျွန်တော် မြင်ရသောအခါ အတွေးမကြွယ်ဘဲ မနေနိုင်တော့ချေ။ ဈေးဝယ်သူကိုကြည့်၍ အတွေးကြွယ်နေမိသည်။ သူ၏ဇနီးက ကွယ်လွန်ခဲ့လေပြီလော။ ဤသို့ဆိုလျှင် သူသည် မုဆိုးဖိုဖြစ်ပေလိမ့်မည်။ ဤကလေးလေး တစ်ယောက်နှင့် ထိုမုဆိုးဖိုသည် မည်မျှ ပင်ပန်းရှာမည်နည်း။ ထိုပင်ပန်းသည့်ဒဏ်ကို သူ မည်မျှခံနိုင်ရှာမည်နည်း။ ဤကလေးလေး၏ ရှေ့ရေးသည် မည်သို့ပင်ဖြစ်မည်နည်း။ တစ်ဦးဦးကိုပင် မွေးစားရန်ပေးလိုက်လေမည်လား။ သို့မဟုတ် ဤကလေးကို ထိန်းရန်ဖင်လျှင် သူ့အတွက် တစ်ပင်လဲမှ တစ်ပင်ထူ ဆိုသကဲ့သို့ နောက်ထပ် အမေအစားတစ်ယောက် ရှာရလေမည်လား။ ဤသို့တွေးနေစဉ်မှာပင် ထိုသူ၏ ဇနီးသည် မကွယ်လွန်သေးဘဲ ယောကျ်ားအပေါ်တွင် နိုင်စားတတ်သော မိန်းမဖြစ်သောကြောင့် မိန်းမက အအိပ်ကြီး၍ စည်းစိမ်ခံနေရင်း ထိုယောကျ်ားက ကလေးတစ်ဖက်နှင့် ဈေးဝယ်ထွက်လာခြင်းကော မဖြစ်နိုင်ဘူးလားဟု တွေးတောမိပြန်သည်။ ထိုအခါတွင် ထိုယောကျ်ားကိုလည်း ကျွန်တော် အထင်သေးလာသည်။ စက်ဆုပ်လာမိသည်။ သူ၏ ဇနီးကိုမူ ပြောဖွယ်ရာမရှိချေ။ မစင်ဘင်ပုပ်ပမာ စက်ဆုပ်လာမိပြန်သည်။

ဈေးလယ်တွင် အတွေးကြွယ်နေမိသော ကျွန်တော်ပင်ဖြစ်ပါသည်။ ဈေးမြင်ကွင်း ပြတင်းပေါက်မှ လောကကို ကျွန်တော် ချောင်း၍ ကြည့်လိုက်ခြင်းပင်ဖြစ်သည်။ တစ်နေရာတွင်မူ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် အဆင်အသွေးစုံလင်လှသော အထည်ဆိုင်ကြီးကို ကျွန်တော် မြင်နေရသည်။ အထည်များကို ခင်းကျင်းထားပုံမှာလည်း စနစ်ကျသည်။ တစ်နည်းပြောရလျှင် ပန်းချီဆန်သည်။ ပို၍ ပန်းချီဆန်သော အရာကား ဤဆိုင်ထဲတွင် ဈေးရောင်းနေသော လုံမပျိုပင်ဖြစ်သည်။ သူသည် တစ်ဖက်ကလည်း ရွှန်းရွှန်းဝေအောင် ဧည့်ခံသည်။ ဈေးဝယ်သူ၏ အမေးကိုလည်း ဖြေသည်။ ဈေးတည့်ပြီးသော အဝတ်စများကိုလည်း ကိုက်တံနှင့် သွက်လက်စွာ တိုင်းထွာသည်။ ထို့နောက် ကတ်ကြေးဖြင့်ထိုးကာ ဖြတ်လိုက်သည်။ ထိုအဝတ်စ ခေါက်လိုက်ပုံ၊ ခေါက်ပြီးသော အခေါက်ကို စက္ကူအိတ်ကလေးထဲသို့ထည့်ရန် စက္ကူအိတ်ကလေးကို ဘယ်ဘက်လက်နှင့်ကိုင်ကာ လေဖြင့် အသာမှုတ်လိုက်ပုံ၊ စက္ကူအိတ်ကလေးဟ အသွားတွင် အဝတ်စကလေးကိုထည့်လိုက်ပုံတို့မှာ သွက်သွက်လက်လက် ချက်ချက်ချာချာရှိလှသည်။ ထိုအိတ်ကလေးကို ဈေးဝယ်သူ၏လက်ထဲသို့ သူ၏ လက်ကလေး

mgyoe.com

mgyoe.com


နှစ်ဖက်ဖြင့် ပေးလိုက်ပုံ၊ ငွေကိုယူ၍ သိမ်းလိုက်ပုံ၊ အကြွေကိုပြန်၍ အမ်းလိုက်ပုံတို့မှာ စည်းဝါးညီနေသည်။ ကာရန်ညီနေသည်။

သူဌေးသမီးနှင့် ဤဆိုင်ကြီးသည် လိုက်ဖက်တင့်တယ်လှပါပေသည်။ မဏိဇောတ ပြည်တန်သည့်မြသည် သိဂ်နိုက်ရွှေစင်နှင့် လိုက်ဖက်သကဲ့သို့ လိုက်ဖက်တင့်တယ်လှပါပေသည်။ ပန်းတင့်လှပါပေသည်ဟု ကျွန်တော်က ချီးကျူးလိုက်မိသည်။ ထိုဆိုင်ကြီး၏ သေးက ကျွန်တော့်အသိဆိုင်တွင်ထိုင်ကာ ကျွန်တော်က ထိုသို့ ချီးကျူးစဉ်မှာပင် ကျွန်တော့်မိတ်ဆွေဆိုင်ရှင်က ခွက်ထိုးခွက်လန် ရယ်ပါတော့သည်။ ဤကလေးမသည် ဆိုင်ရှင်၏ သမီးမဟုတ်၊ သူဌေးသမီးလည်းမဟုတ်၊ တောက ခေါ်လာခဲ့သော မိန်းကလေးသာဖြစ်သည်။ ထမင်းစားကျွန်ခံသာဖြစ်သည်။ သူဝတ်ထားသော တောက်တောက်ပြောင်ပြောင် တစ်ကိုယ်လုံးတွင် သိန်းချီတန်မည့် လက်ဝတ်ရတနာတို့သည်လည်း ဤဆိုင်တွင် ဤကဲ့သို့သော အချိန်၌သာ ဝတ်ခွင့်ရှိသည်။ ကျန်အချိန်၌ ဝတ်ခွင့်မရှိ။ ဤအိမ်တွင် သူ မနေတော့ပြီဆိုလျှင်ကား သူ့အတွက် ဗလာနတ္ထိ ဘာမျှ ခံစားခွင့်မရှိ။

ဤသို့ ကျွန်တော် သိလိုက်ရသောအခါ အို … ဤလောကကြီး၌ အစစ်နှင့်တူသည့်အတုတို့သည် များလှချေ၏။ အတုနှင့်တူသော အစစ်တို့သည်လည်း များလှချေ၏ဟု ကျွန်တော် သဘောပေါက်လိုက်မိပါသည်။ အချို့ဆိုင်ကြီးများက တစ်ဆိုင်လုံးပေါင်းလျှင် ဆယ်သိန်းမျှတန်လိမ့်မည်။ ကျွန်တော် ဈေးအစတွင် တွေ့ခဲ့ရသော ချဉ်ပေါင်ရွက်သည်အဒေါ်ကြီး၏ ဗန်းစုတ်ကလေးနှင့် ချဉ်ပေါင်ရွက် ခုနစ်စီးကား ပေါင်းလိုက်လျှင် နှစ်ကျပ်မျှသာ ကန်ပေလိမ့်မည်။ ဤသို့ ခြားနားလှချေသည်။

ကျွန်တော် လမျက်နှာပြင်၏ ဓာတ်ပုံကို မြင်ဖူးခဲ့ပါသည်။ မြင့်လွန်းသော တောင်များကလည်း မြင့် မြင့်နိုင်လွန်းလှပါသည်။ နိမ့်လွန်းသော ချောက်ကမ်းပါးကြီးများကလည်း နိမ့်ပင် နိမ့်လွန်းလှပါသည်။ ဤသို့သော လမျက်နှာပြင်ကို ကျွန်တော်တွေ့စဉ်က မြင့်လွန်းသော တောင်တန်းကြီးများကို ဖြို၍ နိမ့်လွန်းသော ချောက်ကမ်းပါးကြီးများကို ဖြည့်လိုက်လျှင် လ၏မျက်နှာပြင်ညီသွားလိမ့်မည်ဟု ကျွန်တော် တွေးနေမိပါသည်။

ယခုလည်း ဈေးမြင်ကွင်းကို ကျွန်တော် တွေ့လိုက်ရသောအခါ လမျက်နှာပြင်နှင့်တူသည်ဟု ကျွန်တော်ထင်ပါသည်။ လမျက်နှာပြင်ကို ညီအောင်ညှိသကဲ့သို့ ဈေးမြင်ကွင်း၏ လူ့ဘဝမျက်နှာပြင် သို့မဟုတ် လူ့ဘုံ၏ မျက်နှာပြင်ကိုလည်း ညီအောင်ညှိလိုက်ရလျှင် မည်မျှကောင်းလိမ့်မည်နည်း။

ဤသို့လျှင် ဈေးအလယ်၌ အတွေးကျယ်နေမိပါသည်။ ဈေးမြင်ကွင်းသည် လောက၏ ပြတင်းတံခါးပင်ဖြစ်ပါသည်။ ဈေးသည် ဤလူ့ဘုံကြီး၏ အပုံတစ်ကုဋေပုံလျှင် တစ်ပုံမျှပင်မရှိသော မြေနေရာကျဉ်းကျဉ်းကလေးပင် ဖြစ်ပါသည်။ သို့သော်

mgyoe.com

mgyoe.com

ဈေးမြင်ကွင်းသည် လောကကြီး၏ ကြေးမုံပြင်တစ်ချပ်ဖြစ်သည်ဟု ကျွန်တော် ဆိုချင်ပါသည်။ အကြောင်းမူကား ဈေးမြင်ကွင်းမှတစ်ဆင့် လောကမြင်ကွင်း ထင်းထင်းကြီး မြင်နိုင်သောကြောင့်ပင် ဤသို့ဆိုရခြင်းဖြစ်ပါသတည်း။

၁၉၈၇၊ ပန်းကံ့ကော်၊ မြန်မာစာစီစာကုံးနှင့် စာတမ်းများ

❑

mgyoe.com

mgyoe.com

# ကျွန်တော်တို့သူငယ်ချင်းတစ်စု

ကိုလွှမ်း (ဝိုင်းမော်)

၁။ ကျွန်တော်တို့မြို့တွင် အကောင်းဆုံးမဟုတ်သော အထူးခြားဆုံးသော တက်နေဝန်းလက်ဖက်ရည်ဆိုင်သည် ကျွန်တော်တို့သူငယ်ချင်းတစ်စု၏ ဘုန်းကြီးကျောင်းဖြစ်သည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် အားလပ်ရန် အားလပ်ချိန်များတွင် တက်နေဝန်းလက်ဖက်ရည်ဆိုင်ဘုန်းကြီး ကျောင်းတွင် ဥပုသ်စောင့်တတ်ကြသည်။

တက်နေဝန်း လက်ဖက်ရည်ဆိုင်သည် အခြားလက်ဖက်ရည်ဆိုင်များထက် ထူးခြားသော အချက်လေးချက်ရှိပါသည်။ ပထမအချက်မှာ တက်နေဝန်းလက်ဖက်ရည်ဆိုင်တွင် ရွှေပေါ်တိုက်မထားသော သစ်သားပြားပေါ်တွင် မီးသွေးခဲနှင့် တက်နေဝန်းလက်ဖက်ရည်ဆိုင်ဟု ရေးခြစ်ထားသော ဆိုင်းဘုတ်ချိတ်ဆွဲထားခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ တက်နေဝန်းလက်ဖက်ရည်ဆိုင်လုပ်သားတို့သည် 'တက်နေဝန်းလက်ဖက်ရည်ဆိုင်" ဟူသော စာတန်း ရိုက်နှိပ်ထားသည့် အေဗီအေ စွပ်ကျယ်အဖြူဝမ်းဆက်ကို ဝတ်ဆင်ကြခြင်းဖြစ်သည်။ အေဗီအေ စွပ်ကျယ်နှင့်ဆိုင်းဘုတ်သည် ပန်းတင့်လှပေသည်။ တက်နေဝန်း လက်ဖက်ရည်ဆိုင်လုပ်သားတို့သည် ဆိုရာ၌ တက်နေဝန်းလက်ဖက်ရည်ဆိုင်တွင် အလုပ်သမားနှစ်ယောက်သာ ရှိပါသည်။ တစ်ယောက်ထက်များနေသောကြောင့် သဒ္ဒါစည်းကမ်းအရ 'တို့သည်' စကားလုံးကို သုံးစွဲခြင်းဖြစ်ပါသည်။ တတိယအချက်မှာ တက်နေဝန်းလက်ဖက်ရည်ဆိုင်တွင် စမူဆာ၊ နံပြား၊ အီကြာကွေး စသော ပြားငါးဆယ်တန်ကုလားမုန့်များနှင့် နွားနို့စစ်စစ် ရနိုင်ခြင်းဖြစ်သည်။

ကျွန်တော်တို့မြို့တွင် နွားမွေးမြူသော ကုလားများရှိသည်။ နွားနို့ကုန်သည်ကုလားများသည် မြို့ပေါ် နွားနို့တက်ရောင်းရန် နွားစခန်းမှအလာ ချောင်းငယ်ပေါင်းများစွာကို ကျော်ဖြတ်လာကြရသည်။ သူတို့သည် ချောင်းငယ်များတွင် ခဏတခဏတ်ပြုခြင်း ညီမျှခြင်းကို ညှိခဲ့ကြစမြဲပင်။ စတုတ္ထအချက်မှာ တက်နေဝန်းလက်ဖက်ရည်ဆိုင်တွင် မြဝတီမင်းကြီးဦးစခေတ်က အသံဆင်းရဲသော ကက်ဆက်အိုကြီးတစ်လုံး

mgyoe.com

mgyoe.com


ရှိခြင်းဖြစ်သည်။ ထို့ကြောင့် သီချင်းနားထောင်ချင်သော လူငယ်များ အထိုင်များတတ်ကြသည်။ လက်ဖက်ရည်တစ်ခွက်၊ ရေနွေးကြမ်းငါးဂါလံနှင့် တစ်နေကုန်ထိုင်တတ်ကြသည်။

၂။ ကျွန်တော်တို့သူငယ်ချင်းတစ်စုဟူသည် ကျွန်တော်တို့ သူငယ်ချင်းတစ်စုကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် စာပေရူးများဖြစ်ကြသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုတွင် အဖွဲ့ဝင်အရေအတွက်ငါးဦးရှိသည်။ ထိုပုဂ္ဂိုလ်ကြီးများမှာ ကျွန်တော် အပါအဝင် ကိုဆေးရိုး၊ ကိုလင်းဂျက်၊ ကိုသံချောင်း၊ ကိုဖြားတို့ ဖြစ်ကြပါသည်။ နာမည်ရင်းများမဟုတ်ကြပါ။ အကြမ်းစာအုပ်တွေထဲက နာမည်များသာ ဖြစ်ကြပါသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုကို လူတွေက ဆင်တစ်ကောင်ကို မျက်မမြင်ပုဂ္ဂိုလ်ခြောက်ဦးအမြင်မျိုး အမျိုးမျိုး မြင်ကြပါသည်။ သို့သော် ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် နေထိုင်ကြသော လူများသည် မျက်စိကန်းသူများမဟုတ်ကြပါ။ ကျွန်တော်တို့သူငယ်ချင်းတစ်စုအပေါ် တချို့က ပေါကြောင်တွေ၊ တချို့က ကျပ်မပြည့်သော်သူတွေ၊ တချို့က ... စသည်ဖြင့် ကိုယ်မြင်ရာကို လက်ခံထားကြသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် လူတန်းစားချင်း တူကြသည်။ အခြေခံလူတန်းစားများဖြစ်ကြသည်။ ယုံကြည်ချက်ချင်း တူကြသည်။ ၂၁ ရာစုမှာ မြန်မာနိုင်ငံရှိ အညတြကဗျာသမားတိုင်း သန်းကြွယ်သူဌေးဖြစ်ရမည်။ ရည်မှန်းချက်ချင်း တူကြသည်။ မဂ္ဂဇင်းစာမျက်နှာမှာ စာပေမှတ်တိုင် စိုက်ထူနိုင်အောင် ကြိုးစားကြရမည်။ ခံယူချက်ချင်း တူကြသည်။ မဂ္ဂဇင်းစာမျက်နှာမှာ ဦးစွာစာပေ မှတ်တိုင်စိုက်ထူပြီးမှ လုံးချင်းထုတ်သော စာရေးဆရာများကိုသာ အထင်ကြီးရမည်။ ပညာအရည်အချင်း တူကြသည်။ ဆယ်တန်းအောင်ပြီးကြပြီ။ ဝမ်းရေးအတွက် ရရာအလုပ်ဝင်လုပ်ပြီး စာပေးစာယူ တက်နေကြပါသည်။

၃။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ညနေစောင်းတွင် တက်နေဝန်း လက်ဖက်ရည်ဆိုင်တွင် စုတတ်ကြသည်။ တပေါင်း နွေမှာ ကြွေကျနေသည့် ရော်ရွက်ဝါတွေထဲက အယ်ဘမ်များကို ရှာဖွေစုဆောင်းပြီး ဒြပ်ပေါင်းတစ်ခု ဖြစ်လာအောင် သုတေသနပြုတတ်ကြသည်။ အက်ဒန်းစမစ်၊ ဂျယ်အက်စ်မဲလ်တို့လို မျက်မှောက်ခေတ် လူနေမှုဘောဂဗေဒမှတ်စုကို ပြုစုတတ်ကြသည်။ နန္ဒာသိန်းဇံ စာအုပ်အဖတ်များကြသောကြောင့် မျက်မှောက်ခေတ် ဒဿနိကများကို တီထွင်တတ်ကြသည်။

ဤသို့ဖြင့် တက်နေဝန်း လက်ဖက်ရည်ဆိုင်တွင် ဝိုင်းဖွဲ့အတွေးနယ်ချဲ့ နေကြသော အခါတွင် နားကြားခါးသော ဝမ်းတီးတူးကော် ဘိုပြက်သံ၊ မြန်မာစကားလုံးများ

mgyoe.com

mgyoe.com


ကြားမှ အသံထွက်မမှန် ဘိုပြတ်သံများကို ကြားနေမိကြစမြဲ။ ဘိုစကားကို မပြောရဟူ၍ မဆိုလိုပါ။ ကာလဒေသပေါ် မူတည်ပေသည်။ ကျွန်တော်တို့ သူငယ်ချင်း တစ်စုသည်လည်း အင်္ဂလိပ်စကားပြောသင်ထုန်း တက်ပြီးကြသူချည်းဖြစ်သည်။

ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် တီးခေါက်မိထားကြသော မြန်မာ့သတင်း ထူးသတင်းများအပေါ် ဝေဖန်မှုပြုတတ်ကြသည်။ ဝေဖန်သုံးသပ်ခြင်းသည်တိုးတက်ခြင်း အခြေခံပင် မဟုတ်ပါလော။ ခုတစ်လောတွင် လူတန်းစားပြဿနာ၊ အရှေ့အလယ်ပိုင်း ပြဿနာ၊ နီကာရာဂွာ ပြဿနာ၊ အာဖဂန်နစ္စတန် ပြဿနာ၊ ကြယ်တာရာ စီမံကိန်း စသည့် ကိစ္စများကို ဆွေးနွေးနေတတ်ကြသည်။

ထို့ပြင် တရုတ်နိုင်ငံ၏ ဆိုရှယ်လစ်ပန်းတိုင်ချီတက်နေပုံ၊ မြန်မာပြည်ရောက် ဆိုဗီယက် ကဗျာဆရာ ယက်တူရှင်ကို၏ စာပေလွတ်လပ်မှုသဘောများကိုလည်း ဆွေးနွေးနေကြပါသည်။

အခြေခံပညာ အထက်တန်းတွင် ပညာဆည်းပူးခဲ့စဉ်က သမိုင်းဘာသာရပ်တွင် ကားမတ်နှင့် အိန်ဂျယ်တို့၏ အရင်းရှင်စနစ်ကို တော်လှန်သော ကြေညာစာတမ်း အကြောင်းကို သင်ခဲ့ကြရပါသည်။ ၎င်းကို ဖတ်မိကြသော ကျွန်တော်တို့ သူငယ်ချင်း တစ်စုသည်လည်း အထက်တန်းလွှာကို ဆန့်ကျင်သောကဗျာကြေညာစာတမ်းကို ထုတ်ဝေခဲ့ကြပါသည်။ ဤနေရာတွင် အထက်တန်းလွှာကို မုန်းပြီး အထက်တန်းလွှာက လူများကို မမုန်းပါဟူသော ဆရာတက်တိုး၏ အဆိုကို ကျင့်သုံးပါသည်။

၄။ ကျွန်တော်တို့သူငယ်ချင်းတစ်စု၏ ဘဝကို ပျမ်းမျှချင်းရှာကြည့်လျှင် ဤသို့ တွေ့မြင်နိုင်ပါသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ရောင်စုံခေတ်ပေါ် ထီးများကို မဆောင်းနိုင်ကြပါ။ မြန်မာဖြစ်ထီး (သို့မဟုတ်) မြန်မာဖြစ်ခမောက်ကိုသာ လက်ကိုင်ပြုထားထားကြရသည်။ လွယ်အိတ်သစ်ကို ဝယ်မလွယ်နိုင်ကြပါ။ ချုပ်ရိုးပြုတ်ပြီး နှုတ်ခမ်းစုတ်ပွဲနေသည့် လွယ်အိတ်များသည် ကျွန်တော်တို့ သူငယ်ချင်းတစ်စု၏ မီးခံသေတ္တာများ ဖြစ်ကြပါသည်။ ထိုမီးခံသေတ္တာများထဲမှာ နှစ်ကျပ်တန်မြဝတီဘောလ်ပင် တစ်ချောင်း၊ စာမျက်နှာရှစ်ဆယ်ရှိ ဗလာစာအုပ် တစ်အုပ်နှင့် ကဗျာစာအုပ်၊ မဂ္ဂဇင်း စာအုပ်များ ပါရှိတတ်သည်။ ထိုမြဝတီဘောပင်၊ စာအုပ်တို့သည် ကျွန်တော်တို့သူငယ်ချင်းတစ်စု၏ ကိုယ်ပိုင်ပစ္စည်းများ ဖြစ်ကြပါသည်။

ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် "ဖာထေးတဲ့ အဝတ်ကို ဝတ်ပါ၊ စုတ်ပြတ်တဲ့ဖိနပ်ကိုစီးပါ၊ စာအုပ်ဝယ်ဖို့ မနှမြောနဲ့"ဆိုသည့်အဆိုကို လက်ခံထားကြပါသည်။ ထို့ကြောင့်ပင် အဝတ်အထည်များများစားစားမရှိကြပါ။ တစ်ယောက်တွင် သုံးလေးထည်သာ ရှိကြပါသည်။ ထို့ပြင် ခြောက်လအာမခံ၊ လေးလ အာမခံ စသည်ဖြင့် ရိုက်နှိပ်ထားသော စက္ကူဘူးများတွင် ထည့်ထားသည့် ကတ္တီပါဖိနပ်များသည် ကျွန်

mgyoe.com

mgyoe.com


တော်တို့သူငယ်ချင်းတစ်စုကို အပေါင်းအသင်း မပြုကြပါ။

ထိုသို့သော အကြောင်းများကြောင့် ကျွန်တော်တို့သူငယ်ချင်းတစ်စုကို စိတ်ဝင်စားကြသော မိန်းကလေးများ မရှိကြပါ။ တချို့တချို့သော မိန်းကလေးအချို့သည် ဘာစိတ်ကူးပေါက်ကြသလဲမသိ။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုကို စာရေးဆရာပေါက်စကလေးများဟု အထင်တကြီးရှိကြပါသည်။ ကျွန်တော်တို့သူငယ်ချင်းတစ်စုသည်လည်း လူငယ်များပီပီ အဖော်ရှာကြပါသည်။ ရတော့ရကြပါရဲ့။ ကျွန်တော်တို့ရှာထားသောအဖော်များသည် ကျွန်တော်တို့နှင့်တကွ လူကြားသူကြားထဲ တွဲမသွားဝံ့ကြပါ။ ဘာကြောင့်လဲတော့ မသိ။

၅။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဟူသော စကားပုံကို လက်မခံကြပါ။ "ယနေ့လူငယ် ယနေ့လူကြီး" ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုထားကြပါသည်။ မြန်မာ့သမိုင်း၌ ဆယ့်သုံးနှစ်သားအရွယ်တွင် စစ်သေနာပတိဖြစ်ခဲ့သော မင်းရဲကျော်စွာကို အားကျမိကြသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စု၏ ယနေ့စာပေအပေါ် အမြင်များမှာ ဤသို့ဖြစ်ကြပါသည်။ ယနေ့စာပေသည် ကြိုးစင်ပေါ်ကလူနှင့် တူနေပါသည်။ ကြိုးစင်ပေါ်ကလူသည် ကြိုးကွင်းကို မိမိကိုယ်တိုင်စွပ်၍ အဆုံးစီရင်မည့်သူဖြစ်ပါသည်။ ယနေ့ခေတ်ပေါ် ရွှေစာမျက်နှာများတွင် ဝေဖန်ရေးမဟုတ်သော ဝေဖန်ရေးစာပေများ ပြည့်ကျပ်နေကြပါသည်။ ဝေဖန်ရေးမဟုတ်သော ဝေဖန်ရေးစာပေတွင် ဝေဖန်သူရော၊ ဝေဖန်ခံသူကိုရော စာဖတ်ပရိသတ်က အနည်းနှင့်အများ ချဉ်ကြရသည်။ ဝေဖန်သင့်သော ဝေဖန်ရေးစာပေများ ကွယ်ပျောက်နေသည်။ ကလောင်ကို အားနာသော စာပေများ ပေါများနေသည်။ သွေးမထွက်သော ရောမလူသတ်ပွဲများ ဆင်နွှဲနေကြသည်။ နာမည်ကြီးအနုပညာသည်များ၏ မိသားစုသန်းခေါင်စာရင်းများကိုသာ ဦးစားပေးဖော်ပြနေကြသည်။ ကျွန်တော်တို့၏ အမြင်များသည် လီနင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ တိန့်ရှောင်ဖိန်နှင့် ဂေါ်ဘာချော့(ဖ်)တို့၏ မိန့်ခွန်းများနှင့် တူညီနေပါသည်။

၆။ ကျွန်တော်တို့မြို့တွင် အကောင်းဆုံးမဟုတ်သော အထူးခြားဆုံးသော တက်နေဝန်းလက်ဖက်ရည်ဆိုင်သည် ကျွန်တော်တို့သူငယ်ချင်းတစ်စု၏ ဘုန်းကြီးကျောင်းဖြစ်သည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် အားလပ်ရက်၊ အားလပ်ချိန်များတွင် တက်နေဝန်းလက်ဖက်ရည်ဆိုင် ဘုန်းကြီးကျောင်းတွင် ဥပုသ်စောင့်တတ်ကြသည်။

ဇွန်၊ ၁၉၈၇၊ စံပယ်ဖြူ

❑

mgyoe.com

mgyoe.com

# ဆွဲခြင်း

**မိချမ်းဝေ**

မိမိငယ်ငယ်က စိတ်အဝင်စားဆုံးသည် အမေ့ဆွဲခြင်းဖြစ်သည်။ အမေ ဆွဲခြင်းဆွဲ၍ ဈေးမှပြန်လာပြီဆိုလျှင် အိမ်သို့မရောက်ခင် အပြေးအလွှားသွားကြိုမိသည်။ အမေ့ဆွဲခြင်းထဲတွင် ခရမ်းချဉ်သီး၊ မုန်လာဥ၊ ငါးနှင့် အမျိုးအမည်မသိသော အရာများ ပါလာတတ်သည်။ ထိုအရာများကို မိမိစိတ်မဝင်စားပါ။ မိမိ စိတ်ဝင်စားသည်မှာ ထိုအရာများကြားထဲမှ ထွက်လာတတ်သော မုန့်ထုပ်ပင်ဖြစ်သည်။ အမေ့ဆွဲခြင်းထဲမှ ထွက်လာသောမုန့်များမှာ အမှန်မရှိပေ။ တစ်ခါတစ်ရံတွင် မုန့်ကျွဲသည်းဖြစ်၍ တစ်ခါတစ်ရံ ကောက်ညှင်းပေါင်း ဖြစ်နေတတ်သည်။ တစ်ခါတစ်ရံ မိမိအလွန်နှစ်သက်သော ဟာလဝါများ ဖြစ်နေတတ်သည်။

မိမိ အတန်ငယ်ကြီးပြင်းလာသောအခါ အမေ့ဆွဲခြင်းကို စိတ်မဝင်စားတော့ပါ။ အမေကလည်း မိမိကို ဈေးမှ မုန့်မဝယ်လာပေးတော့ဘဲ သူ့ကျောင်းဆွဲခြင်းတွင် အစဉ်ထည့်ထားတတ်သော ပိုက်ဆံအိတ်အတွင်းမှ မုန့်ဖိုးငါးမူးကို နေ့စဉ်ပေးတော့သည်။ ထိုအခါ အမေ့ကျောင်းဆွဲခြင်းသည် မိမိအတွက် စိတ်ဝင်စားစရာကောင်းလာပြန်သည်။ အမေသည် မူလတန်းကျောင်းအုပ်ဆရာမကြီးဖြစ်၍ အမေ့ကျောင်းဆွဲခြင်းသည် ဂ္ဂဏ္ဍာသယခြင်းကြီး ဖြစ်နေသည်။ မိမိ ဂျီသြမေတြီဆွဲရန် ခဲတံတိုမရှိသောအခါ အမေ့ကျောင်းဆွဲခြင်းမှာ သွားမွှေတတ်သည်။ အမေ့ကျောင်းခြင်းတွင် ခဲတံတိုသာမဟုတ်။ ခဲဖျက်တုံးကလေးများပါရတတ်သည်။ တစ်ခါတလေ ကျောင်းသွားခါနီး ဆံပင်စည်းရန် သားရေကွင်းလိုသောအခါများတွင်ပင် အမေ့ကျောင်းခြင်းတွင် သွားမွှေပါက ရနိုင်သည်။ (သားရေကွင်းများကို အမေက ကျောင်းသားများထံမှ သိမ်းထားခြင်းဖြစ်သည်)

အမေသည် ရှစ်နာရီ 'ဒေါင်'ခနဲ ထိုးသည်နှင့် ဈေးခြင်းကို ဆွဲ၍ ကျောင်းသွားတော့သည်။ အမေသည် ကျောင်းကို ကိုးနာရီမထိုးခင်သွား၍ ညနေ လေးနာရီထိုးပြီးမှ ပြန်တတ်သည်။ အမေ့ကျောင်းခြင်းသည် အစဉ်အမြဲ ကလေးများ၏ အပြေလွှာ

mgyoe.com

mgyee.com


များ၊ လေ့ကျင့်ခန်းစာအုပ်များ၊ အမှတ်စာရင်းများဖြင့် ပြည့်နှက်နေတတ်သည်။ အမေသည် စာသင်ရာ၌ စည်းကမ်းကြီးလွန်း၍ အမေ့ကျောင်းသည် နာမည်ကြီးလှသည်။ စကောလားရှစ်ခေတ်တွင် စကောလားရှစ်အများဆုံးအောင်၍ မြို့နယ်ဆု ခေတ်တွင် မြို့နယ်ဆု အများဆုံးရသောကျောင်းဖြစ်သည်။

ယခု အမေ ပင်စင်ယူလိုက်ပြီ။ အမေဆွဲခြင်းဆွဲ၍ ကျောင်းသွားသည် မတွေ့ရတော့။ အမေ့ဆွဲခြင်းသည် နှစ်ပေါင်းသုံးဆယ် အသုံးချခဲ့ရ၍ ယိုင်နဲ့နေပြီ။ ခြေကုန်လက်ပန်းကျစွာ နံရံထက်မှာ အနားယူနေပေပြီ။

အမေ ပင်စင်ယူသောအခါ မိမိသည် အမေ့ဆွဲခြင်းအစား ကျောင်းမှ ဆရာမများ၏ ဆွဲခြင်းများကို စိတ်ဝင်စားလာသည်။ အချိန်ပြောင်း ခေါင်းလောင်းထိုး၍ ဆရာမတစ်ယောက် ဝင်လာတိုင်း စားပွဲပေါ်တင်လိုက်သော ဆွဲခြင်းကို စပ်စုမိသည်။ အချို့ဆွဲခြင်းများတွင် ပြဋ္ဌာန်းစာအုပ်အချို့နှင့် မိတ်ကပ်ဘူးပါသော ပိုက်ဆံအိတ်မျှသာ တွေ့ရသည်။ အချို့ဆွဲခြင်းများတွင် ထိုးလက်စ သိုးမွေးထည်နှင့် ချည်ထုံးများကို တွေ့ရသည်။ အချို့ဆွဲခြင်းများတွင် ချစ်ဦးညို၊ နွမ်ဂျာသိုင်း၊ ဝေဝေအောင် နှင့် ဆွေဆွေအောင် တို့ပါလာတတ်သည်။

မိမိ ကြီးပြင်းလာ၍ အပြင်လောကနှင့် ထိတွေ့ဖန်များသောအခါ ဆွဲခြင်းများ၏ အသုံးဝင်မှုများကို ပိုမိုသိလာရသည်။ မုတ္တမ၊ ရန်ကုန် ရထားတွဲပေါ်တွင် ဆွဲခြင်းများကို မရေမတွက်နိုင်အောင် တွေ့ရသည်။ ရထားပေါ်တွင် မြင်ရသော ဆွဲခြင်းများသည် မြင်တွေ့နေကျ ဆွဲခြင်းမျိုးမဟုတ်။ ဈေးမကြိမ်ခြင်းကြီးများဖြစ်သည်။ ထိုကြိမ်ခြင်းကြီးများတွင် အမျိုးအမည်မသိသော မှောင်ခိုပစ္စည်းများပါဝင်သည်။

တစ်ခါက အထက်တန်းတွဲတွင် စီးနင်းလိုက်ပါရင်း ဆွဲခြင်းကဏ္ဍသစ်တစ်ရပ်ကို ကြုံတွေ့ရသည်။ အထက်တန်းတွဲများမှ မျက်နှာချင်းဆိုင် ထိုင်ခုံနှစ်ခုကြားတွင် စားပွဲတစ်လုံးစီ ပါလေ့ရှိသည်။ မိမိရထားပေါ် ရောက်သောအခါ ထိုစားပွဲပေါ်တွင် ပစ္စည်းများပါသော ဆွဲခြင်းကြီးတစ်ခြင်း ရှိနေသည်။

အကယ်စင်စစ် ဤစားပွဲသည် ဆွဲခြင်းတင်ရန် မဟုတ်။ ထမင်း (သို့မဟုတ်) ကော်ဖီ၊ မုန့် စသည်များ တင်၍ စားရန်ဖြစ်သည်။ သို့သော် ဆွဲခြင်းတစ်ခြင်းကား ရောက်နှင့်နေပြီ။ ဆွဲခြင်းပိုင်ရှင်သည် မိမိရှေ့မှ အမျိုးသမီးပင်ဖြစ်သည်။ ထိုအမျိုးသမီးသည် ဆရာဝန်မတစ်ဦးဖြစ်သည်။ မိမိတို့မြို့မှပင် ဖြစ်၍ သူမကို ဒေါက်တာစုစုရီဖြစ်ကြောင်း မိမိ သိနေသည်။ သို့သော် မရင်းနှီးပါ။ ထို့ကြောင့်လည်း "ဒီဆွဲခြင်းဟာ ဒေါက်တာ့ဆွဲခြင်းလား"ဟု မမေးမိပေ။ သူမနှင့် မိမိ နှစ်ဦးတည်းသာရှိ၍ မိမိဆွဲခြင်း မဟုတ်လျှင် သူမဆွဲခြင်းပင်ဖြစ်မည်။ ထမင်းစားချိန် ရောက်သောအခါ ဆွဲခြင်းက ပိုင်စိုးပိုင်နင်း နေရာယူထား၍ ကျန်ရှိသောနေရာ ကျဉ်းကျဉ်းကလေးတွင် ထမင်းထုပ်ကို တင်၍ ဖြစ်သလိုစားရသည်။ ဆွဲခြင်းပိုင်ရှင်ကား ခပ်တည်တည်ပင်။ နေနိုင်လွန်းစွ။

mgyee.com

mgyoe.com


သည်လိုနှင့် ရန်ကုန်ဘူတာကြီး ရထားဝင်ရန် နီးကပ်လာသည်။ မိမိသည် ပါသမျှပစ္စည်းများကို ပြန်စစ်၍ အသင့်ပြင်သည်။ ဒေါက်တာလည်း ဆင်းရန် အသင့်ဖြစ်နေပြီ၊ ဆွဲခြင်းကား နေရာမှ တုတ်တုတ်မျှမလှုပ်သေး။ မိမိ မနေနိုင်တော့။

"ဒါ ဒေါက်တာ့ဆွဲခြင်းမဟုတ်လား"

"ဟင့်အင်၊ မဟုတ်ဘူး၊ မမက ညီမရဲ့ ဆွဲခြင်းထင်နေတာ။ ညီမ မလာခင် ပစ္စည်းအရင်လာထားတာ ထင်နေတာ"

ဗုဒ္ဓေါ ... ဤဆွဲခြင်းသည် ဒေါက်တာ့ဆွဲခြင်း မဟုတ်ပါတဲ့။ ဒေါက်တာက မိမိဆွဲခြင်းထင်နေသတဲ့။ ဒါဆိုလျှင် သည်ဆွဲခြင်းသည် မည်သူ့ဆွဲခြင်းနည်း။ ဆွဲခြင်း ပိုင်ရှင်သည် မည်သူနည်း။ ဆွဲခြင်းအတွင်း မည်သည့်ပစ္စည်းများပါသနည်း။ တစ်စက္ကန့် အတွင်း ထင်ဟပ်လာသော မေးခွန်းများကို အဖြေရှာနေဆဲ ဆွဲခြင်းပိုင်ရှင်ပေါ်လာသည်။ ဆွဲခြင်းပိုင်ရှင်သည် မိမိလည်းမဟုတ် ဒေါက်တာလည်းမဟုတ်။ တွဲပေါ်တွင် တစ်ခါမှ သတိမထားမိသော မျက်နှာစိမ်းတစ်ဦးဖြစ်နေသည်။ ဆွဲခြင်းပိုင်ရှင်က မည်သူ့ကိုမျှ အမှုမထားဘဲ စားပွဲပေါ်မှဆွဲခြင်းကို ခပ်တည်တည်နှင့် လှမ်းယူသည်။ ပြီးတော့ မိမိတို့ ဂရုမပြုမိသော စင်ပေါ်မှ ခြင်းများကိုချသည်။ ဩော် ... သည်လိုကိုး။ ယခုမှ သဘော ပေါက်သွားသည်။ ဤဆွဲခြင်းများသည် မှောင်ခိုပစ္စည်းထည့်သောခြင်းများ ဖြစ်သည်။ ခရီးသည်များခြင်းဟု ထင်စေရန် ပုံမှားရိုက်၍ ခပ်တည်တည်လာထားသည်။ မိမိတို့မှာ တစ်ယောက်ပစ္စည်းဟု တစ်ယောက်က ထင်၍ အားနာကာ နေရာမရွှေ့ရဲဘဲ တစ်လမ်း လုံး ကသိကအောက်ဖြစ်ခဲ့လာရသည်။ ဤဆွဲခြင်းများတွင် ဥပဒေနှင့် မလွတ်ကင်းသော မှောင်ခိုပစ္စည်းများ ပါသည်။ ရှာဖွေရေးနှင့် တွေ့လျှင် ခရီးသွားပြည်သူများ၏ ခြင်း ထင်၍ ရှာချင်မှရှာမည်။ ထိုအခါ လွတ်ကောင်းလွတ်နိုင်သည်။ ရှာဖွေရေးနှင့်မတွေ့ သောအခါ သူတို့အဖို့ မြက်မြက်ကလေး စားရမည်။ ဩော် ... အထက်တန်းတွဲပေါ်တွင် ဆွဲခြင်းများ တွင်ကျယ်စွာ အလုပ်ဖြစ်လှပါကလား။

***

ဆွဲခြင်းသည် ကြိမ်ခြင်းပင်ဖြစ်စေ၊ မြက်ခြင်းပင်ဖြစ်စေ၊ ပလတ်စတစ်ခြင်းပင် ဖြစ်စေ၊ ဆွဲခြင်းသည် ဆွဲခြင်းပင်ဖြစ်၏။ ဒီဇိုင်းပုံစံ မည်သို့ပြောင်းပြောင်း ဆွဲရန် လက်ကိုင်ကွင်းနှစ်ဖက်ပါခြင်းဖြစ်၍ ဆွဲခြင်းဟူ၍ခေါ်သည် ထင်မိ၏။ တစ်ဖက်နိုင်ငံ မှ ပေါပေါလောလော ဝင်လာသော ပစ္စည်းများတွင် ဆွဲခြင်းလည်းပါဝင်သည်။ အရောင် အမျိုးမျိုး ဒီဇိုင်းအမျိုးမျိုးထွင်၍ အရောင်းရသွက်အောင် ဈေးကွက်ထွင်ကြသည်။

ဆွဲခြင်းဖြင့် ဈေးသွားတော့ ဈေးခြင်း၊ ဆွဲခြင်းဖြင့် ကျောင်းသွားတော့ ကျောင်း ခြင်း၊ ဆွဲခြင်းဖြင့် ရုံးသွားတော့ ရုံးခြင်း၊ ဆွဲခြင်းဖြင့် မှောင်ခိုပစ္စည်းထည့်တော့ မှောင်ခို ခြင်း၊ သုံးစွဲသူအပေါ်မူတည်၍ အခေါ်အဝေါ်များပြောင်းလဲသွားသည်။ ဆွဲခြင်း၏ အခန်း

mgyoe.com

ကဏ္ဍသည်ကား ကျယ်ပြန့်များပြားလှ၏။ သင် လမ်းလျှောက်ထွက်ရင်း ဝယ်စရာ ပေါ်လာပါက "ဆွဲခြင်းကလေး ကိုင်ခဲ့ရအကောင်းသား" ဟုညည်းမိလိမ့်မည်။ လေယာဉ်စီးလျှင်လည်း လက်ဆွဲခြင်းအတွက်ဆယ်ပေါင်အပိုပေးသည်။ နောက်ဆုံး သင် နာမကျန်း၍ ဆေးရုံတက်လျှင်ပင် ဆွဲခြင်းတစ်ခြင်းတော့ ပါမှဖြစ်မည်။ ဓာတ်ဘူး၊ ရေဘူး၊ ဖန်ခွက် စသည့် စုံစီနဖာထည့်ရန် ဆွဲခြင်းသည် အလိုအပ်ဆုံး ဖြစ်သည်။ ထို့ကြောင့် ဆွဲခြင်းသည် အတွင်ကျယ်ဆုံးသော သယ်ယူရေးကိရိယာဖြစ်သည်ဟု မိမိ ထင်သည်။

***

မိမိသည် ဆွဲခြင်းများကို စိတ်ဝင်စားသူဖြစ်ကြောင်း ပြောခဲ့ပြီးပြီ။ ယခု မိမိသည် ဆွဲခြင်းများကို ကိုယ်တိုင်ဆွဲနေပေပြီ။ မိမိ ဈေးမှ ဆွဲခြင်းဆွဲ၍ ပြန်လာသောအခါ မိမိ၏အမေတူ သမီးလေးသည် လမ်းထိပ်မှထွက်ကြိုနေတတ်သည်။ အိမ်ရောက်လို့ ဆွဲခြင်းမှ မချရသေးမီ အထဲမှ မုန့်ထုပ်များကို မွှေနှောက်ရှာဖွေတော့သည်။ သမီးလေးသည် ခြင်းထဲမှ မုန့်ထုပ်ကိုရလျှင် ကျေနပ်စွာဖြင့် တစ်နေရာမှာထိုင်၍ အေးဆေးငြိမ်သက်စွာ စားနေတတ်သည်။ မိမိသည် အမေ့လိုပင် ရှစ်နာရီ "ဒေါင်" ခနဲထိုးသည်နှင့် ဈေးခြင်းကိုပစ်၍ ကျောင်းခြင်းကို ကိုင်ရတော့သည်။

"ဟော့ ... ဟော့ ... ဒီမှာ မေမေ့ကျောင်းခြင်း၊ ဘယ်သူ မွှေထားလဲ"

"သမီး မွှေထားတယ် မေမေ"

"ဘာကိစ္စနဲ့ မေမေ့ကျောင်းခြင်း မွှေရတာတုံး"

"ဟို ... သမီး ခေါင်းစည်းဖို့ သားရေကွင်း ရှာတာပါ"

ဆွဲခြင်းသံသရာကား တစ်ပတ်လည်ပေပြီ။ ကျောင်းသွားရန် အသင့်ဖြစ်နေသော ကြက်တောင်စည်းကလေးနှင့် သမီးကိုကြည့်ပြီး မိမိ ညည်းညူမိသည်။ သမီးမွှေထား၍ ဖရိုဖရဲဖြစ်နေသော ပစ္စည်းများကို ခြင်းထဲကောက်ထည့်ရင်း တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချမိသည်။ မိမိဆွဲခြင်းသည် အမေ့ဆွဲခြင်းလိုပင် မြေဖြူ၊ ခဲတံတိုများ၊ သားရေကွင်း အစအနများ၊ အဖြေလွှာများ၊ အမှတ်စာရင်းများနှင့်သာ ပြည့်နှက်နေရမည်။ မိမိကျောင်းခြင်းအတွင်းသို့ မင်းသိခ်တို့၊ လမင်းမိုမိုတို့၊ ဆွေဆွေအောင်တို့ ဝင်မလာစေရ။ သို့မှသာ မိမိဆွဲခြင်းသည် ကျောင်းဆွဲခြင်းဖြစ်မည်။ သို့မဟုတ်က မိမိဆွဲခြင်းသည် ကျောင်းခြင်းမဖြစ်ဘဲ မင်းသိခ်ခြင်း၊ လမင်းမိုမိုခြင်း၊ ဆွေဆွေအောင်ခြင်းများ ဖြစ်သွားနိုင်သည်။

*သင်သည် ဆွဲခြင်းကိုင်ဆောင်သူ ဖြစ်ငြားအံ့။*

*မည်သည့် ဆွဲခြင်းမျိုးကို ကိုင်ဆောင်သူဖြစ်ပါသလဲ။*

အတွဲ ၆၊ အမှတ် ၅၊ မေလ၊ ၁၉၈၈ခုနှစ်၊ ပန်ရှုပ်စုံမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# သက်ငြိမ်

မသီတာ(စမ်းချောင်း)

ပန်းချီရုပ်ပုံမဆိုထားနှင့် စကေးလွတ်စနစ်ပုံကိုသော်မျှ မဆွဲတတ်သော ကျွန်မသည် ပန်းချီရုပ်ပုံများကို ကြည့်ရှုခံစားရန်တော့ စိတ်အားထက်သန်တတ်လှသည်။ ပန်းချီထဲမှ ကဗျာ၊ ပန်းချီထဲမှ ဂီတ၊ ပန်းချီထဲမှ အတွေးတို့တွင် စီးမျောကူးခတ်ခွင့်ကို တရှိုက်မက်မက် တောင့်တတတ်လှသည်။

သို့နှင့်ပင် ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း၊ လောကနတ်ခန်းမ၊ ယုဒသန်ရိပ်သာ အစရှိသည့် ပန်းချီများခေတ္တနားခို ပွင့်လန်းရာနေရာများတွင် ကျွန်မ တစ်ယောက် ဝိညာဉ်ခွဲကာ ခြေရာထပ် ကျင်လည်ဖြစ်ခဲ့ရသည်။ အရုပ်သက်သက် ကြည့်ငေးရုံနှင့် မပြီးပြည့်စုံနိုင်မှန်းကို အားမရစွာ ကိုယ်တွေ့သိသော ကျွန်မသည် ကက်တလောက် တစ်အုပ် ငါးကျပ်နှင့် ငေးကြည့်ပြည့်စုံအောင် ကြိုးစားမြဲဖြစ်သည်။

သည်မှာတွင် ပြပွဲတိုင်းလိုလိုတွင်တင်သော၊ ကက်တလောက်တိုင်းလိုလိုတွင် တွေ့ရသည့် ပန်းချီကားအမျိုးအစား တစ်ခုကို ကျွန်မ သတိထားမိခဲ့ရသည်။ ထိုကားမှာ "သက်ငြိမ်"။

"သက်ငြိမ်"ဆိုသည့် ဝေါဟာရအမည်ကို ပန်းချီပြပွဲများတွင်သာ တွေ့ရလေ့ရှိပြီး "သက်ငြိမ်"အမည်နှင့် ပန်းချီအများစုသည်လည်း နောက်ခံကန့်လန့်ကာ အိတွဲတွဲစား:ငွ် င်း ပြန့်ပြူးပြူးနှင့် ပန်းအိုး၊ ပန်းပွင့်၊ သစ်သီးဗန်း၊ သစ်သီးဝလံတို့၏ ပုံရိပ်ရုပ်ပုံများသာ ဖြစ်နေကြောင်း တွေ့ရလေ့ရှိပြန်ပါသည်။

ထို့ကြောင့်ပင်

ပန်း၊ သစ်သီး၊ ကားကိုမြင်ရလျှင် ကက်တလောက် မကြည့်ဘဲ"သက်ငြိမ်" ဟု စိတ်အကူးအမည် တွေးထင်မိသလို "သက်ငြိမ်"ဝေါဟာရကို ကက်တလောက်မှာ မြင်ရလျှင်လည်း စိတ်ကူးပန်းချီကတော့ ပန်း၊ သစ်သီး၊ ကားများသာ ဖြစ်နေတတ်လေသည်။ ထို့ထက်ပို၍ ပန်းချီသဘောကို နားမလည်သော ကျွန်မကတော့ လှုပ်ရှားမှုဲစွာ

mgyoe.com

mgyoe.com


ပကတိငြိမ်သက်နေသော အရာဝတ္ထုများကို ငြိမ်သက်သော စုတ်ချက်များနှင့် ရေးသည့် ပန်းချီကားမှန်လျှင် "သက်ငြိမ်" အမည် တပ်လေသလားဟု တွေးခဲ့မိရပြန်ပါသည်။

သို့သော် မသီဂီ၏ "သက်ငြိမ်"အမည်ရ ပန်းချီကားကို တွေ့ရပြန်လေတော့ ကျွန်မ အတွေးနယ်ချဲ့စရာ ရမိပြန်ပါသည်။ မသီဂီ၏ "သက်ငြိမ်"မှာ သစ်သီးမပါသော်လည်း ပန်းအိုးနှင့် ပန်းတော့ ပါပါသည်။ သို့သော် စုတ်ချက်တွေက ငြိမ်သက်ခြင်း အလျဉ်းမရှိပါ။

ငြိမ်သက်တည်ငြိမ်လှသည့် ကြာသပတေးနံထောင့် ဂြိုဟ်တိုင်၊ ဂြိုဟ်တိုင်ရုပ်ပွားတော်၊ ဂြိုဟ်နေ့ကြွက်ရုပ်၊ ဂြိုဟ်တိုင်နံဘေး ပန်းအိုးနှစ်လုံးနှင့်၊ ပန်းဖူး၊ ပန်းငုံ၊ ပန်းပွင့်အစုံအစုံတို့သည် နောက်ခံသာသနာ့အဆောက်အအုံတို့နှင့်အတူ ဝိုးတဝါးမှုံသာ။ အိပ်မက်ထဲမှာလိုလို၊ အရိပ်ကောက်ကြောင်းတွေနှင့်၊ မငြိမ်သက်သည့် သဘောဆောင်စေသော အရောင်စုတ်ချက်များနှင့်။ သို့သော် ပကတိတည်ငြိမ် ငြိမ်သက်သော ကိုးကွယ်ယုံကြည်မှုသဘော သက်ဝင်ငြိမ်သက်သော မာန်လျော့ဂါရဝသဘော အေးချမ်းငြိမ်သက်သော ဝန်းကျင်ဌာနသဘောတို့ကို ကျွန်မ ထိတွေ့ခံစား၍ရသည်။ သို့လျှင် ငြိမ်သက်သော သဘောသည် သက်ငြိမ်ဟု တွေးတတ်ခဲ့သော ကျွန်မသည် ငြိမ်သက်သည့် သက်ငြိမ်များနှင့်တကွ မငြိမ်သက်သည့် သက်ငြိမ်များကိုပါ ရှာဖွေတွေးတောနေမိလေသည်။

တွေးနေမိသည်ဆိုရာတွင်လည်း လက်က မဆွဲတတ်သည့် ကျွန်မ စိတ်ကူးပန်းချီဆွဲကာ တွေးနေမိခြင်းသာ။

***

ဆိုပါတော့။ ပန်းချီကားတစ်ချပ်လုံးပြည့်လုနီးပါး ကြီးမားမြင့်မားသည့် နံရံတံတိုင်းတစ်ခု။ တံတိုင်း၏ အပေါ်စည်းဘောင်ပေါ်မှာ ရောင်စုံပုလင်းကွဲများစွာ။

သက်ငြိမ်(၁)

ဝင်းခြံသံပန်းတံခါး ခန့်ထည်ထည်ပေါ်မှာ သံဆူးကြိုးခွေလိပ်။

သက်ငြိမ်(၂)

အရောင်တင်ဆီ ပြောင်လွင်လွင်၊ ကျွန်းကွက်ဆိုင်းဘုတ်နှင့် မှန်နောက်တံခါးတစ်ချပ်။ ဆိုင်းဘုတ်ပေါ်မှ စာတန်းက "အခွင့်မရှိ မဝင်ရ"။

သက်ငြိမ်(၃)

မည်းနက်နက် စာရွက်ထပ်တစ်ထပ်၊ ဖြူလျော်လျော် ဖောင်တိန်တစ်ချောင်း၊ စိမ်းမြမြ မျက်မှန်တစ်လက်၊ နီစွေးစွေး ပြာခွက်တစ်ခုနှင့် ဆေးလိပ်တိုရှည်များ အားလုံးကို မှန်တံခါးအကြည်တစ်ခု နောက်မှာထား၊ တံခါးကို သော့ခလောက်ကြီးကြီးတစ်ခုနှင့် ခတ်ထား၊ သော့ခလောက်နှင့် မနီးမဝေးမှာ သော့တံနှင့်တွဲလျက် ကြိုးတစ်ချောင်း။ ကြိုးနှင့် မလှမ်းမကမ်းမှာ ကတ်ကြေးတစ်လက်၊ ရဲတင်းတစ်ခု။

mgyoe.com

mgyoe.com


သက်ငြိမ်(၄)

နောက်ခံအနက်ထဲမှာ ဝိုင်းဝန်းသည့်အဖြူကွက်။ ထိုအဖြူထဲမှာ ညှိမှိုင်းမှိုင်း မြေပုံတစ်ခုနှင့် ဖြူညစ်ညစ် အုတ်ဂူတစ်လုံး။

သက်ငြိမ် (၅)

ညနေရုံးဆင်းချိန် ဘတ်(စ်)ကားတစ်စီး၏ အတွင်းလမ်း မတ်တပ်ရပ်သူများမှ နောက်ပေါက်နှင့် အတွင်းဘက်ထိုင်ခုံများဆီ မြင်ကွင်းတစ်ခု။ ထိုင်ခုံရှိလူများက အရောင်ဖျော့သော်လည်း ခိုင်မာသည့်အရောင်များ၊ အတွင်းလမ်းက မတ်တတ်သမားတွေနှင့် နောက်ပေါက်မှာ ခိုနေသူတွေအတွက်က အရိပ်ကောက်ကြောင်းနှင့် အရောင်ရင့်သော်လည်း အားမရှိသည့်အရောင်တွေ။

သက်ငြိမ်(၆)

လေယာဉ်ပေါ်မှ မြေပြင်ရန်ကုန်ကို ကြည့်သည့် ထိုးထိုးထောင်ထောင်ရော၊ ပြိုးပြိုးပြောင်ပြောင်ပါ ရောယှက်သည့် အရောင်ရင့်ရင့် ရှုပ်ရှုပ်ပွပွ မြင်ကွင်းတစ်ခု။ သေးငယ်လွန်းသည့် ယာဉ်များနှင့်လူများအတွက် အနီရောင်ရင့်ရင့်၊ သို့သော် ရွေ့လျားသည့် ယာဉ်တွေသဘော၊ လှုပ်ရှားသည့် လူတွေသဘော၊ မတည်တံ့သည့် ရန်ကုန်၏ ပရိယာယ်၊ ဘာဆိုဘာမျှ မပေါ်လွင်စေရ။ ပကတိငြိမ်သက်နေမည့် အထက်အဝေးမှ မြင်ကွင်းသေ။

သက်ငြိမ်(၇)

သုံးဆယ့်သုံးလမ်းထိပ်က အညစ်အကြေးပေါင်းစုံ သောင်ထွန်းပိတ်ဆို့မှုကြောင့် ရေစီးဆင်းမှု အလျဉ်းမရှိတော့သော ရေမြောင်းတစ်ခု၏ အနီးကပ်မြင်ကွင်း။ အနက်ရောင်အားများစွာ သုံးထားသည့်ကြားမှာ ပေါ်လွင်နေရမည့်အရာတို့က ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း သားလောင်းလေးများ၊ ခရမ်းချဉ်သီးပုပ်တစ်လုံး၊ နီးကြိုးတစ်ချောင်း။

သက်ငြိမ်(၈)

ရန်ကုန်ဘူတာကြီးဝင်းအတွင်း ဘယ်စကြံန်မှာမှ ရပ်မထားဘဲ ရထားသံလမ်းပြိုင်များပေါ်တွင် ပကတိတည်ငြိမ်ရပ်တန့်ထားသော လူစီးတွဲ၊ ကုန်တွဲများကို သမ္မတရုံအလွန် ခုံးတံတားပေါ်မှ အမြင်။ ခုံးတံတား၏ သံဇကာကွက်ကို ပန်းချီကားအပြည့် ခပ်ရေးရေးပေါ်လွင်နေစေမည်။

သက်ငြိမ် (၉)

ကီလီဈေးအစွန် ဆိပ်ခံဘောတံတားအလွန်မှာ ငြိမ်သက်နေသည့် ရောမအသားလှေကြီးတစ်စင်းကို ဘောတံတားဘက်မှ အမြင်။ အချိန်က ညသန်းခေါင်ယံ ကျော်စဖြစ်၍ လူအတန်ငယ်ရှင်းနေမည်။

သက်ငြိမ်(၁၀)

နံရံတစ်ခုမှာ မှီထောင်ထားသည့် ချိုင်းထောက်တစ်ခုနှင့် တိုက်မိပြီးနောက်

mgyoe.com

mgyoe.com


ၵင်းအနီးတွင်ပင် တောင်ပံတစ်ချောင်း ကျိုးပျက်ကျသွားပြီဖြစ်သည့် ဝါးလေယာဉ်ပျံလေးကို ကြိုးတန်းလန်းနှင့် ပုံပျက်ပန်းပျက် တွေ့ရပုံ။ ကြမ်းခင်းသည် ကျိုးတိုးကျဲတဲ။

သက်ငြိမ် (၁၁)

သက်ငြိမ်(၁၂) အတွက် ကျွန်မ တွေးနေမိသည်က ချိန်ခွင်တစ်ခု။ တစ်ဖက်မှာ "ရိုးသားခြင်း၊ တရားမှု၊ တိုးတက်ခြင်း" တွေပါဝင်သည့် သေတ္တာတစ်လုံး။ အခြားတစ်ဖက်မှာ "မရိုးသားမှု၊ မတရားမှု၊ ဆုတ်ယုတ်ခြင်းတွေ ပါဝင်သည့် သေတ္တာတစ်လုံး၊ ချိန်ခွင်လျှာသည် အကြိမ်ကြိမ်အဖန်ဖန် ယမ်းခါလျက်၊ မည်သည့်ဘက်ကိုမျှ အပြီးသတ်ထာဝရ စောင်းမသွား၊ အလယ်တည့်တည့်မှာလည်း ငြိမ်သက်မနေ၊ အစဉ်ယမ်းခါလှုပ်ရှားခြင်း အခြေအနေ၌သာ ငြိမ်သက်နေသော ချိန်ခွင်လျှာ။ ကျွန်မ အတွေးနှင့်ပင် စုတ်ချက် မတို့နိုင်ခဲ့။

လူတစ်ယောက်၏ပုံကို ပုံတူရေးဆွဲပြီး နောက်ကော "သက်ငြိမ်" ဟု အမည်ပေးသင့်ပါသလား ကျွန်မအတွေးထဲမှာတော့ သက်ငြိမ်(၁၂) ကို လူပုံတစ်ပုံရေးဆွဲနေမိသည်။ သို့သော် ကျွန်မ ရေးဆွဲ၍မရ ဖြစ်နေရပြန်ပါသည်။ အတွေးထဲမှာပင် စောဒကတက်စရာတွေ ပေါ်လာသည်။ လူတစ်ယောက်သည် မည်သည့်နည်းနှင့်မျှ "သက်ငြိမ်" မဖြစ်နိုင်ရှိ သည့်အတွေး။ ဆွံ့အနားမကြား မျက်မမြင်တစ်ယောက်၏ပုံကို ဆွံ့အ နားမကြား မျက်မမြင်ကြောင်း ပေါ်လွင်အောင်ရေးဆွဲလျှင်ကော "သက်ငြိမ်" ဖြစ်မလာနိုင်ဘူးလားဆိုသည့်အတွေး သံသရာကို ကျောခိုင်းခဲ့ပြီးဖြစ်သော သူတော်စင်တစ်ယောက်၏ နောက်ကျောဘက်ပုံဆိုလျှင်ကော "သက်ငြိမ်"ဟု အမည်တပ်ခွင့်မရှိပေဘူးလားဆိုသည့်အတွေး။ ထိုသို့သာ ကပေါက်တိကပေါက်ချာ အတွေးတွေဝင်လာသဖြင့် သက်ငြိမ်(၁၂) ကို အတွေးနှင့်ပင် ပြန်လည်ဖျက်ဆီးပစ်လိုက်ရသည်။ သို့သော်လည်း ကျွန်မအတွေးတွေ ခိုင်မာငြိမ်သက်လာသည့်တစ်နေ့မှာတော့ "သက်ငြိမ်"အမည်တပ်၍ ရမည့် လူပုံပန်းချီကားတစ်ချပ်ကို အတွေးနှင့် ရေးဆွဲဖို့ကြိုးစားရပေဦးမည်။

အတွေးနှင့်ကျွန်မ၊ ကျွန်မနှင့်အတွေး အပြန်အလှန် အရောင်သရုပ်ခွဲနေခဲ့ပြီမို့ ကျွန်မ အားကုန်နွမ်းလျလာခဲ့ပါပြီ။ ရှိစေတော့။ သက်ငြိမ်(၁၂)ကို ကျွန်မ လက်လျှော့လိုက်ပြီ။ အတွေးနှင့်ပင် လက်လျှော့လိုက်ပြီ။ သည်တော့ ကျွန်မ၏အတွေးပိုင် "သက်ငြိမ်" (၁၁) ကားကို ကျွန်မ အတွေးထဲမှာပင် ချိတ်ဆွဲခင်းကျင်းပြသဖို့ စီစဉ်ရ ပေဦးမည်။

သည်တစ်ခါတော့ ကျွန်မ လက်လျှော့စရာမလိုတော့ချေ။ အကြိမ်ကြိမ် အဖန်ဖန် တမ်းတဖန်များသဖြင့် အိပ်မက်ထဲတွင် ပိုင်ဆိုင်ခဲ့ရဖူးသော ဧရာမပန်းချီပြခန်းကြီးတစ်ခု။ အလင်းအမှောင်၊ အပူအအေး။ အနေအထား။ အဆင်အပြင်က အစ အစစ အရာရာ ကောင်းမွန်သေသပ်လှပပြီး အခမဲ့ ပြသခွင့်ရ ပန်းချီ ပန်းပု၊ ဓာတ်ပုံပြခန်းကြီးတစ်ခု။ ထိုပြခန်းကြီးသည် ယခု ကျွန်မ၏ အတွေးပိုင် "သက်ငြိမ်"ပန်းချီပြပွဲကြီးတစ်ခု ဖြစ်မြောက်သွားခဲ့ပါလေပြီ။

mgyoe.com

mgyoe.com


ပြပွဲကား အတွေးထဲမှာပင် အောင်မြင်လွန်းလှသည်။ လာရောက်ကြည့်ရှုသူက တော့ များများစားစား မရှိလှချေ။ ပြခန်းကြီးက ကြီးလွန်းနေသဖြင့် လည်းကောင်း၊ ယခုပြပွဲသို့ လာရောက်ကြည့်ရှုသူများမှာလည်း ဗိုလ်ချုပ်ဈေးမှာ ဖိနပ်ဝင်ဝယ်ရင်း၊ ဆံပင်ဝင်ညှပ်ရင်း၊ ရွှေရင်အေးဝင်သောက်ရင်း၊ ပေါင်ဝင်ချိန်ရင်း အပျင်းပြေလျှောက် ဝင်လာသူများ မာလာမှတ်တိုင်မှာ ကိုး၊ ဆယ့်လေးစောင့်ရင်း အတန်းလစ်ပြီး ခြေဆန့် စရာ ကုန်ခါနီးမှ မြေကြောဆန့်ရင်း၊ မှတ်တိုင်မှာ မိုးမလုံ၍ မိုးဝင်ခိုရင်း အချိန်ဖြုန်း လိုသူများ မပါတော့သဖြင့် လည်းကောင်း၊ ပြပွဲကြည့်ပရိသတ်မှာ တစ်နေ့လျှင် ပြပွဲ တွင် ပန်းချီကားအရေအတွက်မျှပင် မရှိတတ်ချေ။

သို့သော် ကျွန်မ အတွေးထဲမှာပင် ကျေနပ်ပါသည်။ ပြပွဲကြည့်ပရိသတ်များ အတွက် လတ်တလော မလိုသဖြင့်လည်း ကျွန်မမှာ ထိုင်ခုံတစ်လုံး၊ ကတ်တလောက် ပုံတစ်ပုံ၊ မဲဆွယ်စည်းရုံး အမှတ်တရလက်ဆောင် ပို့စကတ်တစ်ပုံနှင့် အညောင်းမိစရာ မလိုပြီ။ နို့မို့ဆို ကျွန်မရယ်။ ကက်တလောက်တွေရယ်၊ ပို့စကတ်တွေရယ် စားပွဲနှင့် ထိုင်ခုံရယ်၊ ဖြတ် ဖြတ်လျှောက်သည့် ပြပွဲကြည့်သူတွေရယ် နောက်ထပ် "သက်ငြိမ်" တစ်ကား ဖြစ်သွားနိုင်သေးသည်မဟုတ်ပါလား။ ခုတော့ ပြပွဲကြည့် ပရိသတ်အားလုံး လည်း လွတ်လွတ်လပ်လပ် ခံစားကြည့်ရှုနိုင်ပေသည်။

ပြပွဲအပြီးမှာ ကျွန်မ၏ "သက်ငြိမ်" (၁၁)ကား အားလုံး ရောင်းလိုက်ရသည်။ ကျွန်မ စိတ်မကောင်းပါ။ အတွေးထဲက ပန်းချီတွေကို အတွေးထဲမှာပင် နမြောတသ နေမိသည်။ သို့သော် ကျွန်မ ဖြေရပေမည်။ သည်ကားတွေ ရောင်းရငွေနှင့် ကျွန်မ၏ အတွေးထဲမှ ပြခန်းကြီးကို မွမ်းမံပြုပြင်ရမည်မဟုတ်ပါလား။ ကျွန်မတို့အားလုံးအတွက် အရေးအကြီးဆုံး အလုပ်ဆိုသည်မှာ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းအလုပ်ပင်ဖြစ်သည် မဟုတ်ပါလား။ သက်ငြိမ် (၁၂) အတွက် လူပုံသက်ငြိမ်ကား မရေးဖြစ်မချင်း မည်သည့် ပန်းချီကားကိုမျှ ကျွန်မ ဆက်လက်ရေးဆွဲမှာမဟုတ်ချေ။ ထို့ကြောင့် အချိန်နှင့်အမျှ ကျွန်မသည် လူတွေကို စောင့်ကြည့်နေတော့သည်။

အချိန်တွေသာ ကုန်လာသည်။ အကြောင်းမထူးသဖြင့် ကျွန်မသည် ကျွန်မ၏ သက်ငြိမ်(၁၁)ကားကိုပင် ပြန်လည်လွမ်းဆွတ်တမ်းတလာတော့သည်။ ဘာတွေရေးခဲ့ သည်ဆိုသည်ကိုပင် သတိမရချင်တော့။ ထို့ကြောင့် ပန်းချီကားဝယ်သွားသူများစာရင်း ကို အတွေးထဲက ကျွန်မ ကသောင်းကနင်း ရှာမိတော့သည်။ သူတို့ သူတို့၏ လိပ်စာ များ တွေ့လိမ့်နိုးနှင့် ဖြစ်ပါသည်။

တွေ့ပါပြီ။ သို့သော် သက်ငြိမ် (၉) ကားမှာ နိုင်ငံခြားသားများ ဝယ်ယူသွား ခြင်းဖြစ်၍ သက်ငြိမ်(၂)ကားသာလျှင် မြန်မာနိုင်ငံမှ ပန်းချီချစ်သူများ ဝယ်ယူသွားခြင်း ဖြစ်နေလေသည်။ ထိုအနက်မှ သက်ငြိမ်(၃) အမည်ရကားကို ဝယ်သူတစ်ဦးသာလျှင် သည်ရန်ကုန်မှာ နေထိုင်လေသည်။ ဝယ်သူက အလုပ်အကိုင်ဗဟိမရှိ။ ပန်းချီချစ်သူ

mgyoe.com

mgyoe.com


စစ်စစ် တစ်ဦးသာဖြစ်ရမည်ဟု ကျွန်မတွေးသည်။

သို့နှင့် သူ့အိမ်သို့ ကျွန်မရောက်ခဲ့ရပြီ။ အတွေးထဲမှာ ကျွန်မသည် ကျွန်မ၏ အတွေးပိုင် သက်ငြိမ်(၃)ရှိရာသို့ ရောက်ခဲ့ပြီ။

အိမ်က ခိုင်ခံ့သပ်ရပ်သော်လည်း အိမ်ထဲမှာတော့ ကသောင်းကနင်း ရှုပ်ပွနေသည်။ အိမ်တံခါးလည်း အဆင်သင့်ပွင့်နေသည်။ အသံပြုချောင်းဟန့်သော်လည်း အိမ်ထဲမှ လူတစ်ဦးတစ်ယောက်မျှ ထွက်မလာ။ အို ...အတွေးထဲမှာပင် ကျွန်မ နှာခေါင်းရှုံ့မိတော့သည်။ ဘယ်လိုအိမ်ပါလိမ့်။ စည်းမရှိ၊ ကမ်းမရှိ တံခါးမရှိ၊ ဓားမရှိ။ ကသောင်းကနင်းနှင့် အိမ်ရှင်ကလည်း ခပ်ပျင်းပျင်း ခပ်ဖျင်းဖျင်းထင်ရဲ့။ အတန်ကြာသည်အထိ အိမ်ထဲက ခြေချစရာ တစ်နေရာစာတွင် ကျွန်မ ရပ်နေလိုက်သေးသည်။ နောက်တော့ ကျွန်မ ပြန်ထွက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

သို့နှင့် ဖိနပ်ချွတ်မှာ ဖိနပ်ပြန်စီးသည်။ သည်မှာတွင် ကျွန်မ၏ သက်ငြိမ်(၃)ကို ကျွန်မ ပြန်တွေ့ရသည်။ အလာတုန်းက ဇောနှင့်မို့ သတိမမူခဲ့ခြင်းဖြစ်မည်။ ခုတော့ ကျွန်မ မြင်ရပြီ။ ကျွန်မ၏ အတွေးပိုင် "သက်ငြိမ်(၃)"။

မှန်နောက်တံခါးတစ်ချပ်ပေါ်က အရောင်တင်ဆီ ပြောင်လွင်လွင် ကျွန်းကွက်ဆိုင်းဘုတ်လေးတွင် "အခွင့်မရှိ မဝင်ရ" ရေးထားသည့် ကျွန်မအတွေးပိုင် သက်ငြိမ်(၃) သည် အိမ်အဝင် ဟင်းလင်းဖွင့်ထားသည့် တံခါးဘေးဖိနပ်ချွတ်မှာ ဖုံအလိမ်းလိမ်းပင့်ကူအိမ်အထပ်ထပ်နှင့် ငြိမ်သက်နေပေသည်။

တစ်ဆက်တည်းမှာပင် ကျွန်မ၏ နောက်ထပ်အတွေးပိုင် (၉)ကားကို နိုင်ငံရပ်ခြားမှာ သွားရောက်ကြည့်ရှုလျှင် တွေ့ရမည့်မြင်ကွင်းတွေကိုပါ ကျွန်မ မြင်ယောင်ခဲ့ပြီ။

နံရံဖြူနောက်ခံထက်မှာ ပြက္ခဒိန်တစ်ရွက်တစ်လေမျှပင် ယှဉ်တွဲမထားဘဲ ထီးတည်းခန့်ငြားနေရမည့် ကျွန်မ၏ "သက်ငြိမ်" ကားအချို့။ ထို့ထက်တစ်ဖန် ကိုယ်ဟန်ပြအလှမယ် နံရံကပ်ပိုစတာရောင်စုံများ။ နှစ်ဆယ့်လေးလက်မ မြင်ကွင်းကျယ်ဖန်သားစိမ်းမြနှင့် ဗီဒီယို၊ တီဗီ၊ မိုတော့(တ) ရောင်စုံအသွင်စုံ လျှပ်စစ်ပစ္စည်းမျိုးစုံကြားမှာ ကိုယ်ရောင်ဖျောက် ငြိမ်သက်နေမည့် ကျွန်မ၏ "သက်ငြိမ်" ကားအချို့။

သည်မှာတင် သက်ငြိမ်(၁၂)အတွက် လူပုံ သက်ငြိမ်ပန်းချီကားတစ်ချပ်ကို ကျွန်မ ရရှိလိုက်ပါသည်။

ကြည့်ရှုခံစား တန်ဖိုးမထားခြင်းကြောင့် အနုပညာအငွေ့အသက် သဘောတရားများ လုံးဝငြိမ်သက်နေရသော "သက်ငြိမ်"ပန်းချီကားကို ပကတိလျှပ်ရှားမဲ့ ငြိမ်သက်စွာ ကြည့်ရှုနေမိသော (အတွေးထဲက) ကျွန်မ၏ပုံတူသည်ပင် ကျွန်မ၏ အတွေးပိုင် "သက်ငြိမ်(၁၂)" အမည်ရ လူပုံသက်ငြိမ်ကားတစ်ကား ဖြစ်နေသည် မဟုတ်ပါလား။

ဩဂုတ်လ၊ ၁၉၈၈၊ စံပယ်ဖြူမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# အဆိပ်သင့်လက်ချောင်းများ

မြင့်မိုးအောင်

(၁)

အဲဒီအချိန်ရောက်လာတာနဲ့ ကျွန်တော့်လက်ချောင်းတွေက သူ့အလိုလို လှုပ်ရှားလာကြတော့တယ်။

ပထမတော့ အနားမှာရှိတဲ့ စားပွဲတွေ၊ ဒါမှမဟုတ် နံရံတွေကို ကုတ်ခြစ်နေတတ်တယ်။ ဒါပေမယ့် မကြာခင်မှာပဲ ကျွန်တော့်ခန္ဓာကိုယ်ကို ခြစ်ပြီး သူတို့အတွက် ဖြေဆေးကို တောင်းဆိုလာကြတော့တယ်။ ဒါ … အဆိပ်သင့်နေတဲ့ ကျွန်တော့်ရဲ့လက်ချောင်းတွေပါ။

(၂)

တစ်နေ့မှာ ဘယ်လိုမှ ကြိုတင်ချိန်းဆိုထားခြင်းမရှိဘဲ ဘုရားသခင်ဟာ ကျွန်တော့်အခန်းကို ရောက်ရှိလာခဲ့တယ်။ ဒီအရင်က သူနဲ့ကျွန်တော် ဘာအဆက်အဆံမှ မရှိခဲ့ပါဘူး။ ဒါပေမယ့် သူနဲ့တွေ့ဆုံရတာ ကျွန်တော် စိတ်ကျေနပ်မှုရှိခဲ့ပါတယ်။

သိပ်လှတဲ့အခန်းတစ်ခုပဲ….

ကျွန်တော့်အခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုပြီးတဲ့နောက် သူက တီးတိုးရေရွတ်လိုက်တယ်။

ဖြစ်နိုင်ပါတယ်။

ဒီအခန်းလေးကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ကျွန်တော် ကြိုးစားနေထိုင်ခဲ့တာပဲ။ ဒါကို သူလည်းကျေနပ်မှာပါ။

ဒီနောက်တော့ သူနဲ့ကျွန်တော် စကားတချို့ပြောဖြစ်ခဲ့ကြတယ်။ အဲဒီမှာတွင် သူ့ရဲ့မျက်လုံးတွေက ကျွန်တော့်ကို ဖမ်းစားတော့တာပါပဲ။ ဘယ်လောက်တောက်ပတဲ့ မျက်လုံးတွေပါလိမ့်။

mgyoe.com

mgyoe.com


ဒီမျက်လုံးတွေနဲ့သာဆို အရာရာတိုင်းကို အဆုံးစွန်ထိ ထွင်းဖောက်မြင်နေရတာပဲ။ သေချာပါတယ်။အခုပဲ ကျွန်တော့်အတွေးတွေကို သူ သိရှိသွားခဲ့ပြီ။

မင်း ငါ့မျက်လုံးတွေကို လိုချင်နေတယ်ပေါ့ ....

(၃)

မထင်မှတ်ဘဲ ကြီးကျယ်ခမ်းနားတဲ့ အပေးအယူတစ်ခုဟာ ကျွန်တော့်ရဲ့ အခန်းကျဉ်းလေးထဲမှာ ပေါ်ပေါက်ခဲ့တော့တယ်။ ဒီလက်ချောင်းတွေနဲ့ သူ့အတွက် အလုပ်တစ်ခုလုပ်ပေးရမယ်။ ကျွန်တော့်အတွက် ကံကြမ္မာဟာ သိပ်ပြီးဆန်းကြယ်နေတော့တယ်။ သူ့ရဲ့မျက်လုံးတစ်စုံကို ပိုင်ဆိုင်ဖို့ ဘယ်သူအိပ်မက် မက်ဖူးပါသလဲ။ ဘုရားသခင်ဟာ သူစိမ်းတစ်ယောက်ဖြစ်ပေမဲ့ ကျွန်တော့်အပေါ်တော့ သိပ်ပြီးရက်ရောခဲ့တဲ့သူတစ်ယောက်ပါပဲ။

(၄)

နောက်တစ်နေ့မှာပဲ ကျွန်တော့်ရဲ့ ကတိတရားအတိုင်း ဘုရားသခင်ဆီ ရောက်ခဲ့တယ်။ အဲဒီမှာ လူတွေအများကြီးရှိနေပေမဲ့ ဘာသံမှမကြားရအောင် တိတ်ဆိတ်လွန်းနေတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာစကားတစ်ခွန်းမှ မပြောဆိုကြဘူး။ သူတို့ အားလုံးပဲ ဘုရားသခင်အတွက် တိတ်တဆိတ်နဲ့ အလုပ်လုပ်ပေးနေကြတယ်။ တချို့က သူ့ခေါင်းက ဆံပင်တွေကို လျှော်ဖွပ်ပေးနေကြတယ်။ တချို့ကတော့ သူ့မျက်နှာကို အမွေးနံ့သာတွေနဲ့ ခြယ်သပေးနေကြတယ်။ ဒါပေမဲ့ သူတို့ကိုကြည့်ရတာ ဘုရားသခင်ကို ကြောက်ရွံ့ထိတ်လန့်နေကြပုံပဲ။

ဒီလောက် သဘောကောင်းတဲ့ ဘုရားသခင်ကို သူတို့ ဘာကြောင့် ကြောက်ရွံ့ထိတ်လန့်နေကြပါလိမ့်။

(၅)

မကြာခင်မှာပဲ ကျွန်တော် အလုပ်လုပ်ပေးရမည့်နေရာကို ရောက်ရှိလာခဲ့တယ်။ ဒီမှာတင် ညစ်ပတ်ချွဲကျိနေတဲ့ အစားအစာတွေကို မြင်တွေ့လိုက်ရတာပါပဲ။

ကျွန်တော့်အတွက် ပျို့အန်ချင်စရာဖြစ်ပေမဲ့ ဘုရားသခင်ကတော့ ဒါတွေကို မြိန်ရည်ရှက်ရည်နဲ့ စားသောက်နေပါလား။ အဲဒီမှာ ကျွန်တော်လိုအလုပ်မျိုး လုပ်ပေးနေတဲ့သူတွေကိုလည်း တွေ့လိုက်ရတယ်။ တချို့က ဘုရားသခင်ရဲ့ အစားအစာတွေကို သူတို့ရဲ့လက်ချောင်းတွေနဲ့ နယ်ဖတ်ပေးနေကြတယ်။ တချို့က ဘုရားသခင် ပါးစပ်ဟလာတဲ့အခါ သူ့လျှာပေါ်ကို ဒီအစာတွေ တင်ပေးလိုက်ကြတယ်။ ဒီအလုပ်ဟာ ရွံရှာစရာကောင်းပေမဲ့ သိပ်ပြီးတော့ မခက်ခဲလှပါဘူး။ ဒီထက်ခက်ခဲတဲ့ အရာတွေကို တောင်

mgyoe.com

mgyoe.com

ကျွန်တော် လုပ်ပေးနိုင်ပါသေးတယ်။ ဒါနဲ့ပဲ ... ဘုရားသခင်ရဲ့ အစားအစာ တွေထဲ ကျွန်တော့်ရဲ့လက်ချောင်းတွေကို ကျေကျေနပ်နပ် နှစ်မြှုပ်လိုက်ခဲ့တော့တယ်။

(၆)

သူနဲ့ ကတိရှိထားတဲ့တစ်နှစ်အတွင်းမှာ ကျွန်တော် တစ်ရက်မှ မပျက်ကွက်ခဲ့ပါဘူး။ ဒီအပေးအယူမှာ ကျွန်တော့်အတွက် နစ်နာစရာ တစ်ခုပဲ ရှိခဲ့ပါတယ်။ နေ့တိုင်း သူ့ဆီကို သွားနေခဲ့ရတဲ့အတွက် ကျွန်တော့်အခန်းကျဉ်းလေးကို အရင်လို မသန့်ရှင်းနိုင်ခဲ့ဘူး။ ဒါပေမဲ့ ဒါဟာ ဘာမှပြောပလောက်စရာ မရှိပါဘူး။ အခုပဲ ကျွန်တော်ဟာ ဘုရားသခင်ရဲ့ မျက်လုံးတစ်စုံကို ပိုင်ဆိုင်ခဲ့ပြီလေ။

(၇)

လောကဟာ ဘယ်လောက်များဆန်းကြယ်လိုက်ပါလိမ့်။ ဒီအရင်က ကျွန်တော်မြင်ခဲ့သမျှ အရာအားလုံးဟာ တကယ်တော့ အရေခွံသက်သက်တွေပဲ။ သူတို့ရဲ့ နောက်ကွယ်မှာ တောက်ပတဲ့အမှန်တရားတွေ ရှိနေမှန်း ကျွန်တော် ဘာကြောင့် မတွေးမိပါလိမ့်။ ဒီမျက်လုံးတွေဟာ ကျွန်တော်နဲ့ အသားမကျသေးလို့ အမြင်ရှုပ်ထွေးနေပေမဲ့ ဘုရားသခင်ကတော့ အသစ်တပ်သွားတဲ့ နောက်ထပ်မျက်လုံးတစ်စုံနဲ့ ကျွန်တော့်ရဲ့လက်ချောင်းတွေကို စိုက်ကြည့်နေတယ်။

"ကျေးဇူးတင်ပါတယ် ဘုရားသခင်"

ကျွန်တော် လှမ်းပြောလိုက်တဲ့အချိန်မှာပဲ သူ့မျက်နှာကနေ အပြုံးတစ်ခု ထွက်ပေါ်လာတော့တယ်။ ဒါပေမဲ့ တစ်ခဏအတွင်းမှာ ပျောက်ကွယ်သွားတဲ့အတွက် အဲဒီနောက်ကွယ်က တစ်စုံတစ်ခုကိုတော့ သဲသဲကွဲကွဲ မမြင်လိုက်ရဘူး။ ထိတ်လန့်စရာကောင်းတဲ့ သံသယတွေက ကျွန်တော့်ရဲ့အတွေးထဲကို တိုးဝင်လာကြပါတယ်။

(၈)

နောက်တစ်နေ့မှာပဲ အဲဒီတစ်စုံတစ်ခုကို ကျွန်တော် နားလည်လိုက်ရတယ်။ ဘုရားသခင်အတွက် အစာခွံ့ကျွေးရတဲ့အချိန်ကို ရောက်ရှိလာတာနဲ့ ကျွန်တော့်ရဲ့လက်ချောင်းတွေက သူ့အလိုလိုလှုပ်ရှားလာကြတော့တယ်။ သူတို့ အဲဒီအစာကို ငတ်မွတ်တောင့်တနေကြပြီလေ။

ကျွန်တော် စက်ဆုပ်ရွံရှာတဲ့ ဒီအညစ်အကြေးတွေကိုမှ သူတို့အငမ်းမရ ဖြစ်နေကြပြီပေါ့။ သူတို့အတွက် တစ်ခုတည်းသောဖြေဆေးကိုရရှိဖို့ ကျွန်တော့်ခန္ဓာကိုယ်ကို သွေးရူးသွေးတန်းတိုက်ခိုက်နေကြတယ်။ အခန်းတစ်ခုလုံးမှာ ကျွန်တော့်ရဲ့ အော်ဟစ်ညည်းညူသံတွေနဲ့ ဘုရားသခင်ရဲ့ ရယ်မောသံတွေသာပြည့်နှက်လို့ နေပြီပေါ့။

mgyoe.com

mgyoe.com


နောက်ဆုံးတော့ အဲဒီအဆိပ်သင့်နေတဲ့လက်ချောင်းတွေက သွေးခြင်းခြင်းနီရဲနေတဲ့ ကျွန်တော့်ရဲ့ခန္ဓာကိုယ်ကို ဘုရားသခင်ရဲ့ အစားအစာတွေဆီ တရွတ်တိုက်ဆွဲခေါ်သွားကြတော့တယ်။

(၉)

ဘုရားသခင်နဲ့ ကျွန်တော် နောက်ထပ်အပေးအယူတစ်ခု ဖြစ်ခဲ့ပါသေးတယ်။ အဆိပ်သင့်လက်ချောင်းတွေကို သူတို့ရဲ့အစာတွေထဲမှာ နှစ်မြှုပ်နိုင်ခွင့်အတွက် သူ့ရဲ့မျက်လုံးတစ်စုံကို ပြန်လည်ပေးအပ်လိုက်ခဲ့ရတယ်။

၁၉၉၄၊ ဟသ်ာမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# အပြေးကောင်းတဲ့မြို့ အတွေးကောင်းတဲ့မြို့

ဒေါက်တာအောင်ကြီး

ရောဝတီမြစ်ကြီးကို မြစ်ဖျားရောက စုန်ဆင်းလာရင် တောင်ဘက်တန်းတန်း ဗန်းမော်ရောက်။ ဗန်းမော်ကနေ အနောက်ဘက်ယွန်းယွန်း ဆက်လက်စီးဆင်း။ မကြာမတင်မှာပဲ တောင်ဘက်ပြန်ကွေ့စုန်ဆင်း။ အဲဒီအကွေ့မှာ ကျွန်တော်တို့ရဲ့ မြို့၊ ကသာမြို့ရှိတယ်။ ရောဝတီကမ်းနံဘေး လှပတဲ့ဆိပ်ကမ်းမြို့မို့လို့ ကမ်းသာ၊ ကာလရွေ့လျောတော့ ကသာဖြစ်လာတယ်လို့ စိတ်ကူးယဉ်ချင်သော်လည်း တကယ်က ကပ်ဆာ (ရှမ်းစကား–စည်ကားတဲ့ဈေး၊ မိုင်းသာဈေး) က ဆင်းသက်လာတယ်လို့ သမိုင်းဆရာတွေက ဆိုညွှန်းလေတော့ ယဉ်ချင်တဲ့ ထိုစိတ်ကူးကို ဘေးချိတ်ချောင်ထိုးလိုက်ရချေပေါ့။

ကျွန်တော်တို့မြို့ မှုန်တိမှုန်ဝါးဖြူရော်ရော်ကို ဘာတွေပြောပြီး ကြွဖန်ဂုဏ်တင်မလို့တုန်း။ ဂုဏ်တင်စရာ မန်လည်ဆရာတော်ဘုရားကြီးတစ်ပါးပဲ ထီးတည်းညွှန်စရာရှိပေတယ်။ ရှာကြံပြောရရင် ကျွန်တော်နဲ့ တစ်လမ်းတည်းနေ ပန်းချီဆရာအနုပညာရှင် ဆရာကြီးဦးဘသော်၊ ဓာတ်ပုံပညာရှင် မာဃစန်ဝင်း၊ တင်ဝင်း(ကသာ)၊ ကသာမယ် မခင်မို(ကွယ်လွန်)၊ စံရှားတင်၊ ဇော်လွင်တို့ ရှိလေရဲ့။ နိုင်ငံကျော် "မဲဇာ" လည်း ကသာနယ်ထဲကပေါ့ဗျာ။ ဂုဏ်တင်စရာ သိပ်မရှိသလို တစ်ဖက်က ဆရာသော်တာဆွေ ခြယ်မှုန်းခဲ့တဲ့ "ပ" ငါးလုံးထွန်းတဲ့ မြို့ပျက်လည်း မဟုတ်ပေဘူး။ ကျွန်တော်တို့ရဲ့ ထူးကဲအင်္ဂါတစ်ရပ်ကတော့ တစ်မြို့လုံးလိုလို အားကစားလုပ်တဲ့မြို့ဗျို့။ အားကစားမြို့ဗျ။ ကျွန်တော်တို့ငယ်စဉ်က ၁၉၆၄–၁၉၇၀ တစ်ဝိုက်၊ မြို့လုံးကျွတ် ရေရေလည်လည် ကစားကြတာ၊ လှုပ်ရှားကြတာ။ စစ်ကိုင်းတိုင်းမှာ ပြေးခုန်ပစ်က ထိပ်။ ကျန်တဲ့ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ထိပ်နားမှာပဲ။ ဘောလုံးကွင်းက မြို့ထဲမှာကို သုံးကွင်း။ ပင်မဘောလုံးကွင်းက အမိုးနဲ့ အကာနဲ့။ ကပ်ရက်အပြင်မှာ တစ်ကွင်း။ အထက(၁) ဘေးမှာတစ်ကွင်း၊ ညနေဆို ဘောလုံးကွင်းတွေထဲ ကွင်းလုံးပြည့်လူတွေ သဲသဲလှုပ်၊ ကစားကြ၊ ပြေးကြ၊ ဘောလုံးကန်ကြ၊ ပီတီလုပ်ကြ။

mgyoe.com

mgyoe.com


မိုးတွင်း ဘောလုံးရာသီမှာ ကြိုတ်ကြိတ်တိုး။ မိုးရွာထဲ လာကြည့်ကြ။ အားပေးကြတာ။ မြို့မအသင်းတို့၊ ကျောင်းအသင်းတို့က ပရိသတ်အသည်းစွဲပေါ့ဗျာ။ ငြိမ်း(ရွှေလီ)တို့ ညီအစ်မတောင် ဘောပွဲတစ်ပွဲမှာ မြင်လိုက်ရသေး။ အဲဒီခေတ်က မိန်းကလေးတွေ ဘောလုံးပွဲကြည့်တာ အဆန်းတကြယ်ခေတ်ဗျ။ ကျွန်တော့်ရင်ထဲ စွဲနေတဲ့ မြင်ကွင်း မိုးတစ်ပြိုက် နှစ်ပြိုက်ကျ၊ နေရောင် ထွက်ပြူလာ၊ မြက်ဖျားသီးနေတဲ့ မိုးစက်ကလေးတွေ ဘောလုံးအကန်မှာ လေထဲမြူးတူးပေါက်ခုန်၊ ဖွာရရာကြဲ၊ နေရောင်အဟပ်၊ ပုလဲလုံး၊ ရွဲလုံးပမာ။ အဲဒီအချိန်မှာပဲ အသံရဲ့စက်က ဖွင့်လိုက်တဲ့ တပ်တော်ဦးဆီ (နတ်ရှင်နောင်) သီချင်း လွင့်မျောစီးဆင်းလာ။ ကျွန်တော် ကမ္ဘာသစ်တစ်ခုထဲ ရုတ်ခြည်းဝင်ရောက်သွား။ ကိုယ်နဲ့ စိတ် တစ်စစီ ဝေးကွာ။ လွမ်းမိ လွမ်းမော။ ကျွန်တော်က ဂိုးနောက်က ကြည့်နေကျ။ တစ်နေ့ ကမ္ဘာကျော်ဂိုးသမားဖြစ်ရမယ်။ လက်(ဖ)ယာရှင် လို။ ကလေးအတွေး။

တစ်ခါက ကြည်း၊ ရေ၊ လေ ညွန့်ပေါင်းအသင်း ချစ်ကြည်ရေး အလှပြကစားလာတယ်။ မြို့ခံလက်ရွေးစင်အသင်းက တစ်ဂိုးစီရအောင် ကန်လိုက်နိုင်တယ်။ ဖန်တီးရှင်က အင်းတော်သား ခေါင်းဖြူ မြတ်စံ။ ကသာရဲ့ သူ့ရဲကောင်း စာရင်းဝင်သွားတယ်။ ညွန့်ပေါင်းအသင်းမှာ မြန်မာ့လက်ရွေးစင် တော်တော်များများ ပါလာတာ။ ဗဟာဒူး၊ ဝင်းမောင် နှစ်ယောက်ပဲ မှတ်မိတော့တယ်။ အပြင် ဘောလုံးကွင်းမြောက်ဘက်မှာ မိုးလုံလေလုံ အားကစားရုံ နှစ်ရုံရှိတယ်။ တစ်ရုံက ကြက်တောင်ရုံ၊ တစ်ရုံက အလေးမ။ အဲဒီနှစ်ရုံကြား ကွက်လပ်မှာ ဘောလီဘောကွင်း၊ ပြေးကြ၊ ခုန်ကြ၊ မကြ၊ ရိုက်ကြပုံများ ထင်တရေးနဲ့ မြင်သေးတယ် ရွှေကသာရေ့။

ကျွန်တော်တို့မြို့ အားကစားသမိုင်းဟာ ရန်ကုန်မှာ ကျင်းပတဲ့ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (၁၉၆၉) မှာ ဒီရေမြင့်သစ် ရောက်တယ်။ ကျွန်းဆွယ်ပြေးခုန်ပစ်မှာ ရွှေ ၂၀ ရတာ။ ကျွန်တော်တို့မြို့ရဲ့ စိုက်ထုတ်မှု (Contribution)က ၂၅%၊ ကျောင်းအောင်(အလျားခုန်) စိုးဝင်း(တာတို)၊ နုနုရီ(တာလတ်)၊ ရှင်ဖွေးဂန်း၊ လှသိန်း(တာဝေး)။ အပြေးသမားတွေ များလှတဲ့မြို့။ မီးတုန်းနော်။ ရှင်ဖွေးဂန်း၊ လှသိန်း('ဖခင်မာရသွန်' တွေ) တို့က အမှတ်(၁) ကချင် သ–န–က မှာ တာဝန်ကျနေတာ။ မနက်စောစော ဧရာကမ်းဘေး ကျယ်ပြောလှတဲ့သဲသောင်ပြင်တစ်လျှောက် အပြေးကျင့်ကြ၊ ပြန်ရင် အိမ်ရှေ့က ဖြတ်ပြန်နေကျ။ သူတို့ကို အားကျငေးစိုက်ကြည့်၊ အားကစားဝတ်စုံနဲ့ ကျား ကျားလျားလျား။ တစ်နေ့ ငါလည်း သူတို့လို နိုင်ငံကျော်အပြေးသမား ဖြစ်ရမယ်။ ကလေးအတွေး ဘာစိတ်ကူး စိတ်ကူး စိတ်ကူးလိုင်စင်ရထားတဲ့အချိန်။ ခုဆိုရင်တော့ မတွေးဝံ့ပေါင်ဗျာ။ ထုတ်ပြောဖို့နေနေသာသာ။ အရူးအထင်ခံရမှာစိုးသလေ့။ ကျွန်းဆွယ်ပြန် သူ့ရဲကောင်းတွေလို ပြည်တော်ပြန်ကြိုရာမှာ အမိုးဖွင့်ဂျစ်ကားကိုယ်စီနဲ့။ ပန်းကုံးတွေ တဝေဝေ၊ ဖြူဖွေးတောက်ပ၊ အနာဂတ်အိပ်မက်များ၊ တစ်နေ့ ငါလည်း

mgyoe.com

mgyoe.com


မြို့ကို ဒီလိုပြန်လာမယ်။ ကြိုလှည့်ကွဲ့ ညိုနွဲ့ရဲ့ ချစ်တဲ့ ကသာရေ့။

ဘောလုံးပွဲ၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ စစ်ကိုင်းတိုင်းမှာ အလီလီ အလာလာ ဗိုလ်စွဲခဲ့တာ တို့ကသာ။ လက်ဝှေ့ဆိုရင်လည်း ဆုသာသိပ်မရတာ။ အတော်ထိုးတဲ့ မြို့။ ကျွန်တော်တို့မြို့ကို အဲဒီအချိန်တုန်းက နိုင်ငံခြားသားလက်ဝှေ့နည်းပြတွေ မကြာမကြာလာတယ်။ မှတ်မှတ်ရရ နယ်(လ်)ဆင်ဆိုတဲ့ နည်းပြလာပြီး ရက်ရှည်သင်တန်းပေးတော့ ကျွန်တော် နေ့တိုင်းသွားကြည့်။ သဘောကောင်း ချိုမြ မျက်နှာပိုင်ရှင်။ နေ့တိုင်းလိုတွေ့တော့ သူက လက်ဝှေ့ထိုးမလားလို့မေးတယ်။ ကျွန်တော်ကလည်း အဲဒီအချိန်က ကပ်စီးယပ်ကလေး၊ ဆန်နီလစ္စတန်၊ သူ့အရင်က ဂျိုးဝါး(လ)ကော့၊ ဂျိုးလူဝစ္စ၊ အစ်ဇက်ချား(လ)ရော့ကီမာစီယာနိုးတို့လို ကမ္ဘာကျော် လက်သီးဖြူ-လက်သီးမည်းတွေအကြောင်း၊ တင်မောင်ဆွေ၊ ဘာမထီခင်အောင်၊ ကျားဘငြိမ်း၊ မောင်ရဲ ဝင်းဆောင်းပါးတွေ ဖတ်ထားတော့ သွေးက ကြွနေတာ။ ဒါပေမဲ့ အဖေက ဟော့ကောင် မင်းက ခေါင်းနဲ့လုပ်စားမှာလား၊ လက်နဲ့လုပ်စားမှာလားလို့ မေးတာ အမှတ်ရလိုက်တော့ မထိုးတော့ပါဘူးရယ်လို့ ခေါင်းခါပြလိုက်ရ။ အဲဒီတုန်းက မြန်မာ့လက်ဝှေ့ကျော် တင်ထွန်းက တိုကျိုမှာ ဗြိတိသျှချန်ပီယံကို အလဲထိုးပြီးနေပြီ။ (၁၉၆၄ တိုကျိုအိုလံပစ်)

လက်ဝှေ့ပိုးက မသေးလှဘူး။ လက်ဝှေ့ပွဲတိုင်းလိုလို မလွတ်တမ်း ကြည့်မိ။ ပိတောက်ရိပ်ဝယ် ကြည့်ပြီး ရင်ခုန်။ ကျားကြီး(ကျားဘငြိမ်း) အလှပြ၊ သရုပ်ပြ၊ လာထိုးပြတော့ စ ဆုံးထိုင်ကြည့်၊ မျက်တောင်ခတ်ဖို့ မေ့လျော့။ လွတ်လပ်ရေးအားကစားပြိုင်ပွဲတွေမှာ လက်ဝှေ့ထိုးကြတာ နံနက်နှစ်ချက်တီး။ သုံးချက်တီးတိုင် ဗိန်းဗောင်းတိုက်တုန်း၊ ပွဲကြမ်းတုန်း။ ကသာဆောင်းက ခပ်ကြမ်းကြမ်း။ လေအေးတစ်ချက်မွှေ့လိုက်ရင် အရိုးထဲထိ စိမ့်ဝင်သွား။ ဒါကိုလည်း မမှုအား။ တာဝန်ကျတဲ့ ဆေးတာဝန်ခံ ဆရာဝန်ခမျာ ပြန်ပြေးချင်လှပေါ့။ ဒါတောင် မထိုးခင် စာရင်းပေးတုန်းဆေးစစ်တော့ ဘေလုံးကြီးတဲ့ လူတော်တော်များများပါလာတာ ဆံနကာနဲ့ တိုက်ချထားပေလို့။ ဒီကြားထဲ အတင်းထိုးပါရစေ၊ သေချင်သေ ဖွတ်တရွတ်ပြောလာလို့ ငေါက်လွှတ်ရသေးသတဲ့။ အဲသည်လောက် လက်ဝှေ့ရူးတဲ့ မူးတဲ့မြို့ဗျာ။

တစ်မြို့လုံး တစ်ခုမဟုတ်တစ်ခု ကစားကြတာ၊ အကြော်သည်လို၊ ကွမ်းယာသည်လို အထိုင်ကျလှတဲ့သူတောင် မကျန်ဘူး။ မလွတ်ဘူး။ အားအားယားယားကစားနိုင်လွန်းသူတွေ။ မနက်ဆိုရင် ၄ နာရီထ၊ မြို့ပတ်ပြေးကြ။ ကျွန်တော်က ကိုယ့်ထက်ကြီးသူတွေနဲ့ လိုက်ပြေးရတာ။ ပြေးရင်း နောက်ကျကျန်ရစ်၊ သစ်ပင်ရိပ်ပေါ်တော့ တခွေကကြောက်သေး။ ဒါနဲ့ သူတို့ကို ဟိုဘက် ဒီဘက် လက်မောင်းစုံကိုင်ပြီး တရွတ်ဆွဲခေါ်ပြေးကြတာ။ ချမ်းစီးလှတဲ့ လက်ဝဲသုန္ဒရလက်မြောက်ရတဲ့ ဆောင်းနံနက်ခင်းမှာ ချွေးစီးပြန်၊ ရင်တဒိန်းဒိန်းခုန်၊ နှားထင်သွေးကြော ခုန်ပေါက်၊ တစ်မြို့လုံး ဆော့ကြ၊

mgyoe.com

mgyoe.com


ကစားကြတာ။ ထန်းတပင် ဇီးကုန်းဘက်က ကျောင်းဆရာတစ်ယောက် ပြောဖူးတာ သတိရမိသေးတော့။ သုံးလေးဝါလောက် ရပြီးကာမှ မျက်စိကွယ်သွားတဲ့ ဦးဇင်းကို ကျန်တဲ့သီတင်းသုံးဖော်တွေက "ကိုယ်တော်ကတော့ ကံဆိုးထဲက ကံကောင်းပဲဘုရား၊ စက္ခုရှုပေန သံဝါသလို့ဆိုသမို့ မျက်စိက ဝင်လာတဲ့ ကိလေသာမီးတစ်မီးဟော့ လုံပြီပေါ့ဘုရား" လို့ အားပေးသမှုပြုကြတော့ မိုးမလင်းနိုင်တဲ့ ကိုယ်တော်ခမျာ "ဟုတ်ရိုးလားဗျာ–ကျုပ်တော့ဖြင့် ခြေသံကြားတိုင်း မာတုဂါမချည်းထင်နေတာ"လို့ ပြန်ပြောသတဲ့။ ကသာမှာတော့ ခြေသံကြားရင် အပြေးသမားတစ်ဦးဦးဖြစ်ရမယ်။ ကျား ကျား မမ ဒီရောဂါပဲ။ ဒီလောက်ခရေဇီဖြစ်တဲ့မြို့။

ဒီလောက် အကစားသန်တဲ့မြို့ဟာ ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း မပီတတ်သေး၊ ပိုးဝါးထွေးချိန်ကျရင်ဖြင့် တိတ်ဆိတ်ငြိမ်သက်လို့နေပါပြီ။ အတန်းတင်စာမေးပွဲကြီးတွေ နီးပါပေါ့။ ပုပုရွရွ သပ္ပုရိသအပေါင်း ငြိမ်သက်မျက်နှာ၊ မျက်နှာသေတွေနဲ့ ဘောလုံးကွင်းက ခြောက်ကပ်ကပ်၊ ဆယ်တန်းအောင်စာရင်းထွက်ချိန်၊ မြို့ဟာ ပကတိတိတ်ဆိတ်။ အဲဒီအချိန်မှာ တိုင်းတွင်းအားကစားပြိုင်ပွဲတွေမှာ ကျွန်တော်တို့နဲ့ ဘာကမှ တန်းမတူတဲ့ ချင်းတွင်းမြစ်ကမ်းဘေး သလ္လာဝတီရွှေမြို့တော်ကြီးမှာဖြင့် သောတဇနလေးတွေ ပြုံးလို့၊ ပျော်လို့၊ အောင်သူတွေကလည်း များ၊ အောင်တဲ့အထဲက ထူးထူးချွန်ချွန် အမွန်အောင်သူတွေကလည်း ပေါ၊ သချၤာရည်ချွန်ဆုရသူတွေကလည်း မနည်းမနော။ အတွေးကောင်းသူတွေရဲ့ ပွဲပေပဗျာ။ မုံရွာဆိုတာ ကျွန်တော်တို့ငယ်စဉ်ကတည်းက အဝေးကလွမ်းခဲ့ရတဲ့မြို့။ စာစဖတ်ကတည်းက သိန်းဖေ၊ သိန်းတင်၊ ဆရာ ဟာရွန်းတို့နဲ့ ရင်းနီးနေပြီ။ ဦးတက်ထွန်း ကြားဖူးနေပြီ (ဦးတက်ထွန်းနှင့် ကျွန်တော် မင်းယုဝေ၊ ငွေတာရီမဂ္ဂဇင်း) သာသနာ့အာဇာနည် ဆရာတော်ကြီးများ။ လယ်တီဆရာတော်ဘုရားကြီး၊ မိုးညှင်းဆရာတော်ဘုရားကြီး၊ ရဟန်းပညာတတ်၊ ပညာရှိသူတော်စင်များ သီတင်းသုံးတဲ့မြို့၊ နိုင်ငံ၊ စီးပွား၊ လူမှု၊ ပညာ၊ စာပေ၊ ထူးချွန်ထက်မြက်သူတွေ ထွက်တဲ့မြို့။ ကျွန်တော်တို့ကျောင်းအုပ်ကြီး ဦးအောင်ခင်ကလည်း မုံရွာသား။

ကျွန်တော်တို့မြို့ကလည်း ပညာရေးမှာ ထူးချွန်သူတွေ သုံးလေးငါးနှစ်တစ်ခါ ထွက်ရဲ့။ စာပေ၊ အနုပညာဘက်ကလည်း ထွက်ပါတယ်။ ငြိမ်း(ရွှေလီ)၊ ကာတွန်းဟာကျူလီ၊ အဲငြိမ်းသာ၊ အေးအေးဝင်း(ပန်းချီ)၊ ဒါပေမဲ့ ဖြိုးတိုးဖြောက်တောက် (Sporadic) ။ အုံနဲ့ကျင်းနဲ့။ အလှိုင်းတကြီးလာတာမဟုတ် (Like An Epidemic) ဘာကြောင့်ပါလိမ့်။ အားစိုက်မှု၊ အားထုတ်မှု ကွာလိမ့်လေလား။ ဆရာဟာရွန်းကို ကသာမှာရှာကြည့်တယ်။ မတွေ့မိဘူး။ ကျွန်တော်ပဲ မျက်စိမှောက်လေသလား။ မုံရွာ သချၤာရည်ချွန်တွေကို မေးကြည့်တော့ သူတို့မှာ သိပ်အားထုတ်တဲ့၊ လုံ့လစိုက်လှတဲ့ ဆရာတွေရှိတာ သွားတွေ့ရတယ်။ သချၤာသင်ရင် အဖြေကနေ နောက်ပြန်တွက်နည်း၊

mgyoe.com

mgyoe.com

စဉ်းစားနည်း သင်ပေးတဲ့ဆရာမျိုး၊ ပြောင်းပြန်တွေးခိုင်းတဲ့ ဆရာမျိုးရှိနေတာ တအံ့တသြတွေ့လာရ။ မှတ်သားရ။ သချာၤသိပ်တော်သူတချို့ကို ပုံမှန်ကျောင်းသင်ခန်းစာနဲ့ ကင်းလွတ်ခွင့်ပေး၊ သီးသန့်အချိန်ယူ သင်ပေး။ အနောက်နိုင်ငံတွေမှာ Gifted Child တွေကို လေ့ကျင့်သလိုမျိုး၊ ပညာရေးသည် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုဆိုတာ ဖျတ်ခနဲ ညဏ်အလင်းပွင့်။

ရေခံ၊ မြေခံ၊ ကလျာဏမိတ္တ၊ ဒေသကွာဟလှတဲ့ အခြေအနေတွေမှာ ဆယ်နှစ်အကြာ၊ နှစ်နှစ်ဆယ်အကြာ အသီးသီးကြ၊ အပွင့်ပွင့်ကြ၊ အနံ့အရသာ အရောင်အသွေးကွာချေလှပေ့၊။ အတွေးပင်လား၊ အပြေးပင်လား၊ ဘာစိုက်သလဲ။ စိုက်သည့်အတိုင်းရိတ်ရလိမ့်မည်တဲ့။ အာရှသူရဲကောင်းလို့ ဂုဏ်ပြုခံရတဲ့ တာလတ်/တာဝေး အပြေးချန်ပီယံ ကသာသားစစ်စစ် ကိုအောင်သန်းနဲ့တွေ့၊ အားကစားရာဇဝင် တူးကြည့်မိ။ "ပြီးခဲ့ပါပြီကွာ၊ ဘာမှမဟုတ်ပါဘူး"လို့ စပ်စပ်ခါးခါး ပြောရှာတော့ တစ်ခုခုကို အဆုံးကြီးဆုံးလိုက်ရပြီလို့ ရင်ထဲတနင့်နင့် သက်တမ်းတစ်ဝက်လောက် ပြေးလာပြီးမှဗျာ။

ပြေးနေ လှုပ်ရှားနေရင် ညဏ်မပေါ်၊ ငြိမ်သက်မှ ညဏ်ပေါ် လင်းလက်သည်တဲ့။ သုံးလောကအထွဋ် မြတ်ဗုဒ္ဓသည်ပင်လျှင် ညောင်ပင်ခြေရင်း ထိုင်လျက်၊ ငြိမ်သက်၊ သုံးသပ်၊ အလင်းတန်းထွန်းပ၊ စကြဝဠာကို ထွင်းဖောက်၊ အင်္ဂလိမာလဟာ ပြေးရာကရပ်၊ ထိုင်လျက်၊ ငြိမ်သက်နားစိုက်၊ တရားထူးမြင်သိ။ ဆေးကျမ်းတချို့မှာ ဆွေးနွေးတဲ့ ပြဿနာက ခက်ခဲနက်နဲလာရင် Stop and Think ရပ်နားစဉ်းစားလို့ အကြံပြုတယ်။ အတွေးကိုပင်လျှင် ဇက်သတ်၊ အနားပေး၊ ပြေပြေလျော့လျော့နေ၊ စောင့်ကြည့်၊ စိုက်ကြည့်၊ သစ္စာမျက်နှာကို ဖျတ်ခနဲ မြင်ပေလိမ့်။

အပြေးနဲ့ အားသစ်သူတွေက မိုးတွင်းမြစ်မင်းဧရာလို။ ခပ်ကြမ်းကြမ်း ခပ်လှုပ်လှုပ်၊ တဝေါဝေါထိုးဆင်း။ အတွေးနဲ့ အားသစ်သူတွေက နွေရာသီတွင်း မြစ်ဧရာလို။ ခပ်ပြေပြေစီး၊ တိုးတိတ်စွာ ညင်သာစွာ။ ကျွန်တော်ကတော့ ကသာသားပီပီ မမီနိုင်လောက်သော်လည်း အတွေးကောင်းတဲ့ မုံရွာ၊ မုံရွေးသားတွေနောက် မမှီတမီ အပြေးလိုက်ဖို့ပဲ ဦးတည်။ မြေကြောမရှု့တတ်လေတော့ On foot နဲ့ပဲ မမီတမီ သီကရိလှမ်းတစ်ချိန်တော့ မီမည်မှန်း၊ လုလင်ငယ် အတွေးနဲ့လှမ်း။

(ဝန်ခံချက် – အတွေးနဲ့အပြေးကို ဆရာအောင်သင်း၏ ဟောပြောချက်မှ ယူပါသည်)

အမှတ် – ၉၊ အောက်တိုဘာလ၊ ၂၀၀၁

❑

mgyoe.com

mgyoe.com

# မြင်းပုက္ကက

မြင့်ဦးသစ်

သည်ညနေ ၆ နာရီခွဲအမီ ကွမ်းခြံကုန်းကို ရောက်မှဖြစ်မည်။ ဒါမှမဟုတ် တစ်နာရီခွဲလောက် အချိန်ပေးလျှင် ဒလရောက်မည်။ ဒလကို ၈း၀၀ နာရီရောက်မှ ရန်ကုန်ဘက်ကမ်းကို ၈း၃၀ လောက်တွင် ရောက်မည်။ ရန်ကုန်ကမ်းနားမှ မရမ်းကုန်း နှင့် မင်္ဂလာဒုံအစပ်အထိ ၁၆ ကီလိုပျော့ပျော့ ရှိသည်။ ခပ်မှန်မှန်မောင်းလျှင် ၄၅ မိနစ်တော့ သွားရမည်။ အိမ်သို့ ညစာအမီရောက်မည်။

မူလကတည်းက (ရန်ကုန်မှ ဒီဘက်ကမ်းကူလာကတည်းက) မန်းကလိတ် အထိ ဆိုင်ကယ်ကို တောက်လျှောက်မောင်းခဲ့ရလျှင် အကောင်းသား၊ အခုတော့ ဆိုင် ကယ်က ကွမ်းခြံကုန်းက မြမင်းတို့ဆိုင်မှာ ထားခဲ့သည်။ သည်တော့ မန်းကလိတ် ကွမ်းခြံကုန်း ၈ ကီလိုခန့်ခရီးကို ယာဉ်တစ်ခုခုနှင့် ဖြတ်သန်းရမည်။ ပြဿနာချက်က ညနေ ၆နာရီခွဲအမီ ကွမ်းခြံကုန်းရောက်မှဖြစ်မည်။

မန်းကလိတ်မှ ကွမ်းခြံကုန်းသို့သွားရန် ရေလမ်းမှ မော်တော်ရှိသည်။ ကုန်း လမ်းမှဆိုလျှင် စက်ဘီး၊ နွားလှည်း ဒါမှမဟုတ် ခြေကျင်။ မော်တော်က မနက်ရေတက် မှ ထွက်မည်။ နွားလှည်းကလည်း ပြောသာပြောရသည် ကွမ်းခြံကုန်းကို သွားလေ့သွား ထ သိပ်မရှိ။ ဝါးတောတက်နေကြတာများသည်။ ခြေကျင်ကတော့ အလွယ်ဆုံးနည်း။ ဒါပေမဲ့ အချိန်ကြာမည်။ စက်ဘီးနဲ့ သွားဖို့ဆိုပြန်တော့ မိမိဆွဲသုံးနိုင်မည့် စက်ဘီး နှစ်စီးသုံးစီး တစ်ခုမဟုတ်တစ်ခု၊ ချုချာပါနာဖြစ်နေသည်။ လေစိမ့်တာက စိမ့်၊ ဘီးကပ် တာက ကပ်။

ဘာပဲဖြစ်ဖြစ် ကွမ်းခြံကုန်းကို ၆ နာရီခွဲအမီ ရောက်မှဖြစ်မည်။

"မဲဇလီစမ်းက မြင်းတွေကတော့ အရီးလေးတို့အိမ်မှာ ချည်ထားတာတွေ့တယ်" ဟု သတင်းရသည်။ အရီးလေးတို့အိမ်ဘက်ဆီသို့ ကပျာကယာ ထွက်လာခဲ့သည်။ အဆင်သင့်ပင် မြင်းသုံးကောင်ချည်ထားသည်ကို တွေ့ရသည်။ မြင်းထီး ၂ ကောင်၊

mgyoe.com

mgyoe.com


မြင်းမ ၁ ကောင်၊ သုံးကောင်စလုံး ဖွဲ့နှင့်မွေထားသည့် ပွဲတော်စာကို တမက်တမော စားလျက်ရှိသည်။

ကိုယ်တိုင်က ကောင်းကောင်းမစီးတတ်သော်လည်း မြို့ကို မြန်မြန်ရောက်ချင်စိတ်က ပြင်းပြနေသည်။ ဒါကြောင့်ပင် အရီးလေးဆီက မြင်းခေတ္တငှားဖို့ ပြောဖြစ်သည်။ စိတ်ကူးထဲတွင် မိမိက မြင်းတစ်စီး၊ လိုက်ပို့မည့် မောင်အောင်မြင့်က မြင်းတစ်စီး ကွမ်းခြံကုန်းအထိ ကဆုန်ချစီးသွား၊ ကွမ်းခြံကုန်းဈေးပိုင်းရောက်၊ မောင်အောင်မြင့်က မြင်းတစ်စီးကို စီး၊ တစ်စီးကိုဆွဲပြီး ပြန်။ အဆင်ချောပေစွ။

သည်အချိန်တွင် လမ်းတာရိုးပေါ်မှ မန်းအောင်ရှင်၏ အသံကျယ်ကျယ်ကို ကြားရသည်။ သူ့ ကွမ်းစိုက်ခြံထဲမှ ပြန်လာပုံရသည်။ ကျွန်တော်တို့ကိုတွေ့တော့ သူလှမ်းအော်သွားသည်။

"ဝေး ... ပြန်တော့မလို့လားကွ၊ ဘာလဲ မြင်းနဲ့ပြန်မလို့လား၊ အေးဟေးဟေး ကောင်းသဟေ့၊ မြင်းစီးရင် အထီးလား အမလားတော့ သိပစေဗျာ တော်တော်ကြာ "မောင်စံ"စီးတဲ့ မြင်းလိုလည်း ဖြစ်နေဦးမယ် ဟား ဟား ဟား"

သူက "မောင်စံတစ်ယောက်တည်း မြင်းလည်းမပါ" ဆိုသော စာပိုဒ်အား အငြိမ့်လူရွှင်တော်တွေ ပြက်လုံးထုတ်ဖူးသည်ကို ရည်ညွှန်းလျက် ကျွန်တော်တို့အား လှမ်းနောက်သည်။

ကျွန်တော်ကလည်း ပြန်ပြောသည်။

"မန်းအောင်ရှင်ကလည်း မြင်းစီးပြီး၊ ထီးမှန်း မမှန်း မသိမရှိပါဘူးဗျ။ ခင်ဗျားကြည့် ... အခု ကျုပ်စီးမယ့်မြင်းက မြင်းထီးဗျာ၊ ရွှေဘော်တော်တောင်ကျလို့ မမြင်ဘူးလား၊ ဒီမယ် ပြူးပြူးကြီး" တစ်စုံတစ်ရာကို ကျွန်တော်က လက်ညှိုးထိုးပြလိုက်သည်။

မန်းအောင်ရှင်က သူ့ဝသီအတိုင်း တဟားဟားရယ်လျှက် ဆက်ထွက်သွားသည်။ မောင်အောင်မြင့်က မြင်းထီးနှစ်ကောင်ကို ဇက်ခွံ့၍ ကုန်းနှီးတင်သည်။ စုတ်တသပ်သပ်လုပ်ပြီး ကျွန်တော်က မြင်းတစ်ကောင် ကျောပေါ် ရောက်သွားသည်။

မောင်အောင်မြင့်က မြင်းပေါ် ရောက်နေသည်မှာ အစောကတည်းက။

ဇက်ကြိုးကို တစ်ချက်ခါလိုက်သည်နှင့် မြင်းနှစ်ကောင်ဟာ လမ်းပေါ်ရောက်လာခဲ့သည်။ ခပ်မှန်မှန်ကလေး။ အသားကျစီး။ ဟောလိဝုဒ်မင်းသားကြီး နွားကျောင်းသား ဂျွန်ဝိန်းကို သတိရမိသဖြင့် ကိုယ့်ဘာသာ ကြိတ်ပြုံးမိရသေးသည်။

ကျွန်တော့်စိတ်ထဲတွင် ဒလကမ်းနားမှ နောက်ဆုံး သင်္ဘောခေါက်ကို မီရန်ဆန္ဒကသာ လွှမ်းမိုးနေသည်။ သည်တော့ ကွမ်းခြံကုန်းကို ၆ နာရီခွဲရောက်ကို ရောက်မှဖြစ်မည်။ ၆ နာရီခွဲမရောက်လို့ကတော့ မဖြစ်ရေးချ မဖြစ်။

မြင်းနှစ်ကောင် တံခွန်တိုင်တာရိုးကို တက်သည်။

"မောင်အောင်မြင့်ရေ မြင်းကို နည်းနည်းပိုမြန်အောင် သုတ်ပေးမှနဲ့တူတယ်

mgyoe.com

mgyoe.com


ကွ၊ ဒီလို အသားကျစီးလေးနဲ့တော့ မောင်ကြီးမပြန်နိုင်တယ် ဖြစ်ကုန်လိမ့်မယ်"

"ဟုတ်တယ်အစ်ကိုကြီးရေ ... ပြောနေကြပါတယ်ဗျာ၊ ဇက်ကြိုးကိုသာ နည်းနည်း ဆတ်လိုက်တော့"

သူက ပြောပြောဆိုဆို သူ့မြင်းကို ဇက်ကြိုးဆတ်လိုက်သည်။ သူလုပ်သည့်နည်းတူ ကျွန်တော်စီးနေသော မြင်းကိုလည်း ကျွန်တော်က ဇက်ကြိုးဆတ်လိုက်သည်။ မောင်အောင်မြင့်မြင်းက ဟဲခနဲ ရှန်းပြေးသွားသည်။ ကျွန်တော်စီးနေသောမြင်းထီးကြီးကမူ ဇက်ကြိုးဆတ်လိုက်ကာမှ ဘာသဘောပေါက်သွားသည်မသိ၊ ကျွန်တော်ဆွဲလိုက်သည်က ဘယ်ကြိုးနည်းနည်းတင်းသွားလား မဆိုနိုင်။ ကိုယ်တော်က နောက်ဘက်ကို ပြန်လှည့်သည်။ ကျွန်တော်က ဇက်ကြိုးကို ဘယ်ဘက်သို့ ဆတ်လိုက်ပြန်သည်။ ကိုယ်တော်က တဟည်းဟည်း ဟီပြီး ပဒတ်ရပ်သည်။ ရုတ်တရက်မို့ ပက်လက်လန်မကျအောင် ကျွန်တော့်ကိုယ်ကျွန်တော် အတော်ထိန်းလိုက်ရသည်။

ခြေနင်းကွင်းပေါ်မှ ခြေထောက်တစ်စုံလုံး လွတ်မသွားအောင် ကုတ်ပြီး မြင်းနံဘေးကို ခြေဖြင့်ညှပ်ကာ ကိုယ်ကို ရှေ့သို့ ငါးဆယ်ဒီဂရီ ညွတ်ကိုင်းထားလိုက်ရသည်။ ပဒတ်ရပ်ပြီး၍ ရှေ့ခြေအစုံ မြေကျသည်နှင့် သူ့ကျောပေါ်မှ ကျွန်တော် ရှိမနေစေလိုသည့်ပုံ ပြတော့သည်။ ခုန်ဆွ ခုန်ဆွလုပ်သည်။ ဘယ်ယိမ်းထိုး ညာယိမ်းထိုးပြုသည်။ လယ်တစ်ကွက်အကျော် လောက်က ဥယျာဉ်ဝင်းခြံတစ်ခုဘက် အတင်းပြေးသည်။ ကပ်သည်။ ကိုယ်ကို ခါသည်။

အမှန်က ကျွန်တော်သည် မြင်းကောင်းကောင်း စီးတတ်သူမဟုတ်။ ကျွန်တော့်အဘိုးပြောပြဖူးသော မြင်းစီးနည်းတွေကိုသာ ကြားဖူးနားဝရှိထားသူဖြစ်သည်။ ဝက်စထိန်းကားတွေထဲမှာ နွားကျောင်းသား ပွန်ဝိန်းက နွားဖမ်းကြိုးခွေ၊ ဝင်ချက်စတာ သေနတ်နှင့် ချက်စထာဖီး စီးကရက်ခဲကာ မြင်းကဆုန်ချ စီးသွားဟန်တွေကို မြင်ဖူးထားသူဖြစ်သည်။

အခုတော့ လက်တွေ့၊ မြင်းက မြင်းသိုး မြင်းကပ်ဖြစ်နေချေပြီ။ ကျောပေါ်ကနေ ကျွန်တော့်ကို ခါချနေပြီ။ ပြေးချည့် ခုန်ချည့် လှည့်ချည် ပတ်ချည်ဖြင့် ဝညာပြနေပြီ။ ချွေးသီးချွေးပေါက် ခြေမလောက်တွေ နဖူးမှစီးနေသည့် ကောင်းဘွိုင် ကျွန်တော်က မြင်းပေါ်မှ မကျရအောင် အတော်ခက်ခဲပင်ပန်းကြီးစွာ ကြိုးစားနေရင်း ရင်ရော ကျောပါ မောလှပြီ။ မောင်အောင်မြင့်ကား ကျွန်တော့်နောက်တွင် ပါလာသည့် အထင်နှင့် မြင်း အပြေးနှင်သွားသည်မှာ သူ့ကို လှမ်းကြည့်၍ပင် မမြင်ရတော့။

မြင်းနှင့် ကျွန်တော်၊ ကျွန်တော်နှင့်မြင်း လုံးလားထွေးလား ရစ်ပတ်နေသည်။ မိနစ်နှစ်ဆယ်လောက် ကျွန်တော့်ကို ပညာပေးပြီးသည့်အခါ သင်း သိသွားပုံရသည်။ ကျွန်တော်ကား သင်းကို ဇက်ကြိုးမနိုင်။

သည်မှာပင် သင်းက ဝါးတောဘက်ပြေးသည်။ သူဆွဲပြေးရာ ကျွန်တော် ပါ

mgyoe.com

mgyoe.com


သွားသည်။ လမ်းမှာ ဆူးလေတောရှိသည်။ ဒါကို ဖြတ်ပြေးသည်။ ကျွန်တော့် ခါးအောက်ပိုင်းတစ်ခုလုံးကို ဆူးတွေငြိသည်။ ရှားရှားပါးပါး တစ်ထည်သာရှိသော မာဘိုထက်စ်ဘောင်းဘီ စုတ်ပြဲသွားသည်။ သင်းကမရပ်၊ တောကျောင်းဘက်ပြေးသည်။ လမ်းမှာ ရိုးကလေးရှိသည်။ ထိုရိုးကို လွှားခနဲခုန်သည်။ ကျွန်တော် ဘယ်လိုမှ ထိန်းမရနိုင်တော့။ မြင်းကိုလည်း မထိန်းနိုင်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း မထိန်းနိုင်။

"ဖုန်း"။ "ဗွမ်း"။ ရိုးထဲသို့ ကျွန်တော် ပြုတ်ကျသွားသည်။ ရိုးကား ရေအနက်ကြီးမဟုတ်၍သာ တော်တော့သည်။ ရွှံ့ကားရေတွေ အလိမ်းလိမ်းဖြင့် ကျွန်ုပ်တော် ကျန်ရစ်ခဲ့ပြီ။ ကျွန်တော် ချစ်လှစွာသော ပုဏ္ဏကတော့ လည်ဆံတမော့မော့ ပြေးလေပေါ့။

တစ်ကိုယ်လုံး ပေရေစုတ်ပြတ်စွာဖြင့် ရိုးထဲက တက်လာခဲ့သည်။ တဖြည်းဖြည်းချင်း လျှောက်လာပြီး တာလမ်းဘေး ကုက္ကိုပင်မြစ်ပေါ်တွင် စိတ်ပျက်လက်ပျက်ထိုင်ချလိုက်သည်။

ပတ်ဝန်းကျင်တွင် ညီအစ်ကို မသိတသိ ဖြစ်နေပြီ။ မန်းကလိတ်နှင့်လည်း အတန်ငယ်ဝေး၊ ကွမ်းခြံကုန်းလည်း မရောက်တတ်သေး။ မြင်းကလည်း ဘယ်ဆီကို ပြေးလေသည်မသိ။

နဂိုက ပြေချောမည်အထင်နှင့် ခရီးအစီအစဉ်သည် မြင်းသိုးမြင်းကပ်ကြောင့် မိုးကြီးချုပ်ပေတော့မည်။ ကွမ်းခြံကုန်းကို အချိန်မီမရောက်နိုင်တော့ ဒလကမ်းနားရောက်ဖို့ ဝေလာဝေး၊ ညစာမီရေးကတော့ မှုံမွှားမွှားတောင် မမြင်။

သေချာသည်။ မန်းကလိတ်အိမ် ပြန်အိပ်ရုံသာ ရှိတော့သည်။ ဆတ်ခနဲ ကိုယ်ကိုမတ်၍ ထကာ လမ်းပြန်လျှောက်ခဲ့သည်။ မြင်းသိုးကို တတွတ်တွတ်ကြိမ်ဆဲ။ တက်တစ်ချက်ခေါက်နှင့် မကျေမနပ် ဖြစ်နေရသော်လည်း ကိုယ့်ဘာသာကိုယ် တစ်ခုခုအကြီးအကျယ် မှားယွင်းသွားမှန်းတော့ သိနေသလိုလို ဗိုးတိုးဝါးတား ...

တဖြည်းဖြည်းပြန်လျှောက်လာရင်း နောက်ဘက်ဆီမှ မြင်းခွာသံကြားရသည်။ လှည့်ကြည့်လိုက်တော့ မောင်အောင်မြင့် အမှန်ပါပဲ။ မြင်းတစ်ကောင်ကို စီးရင်း နောက်တစ်ကောင်ကို ကြိုးကဆွဲလို့။ ကြိုးဆွဲလာသည့်အကောင်က ကျွန်တော့်ကို ပညာပြသွားသည့် ပုဏ္ဏကမြင်း။

"ကျွန်တော်က အစ်ကိုကြီးပါလာတယ်မှတ်လို့၊ ကျောင်းကုန်းကအထွက်မှာ ဒီကောင်ကြီးနောက်က မိလာတယ်။ အစ်ကိုကြီးမပါတာနဲ့ ကျွန်တော်လည်း တစ်ခုခုပဲဆိုပြီး ပြန်လှည့်လာတာ"

မောင်အောင်မြင့်က ပြောသည်။ ကျွန်တော်က ဖြစ်ပုံအစုံကို ပြောပြလိုက်သည်။ သူက ပြုံးပြီး ပြန်ပြောသည်။

"ကျွန်တော်တို့ရွာကထွက်ခါနီး မန်းအောင်ရှင်ပြောသလိုပေါ့အစ်ကိုကြီးရ။ ကျွန်တော်တို့က မြင်းထီးနဲ့ မြင်းမတော့ ခွဲသိပါရဲ့၊ မြင်းကပ်နဲ့ မြင်းကောင်းကျတော့..."

mgyoe.com

mgyoe.com


"လက်ထဲမှ ရွှံ့အလိမ်းလိမ်းကပ်နေသော နာရီလက်တံတွေက ၇ နာရီ ၄၅ မိနစ် ပြညွှန်းနေသည်။

အမှတ်(၇)၊ ဩဂုတ်လ၊ ၂၀၀၁၊ စံပယ်ဖြူမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# မြသံစဉ်ညို

ဗရေရှမ်း

တိတ်တိတ်ကလေး ပြေးသွားသော ခြေသံဖွဖွလေး၏ နောက်ကွယ်၌ လျှို့ဝှက်မှုနှင့် ဆန္ဒစောမှုရှိပါသည်။ အလောတကြီး ထပျံသန်းကြသော ငှက်တစ်ကောင်၏ တဖြန်းဖြန်းတောင်ပံခတ်သည့် သံစဉ်ကြမ်းကြမ်းထဲတွင် စိုးရွံ့ထိတ်လန့်မှုရှိပါသည်။ ကြယ်စင်လေးတွေ၏ အကြည့်များ ပေကလပ်၊ ပေကလပ် ဖြစ်နေကြခြင်းမှာ ညကြီးအချိန်မတော် အိမ်အောက်ထပ်၌ ချိန်းတွေ့ကြသော ရည်စားအသစ်စက်စက်လူသားနှစ်ဦး၏ ခိုးကြောင်ခိုးဝှက် ရင်ခုန်သံကြောင့်ဖြစ်ပါသည်။ ဆေးခန်းဖွင့်၍ ဆေးကုနေသော ဆရာဝန်တစ်ဦးသည် စီးပွားတက်စေကြောင်း ဆုမွန်ကောင်းတောင်းလိုက်သောအခါ ရောဂါဘယ ဗေဒပိုးမွှားများ ထခုန်၍ ပျော်မြူးသွားကြလေသည်။ နိုက်ကလပ်ဝန်ထမ်းမလေး (သို့မဟုတ်) ဘီယာမယ် (သို့မဟုတ်) ရီဝေဝေ မျက်လွှာများ၏ လောင်းရိပ်အောက်မှ အဆိုတော်မလေးများကို အထင်သေးရန် မသင့်ပါ။ အစာအိမ်အချင်းချင်း ကိုယ်ချင်းစာသင့်ပါသည်။ သတိပေးဆိုင်းဘုတ်များကို ရှေ့ပြေးခတ်၍ ရေးထွင်းလိုက်သောအခါ ရွှေသည် လက်ဝတ်တန်ဆာအဆင့်နှင့် ဂုဏ်တုဂုဏ်ပြိုင် သင်္ကေတမှ ရာထူးပြုတ်သွားမည်မှာ သေချာလွန်းပါသည်။ ကမ္ဘာဆန်လာခြင်းကြောင့် ပြောင်းလဲရပါမည်။ "မြန်မာ" ဆိုသည်မှာ လူမျိုးနာမည်ဖြစ်၍ "မန္တလေး"ဆိုသည်မှာ မင်းနေပြည်တော်မြို့ဟောင်းဖြစ်ခဲ့သည်ဆိုခြင်းနှင့် "ဒဂုံ"ဆိုသည်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက "ရန်ကုန်" လို့ အမည်ပြောင်းခဲ့သော မြို့တစ်မြို့ဖြစ်ခဲ့သည်ကို မွေးစားသမီးဦးလေး "မြသံစဉ်ညို" ကို ပြောရပါမည်။ လူသားအချင်းချင်း၏ ဆက်ဆံရေးကွန်ရက်သည် တစ်ခြမ်းက ဆွဲဆောင်နေ၍ တစ်ခြမ်းက တုန်းကန်နေပါသည်။ ခပ်ရှင်းရှင်းဆိုပြီ။ နှလုံးသား၌ ဗဟိုမရှိသင့်ပါ။ မြန်မြန်ပျက်စီးတတ်သောသဘောရှိပါသည်။ ဝိုင်းဝန်းထောက်ကူခြင်းသဘောက ရေရှည် ရှင်သန်တတ်ပါသည်။ ဤအချက်ကို ငြင်းဆန်ရဲသော သူသည် လေမုန်တိုင်းကို ချစ်သောသူ ဖြစ်ပါလိမ့်မည်။ ရေပ်သီးသည် မစပ်ပါ။

mgyoe.com

mgyoe.com


လျှာက စပ်ခြင်းဖြစ်ပါသည်။ထန်းလျက်က မချိုပါ။ လျှာက ချိုခြင်းဖြစ်ပါသည်။ လူသား အချင်းချင်း ချစ်တတ်သူများသာ ကမ္ဘာကျော်ခြင်းမဟုတ်။ ကိုယ့်ကိုယ်ကိုယ် အလွန် အမင်း ချစ်ကြသူများလည်း ကမ္ဘာကျော်တတ်ပါသည်။ ကျွန်တော် ကမ္ဘာ မကျော်ချင်ပါ ဟု ပြောသူ၏စိတ်သည်တစ်ခြမ်းသည် ကမ္ဘာလုံးပုံကြီးကို ခွထိုင်ထားပါသည်။ မိုးကောင်း ကင်ကြီး၏ အကျယ်အဝန်းကို တွက်ချက်ရန်မှာ အလွန်လွယ်ကူပါသည်။ သင် တစ် ပတ်လည်၍ ကြည့်လိုက်ပါ။ သင်၏ မျက်စိတစ်လည်အမြင်သည် မိုးကောင်းကင်ကြီး ၏ အကျယ်အဝန်းဖြစ်ပါသည်။ အချို့ကိစ္စများ လေလုံးထွားရန် မသင့်ပါ။ အချို့ အကြောင်းများ ကြွားလုံးထုတ်ရန် အလွန်သင့်ပါသည်။ လှောင်အိမ်ထဲမှ ကြိုးတုပ် ထားသောကျားကို စိန်ခေါ်ခြင်းပြုလုပ်ရန် ကျွန်တော် အလွန်ရှက်ပါသည်။ မမေ့နိုင် သော အဖြစ်အပျက်များသည် ခါးသက်သက် ဖွဲ့တည်မှုများဖြစ်တတ်၍ ရွှေပုံ ချိုမြိန် ကာလများသည် နောင်အနာဂတ်၌ ဘဝင်ကိုင်စရာများဖြစ်တတ်ပါသည်။ အင်္ဂလိပ်စာ တတ်မြောက်ဖို့ အလွန်လိုအပ်သော်လည်း မြန်မာစာရေးဆရာများ၏ မြန်မာစာ၊ မြန် မာစကားများထဲတွင် အင်္ဂလိပ်အက္ခရာ ညှပ် ညှပ် သုံးတတ်ခြင်းကို မြဝတီမင်းကြီး ဦးစ က စွဲချက်တင်ပါလိမ့်မည်။ ရှိပါသေးသည်။ အလုအယက်ကို ခံစားတတ်လွန်းသော ကျွန်တော်၏ နှလုံးသားက ဇနီးသည်ကို အားနာနေပါသည်။ ကုန်ပစ္စည်းပေါ်က ဈေး နှုန်း စတစ်ကာ ကိန်းဂဏန်းများကို အလွန်မုန်းတီးမိပါသည်။ ကျွန်တော်၏အဆောင် အယောင်များလွန်းသော စရိုက်ကို အပြီးအပိုင် ရောင်းစားချင်ပါသည်။ ကျွန်တော်၏ ခေါင်းထဲမှ သံသယဆိုသော ဝေါဟာရကို ကျွန်တော် ကြည့်မရပါ။ ကျွန်တော့်ကို ကုပ်ပိုးခွစီးထားသော "ဒေါသ" ခံစားချက်ကို မီးတိုက်ပစ်ချင်ပါသည်။ တစ်ခါ တစ်ခါ ကျွန်တော်၏ လူရိုသေ ရှင်ရိုသေ မဆန်တတ်သော ပါးစပ်ပေါက်ကြောင့် ကျရှုံးစေ တတ်သော်လည်း ကျွန်တော့်ကို မုန်းသူများကြောင့် ကျွန်တော် အောင်မြင်မှုရတတ်ခြင်း ဖြစ်ပါသည်။ ကျွန်တော် အသက်ရှည်ချင်လွန်း၍ များများမုန်းပေးကြပါ။ ကျေးဇူးတင် ပါမည်။ ကျွန်တော့်ကို ချစ်သူများရှေ့တွင် ကျွန်တော် ခဏခဏ ကျရှုံးတတ်ပါသည်။ မေတ္တာရပ်ခံလိုပါသည်။ ငှက်ကလေးများကို လှောင်အိမ်ထဲထည့်၍ ရောင်းမစားကြပါ နှင့်။ နာမည်ကြီးဖို့အတွက် အနုပညာကို ခုတုံးမလုပ်သင့်ပါ။ အံဖတ် ဆို့တတ်ပါသည်။ အနုပညာသည် စီးပွားရေးမဟုတ်။ ကျွန်တော့်တစ်သက်တွင် ထီဆိုင်မဖွင့်ပါ။ အရက် မရောင်းပါ။ ဆေးလိပ်ကုန်သွယ်ရေး အားမပေးပါ။ ကျွန်တော်၏ အကြီးကျယ်ဆုံး အားနည်းချက်မှာ ဆေးလိပ်ချင်ခြင်းအာသာကို ဆွဲထုတ်ပစ်ရန် ပလာယာ ဝယ်မရခြင်း ဖြစ်ပါသည်။ ဖြစ်တတ်ပါသည်။ သို့သော် ငါးပွက်ရာ ငါးစာချ စီးပွားရေးသမားများ၏ အတ္တပုံသဏ္ဌာန်သည် ဆွေးမြေ့ပျက်စီးသင့်ပါပြီ။ သူဌေးတစ်ဦးဖြစ်လိုလျှင် နည်းသစ် တစ်ခု တီထွင်နိုင်ရပါလိမ့်မည်။ အရောင်များသာမရှိလျှင် ကမ္ဘာကြီးဆိုသည် အသက် ရှင်လာမည်မဟုတ်ပါ။ အလွန်တရာ မလိုတမာကြည့်တတ်သော မျက်ဝန်းတစ်စုံ၌

mgyoe.com

mgyoe.com

အလှတရား ခန်းခြောက်နေပါသည်။ ကျွန်တော့်မျက်လုံးတစ်ဖက်၌ အလှတရားမရှိခြင်းကို အော့နှလုံးနာမိပါသည်။ ထိုအချက်က ကျွန်တော့်ကို "သရဖူ" ရစေတတ်သည်မှာ မထူးဆန်းပါ။ လူသားများအားလုံး သချိုင်းကုန်းသို့ ဦးလှည့်ထားကြပါသည်။ လမ်းခရီး၌ သစ်ပင်စိုက်သင့်ကြပါသည်။ သတိတရား ရကြပါဗျို့။ ဤစာသည် ကျွန်တော် လူ့လောက၌ အသက်ရှင်နေထိုင်ခဲ့သည်ဆိုခြင်းကို သက်သေထူ မှတ်တမ်းတင်ပါလိမ့်မည်။ ရွေးချယ်စရာ အခြားလမ်းမရှိတော့သည့်အခါ သေခြင်းတရားကို မတုန်လှုပ်ပါဟု ပြောလိုက်ရပါသည်။ အရှက်ပြေဆိုသော စကားသည် အရာရာအသုံးတည့်ပါသည်။ သရုပ်ဆောင်ခြင်းမဟုတ်ပါ။ စရိုက်စစ်စစ် ဖြစ်ပါသည်။ ကျွန်တော့်သမီးလေးကို စာဖတ်ဝါသနာပါစေချင်ပါသည်။ အနုပညာနှင့် တစိမ်းပြင်ပြင် မဆက်ဆံစေလိုပါ။ တုံး တစ်တိုက်စာ ရဲတင်းမှု ရှိစေချင်ပါသည်။ မျက်စိနှစ်ဖက်လုံး မြင်တတ်စေချင်ပါသည်။ လက်နှစ်ဖက်လုံး၊ ခြေနှစ်ဖက်လုံး၊ နှလုံးသားတစ်ခုလုံး ပကတိ မှန်မှန် အသုံးပြုတတ်စေလိုပါသည်။ အောင်မြင်မှုနှင့် ကျရှုံးမှုနှစ်ခုလုံးအပေါ် ကော်ဖီတစ်ခွက်သောက်သလို သဘောထားစေချင်ပါသည်။ ထို့ပြင် အရေးကြီးဆုံးမှာ လောကကိုချစ်စေလိုပါသည်။ ကျွန်တော့်ဆန္ဒများနှင့် တစ်ပြိုင်နက်၌ အမှန်တရား၏အပြေမှာ သူ့ကို ကျွန်တော် ပိုင်လို၍ မရပါ။ မိဘဆိုသော "ဝါ" ဖြင့် သမီးကို လက်ထိပ်ခတ်ရန် မသင့်ပါ။ မြေပုံအညွှန်းလောက်တော့ ပေးသင့်သည်ဟု မြင်ပါသည်။ သေချာသည်မှာ သမီးဦးလေးသည် မတော်တဆ ရောက်လာခြင်းမဟုတ်ပါ။ အစီအစဉ်ရှိရှိ ကြိုးစား ဖိတ်ခေါ်လိုက်ကြခြင်းဖြစ်ပါသည်။ ကျွန်တော့်သမီးဦးလေးကို ကျေးလက်ရနံ့ သင်းစေချင်ပါသည်။ သမီးဦးလေး၏ လက်အလျားသည် ကမ္ဘာတစ်ဆန့်စာ ရှိစေချင်ပါသည်။ ကျွန်တော် ဘာမျှမတတ်နိုင်ပါဟု ပြောခြင်းဖြင့် ကျွန်တော့်ကိုယ်ကျွန်တော် မကာကွယ်လိုပါ။ ဟုတ်ကဲ့။ ကျွန်တော် တိတ်တိတ်ကလေး ပြောဖူးပါသည်။ အလန့်တကြား ထပ်ဖူးပါသည်။ အမေ့ကို အရမ်း လွမ်းခဲ့ဖူးပါသည်။ ကောင်းကင် ပျောက်ခဲ့ဖူးပါသည်။ "တောင်းပန်ပါတယ် သမီးရေ" ဟု အကျယ်ကြီး ဆယ်ကြိမ်ပြောမိပါသည်။ ဒါဆို ... သမီးဦးလေး ကျွန်တော့်ကို နားလည်နိုင်ပါလိမ့်မည်။ မျှော်လင့်ရပါ၏။ ဒုတိယဖြောင့်ချက်။ လူတွင် သေတတ်ခြင်းနှင့် မှားတတ်ခြင်းသဘာဝ ရှိတတ်၍ ဤ "အနုစာစု" ကို ရက်ပိုင်း "သမီးဦးလေး" သိစေရန်နှင့် "အနာဂတ်" သိစေရန် ရေးရခြင်း ဖြစ်ပါသည်။

၂၃-၈-၂၀၀၀။

ဧပြီလ၊ ၂၀၀၂၊ ဟန်သစ်မဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# ရန်ကုန်စရိုး၊ ဘဝစရိုးနှင့် သံသရာ

ဒေါက်တာစိုးအောင်

ရန်ကုန်သို့ ကျွန်တော် မကြာခဏ သွားရသည်။ မိသားစုကိစ္စ၊ အလုပ်ကိစ္စ အကြောင်းမျိုးစုံဖြင့်။ ယခုတစ်ခေါက်တော့ အဖေ့၏ ကျန်းမာရေးကိစ္စ၊ အဖေ့တွင် သွေးတိုး၊ နှလုံးရှိသည်။ သူငယ်ချင်း နှလုံးအထူးကုဆရာဝန်ကြီးနှင့် Check-up လုပ်ချင်သည်။ ထို့ကြောင့် ရန်ကုန်သို့ ကျွန်တော် သွားရပြန်သည်။

မကွေးကားဂိတ်အတွင်းသို့ ကျွန်တော်တို့သားအဖ ဝင်လိုက်ကြသည်။ လက်ဆွဲအိတ်ကို အတွင်းကျကျ ခုံရှည်တစ်ခုပေါ် လှမ်းတင်လိုက်သည်။ "ဆရာ ဘယ်သွားမလို့လဲ" ရှေ့ခုံတွင် ထိုင်နေသော သက်လတ်ပိုင်း လူတစ်ယောက်က ကျွန်တော့်ကို လှမ်းနှုတ်ဆက်လိုက်သည်။ သူ့ကို ရုတ်တရက် မမှတ်မိ။ အလိုက်အထိုက် ပြန်ပြော နေရင်း စဉ်းစားကြည့်တော့လည်း မပေါ်။

"ခင်ဗျား တစ်ယောက်တည်းလား"

"ဟုတ်တယ် ဆရာ၊ ကျွန်တော့် မိန်းမ ဆုံးသွားပြီလေ"

သူ့မျက်နှာတွင် အဆွေးရိပ်တွေ သိသိသာသာ သမ်းသွားသည်။ ခေါင်းကို မငုံ့တငုံ့လုပ်ရင်း သူ့ဇာတ်ကြောင်းကို ပြောပြသည်။ သူ့ဇနီးမှာ ဒုတိယကလေးမွေးပြီး ငါးရက်အကြာတွင် သေဆုံးသွားခြင်းဖြစ်သည်။ သူ့အပြောအရ ကလေးမွေးပြီး ခြေသလုံးရောင်လာ၊ နာလာသည်။ တခြားဘာမှ မဖြစ်၍ ပေါ့ပေါ့နေမိသည်။ သက်ဆိုင်ရာ တာဝန်ရှိသူတို့ကလည်း အရေးကြီးသည်ဟုမပြော။ မောလာ၍ လှည်းကူးမှ ရန်ကုန်သို့ အပို့တွင် အမောဖောက်ကာ လမ်း၌ပင် ဆုံးရှာသည်။ မီးဖွားအပြီး ခြေသလုံးတွင် ဖြစ်တတ်သော Deep Vein Thrombosis ခေါ် ရောဂါဟု ကျွန်တော်က ကောက်ချက်ချမိသည်။ ဆုံးတော့ အသက် ၂၄ နှစ်သာ ရှိသေးသည်။

"ကိုယ်ဝန်ဆောင်နဲ့တုန်းက ကျွန်တော် တာဝန်ကျတဲ့မြို့မှာနေတုန်း သူနဲ့ ကျွန်တော် ကိစ္စတစ်ခုနဲ့ ရန်ဖြစ်ကြသေးတယ်ဆရာ။ ဆရာသိတဲ့အတိုင်း သူက စိတ်

mgyoe.com

mgyoe.com

ကြီးတယ် မဟုတ်လား။ အိမ်ပေါ်က ဆင်းသွားပြီး သူ့သူငယ်ချင်းအိမ်သွားနေတယ်။ သူငယ်ချင်းက ဖုန်းဆက်လို့ ကျွန်တော်သွားခေါ်ပြီး လှည်းကူးက မိဘအိမ်ကို ပို့ထားတာပါ ဆရာရယ်"

စကားပြောနေရင်း သူ့အသံက တိမ်ဝင်သွားသည်။ ကျွန်တော်လည်း ဆက်ပြီး မမေးရက်သဖြင့် အသာငြိမ်နေလိုက်သည်။ ကျွန်တော့်မှာ Piles ဖြစ်တုန်းက ဆရာက ချက်ချင်းဆေးရုံတက်ဆိုလို့ ကျွန်တော် တက်လိုက်တယ် ဆရာ၊ သွေးနှစ်လုံးသွင်းပြီး နှစ်ရက်လောက်ကြာတော့ Piles ကို ဖြတ်ထုတ်ပစ်လိုက်တယ်။ ကျွန်တော့်မိန်းမခမျာ အဲဒီတုန်းက အတော်ပင်ပန်းရှာပါတယ်။ ကလေးတစ်ဖက်နဲ့ မညည်းမညူ ကျွန်တော့်ကို ဂရုစိုက်ရှာတယ်"

ကျွန်တော် ဘာမှ ပြန်မပြောမိ။ ညှိုးငယ်၍ အလွမ်းရိပ်သမ်းနေသော သူ့မျက်နှာကို ကျော်၍ အဝေးသို့သာ ငေးနေမိသည်။ "ခရီးသည်များ ကားပေါ်တက်နိုင်ပါပြီ" ကားဂိတ်မှူး၏ အသံကြောင့် ကျွန်တော်တို့ အိပ်မက်ဆိုးမှ လန့်နိုးသွားကြသည်။ သူ့ပခုံးကို အသာအယာလှမ်းပုတ်လိုက်ရင်း "သွားမယ်ဗျာ"ဟု ကျွန်တော် နှုတ်ဆက်လိုက်သည်။ ရန်ကုန်ခရီး၏ အစဝယ် ဘဝခရီး၏ ဓာတ်လမ်းတစ်ပုဒ်က ကျွန်တော့်နောက်တွင် ကျန်နေရစ်ခဲ့ပြီ။

ရန်ကုန်ကိုရောက်တော့ အဖေ့ကို ဆေးခန်းများ၊ ဓာတ်ခွဲခန်းများသို့ လိုက်ပို့ရသည်။ လူနာများဖြင့် ကြိတ်ကြိတ်တိုးနေသော ဆေးခန်းကျဉ်းကျဉ်းလေးဝယ် သူငယ်ချင်းက လိုတာမှန်သမျှ ဂရုတစိုက် လုပ်ပေးရှာပါသည်။ သူထိုင်သော Polyclinic တွင် မရှိသည့် စစ်ဆေးမှုများအတွက် အခြားတစ်နေရာသို့ ညွှန်းပေးသည်။ ရန်ကုန် လမ်းမများတစ်လျှောက် လူတွေက ကြိတ်ကြိတ်တိုးနေသည်။ အဖေ့လက်ကို ဆွဲရင်း လူကြားထဲတွင် ကျွန်တော်တို့ ညပ်နေကြသည်။ တွန်းတွန်းတိုက်တိုက်နှင့်ပင် အဖေ့ကျန်းမာရေးလုပ်ငန်းအားလုံး ပြီးပြတ်ခဲ့သည်။

ရန်ကုန်ရောက်နေသော လက်လှမ်းမီရာ သူငယ်ချင်းများစု၍ နေ့လယ်စာ စားကြရန် ကျွန်တော်တို့ သူငယ်ချင်းတွေ စီစဉ်ကြသည်။ မင်္ဂလာဆောင်တော့မည့် ပိုက်ဆံအိတ်ဖောင်းသော သူငယ်ချင်းများက သူ ဒကာခံမည်ဟု ဆိုသည်။ တစ်ယောက်နှင့်တစ်ယောက် ကိုးနှစ်၊ ဆယ်နှစ်ခန့် ကင်းပြတ်နေသည်ကြောင့် ပြောစရာစကားတွေက တောင်လိုပုံနေသည်။

စာတော်သော သူငယ်ချင်းများ၏ ဘွဲ့ထူး ဂုဏ်ထူး၊ ရာထူးဂုဏ်သိန်တို့ဖြင့် အောင်မြင်နေသည့် မုဒိတာဖြစ်ဖွယ် သတင်းများ၊ နိုင်ငံရပ်ခြား ပညာတော်သင်သွားကြသူတို့၏ အတွေ့အကြုံများနှင့် ဟာသများ၊ မိန်းကလေး ယောကျ်ားကလေး သူငယ်ချင်းအစုစုတို့၏ မင်္ဂလာသတင်းနှင့် အိမ်ထောင်ရေးသတင်းများ၊ လောကကြီးဝယ် မရှိတော့ရှာသော သူငယ်ချင်းတချို့၏ စိတ်မကောင်းဖွယ် သတင်းများ၊ ဆရာသမားကြီးငယ်

mgyoe.com

mgyoe.com


တို့၏ သာရေး နာရေး သတင်းများ၊ မိမိတို့၏ ရှေ့လုပ်ငန်းအစီအစဉ် စိတ်ကူးများ၊ စားနေသော ရှမ်းထမင်း၊ ရှမ်းဟင်းများ ကောင်းသည်ထက် စကားပြောရတာက ပိုမြိန် နေပေသည်။

ကျွန်တော်တို့နှင့် တစ်တန်းတည်း သူငယ်ချင်းတော်တော်များများမှာ အထူးကု ဆရာဝန်ကြီးတွေဖြစ်နေကြပြီ။ တချို့မှာလည်း အထူးကုသင်တန်းတက်နေကြဆဲ။ ရိုးရိုး တွန်းတန်း ဆရာဝန်ဘဝနှင့် အရိုးထုတ်ကြမည့်သူ အများစုမှာတော့ အစိုးရအလုပ်၊ ဝင့်မလုပ်ကြ။ သန်ရာ သန်ရာ စီးပွားရေးလေးတွေ တွဲလုပ်နေသူရှိသလို ဆရာဝန် အလုပ်ကို လုံးဝမလုပ်တော့ဘဲ လိုင်းပြောင်းသွားသည့်သူများလည်းရှိသည်။ အားလုံး တူညီကြသည်မှာတော့ ဘဝရေစီးကြောင်းဝယ် သူ့လှေနှင့်သူ မျောပါနေကြခြင်းပင်ဖြစ် သည်။ တချို့က ရေစုန်တွင် အသာလေးမျောသွားနိုင်၍ တချို့က ရေဆန်တွင် လှော် ခတ်နေရသည်သာ ကွာသည်။

ဘဝရေစီးဝယ်၊ လှိုင်းပုတ်၊ ဝဲစုပ်၍ စုံးစုံးမြုပ်သွားကြသော သူငယ်ချင်းတို့ အကြောင်းကိုလည်း စကားဝိုင်းတွင် ကြားရသည်။ တစ်ဦးမှာ ကျောင်းတုန်းက ကျွန် တော်နှင့် အလွန်ရင်းနှီးသည်။ ခွဲစိတ်အထူးကုဖြစ်ကာမှ နောက်ထပ်ဘွဲ့တစ်ခုအတွက် လုံးပန်းနေရင်း ဘာမဟုတ်သည့် အရက်အတွက် အသက်ပေးခဲ့ရသည်။ အောက်ခြေမှ တက်ခဲ့ရသည့် သူ့ဘဝကို ကျွန်တော် အသိဆုံးမို့ သူ့အတွက် နမြောတသ၍မဆုံး။

နောက် သူငယ်ချင်းတစ်ဦးမှာတော့ ဆရာဝန်ဖြစ်၍မှ မကြာမီ စိတ်ကျရောဂါ ဖြင့် Suicide လုပ်ခဲ့သည်။ သူ့ကိုသိသူ၊ သူငယ်ချင်းအများစုမှာ ဤအဖြစ်အပျက်ကို ဘယ်လိုမှ နားမလည်နိုင်ကြ။ ကျောင်းတုန်းက ပျော်ပျော်နေတတ်သော သူငယ်ချင်း တစ်ယောက် ဘယ်လိုလှိုင်းတံပိုးနှင့်တွေ့၍ ဘယ်လိုဖောက်ပြန်သွားပါလိမ့်။ ကျွန်တော် တို့ တွေးမရနိုင်အောင် ဖြစ်ခဲ့သည်။ ဘဝခရီး၊ သံသရာခရီးဝယ် ကျွန်တော်တို့ မသိနိုင် တာတွေကလည်း အများသားပါကလား။ ရန်ကုန်ခရီးဝယ် ဘဝနှင့် သံသရာအကြောင်း ကိုပါ နယ်ချဲ့၍ ကျွန်တော် အတွေးရောက်နေမိသည်။

ဆရာသမားများ၏ အကြောင်းကိုလည်း ကျွန်တော်တို့ စကားဝိုင်းတွင် ပြော ဖြစ်ကြသည်။ တချို့ဆရာကြီးများ ပင်စင်ယူကြပြီ။ တချို့က အကြံပေးပုဂ္ဂိုလ်ဆက် လုပ်သည်။ တချို့က စီးပွားရေး၊ တချို့က ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများ။ သူတို့လည်း သူတို့ရေစီးကြောင်းနှင့်သူတို့ စီးနေကြသည်။ ကျွန်တော်တို့ ဆရာဝန်ဖြစ် စက သွားရောက်ကန်တော့ခဲ့ကြသော သမားတော်ကြီး(အဘ) နှင့် ခွဲစိတ်ဆရာဝန်ကြီး (ဦးဇော်ဝင်း)တို့မှာတော့ ဤရေစီးကြောင်းမှ ထွက်ခွာသွားခဲ့ကြပြီ။ ရုပ်ရည်အလွန်သန့် ပြန့်၍ စာသင်ကောင်းလှသော ဆရာဦးခင်မောင်ဘိုတစ်ယောက်မှာလည်း ဆရာကြီး များထက်စော၍ပင် လောကကြီးကို စွန့်ခွာသွားခဲ့ပြီ။

တတိယအရွယ်တွင် ဘဝ၌ အဆင်ပြေနေသူ ဆရာတို့အကြောင်း ကြားရလျှင်

mgyoe.com

mgyoe.com


ပီတိဖြစ်ရသလို သားရေးသမီးရေး လူမှုရေးနှင့် စီးပွားရေးတို့ကြားဝယ် လောကဓံ၏ အလှည့်အပြောင်း အထုအထောင်းကို ခံနေရသော ဆရာတို့၏ အကြောင်းကို ကြားရပြန်တော့ စိတ်မကောင်း။ သားသမီးတို့၏ မလိမ္မာမှုကြောင့် ကျွန်တော်တို့၏ငယ်ဆရာတစ်ဦးနှင့် ကြီးဆရာတစ်ဦးတို့မှာ ငွေလည်းကုန်၊ လူလည်းပန်း၊ စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ခဲ့ရသည်။ ဆရာဝန်ကြီးတစ်ဦးမှာတော့ မိမိကိုယ်တိုင် တည်ထောင်လုပ်ကိုင်နေသာ စီးပွားရေး ပြိုကွဲသွားသဖြင့် စိတ်အထိခိုက်ကြီး ထိခိုက်ခဲ့ရသည်။ "မင်းတို့ကိုယ်ကျွမ်းကျင်ရာသာ ကိုယ်လုပ်ကြ။ လုပ်ရင်လည်း သတိကြီးကြီးထားလုပ်၊ ကြိုမမြင်ရတဲ့ ဆုံးရှုံးမှုတွေ ရှိနိုင်တယ်ဆိုတာကိုလည်း ကြိုပြီးမျှော်လင့်ထားကြ" ဟု တွေ့ရကြုံရသော တပည့်များကို ဆရာကြီးက သတိပေးခဲ့သည်။

ခွဲစိတ်ဆရာဝန်ကြီးတစ်ဦး၏ ဘဝရေစီးတစ်ကွေ့မှာတော့ သိသိသာသာ ပြင်းထန်လှသည်။ ပိုးမွေးသလို ဂရုတစိုက် မွေးလာခဲ့သော သမီးငယ်တစ်ယောက် အထူးကုဆရာဝန်ဖြစ်ခါနီးမှ မျက်နှာကို ရက်ရက်စက်စက် အက်ဆစ်ဖြင့် အပက်ခံရသောအဖြစ်ဆိုးကြီး ကြုံခဲ့သည်။ မနာလိုဝန်တိုမှု၏ ဆိုးရွားရက်စက်မှုသည် ဆရာတို့၏ ငြိမ်းချမ်းသော ကမ္ဘာလေးကို ဖျက်ဆီးခဲ့သည်။ ဆရာ့ရေစီးကြောင်းသည် မှန်ကန်သော ဓမ္မလမ်းကြောင်းပေါ်သို့ ကူးပြောင်းစီးဝင်သွားသဖြင့်သာ ကျွန်တော်တို့ တပည့်များမှာ ဆရာ့အတွက် စိတ်သက်သာရာ ရကြပါသည်။

ကျွန်တော်တို့သူငယ်ချင်းများ၏ ထမင်းဝိုင်းကား ပြီးခဲ့ပြီ။ ပြောစရာစကားများမှာတော့ မကုန်သေး။ ဘဝခရီးသံသရာခရီးဝယ် ဖြစ်ပျက်သမျှတို့မှာ မကုန်နိုင်၊ မဆုံးနိုင်ပါတကား။

ရန်ကုန်ခရီးက မပြီးသေး။ ပြန်ကာနီး တစ်ရက်နှစ်ရက်တွင် အဖေ့ကို သူ့မိတ်ဆွေများအိမ်သို့ လိုက်ပို့သည်။ ရန်ကုန်တွင် ကျွမ်းကျင်သော ကျွန်တော့်အစ်ကိုကြီးက ဦးဆောင်သည်။ ကျွန်တော်က အဖေ့ကို စောင့်ကြပ်ရုံ။ "ကက" ကားလေးက စမ်းချောင်း၊ ရှစ်မိုင်၊ တောင်ဥက္ကလာ၊ သင်္ဃန်းကျွန်း၊ ၁၄ –လမ်း၊ ပန်းဆိုးတန်း၊ ဥဒယပိုပြေးနေသည်။ အဖေကိုယ်တိုင်က ၇၄ နှစ်ရှိပြီမို့ သူ့မိတ်ဆွေများမှာလည်း ၇၀–၈၀ ကြား၊ တချို့ဆိုလျှင် ၈၀ ကျော်များ ဖြစ်ကြသည်။ သူတို့ဆိုလျှင် ၈၀ ကျော်များဖြစ်ကြသည်။ သူတို့ပြောကြသော ရှေးအကြောင်းများမှာ ကျွန်တော်တို့နားလည်သည်လည်း ရှိ၊ နားမလည်သည်လည်း ရှိသည်။ သို့သော် တူညီသည့်အချက်မှာတော့ ကျန်းမာရေးဆိုင်ရာစကားများနှင့် ဘဝခရီးတစ်လျှောက် ကျင်လည်ခဲ့ရသော အကြောင်းများ။

"ဟော့... ငါ မသေသေးဘူးဆိုတာ လာပြောတာကွ" အိမ်တစ်အိမ်သို့ရောက်တိုင်း အဖေ ဦးဆုံးပြော့နေကျ စကားဖြစ်သည်။ "အေး ... ငါလည်း မသေသေးပါဘူးကွ" ဟု အဖေ့သူငယ်ချင်းများကလည်း အားမကျမခံ ပြန်ပြောကြသည်။ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းများလို စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေးများသည် သူတို့

mgyoe.com

mgyoe.com

အတွက် အဓိကမဟုတ်တော့။ ပြီးခဲ့သော ဘဝခရီးကို လွမ်းသည့်အချိန်တွင် လွမ်း၍ ရှေ့လာမည့် ၁ံသရာခရီးအတွက် မှန်း၍ ပြင်ဆင်သူက ပြင်ဆင်နေကြပြီ။ သည်နှစ်ခု ကြားထဲတွင်ပင် မျိုးဆက်သစ်သားမြေးမြစ်တို့အတွက် အလုပ်လုပ်နေသူတို့ကလည်း လုပ်နေကြဆဲ။ သူတို့အားလုံးသည်လည်း ကိုယ့်ရေစီးကြောင်းနှင့် ကိုယ် မျောပါနေကြ ခြင်းသာဖြစ်ကြသည်။

ရန်ကုန်မှ ပြန်ရတော့မည်။ ရန်ကုန်–မကွေးခရီးကို စတားကားဖြင့်ပြန်မည် စိတ်ကူးသည်။ အဖေက သူ့သားကြီးနှင့်အတူ ရန်ကုန်တွင် နေခဲ့ဦးမည်မို့ အပြန်တွင် တော့ ကျွန်တော်တစ်ယောက်တည်း။ ညနေ ငါးနာရီထွက်သောကားသည် မကွေးဆီသို့ တောက်လျှောက်မောင်းသည်။ ထမင်းစားချိန်မှာပင် "ခဏသာရပ်သည်။ အင်း ... ဒီ ပုံဆို မကွေးကို အစောကြီးဝင်မှာပဲ" ကျွန်တော်က နှုတ်မှထုတ်၍ ပြောဆိုလိုက်မိသည်။ "ဟုတ်တယ်ဗျ၊ ဒီအတိုင်းဆို မနက်လေးနာရီမခွဲခင်ရောက်မှာပဲ" ဘေးခုံမှလူက ကျွန် တော့်ကို ဝင်၍ ထောက်ခံသည်။

သူနှင့် ကျွန်တော် လမ်းတစ်လျှောက် စကားလက်ဆုံကျသွားကြသည်။ သူ့ပုံစံ က ရိုးသားပုံရသည်။ စကားပြောတော့လည်း ပွင့်လင်းသည်။ ကျွန်တော့်ထက် လေးငါး နှစ်လောက်အသက်ကြီးပုံရသည်။ "ကျွန်တော်က ကားမောင်းပါတယ်ဆရာ၊ သူငယ် ချင်းကားကို အငှားမောင်းတာပါ။ ငယ်ငယ်တုန်းကတော့ ကျွန်တော်လည်းပဲ ပညာ သိပ်တတ်ချင်တာပါ။ ဒါပေမယ့် ဘဝက ဒီလောက်ပဲအကျိုးပေးတော့ ဒီလောက်ပဲပေါ့ ဆရာရယ်၊ ဒါတောင် လုပ်သားများကောလိပ်က ပထဝီမေဂျာနဲ့ ဘွဲ့ရခဲ့ပါသေးတယ်"

"ကျွန်တော့်အမေက ကျွန်တော် လူမှန်းသိမသိခင်ကတည်းက ဆုံးသွားတာပါ။ ကျွန်တော် ၇ နှစ်သားမှာ အဖေနဲ့ခွဲပြီး ရန်ကုန်က အသိဘုန်းကြီးကျောင်းမှာ နေရပါ တယ်။ ငယ်ငယ်ကတည်းက ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်ခဲ့ရတာပါ။ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကပဲ အဖေလည်း ဆုံးသွားရှာတယ်။ အရက်၊ စိတ်ဓာတ်ပျက်ပြားပြီး ဆုံးသွားရှာတာဆိုတော့ ကျွန်တော် တော်တော်စိတ်မကောင်းပါဘူး"

အရက်ကို စိတ်နာသဖြင့် အရက်ကစပြီး မကောင်းတာမှန်သမျှကို တတ်နိုင် သလောက် ရှောင်ကြောင်း သူက ပြောသည်။ သူပြောတာ မှန်ကန်ကြောင်း ကျွန်တော် ယုံသည်။ သူ့ပုံစံက တည်ကြည်သည်။ ကားထွက်စကပင် တရားစာအုပ်အသေးလေး ကို ထုတ်၍ ရွတ်ဖတ်သရဇ္ဈာယ်နေတာ မြင်ခဲ့သည်။ ဘုရားတစ်ဆူတွေ့တိုင်း တွေ့တိုင်း လက်အုပ်ကလေးချီ၍ အာရုံပြုသည်ကိုလည်း တွေ့ရသည်။ လူအထင်ကြီးရုံမဟုတ်၊ ဘဝပေးအသိကြောင့် အားကိုးယုံကြည်စိတ်ဖြင့် အကျင့်ဖြစ်နေပုံရသည်။

အောင်လံ အထွက်တွင် ကားက ရပ်သွားသည်။ ရှေ့တွင်လည်း ကားတန်း အရှည်ကြီး မြင်ရသည်။ "ဘာဖြစ်တာလဲဗျ" အောက်ဆင်း၍ စုံစမ်းသောမိတ်ဆွေကြီးကို ကျွန်တော်က မေးလိုက်သည်။ "တံတားအဝင်မှာ လမ်းဘေးချောက်ထဲ ကားချော်ကျ

mgyoe.com

mgyoe.com


သွားလို့တဲ့ဗျ၊ ကရိန်းနဲ့ ပြန်တင်နေတာ၊ ကြာဦးမယ်နဲ့တူတယ်" မိတ်ဆွေကြီးခန့်မှန်းသည်မှာ မှန်သည်။ ထိုနေရာတွင်ပင် သုံးနာရီခွဲကျော်ကျော် ကျွန်တော်တို့ နေခဲ့ရသည်။ မနက်ငါးနာရီမထိုးမီ မကွေးသို့ရောက်ရမည့်ကားသည် ရှစ်နာရီထိုးမှပင် မြို့သို့ ဝင်လေသည်။ ဘဝခရီးနှင့် သံသရာခရီးတို့ကို အသာထား၍ ရန်ကုန်အသွားအပြန် ခရီး၌ပင် မထင်မှတ်တာတွေ ဖြစ်တတ်ပါကလားဟု ကျွန်တော် အတွေးရောက်မိသည်။

မကွေး–မင်းဘူး ပဲ့ထောင်ပေါ်သို့ ကျွန်တော်ရောက်ရပြန်ပြီ။ ဈေးသည် အသီးသီးတို့သည် တောင်းကြီးတောင်းငယ် အသွယ်သွယ်ဖြင့် ပဲ့ထောင်ပေါ်သို့ အလုအယက်တက်နေကြသည်။ မကွေး–မင်းဘူးအပြန်အလှန်ကူး၍ စီးပွားရှာကြသော လက်လုပ်လက်စား ဈေးသည်များဖြစ်သည်။ ရုံးအဝတ်အစားဖြင့် အစ်မကြီးတစ်ယောက်မှာတော့ ဝတ္ထုတစ်အုပ်ကို သည်းသည်းမည်းမည်းဖတ်ရင်း ပတ်ဝန်းကျင်ကို မေ့နေသည်။ သူ့အမေ ရင်ခွင်တွင် ဘာကြောင့်မှန်းမသိဘဲ အသံစူးစူးဝါးဝါးဖြင့် အော်ငိုနေရှာသော ကလေးငယ်၏ အသံကိုလည်း သူ မကြား၊ ကျွန်တော့်အနားရှိ အဖော်ပါပုံမရသော အမေကြီးတစ်ယောက်ကတော့ "ကလေးက ဒီလောက်ငိုနေတာ နို့ဆာလို့နဲ့ တူတယ်" ဟု လှမ်းပြောသည်။

မင်းဘူးဆိပ်ကမ်းရှိ စက္ကိန္ဒဘုရားကို လှမ်းမြင်နေရပြီ။ တောအုပ်စိမ်းစိမ်းကြားဝယ် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်လှသည်။ ပဲ့ထောင် ကမ်းကပ်သည်နှင့် ခရီးဆောင်အိတ်ကို ပေါ့ပေါ့ပါးပါးဆွဲယူကာ ကမ်းပေါ်သို့ ကျွန်တော်လှမ်းတက်လိုက်သည်။ "ဆရာ ရန်ကုန်က ပြန်လာတာလား" ပဲ့ထောင်ဆိပ်တွင် ရောက်နေနှင့်သော ကုန်တင်ကုန်ချအလုပ်သမားတစ်ဦးက ကျွန်တော့်ကို နှုတ်ဆက်မေး မေးလိုက်သည်။ "ရန်ကုန်က တစ်ခေါက်ပြန်ခဲ့ပြီပေါ့ဗျာ။ ဒါပေမဲ့ သွားစရာတွေက တော်တော်ကျန်ပါသေး တယ်" သူ ကြား မကြားတော့မသိ။ ပဲ့ထောင်ပေါ်သို့ အပြေးတက်သွားသော သူ့ကျောပြင်ကိုသာ ကျွန်တော် မြင်လိုက်ရသည်။

ဧရာဝတီမြစ်ကြီးကတော့ သူ့ခရီးကို သူသွားရင်း ကျွန်တော်တို့ကို ငေးကြည့်နေလေသည်။

ဧပြီ၊ ၂၀၀၂၊ စံပယ်ဖြူ

❑

mgyoe.com

mgyoe.com

# တောင်ပံခတ်သူများ

တင်လှဝင်းထင်

ပင်လယ်ဘက်က တိုက်လာတဲ့လေနုအေးက ကျွန်တော်နေတဲ့ ဧရာဝတီအိမ်လေးကို မခေါ်ပါဘဲ ရောက်လာတယ်။ လဆန်း(၃)ရက်ည လမင်းက မပြည့်တပြည့်၊ မိုးကောင်းကင်က အပြာရင့်ရောင်၊ ကြယ်လေးတွေက လမင်းရဲ့ အဖော်လို့ခံစားနေမိရဲ့။ မြေပြင်နဲ့ နီးစပ်ရာတွေမှာ ပိုးစုန်းကြူးလေးတွေက အုပ်စုဖွဲ့ကာ ဝေ့ဝေ့ဝဲဝဲ တဖျပ်ဖျပ် ပျံသန်းနေဆဲ။ သူတို့တစ်တွေကတော့ ကျွန်တော်နေတဲ့အိမ်လေးရယ်လို့ ဘယ်သိကြပါ့မလဲ။ မင်းတို့ ကိုယ့်ဘဝအိမ်လေးကို လာလည်ကြတာလားလို့ စိတ် စကားဆိုမိတယ်။ ည ညတွေမှာ အမှောင်ထုကို နောက်ခံပြုပြီး အလင်းအိမ်လေးတည်ဆောက်ပေးတာလားကွယ်။

ရင်ထဲမှာ တိုးညင်းဖွဖွ ခံစားရရဲ့။ သည်လိုနဲ့ မနက်က ဈေးသွားခဲ့ပုံလေးကို ပြန်လည်မြင်ယောင်လာတယ်။

ကျွန်တော်နှင့် ဇနီးဖြစ်သူတို့ (၅၆) ရပ်ကွက် ဈေးရှိရာကို စက်ဘီးလေးစီးပြီး ဈေးဝယ်ထွက်ခဲ့ကြတယ်။ တစ်ပတ်တစ်ခါတော့ ခုလိုပဲ ဈေးထွက်ဝယ်နေကျ။ ကျွန်တော်က ရေနံဆီဝယ်ဖို့ ပလတ်စတစ်ပုံးကလေးယူခဲ့တယ်။ ဈေးရောက်တော့ နှစ်ဦးသားတစ်နေရာစီခွဲပြီး ဈေးဝယ်ကြတယ်။ ကျွန်တော်လည်း အာလူးဆိုင်တစ်ခုမှာ အာလူးရွေးဝယ်ရင်း ရေနံဆီပုံးကလေး မေ့ကျန်ရစ်။

ညကျတော့ လက်ကျန်ဆီလေးက တစ်နာရီစာလောက်ပဲ တာဝန်ကျေခဲ့။ သည်တော့မှ ယုဇနကို လှမ်းမြင်ရ။ မီးရောင်လေးတွေက လိမ္မော်နီရောင် ညီညာတန်းစီလှပ။ အဲသည်မှာ အနုပညာမောင်နှမတွေ အများအပြားနေထိုင်ကြ။ သူတို့နဲ့ အတူတကွဖြတ်သန်းခဲ့ဖူးကြတဲ့ အတိတ်ရက်တွေကို မှန်းဆ။ ပြန်တမ်းတလွမ်း။

နွေဦးက နှင်းနဲ့လေပြည်ကို အဖော်ပြုနေလေရဲ့။ ည ရှစ်နာရီလောက်တော့ ရှိမယ်ထင်တယ်။ ဇနီးဖြစ်သူကတော့ ပုတီးစိပ်နဲ့ ငြိမ်ဆိတ်နေပုံပါပဲ။ ခုနွေညလည်း နဂိုနွေ

mgyoe.com

mgyoe.com


ညတွေလိုပဲ မခို့တရိုလေး ကျိစယ်နေသလိုလို။ ဇနီးသည်ရဲ့ "ချိုသက်ဝတ်ရည် ရာသက်ရှည်၏" မဏိရတနာ ချက်ဆေးဖော်ဖို့ ရှားစောင်းလက်ပတ်ပင်နှစ်ရာကျော်ရဲ့ စိမ်းစိုလန်းဆန်းတဲ့မြင်ကွင်း။ မသီးမပွင့်သေးတဲ့ သရက်ပင်။ တန်ဆောင်မုန်းမှာ ဆေးဖက်ဝင်ခဲ့ပြီဖြစ်တဲ့ မယ်ဇလီပင်ပျိုတွေရယ်။ သုံးနှစ်ဆက်တိုက် စားနေရပြီဖြစ်တဲ့ မာလကာသီးပင်လေးတွေရယ်။ ကြောင်လျှာနဲ့ ဒန့်သလွန်တွေရယ်၊ ရေမြောင်းပတ်လည်မှာ လန်းလန်းရွှင်နေတဲ့ ကန်စွန်းပင်လေးတွေရယ် ... ဇရာဝဏ်ရဲ့ ကောက်ကြောင်းလေးတွေပါပဲ။

ခုလိုနွေဦးနေ့မှာ တွန်ကျူးတတ်ကြတဲ့ ဥဩငှက်နဲ့ ချိုးကူသံလေးတွေရယ်။ ဒါလေးတွေက အဖော်ကောင်းတွေပေါ့။ ရေနံဆီမီးအိမ်လေးကတော့ တငွေ့ငွေ့ ဇော့ယမ်းလှုပ်ခတ်စီးမျော။ ဟော ... ကျွန်တော့် ဝါးပက်လက်ထိုင်ခုံလေးရဲ့ ဘေးမှာ ကွေးနေရှာတဲ့ ချင်းခွေးလေး ရမ်ဘို ကတော့ အဖော်ကောင်းပီသစွာ လုပ်နေပြီ။ သည်ကောင်က ည တာဝန်မှူးပီပီ သူ့ နိုးနိုးကြားကြားရှိကြောင်း သက်သေပြနေပြီ။ ည ၈ နာရီလောက်တော့ ရှိမယ်ထင်တယ်။ ည လအလင်းက ခဏချင်းမှာ အလင်းပိုကဲ ခပ်ရဲရဲသာလာပြီထင်ရဲ့။ ချစ်စရာ ပိုးစုန်းကြူးအလင်းတွေက တဖြည်းဖြည်း မှေးမှိန်ဖျော့တော့။

ပိုးစုန်းကြူးလေးရေ ... ကိုယ်လေ ညဆိုရင် သိပ်လင်းစေတဲ့အလင်းရောင်ကို မကြိုက်ဘူး။ ညဆိုရင် ညပီသတဲ့ညပဲ ဖြစ်စေချင်တယ်။ နေ့နဲ့ မတူစေချင်တာအမှန်ပါပဲ။ ညပြာလေးရေ ... မင်းသိပ်လင်းထိန်နေရင် ကိုယ် မောနေပါ့မယ်။ ကိုယ်ငယ်ငယ်တုန်းကလို မဟုတ်တော့ပြီကွယ်။ အမေနဲ့ ဝေးလွင့်ခဲ့ရတဲ့နှစ်တွေလည်း မနည်းတော့ဘူး။

ငယ်ငယ်တုန်းက အမေနဲ့အတူ တောခရီးစပ်တွေလည်း ရောက်ဖူးခဲ့တယ်။ တောသားမဟုတ်လား။ တောရနံ့တွေက ဆွတ်ပျံ့ဆဲ။ သန့်စင်ရိုးလေးကို လွမ်းနေမြဲ။ အမေက စာဘူးတောင်းသိုက်မြုံလေးတွေအကြောင်းကို ပြောပြခဲ့ရဲ့။ စာဘူးတောင်းထဲမှာ စာကလေးဟာ သူနေဖို့ရာကို စနစ်တကျ ဖန်တီးထားတတ်တယ်ဆိုပဲ။ သူ့အိမ်ကို ဝင်ဖို့ ဝင်ပေါက်တစ်ခုရှိတယ်။ သူအိပ်ဖို့ ခုတင်ပုံစံ အထစ်ကလေးကို ရွှံ့နဲ့မံထားတယ်။ နံရံမှာတော့ ပိုးစုန်းကြူးလေး နှစ်ကောင် သုံးကောင်ကို ရွှံ့ကလေးနဲ့ ကပ်သလို လုပ်ထားဆိုပဲ။ နံရံကပ်မီးလိုပေါ့။ သဘာဝရဲ့အလှတရားပါပဲလေ။

ကျွန်တော့် အသိုက်အမြုံလေးလည်း တစ်စတစ်စ ပွဲထွက်ခဲ့ပြီ။ နဂိုက မိသားစု (၈) ယောက်၊ ခုတော့ ဖေကြီး၊ မေကြီးနဲ့အတူ သားတစ်ယောက်၊ သမီးတစ်ယောက်ပဲ အနားမှာ ရှိတော့တယ်။ ဝေးပြီးနေခဲ့တာ ၅ နှစ် ကြာခဲ့ပြီ။

"အဖေ ... မနက်က ရေနံဆီလည်း မပါဘူး၊ မီးစာလည်း မပါဘူး" သားဖြစ်သူရဲ့ ရေနံဆီပုံး မေ့ကျန်ရစ်တာကို သတိရဖြစ်တယ်။ ခု မိဒီယာမှာ မီးစာကြိုက်သလောက် ဝယ်ဖို့ ခက်တော့ မီးအိမ် ဝမ်းဆက် ဝယ်ရပေဦးမယ်။

mgyoe.com

mgyoe.com


ပိုးစုန်းကြူးလေးတွေရေ ...

ည ...ည တွေမှာ မပျက်မကွက်လာလည်ကြပါဦးနော်၊ မင်းတို့တစ်တွေဟာ ကိုယ်ငယ်စဉ်ကထက် ပိုလင်းမလာပေမဲ့ ကိုယ်ထည် ပိုကြီးမလာပေမဲ့ မင်းတို့ရဲ့ အလင်းကတော့ လင်းမြဲလက်မြဲပါပဲကွယ်။

ဇူလိုင်၊ ၂၀၀၂၊ မင်္ဂလာ

❑

mgyoe.com

mgyoe.com

# စကားလုံးတွေနဲ့တည်ဆောက်တာဘဝလား

စိုင်းဝင်းမြင့်

ပခုံးမှာ တဲတဲလေးချိတ်တွယ်ထားတဲ့ လွယ်အိတ်ကို ဖြုတ်၊ အိမ်နံရံသံငုတ်မှာ လှမ်းချိတ်လိုက်တယ်။ ကျွန်တော့်ရဲ့လက်တွေက လွယ်အိတ်ကို လက်အလွတ်မှာ တစ်ခုခုကို ဆက်လုပ်မှာလား၊ လွယ်အိတ်ထဲက စာအုပ်တွေကိုဆွဲထုတ်မှာလား၊ ဘာတစ်ခုမှ ဆုံးဖြတ်ချက်မချ၊ ရှေ့မဆက်ဘဲ လေထဲမှာ မြောက်လျက်။ ရောက်ရှိနေဆဲနေရာလေးမှာ ခြေဖဝါးတွေကလည်း သံမှိုစွဲလို့။ ကျွန်တော့်ရဲ့ တွေဝေမှုဟာ အိမ်ရှေ့လမ်းမှာငေးစိုက်သွားတယ်။ လက်ကျန်နေရောင်အနည်းငယ်ထဲမှာ အိမ်ရှိရာဦးတည်လျှောက်လာတဲ့ ကျွန်တော့်ကိုတွေ့နေရတုန်း။ ညနေစောင်းပြီဆိုတာနဲ့ ကျွန်တော့်ရဲ့ခြေထောက်တွေက အိမ်အပြန်လမ်းတွေကိုပဲ လှမ်းနေမိတယ်။ ပြောလက်စ စကားတွေကို ဖြတ်ချခဲ့။ လုပ်လက်စအလုပ်တွေကို ရပ်တန့်ခဲ့။ အကြောင်းအရာတွေ အဆုံးထိမရောက်ခဲ့ပေမဲ့ နေ့တစ်နေ့ကို ရောက်တဲ့နေရာကပဲ ... အဆုံးထိမရောက်ခဲ့ပေမဲ့ မနေ့ကလို တစ်နေ့ကလို ဟိုးအရင်နေ့တွေကလို။ တစ်နေ့ခင်းလုံး ခြေရာလက်ရာတွေ နေရောင်ခြည်ရဲ့ ဒီဘက်မှာ ပျက်ပြယ်သွားပြီ။

မီးပွားတွေ တဖွားဖွား တဖျပ်ဖျပ်လွင့်။ လူ့ဘဝကို တွန်းဖွင့်ခဲ့တဲ့ ကျွန်တော့်ရဲ့ ပခုံးဟာ နေ့စဉ်နဲ့အမျှ ဘာကြောင့် စကားတစ်ခွန်းမျှ မဟ ရတာလဲ။ ကျွန်တော့်ရဲ့ ပခုံးတွေကျ ချစ်ခြင်းမေတ္တာဆိုလည်း ပြေးထမ်းလိုက်တာပဲ။ သွေးသားရမ္မက်ဆိုလည်း ပြေးထမ်းလိုက်တာပဲ။ စာအုပ်တွေဆိုလည်း ပြေးထမ်းလိုက်တာပဲ။ ကျွန်တော့်ရဲ့ပခုံးတွေဟာ ဒီနေ့ ကျွန်တော့်ကို ဘယ်သူယူမလဲဆိုတာကိုပဲ အမြဲတွေးခေါ်နေပုံရတယ်။ ကျွန်တော်ခေါင်းခါယမ်းမိတယ်။ "မဟုတ်သေးပါဘူး"လို့လည်း ပါးစပ်က လွှတ်ခနဲထွက်သွားတယ်။ တစ်ခုခုကို လှမ်းဆွဲလိုက်ဖို့ ကျွန်တော်အားထုတ်သေးတယ်။ လက်ထဲရောက်လာတော့လည်း စာအုပ်တစ်အုပ်ပဲ။ နောက်ဆုံးတော့ အိမ်ကျဉ်းကျဉ်းလေးထဲမှာ ရှေ့လျှောက်နောက်လျှောက် လုပ်နေမိတယ်။ အခုထိ ဘာစကားမှ မပြောဖြစ်သေးဘူး။

mgyoe.com

mgyoe.com


နေဝင်သွားပြီ။ အိမ်လေးထဲမှာ အမေက တစ်နေရာ၊ အဖေက တစ်နေရာ ကျွန်တော်က အစွန်းအဖျားမှာ။ ညီမလေးက ပြန်မလာသေးဘူး။ ငါ ဒီနေ့ည စကားတစ်ခွန်းလောက် ပြောဖြစ်မလား။ ကျွန်တော် တွေးတယ်။ အရင်ညတွေလို စကားအသွားအလာမရှိဘဲ မိသားစုလေး ကုန်ဆုံးသွားမှာလား။

ကျွန်တော့်အမေပြောသလိုဆိုရင် ကျွန်တော်ဟာ "ရေကုန်ဆပ်ပြာကုန်ပဲ"။ အတိတ်ဆိတ်ဆုံးစာအုပ်တစ်အုပ်ကို ဖတ်လို့။ မနက်မိုးလင်းတာနဲ့ ရပ်ကွက်ထဲက အထွက်ပြတယ်။ ကျွန်တော့်မှာ လမ်းနာမည်မရှိဘူး။ ရောက်ရှိနေသော စိတ်အခြေအနေနဲ့ အလိုက်ဖက်ဆုံး လက်ဖက်ရည်ဆိုင်ထိုင်၊ ကားမှတ်တိုင်မှာ အကြာကြီးရပ်၊ ကိုယ့်ရှေ့ထိုးရပ်လာတဲ့ ကားကိုပဲ တက်စီးမိတယ်။ မြို့ထဲရောက်ရင် ပြီးရော။ မြို့ထဲရောက်တော့လည်း မနေ့ကလို စာအုပ်တန်းဘက်လျှောက်ဖြစ်တာပဲ။ ဘာစာအုပ်တွေ အသစ်ထွက်သလဲ ကြည့်။ ဒီနေ့ ဘယ်နှရက်နေ့ ဘယ်မဂ္ဂဇင်းထွက်လောက်ပြီ တွက်ချက်မှုတွေနဲ့။ မဂ္ဂဇင်းအသစ်တွေ့ရင် ဝယ်မလိုလို ဘာလိုလိုနဲ့ ကောက်ကိုင်ကြည့်။ ဘယ်သူ့ကဗျာတွေ ပါသလဲ။ မာတိကာကိုကြည့်။ ဘာစာတွေပါသလဲ။ ပြီးရင် ခပ်တည်တည်နဲ့ မသိမသာ ပြန်ချ၊ လှည့်ထွက်။ နောက်တစ်ဆိုင်ဆက်လျှောက်။ ခုနက လှန်ကြည့်ခဲ့တဲ့ မဂ္ဂဇင်းကိုပဲ ကောက်လှန်၊ ခုနက မဖတ်ခဲ့ရတဲ့ ကဗျာတွေကို အလျင်အမြန်ဖတ်။ စာအုပ်ဆိုင်တွေ ကုန်ရင် ဘယ်မဂ္ဂဇင်းမှာ ဘာတွေပါတယ်ဆိုတာ သိမယ်။ တစ်ရက်မှ အနားမယူနဲ့။

တစ်ခါတစ်ခါတော့လည်း ငါစာအုပ်တွေပဲ ဖတ်နေတော့မှာလား တွေးမိသေးတယ်။ စာအုပ်မဖတ်ရင် ပိုလျှံနေတဲ့ အချိန်တွေကို ဘယ်လိုလုပ်ပစ်ရမလဲဆိုတာကိုလည်း တစ်ဆက်တည်းတွေးမိတာ အမြဲတမ်းပဲ။ ကိုယ်ဝင်ရောက်မိတဲ့အလုပ်ကလည်း တစ်ပတ်မှာမှ နှစ်ရက်ပဲ အလုပ်ရှိတာ။ အလုပ်ကရတဲ့ ပိုက်ဆံကလည်း ကိုယ်လိုချင်တဲ့ စာအုပ်ဆယ်အုပ်မှာ တစ်အုပ်ပဲ ဝယ်နိုင်တာ။ ကိုယ်ဝယ်ဖြစ်တဲ့ စာအုပ်ဆယ်အုပ်မှာ ကိုယ်ဖတ်ဖြစ်ခဲ့တာက လေးငါးကြောင်းရှိရဲ့လား။ အခုဆိုရင် မဖတ်ရသေးတဲ့စာအုပ်တွေ ထပ်နေပြီ။ စာအုပ်စင်နား သိပ် မကပ်ရဲဘူး။ စာအုပ်တွေက "ခင်ဗျား ကျုပ်ကို မဖတ်သေးဘူးလား" ဟိုတစ်အုပ် ဒီတစ်အုပ် ငေါက်ငမ်းနေပြီ။ စာအုပ်တွေသာကုန်အောင် မဖတ်ဖြစ်တာ စာအုပ်ဆိုင်ထဲရောက်ရင် စာအုပ်အသစ်တွေမှာ အငမ်းမရ၊ မဝယ်နိုင်လို့ ပြန်ချထားခဲ့ရတဲ့ စာအုပ်တွေ။ တစ်နေ့ မင်းတို့ကို ငါ ဝယ်ပစ်မယ်၊ မားထစ်ထားရတယ်။ ဒီလိုသာ ရှေ့ဆက်သွားနေမယ်ဆိုရင် လိုချင်တဲ့ စာအုပ်တွေ လက်လှမ်းမမီတာနဲ့ပဲ တစ်နေ့နေ့တော့ ကိုယ့်ကိုယ်ကို သတ်သေမိမယ်ထင်တယ်။ စာအုပ်တွေထဲ လဲကျသွားတဲ့ လူသေပေါ့။

ကျွန်တော့်ဘဝဟာ ဒီလိုပဲ သွားနေတော့မှာလား။ မနက်ဖြန် အသက်ရှိနေဦးမယ်လို့ မမျှော်လင့်ဘူး၊ ကျွန်တော်ပဲ တဖွဖွပြောနေတာ။ ကျွန်တော်ပဲ အဆက်မပြတ် အော်ဟစ်နေတာ။ မင်းရဲ့ သုညအမြင်မှာ နေမဝင်ခင် တစ်ခုခုလုပ်ပါလား။ ကိုယ့်မှာ

mgyoe.com

mgyoe.com


သာ ခြေကုန်လက်ပန်းကျ ကျန်ခဲ့တာ၊ ကိုယ်တကောက်ကောက်လိုက်ခဲ့တဲ့ အာရုံတွေက အလျှင်အမြန် ခွာသွားကြပြီ။

၂၀၀၂၊ စက်တင်ဘာ၊ တိုက်ခိုက်နေတဲ့ လေထဲစာအုပ်မှ

❑

mgyoe.com

mgyoe.com

# အဖေ့ဒိုင်ယာရီပေးဖတ်ခြင်း

နေမျိုး

(၁)

၃၁၊ ၄၊ ၁၉၁၇ နေ့က ရန်ကုန်က အစ်ကို့ဆီက စာရောက်လာ၏။ အစ်ကိုက သူ့တူလေးများ(ကျွန်ုပ်သားများ)၊ သူ့တူမလေးတို့(ကျွန်ုပ်သမီး) ဘဘလက်ရေးနဲ့ ဖတ်စေချင်၍ဆိုပြီးစာရေးပေးလိုက်၏။ ကျွန်ုပ်ရင်ထဲမှာ လှုပ်ရှား၍ဖတ်ရ၏။ အစ်ကို့ကို သနား၏။ အစ်ကိုသည် ကျွန်ုပ်တို့အပေးတွင် တကယ်ပင်ပင်ပန်းပန်းဖြင့် လူလားမြောက်အောင် ထူထောင်ပေးခဲ့၏။ အစ်ကို့ပထမဇနီးက နောက်အိမ်ထောင်မပြုခင်လေး အစ်ကိုနဲ့ ကျွန်ုပ်က သဘောချင်းမတိုက်ဆိုင်၍ အစ်ကို ကျွန်ုပ်ကို နှင်ချ၏။ ကျွန်ုပ်မှာ အစ်ကို့ကို အလွန်နာ၏။ သို့သော် မရီးဖြစ်သူ နောက်အိမ်ထောင်ပြုသွားကြောင်း အတိအကျသိရ၍ အစ်ကို့မှာ ကလေးသုံးယောက်ဖြင့် ကသီလင်တ နိုင်နေသောအချိန် အစ်ကိုနဲ့ ကျွန်ုပ် ပြန်ဆုံရ၏။ အစ်ကိုက နောက် ငါ့ညီပြောတာ အစ်ကိုနားထောင်တော့မယ်ပြော၍ ငို၏။ ကျွန်ုပ်မှာလည်း အစ်ကို့ကို သနားလွန်း၍ငိုရ၏။ အဲဒီနောက် ကျွန်ုပ်ဆိုင်းတီး ပြန်သည့်အချိန်ကစ၍ တူလေးများနှင့် သွားနေ၏။ အစ်ကိုသည် ကျွန်ုပ်အား တံတျာ ကစ၍ အဘစိန်ဗေဒါ၏ မူ သီချင်းတီးကွက်၊ စနစ်၊ ဟန်၊ အထားအသို၊ စည်းချိန်၊ မှင်မောင်း၊ အဟန့်အတား စ၍ သေသေချာချာ သင်ပေးခဲ့၏။ ကျွန်ုပ်ကို စက်ဘီးရှေ့မှာထား၍ ပွဲရှိတိုင်း နင်းခေါ်ရှာ၏။ အစ်ကို့မှာ ထမင်းဟင်းကောင်းကောင်းများကို ဝအောင်ပင် စားရတတ်သည်ဟု ကျွန်ုပ်မထင်။ ကျွန်ုပ်တို့ နေ့စဉ်က ညီအစ်ကိုမောင်နှမတွေကြောင့် ညှာ၍ စားရရှာ၏။ နောက်တော့ သားသမီးတွေများလာသောကြောင့် ညှပ်၍စားရရှာ၏။ အစ်ကို့ဆီက စာဖတ်ပြီးနောက်တော့ ရင်ထဲပေါ့သွားသလို၊ လွမ်းနေရသလိုရှိ၏။ မောင်နဲ့နှမတို့၏ စင်ကြယ်သောမေတ္တာ ၅၂၈ သွယ်ဟု ဆိုအပ်သော သံယောဇဉ်ကြိုးလေးမှာ သေးသေးမျှင်မျှင်ဖြင့် ခိုင်လှ၏။ မနေ့ညက ကျွန်ုပ်၏သား မောင်နေမျိုးမှာ နှာခေါင်းသွေးယို၍ အဖျားက ၁၀၂ ရှိ၏။ ဒူးခေါင်းက

mgyoe.com

mgyoe.com


အနာများက အကြောတည့်နေ၍ မထောက်နိုင်၊ ဆေးတိုက်ကို ပွေ့ချော့ခေါ်သွားရ၏။ ယနေ့နံနက် သူ့ကို ကျောင်းမထည့်ဘဲ ခွင့်စာရေးလိုက်၍ သားကြီးမောင်နေဝင်းအား ပေးလိုက်၏။ မျိုးက သူ့ညီဖိုးကျော်ကို သူ ကစားသော မီးခြစ်ပုံးခွံငယ်ကလေးများ ပေး၏။ သူ့နမ မာမာဦးက ဖန်ခုန်ချင်၍ သူက ဒူးကအနာကို ပေမိုန်း၍ ဖန်ခုန်ပြ၏။ သို့သော် နှစ်ခါထက် ပို၍ မခုန်နိုင်။ နာလွန်း၍ နာနာနှင့်ရယ်၍ သူ့ညီမကို ချော့နေရှာ၏။ ကျွန်ုပ်နှင့် မျိုးသည် တူ၏။ ကျွန်ုပ် ငယ်စဉ်က အရီးအိမ်မှာ ကျွန်ုပ်တို့ မောင်နှမနေရ၏။ ထမင်း ကျွေးတော့ အရီးက ဟင်းဖတ်တစ်ဖတ်စီပဲ ထည့်ကျွေး၏။ ကျွန်ုပ် နှမလေး ဟင်းဖတ်မှာ တံခါးရွက်နှင့် ထမင်းပန်းကန်တိုက်မိ၍ ဟင်းဖတ်လွတ်ကျသွား၏။ အရီးက ငေါက်၍ ရိုက်၏။ မန်ကျည်းပင်ကြီးအောက်မှာ ကျွန်ုပ်၏နှမလေး ဟင်း မပါဘဲစားသည်ကို မြင်နေရတာ အလွန့်အလွန် စိတ်ညစ်ရ၏။ နှမလေးငို၍ ကျွန်ုပ် မျက်ရည်စို့ရ၏။ ကျွန်ုပ်အတွက် ဟင်းဖတ်ကို အရီးတို့မမြင်အောင် တိတ်တိတ်ကလေး ပေးရ၏။ ထိုစဉ်က ကျွန်ုပ်အသက် ၇ နှစ်နှင့် နှမကလေး အသက် ၄ နှစ်လောက်ပဲရှိ၏။ ကျွန်ုပ်က ၁၂၉၄၊ နှမကလေးက ၁၂၉၇ ခု။ ဤအဖြစ်အပျက်မှာ အရီးတို့အိမ်နောက်ဖေး မန်ကျည်းပင်ကြီးနှင့် မီးဖိုချောင်ဘေး ၁၃၀၃ ခုနှစ်လောက်ကဖြစ်၏။ နှမက ယခု ကျွန်ုပ်အား ရွှေ တစ်ကျပ်သားပေးထား၏။ ခဏခဏစားစရာများပေး၏။ ကျွန်ုပ် နှမလေး ချမ်းသာပါစေ။

(၂)

အနန္တငါးပါးအား ကျွန်ုပ် ရှိသေစွာရှိခိုးကန်တော့ပါ၏ ဘုရား။

အင်း ... စွန်းလွန်းရှာက ငါ ထွက်လာတာ ဒီနေ့ဆိုရင် အနှစ် ၃၀ နဲ့ ၉ လ တင်းတင်းပြည့်တဲ့နေ့ပဲ။ ငါ ထွက်လာတုန်းက ၁၃ နှစ်သားအရွယ်။ ဒုတိယကမ္ဘာစစ် ဖြစ်ပြီးစ။ အချို့နေရာတွေမှာ မီးလောင်ပြင် ညှော်နံ့ တထောင်းထောင်းရှိသေးတယ်။ ငါ လိုက်လာတဲ့ကားက အဖေ့မိတ်ဆွေ ဦးဘသော်ကြီး ကားနဲ့၊ လမ်းမှာ ထမင်းမစား ခဲ့ရဘူး။ ထမင်းဆိုင်လည်း မရှိဘူး။ အကြော်တွေ၊ မုန့်တွေပဲ စားလာခဲ့ရတယ်။ ဦးဘ သော်ကြီး ယူလာတဲ့ နို့ဆီဘူးကလေးတစ်လုံးက ငါ့အတွက် အာဟာရပဲ။ ငါက ကလေး အရွယ်မို့ ဒီနို့ဆီဘူးကို သူတို့ မစားကြဘူး။ ငါ မန္တလေးကိုရောက်တဲ့နေ့ဟာ ၁၃၀၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်နေ့ပဲ။ ငါ့အစ်ကိုက ဆိုင်းထဲမှာ ကြေးနောင်တီး နေတယ်။ ငါက ဆိုင်းတီး သင်ချင်လွန်းတာနဲ့ အစ်ကိုလိုက်တဲ့ ဆိုင်းထဲမှာ လိုက်ရတယ်။ အင်း ဒီလိုသင်ရင်းနဲ့ ခုတော့ ငါဟာ ဆိုင်းဆရာတစ်ယောက်ဘဝ ရောက်နေပြီ။ ဆိုင်း ဆရာဘဝရောက်နေလို့ ငါဟာ မပျော်ပါဘူး။ ဆိုင်းဆရာပေါက်စတုန်းကတော့ အတော် ဘဝင်မြင့်ခဲ့သပေါ့။ ပျော်လည်းပျော်တာပဲ။ ဒါပေမဲ့ ခုကျတော့ ငါမပျော်ပါဘူး။ ဂီတ ပညာနဲ့ လူ့လောကမှာ စီးပွားရေးခိုင်ခိုင်မာမာမဖြစ်နိုင်ဘူးဆိုတာ ကြာလေသိလေပဲ။

mgyoe.com

mgyoe.com


သဘာင်သည်ဘဝဟာ အသက်ကြီးလေ ဒုက္ခများလေပဲ။ ငယ်ငယ်တုန်းက သဘင်ပညာသင်တုန်းကလည်း ဆင်းဆင်းရဲရဲသင်ရတာပဲ။ တတ်လာတော့လည်း တပည့်တပန်းတွေအတွက်ပွဲတိုင်း စိတ်ညစ်စိတ်မောရတာပဲ။အသက်ကြီးလာတော့လည်းတယ် မသုံးချင်ကြတော့ဘူး။ ခုချိန်ထိ မန္တလေးမှာ ငါ မြဲနေတယ်ဆိုရမယ်။ မန္တလေးသူနဲ့ အိမ်ထောင်ကျပြီး သားယောကျ်ားလေး ငါးယောက်၊ သမီးတစ်ယောက်တောင် ငါ့မှာ အဆွယ်အပွားတွေနဲ့ဖြစ်နေပြီ။ ငါ့မိန်းမဟာသည်းခံတတ်တယ်။ အနေအထိုင် စာရိတ္တကောင်းမွန်တယ်။ အိမ်ထောင်မှုကို မပျင်းမရိဘူး။ သူ့ကို ငါ သိပ်ချစ်တယ်။ သူက သူ့သားတွေကို ဆိုင်းတီးစေချင်တယ်။ ငါက လုံးဝ မသင်စေချင်ဘူး။ အခု သားအကြီးက ရှစ်တန်း၊ ကျန်လူများကလည်း အစဉ်လိုက်ပဲ။ ငါ့မှာ တွေးရင်တော့ စိတ်ညစ်စရာတွေ အများကြီးပေါ့။ ငယ်ငယ်တုန်းကတည်းက အဖေတကွဲ၊ အမေတကွဲ၊ ညီအစ်ကို မောင်နှမတွေ အများကြီးရှိတယ်။ အတူတူမနေကြရဘူး။ ငါငယ်ငယ်တုန်းက တို့ရွာ စွန်းလွန်းမှာ တန်ဆောင်မုန်းလပြည့်နေ့ "သူခိုးကာလ"တုန်းက သူငယ်ချင်းတွေနဲ့ အိမ်တွေပေါ်ကို ကြက်ဆူသီးနဲ့ ထုခဲ့တာ အပျော်ဆုံးပဲ။ ပြေးရတာ လည်း အမောပဲ။ မန္တလေးရောက်တော့ ငါဟာ ခလေ့ထုံးစံတွေနဲ့ပတ်သက်ပြီး လူကပြား ဖြစ်နေတယ်။ ရွာကထုံးစံတွေအားလုံးလည်း ကောင်းကောင်းမမှတ်မိ၊ မန္တလေးထုံးစံတွေလည်း ဘဝင်မကျ။ အထူးသဖြင့် သီတင်းကျွတ်မီးထွန်းပွဲရက်ဆို ရွာကိုသိပ်သတိရတာပဲ။ ဒါပေမယ့် အဲဒီအချိန် အမြဲတမ်း ပိုက်ဆံပြတ်နေသေးတဲ့အချိန်မို့ ငါ ရွာကို မပြန်ချင်ဘူး။ ရှက်လည်း ရှက်တယ်။ ရွာက ဂူတော်လှဘုရားကို သိပ်ပြီး ဆီမီးတွေ အများကြီးပူဇော်ချင်တာပဲ။ ငါ့မှာ ချွတ်ယွင်းချက်တွေ အများကြီးရှိတယ်။ ငွေကို ငါက မခင်တတ်ဘူး။ အသုံးကြီးတယ်။ နည်းနည်းကြွားချင်သေးတယ်။ ဒီတော့ လိုတဲ့အခါ ဘယ်မှာ ငွေရှိ ပါတော့မလဲ။ ငါ ရွာကထွက်လာပြီး ၁၀ နှစ်အတွင်းလောက်မှာ ရွာက လူတွေ ငါ့ကို သိပ်အထင်ကြီးကြတယ်။ ခင်ကြတယ်။ ငါကိုယ်တိုင် ရွာကို ခဏခဏ မပြန်နိုင်တော့ ကြာတော့ ရွာကလူတွေက ငါ့ကို တဖြည်းဖြည်း မေ့လာကြသလို ဖြစ်ကြရတယ်။ သူ တို့အထင်ကြီးသလို ငါက ဖြစ်မလာဘူး။ ဒါပေမဲ့ လူတိုင်းပဲလား၊ ငါတစ်ယောက်တည်းလား မပြောတတ်ပါဘူး။ ငါ့ရွာကို ငါအလွန်ချစ်တယ်၊ စိတ်ပင်ပန်းတဲ့အခါတိုင်း၊ စိတ်ညစ်တဲ့အခါတိုင်း ရွာအကြောင်းတွေးလိုက်၊ လွမ်းလိုက်ရရင်ပဲ ငါ့မှာ ပေါ့ပါးသွားသလိုပဲ။

(၃)

၂၆၊ ၇၊ ၁၃၅၃ – ဒုတိယဝါဆိုလပြည့်၊ သောကြာနေ့။

ဒိုင်ယာရီ၊ ဒိုင်ယာရီ ... နေ့စဉ် နေ့စဉ် ဒိုင်ယာရီ။ အင်း ... မှတ်တမ်းပေါ့လေ။ ကျုပ်က မှတ်တမ်းရေးတာ ဝါသနာပါတယ်။ စာရေးဝါသနာပါတဲ့ အချက်လည်းပါတာပေါ့။ တစ်နည်းအားဖြင့် ကျုပ်ငယ်ငယ်တုန်းက စာရွက်နဲ့ ခဲတံနဲ့၊ ဖောင်တိန်နဲ့ ရေးသင်

mgyoe.com

mgyoe.com



ရတဲ့ ကျောင်းမနေဖူးပါဘူး။ ကျုပ်တို့နေခဲ့ရတာက ဘုန်းကြီးကျောင်းဆိုတော့ ကျောက်သင်ပုန်း၊ ကျောက်တံပဲ ရေးရတာ။ ဒါကြောင့် ကြီးလာတော့ စာရွက်ကလေး၊ ဖောင်တိန်ကလေးနဲ့ ရေးရတာကို သိပ်ပီတိဖြစ်တာပဲ။ ပိုင်းလော့ဖောင်တိန်ဟာ ကျုပ်ချစ်တဲ့ပစ္စည်းတစ်ခုပဲ။ မှန်တာပြောရရင် ရွှေထက် ဖောင်တိန်ကို ပိုမက်ပါရဲ့။ စာရေးချင်တဲ့အကြောင်းကြောင့် ကျုပ်ရေးခဲ့တဲ့ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်း ရေးဖြစ်တာ။ တစ်ခါတစ်ခါတော့ ကျုပ်ရေးခဲ့တဲ့ မှတ်တမ်းတွေပြန်ဖတ်ရတာ ကိုယ့်ဘဝကိုယ် အားငယ်သလို၊ ရှက်သလိုပါပဲ။ မရေးမိရင် အကောင်းသားလို့တောင် ထင်မိတဲ့အခါရှိသေးတယ်။ အဲဒါဘာလဲဆိုတော့ စီးပွားရေးချို့တဲ့စွာနေရတဲ့ အနုပညာသည်ဘဝကို ရင်နာလွန်းလို့ပါပဲ။ ကျုပ်သာ စီးပွားရေးလိုက်စားရင်ဆိုပြီး အင်း ... ဖြစ်သမျှအကြောင်းအကောင်းပေါ့လေ။ မနက်က ကျုပ်ထတော့ ခေါင်းက မူးနောက်နောက်ရှိသေးပေမဲ့ ငါးနာရီထိုးပြီမို့ မျက်နှာသစ်၊ ဘုရားကန်တော့ရတယ်။ ဝေယံလင်းတို့လည်း ခဏနေနိုးတယ်။ အငယ်လေးက ရေခပ်တယ်။ သမီးနိူးပြီး ဆွမ်းချက်ခိုင်းရတယ်။ လင်းတော့အကြော်နဲ့မုန့်ပျားသလက် ဝယ်၊ မျိုး လာပြီး သူ့သားခေါ်သွားတယ်။ မ က ခါးနာနေလို့ သမီး ဈေးလွှတ်ရတယ်။ ဈေးဖိုး ရှစ်ဆယ်၊ ဘုရားပန်းနဲ့ သစ်သီးလှူရန်တစ်ဆယ်၊ ပေါင်း ကိုးဆယ်။ ဆိုင်းဝိုင်းထဲ ပတ်စာကင်ထားတာ သုံးရက်လောက်ရှိပြီ။ မိုးရွာနေတာနဲ့ မကိုက်ဘူး။ တီးလို့ကောင်းတာပေါ့။ နေ့လယ်က ကိုကိုကြီးလာတယ်။ သူ့သားပုခက်တင်က ဖိတ်စာရလို့ သွားယူတာ။ ရိုက်ထားတာကောင်းပါတယ်။ ၁၅၀ ကို ၁၈၀ ကျပ်တဲ့။ ၁၆၊ ၇၊ ၉၁ ညနေ ကိုကိုကြီးပြန်တော့ အောင်နဲ့အငယ်လေး လိုက်သွားတယ်။ ဘုရားကြီးပွဲ သွားချင်လို့တဲ့။ အိမ်မှာ လူမှမရှိတာ သိလို့ထင်ရဲ့။ မ က ဥပုသ်စောင့်တယ်။ ကျုပ်က မရပါဘူး။ စစ်မှုထမ်းဟောင်းက ချေးထားတဲ့ ငွေ ၃၀၀၀ ကျပ် က ၃၀၀ ကျပ်လောက်ပဲ ကျန်တော့တယ်။ ငွေသခင်ရ၊ လူသခင်ရပါပဲလား။ ညအိမ်မှာ မနဲ့ သမီး၊ ကျုပ်နဲ့ ဖိုးကျော် လေးယောက်တည်းရှိလို့ ဟာတာတာကြီးပေါ့။ မြောက်ပြင်က သူရဲတပ် အိမ်ပြန်ရောက်တာ နှစ်နှစ်ပြည့်ဖို့ သုံးလနဲ့ ငါးရက်ပဲလိုတော့တယ်။ အခြေအနေက ဘာမှမထူးသေးပါဘူး။ ထူးတာက ကြွေးငါးသောင်းလောက် တင်နေပြီပေါ့။ ဒေါ်လေးကြွေးက လေးသောင်း၊ ကိုကိုကြီးတို့ဆီက တစ်သောင်း၊ အိမ်ရောင်းမယ်ဆိုတာလည်း မအောင်မြင်သေးဘူး။ မြေဈေးတွေကောင်းလို့ရောင်းချင်တာပါ။ လောဘကြီးကြီးနဲ့ မှန်းရရင် ၁၈ သိန်းလောက်ပေါ့။ သည့်ထက်နည်းရင် ၁၅ သိန်း၊ ၁၂ သိန်း ဒါမှမဟုတ် ၁၀ သိန်း၊ ၉ သိန်း၊ ၈ သိန်း လည်းရောင်းသင့်တာပဲ။ ၇ သိန်း ဆိုလည်း လွှတ်သင့်တယ်ပေါ့။ နောက်ဆုံး ၅ သိန်းလောက်ပဲ လျှော့ရမလား။ ငွေဆိုတာ လက်တွေ့ကျတော့ အရာရောက်တယ်လေ။

စတိုင်သစ်၊ စက်တင်ဘာ၊ ၂၀၀၂

❑

mgyoe.com

mgyoe.com

# အခုစကားပြောနေတာဖြူလုံးလား

မိုးဝေး

ကမ္ဘာမြေရဲ့အစကို ရှာဖွေသလို ဇာတ်လမ်းတစ်ပုဒ်ရဲ့အစကို ရှာနေမိချိန် မှန်ပုံးပေါ် မေးတင်နေမိလျက်သား ဖြစ်နေတာ၊ သတိထားလိုက်မိတာ နေ့အလင်းရောင်ဖြာကျသလို ညင်သာလှသည်။ ထိုစဉ် အဝေးတစ်နေရာဆီ ရောက်ရှိနေသော သူမအား သတိရလိုက်သည့်စိတ်က ရုတ်တရက် အပ်ဖျားထိပ်ချွန်မြမြလေးသဖွယ်။ ထိုညင်သာသိမ်မွေ့မှု ဆပ်ပြာပူဖောင်းကလေးအား တို့ထိမိလိုက်သည့်နှယ် ပေါက်ကွဲလွင့်စဉ်သွားသည်။ လူကတော့ မှန်ပုံးပေါ်မှာပင် မေးတင်နေမိလျက်သား။ သူမနှင့်ပတ်သက်သည့် အကြောင်းအရာများသည် လမ်းပေါ်မှ ကားတစ်စီးစက်နှိုးလိုက်သည့်အခါ လည်ပတ်စပြုလာသော ဘီးများနှယ် တစ်လိမ့်ချင်း တစ်ပတ်ချင်း ကျွန်တော့်ဇာတ်လမ်းကလေးထဲသို့ လောကတစ်ခုထဲ ဝင်ရောက်လာသလို ဝင်ရောက်လာခဲ့တော့သည်။

တကယ်တော့လည်း ကျွန်တော့်ဘဝထဲ သူမ ဝင်ရောက်လာခဲ့တာ ဆယ်နှစ်ဆယ်မိုးပင် ကျော်လွန်လာခဲ့ပြီမဟုတ်ပါလား။ မျိုချပြီးသော အတွေးတစ်ခု၊ မြင်ကွင်းတစ်ခု ပြန်အန်ထုတ်၍ ရနိုင်သော်လည်း အသက်ရှိသော ချစ်ခြင်းမေတ္တာတရား မျိုချမိသောအခါ ဘယ်လိုမှပြန်အန်ထုတ်၍မရမှန်း သိခဲ့ရသောအချိန်သည် အလွန်နှောင်းနေးမှပင် ဖြစ်သော်လည်း ရုတ်တရက် ရှူရှိုက်မိသော ဆေးလိပ်ငွေ့ထဲ၌ သူမ၏ ကိုယ်သင်းရနံ့ကို ရရှိလိုက်ချိန်မှာတော့ ကျွန်တော်သည် လွန်စွာမှ အံ့ဩတုန်လှုပ်စွာဖြင့် တစ်ပြိုင်နက်တည်းမှာပင် မေးတင်ထားသောမှန်ပုံး တလှုပ်လှုပ် တဖျတ်ဖျတ် လူးလွန့်သွားရအောင်ပင် ပျော်ရွှင်နေမိတော့သည်။

တကယ်တော့ ကျွန်တော်သည် သူမအား လွမ်းဆွတ်တသနေခြင်းဖြစ်သည်။ ကျွန်တော့်၏ လွမ်းဆွတ်မှုထဲတွင် သူမ၏ မျက်လုံးဝိုင်းဝိုင်းကလေးတွေက ညမှာမြင်ရသည့် ကြယ်ပွင့်ကလေးများနှယ်။ သူမ စကားပြောသံလေးများက လေထဲ လွင့်မျောနေသည့် တိမ်စိုင်ကလေးများနှယ်။ တစ်ခါတစ်ခါ သူမ အမိန့်ပေးသလို အချိန်မျိုးတွင်

mgyoe.com

mgyoe.com


တော့ သူမအသံကလေးများသည် ကားဟွန်းသံကလေးများနှင့် အလွန်တူလှသည်။ အမှန်တော့ သူမသည် မျဉ်းကျားမှ လမ်းကိုဖြတ်ကူးရသလို ကျွန်တော့်ဘဝအား စနစ်တကျ ရှိစေချင်လွန်းလှသူတစ်ဦးသာ ဖြစ်ပါသည်။ သို့သော်လည်း ဘဝ၏ စည်းမျဉ်းများ၊ အစီအစဉ်ကျနမှုများသည် ရေပေါ်တွင်တင်နေသည့်အရိပ်နှယ် ကျွန်တော်က တွေးမြင်မိထားသူဖြစ်နေ၍လည်းကောင်း၊ မနေ့ကနှင့် ယနေ့သည် အတူတူပင်ဖြစ်ကြောင်း ပြောပြမိတော့ သူမက ခါးခါးသီးသီး ငြင်းဆိုပါတော့သည်။ ထိုအချိန်မျိုးတွင်တော့ "မင်းနဲ့ ငါနဲ့ကတော့ အတူတူပါကွာ" ဟု ပြောလျှင်တော့ သူမသည် ဘာကိုမျှ စဉ်းစားချင့်ချိန်မနေတော့ဘဲ အလွန်တရာ အဖိုးထိုက်တန်လှသည့် လက်ဆောင်တစ်ခု ဒါမှမဟုတ် ဘယ်သူမှ ဖမ်းဆုပ်၍မရနိုင်သော အရာတစ်ခုအား ဖမ်းဆုပ်လိုက်နိုင်သူတစ်ဦးနှယ် ပျော်ရွှင်ကြည်နူးသွားကာ ထိုနေ့ ထိုအချိန်ကလေးများတွင် သူမသည် အလွန်ဖြူဆွတ်လှပချောမွေ့သော လကလေးတစ်စင်း ဖြစ်သွားတော့သည်။ ထိုအချိန်မျိုးတွင်တော့ သတိလက်လွတ်ဖြစ်နေသော လကလေးအား ကျွန်တော်သည် ဘယ်မှ လွင့်ပါမသွားအောင် မစွန်းထင်းသွားအောင် ရင်ဘတ်ပေါ်တွင် သာသာဖွဖွ ဖိကပ်ထားလိုက်ပါတော့သည်။

မနက်မိုးလင်း၍ ကျွန်တော် လက်ဖက်ရည်ဆိုင်ရောက်သောအခါ ကျွန်တော်ဝတ်ထားသော တီရှပ်အင်္ကျီရှေ့ဘက်မှ လရိပ်တံဆိပ်ကလေးအား ကျွန်တော့်သူငယ်ချင်းများက တအံ့တသြ ကြည့်ကြသည်။ ဒါကို ရိပ်မိလိုက်သော ကျွန်တော်က "ဒီလရိပ်ကလေးက စကားလည်း ပြောတတ်တယ်ကွ" ဟု ပြောလိုက်သောအခါ သူတို့ ပို၍အံ့သြသွားကြပြန်သည်။ ထိုစဉ် လရိပ်ကလေးက ကျဆိမ့်တစ်ခွက်ဟု လှမ်းမှာလိုက်ပြန်သောအခါ သူတို့ ပို၍ အံ့သြသွားကြပြန်တော့သည်။ ယနေ့တွင်တော့ အိပ်ရာမှ နိုးလာကတည်းက ဘာမှ ရေရေရာရာ သေသေချာချာ မရှိသော အိပ်မက်တစ်ခုကို ထုတ်မရသလို ခေါင်းထဲ ရှုပ်ထွေးဝေရီစွာဖြင့် လမ်းထိပ်ဘက် ထွက်လာခဲ့သည်။ ညကတော့ အိမ်ပြန်ရောက်ရောက်ခြင်း မီးဖွင့်လိုက်သောအခါ မြင်နေကျမဟုတ်သော အစီအစဉ်မဲ့မှုများပမာ စာအုပ်များ၊ တိပ်ခွေများ၊ အဝတ်အစားများ၊ ရေနွေးကြမ်းပန်းကန်အစရှုပ်မိသော အဝေ့အသက်အဆုံး အားလုံး တစ်စစီ တစ်လွင့်စီ ပြန့်ကျဲနေခဲ့သည်။ တံခါးအဝင်အဝတွင် ချိတ်ထားသော ခေါင်းလောင်းကလေးကို ရုတ်တရက် တိုးတိုက်မိတော့ သူမကို သတိရလွမ်းဆွတ်နေရသည့်စိတ်က ပို၍ အသက်ဝင်သွားကာ ကျွန်တော် အကြာကြီး ရပ်နေမိသေးသည်။ ပြီးတော့မှ ငါ့ဘာသာငါ ထမင်းချက်စားရမှာပါလား။ ငါ့ဘာသာငါ ကောဖီဖျော်သောက်ရမှာပါလား။ ငါ့ဘာသာငါ စကားပြောရမှာပါလား … စသည်ဖြင့် တွေးရင်း စဉ်းစားရင်း နောက်ဆုံးတော့ ဘာမျှမလုပ်ဘဲ အိပ်ရာဝင်ခဲ့သည်။ ထို့နောက် ညက အိပ်ပျော်ခဲ့သလား၊ မပျော်ခဲ့သလား၊ မီးချောင်းတွေ ပိတ်ခဲ့သလား၊ မပိတ်ခဲ့ဘူးလား။ ငါ ထွက်သက် ဝင်သက်အလုပ်ကိုမှ လုပ်ခဲ့မိလေ

mgyoe.com

mgyoe.com


သလား။ ဘာမျှ မှတ်မိခဲ့သလား၊ ဘာမျှ မမှတ်မိခဲ့သလား။ လက်ဖက်ရည်ဆိုင်ရောက်တော့ နေ့စဉ်တွေ့မြင်နေကျ သူငယ်ချင်းတွေက "ဘယ်လိုဖြစ်တာလဲ၊ ပိန်လှချည်လားဘာလား" စသည်ဖြင့် မေးခွန်းတွေ အထုတ်ခံလိုက်ရတော့ ကျွန်တော် ဘယ်လိုပြန်ဖြေရမှန်းမည်မသိ။ ညက ငါ အိပ်မရဘူးကွာလို့ ပြောလိုက်ရလျှင်ကော။ ဒီလိုဆို ညကကျွန်တော် တကယ်အိပ်မပျော်ခဲ့တာလား။ ဒါကလည်း မသေချာတော့ လက်ဖက်ရည်တစ်ခွက်ကိုပဲ အရင် မှာပစ်လိုက်သည်။ ပြီးတော့ လက်ဖက်ရည်စားပွဲဆီ စိုက်ကြည့်နေလိုက်သည်။ သူတို့ရဲ့မေးခွန်းကို ဖြေရန်လည်း စိတ်ကူးမရှိ၊ သည်လိုနှင့် လက်ဖက်ရည်ခွက်ရောက်ရှိလာချိန်မှာ ကျွန်တော် လက်ဖက်ရည်ခွက်ကို ဇွန်းဖြင့် တဖြည်းဖြည်းစတင်မွှေနှောက်တော့သည်။ ဘယ်နှမိနစ်မျှ ကြာသည်မသိ။ ကျွန်တော် သတိထားလိုက်မိတော့ လက်ဖက်ရည်တစ်ခွက်ရဲ့ တစ်ဝက်တိတိကို ကျွန်တော်သောက်ပြီး ကျန်တစ်ဝက်ကို ချန်ထားမိနေပြီ။ ထိုစဉ် ကျွန်တော်တို့ထိုင်သော လက်ဖက်ရည်ဆိုင်လေးရဲ့တစ်ဖက် မိတ္တူဆိုင်မှ ကောင်လေးက ကျွန်တော့်ဆီ မပြေးရုံမယ်ရောက်ရှိလာပြီးအစ်ကို့ဖုန်းလာနေတယ်တဲ့။ ကျွန်တော်က ဘယ်ကလဲ ဘယ်သူလဲဟု မေးလိုက်တော့ကောင်လေးက ဘယ်က ဘယ်သူမှန်းတော့မသိဘူး အစ်ကိုရ၊ ဒီဖုန်းသံဝင်လာတာနဲ့မီးပျက်နေတဲ့ ကျွန်တော့်ဆိုင်တစ်ဆိုင်လုံး လင်းသွားလိုက်တာ မီးချောင်းသုံးလေးချောင်းဖွင့်ထားသလား အောက်မေ့ရတယ်။ သည်တော့မှ ကျွန်တော့်သူငယ်ချင်းတွေလည်းကျွန်တော် ဝတ်ဆင်နေကျ တီရှပ်အကျႌအရှေ့မှ အမြဲတွယ်ကပ်နေကျ လရိပ်ကလေးပျောက်ဆုံးနေတာ သတိထားမိကြ။ ကျွန်တော် ဖြေရန်မလိုသော အဖြေကိုလည်း သူတို့ရရှိသွားကြလိမ့်မည်။ ကျွန်တော်သည်လည်း ဝုန်းခနဲဆိုသလို လက်ဖက်ရည်ဆိုင်ကလေးထဲမှ ထကာ တယ်လီဖုန်းရှိရာသို့ ခြသေ့်တစ်ကောင်နှယ် အဟုန်ဖြင့် ပြေးထွက်ခဲ့တော့သည်။

ဒီဇင်ဘာ၊ ၂၀၀၂၊ ချယ်ရီ

❑

mgyoe.com

mgyoe.com

# အချစ်ဦးသို့

စည်သိမ်းဦး

အရှိန်လျှော့ဖားဖိုကြီးတစ်လုံးလို သူ့ရဲ့အသက်ရှူသံ မှုဉ်းမှုဉ်းကိုသာ တစ်စွန်းတစ်စ ကြားနိုင်ပါတော့တယ်။ အဆွေးမြည့်ဆုံး သံစဉ်တွေကို မီးပုံရှို့ထားတဲ့ မျက်လုံးအစုံကတော့ ရေ့ကလမ်းမမှာ စိုက်ဝင်လို။ သစ်ရွက်ခြောက်တွေ တရွတ်တိုက်လမ်းသလားနေတဲ့ နေ့လယ်ခင်း။ သူ့အာခေါင်ဟာလည်း ငါးလေးတစ်ကောင်တလေမှ ကူးခတ်ခွင့်မရှိတော့တဲ့ ချောင်းကောလေးနဲ့သာ တူနေတော့တယ်။ လည်မျိုထဲမှာ သဲတွေ တောထလို့။ သူထိုင်နေတဲ့ ကဖေးဆိုင်ကလေးကတော့ အဝေးက လှမ်းကြည့်ရင် ကြောင်တစ်ကောင်ကို အရေဆုတ်ပြီး ကျပ်တင်၊ နောက်ဆုံးမှာ တူးကြွပ်သွားတဲ့ပုံနေရဲ့။ နွေလယ်ကောင်မှာ အငွေ့ပျံလို့ရယ်ပေါ့။ ကဖေးဆိုင်လေးထဲမှာတော့ သူရယ်၊ ဆိုင်ပိုင်ရှင်ရယ် နှစ်ယောက်တည်း။ သူက ဆိုင်ကလေးရဲ့ထောင့်စွန်းအမှောင်သဲ့သဲ့ကျစားပွဲမှာ ထိုင်နေပြီး ဆိုင်ပိုင်ရှင်ကတော့ သူနဲ့ ဝါးနှစ်ပြန်ကျော်ကျော်လောက်ဝေးတဲ့ ကောင်တာနောက်မှာ လုံးခြေလွှင့်ပစ်ထားတဲ့လက်နှီးစုတ်တစ်ထည်လို ထုံထိုင်းလို့။ ငိုက်မျဉ်းလို့။ ဆိုင်အပြင်ကို ငေးလိုက် အိပ်ငိုက်လိုက်နဲ့ သမ်းဝေနေခဲ့တယ်။ တစ်ချက် တစ်ချက်တော့ ဆိုင်ထောင့်စွန်းမှာ လက်ဖက်ရည်တစ်ခွက်နဲ့ ထိုင်နေတဲ့ ဒီနေ့လယ်ခင်းရဲ့ တစ်ဦးတည်းသော သောက်သုံးသူကို လှမ်းလှမ်းပြီးကြည့်မိတယ်။ မှောင်ရိပ်ကျနေတဲ့အတွက် သူ့မျက်နှာကို ဆိုင်ရှင် အသေအချာမတွေ့ရဘူး။ ဘာရယ်မဟုတ်ဘဲ အဲဒီထိုင်နေသူဟာ အသက် ၂၃၊ ၂၄ လောက်ပဲရှိဦးမယ်လို့ ခန့်မှန်းကြည့်မိတယ်။ အဲဒီနောက်တော့ ဆိုင်ရှင်ဟာ မပြုပြင်ဖြစ်တာ ကြာပြီဖြစ်တဲ့ ကဖေးဆိုင်လေးကို ခပ်ပျင်းပျင်း ဝေ့ကြည့်နေခဲ့တယ်။ နံရံပေါ်က ဝါကျင့်ကျင့် ပြက္ခဒိန်တစ်ချပ်ကို ငေးရင်း ငါဟာ ဘဝကို ငြီးငွေ့စွာ အချိန်ဖြုန်းနေခဲ့သူလားဆိုတဲ့ မေးနေကျမေးခွန်းကိုပဲ ရေရွတ်နေပြန်တယ်။ တကယ်လည်း နေ့ရက်တွေကို အဓိပ္ပာယ်နည်းပါးစွာ(မဲ့သလောက်နီးပါး)နဲ့ ဖြတ်ကျော်ခဲ့တာဟာဆိုရင် ဒီကနေ့အထိပါပဲ။ သီချင်းနားထောင်မယ်။ လက်ဖက်ရည်ဖျော်မယ်။ ကောင်

mgyoe.com

mgyee.com


တာထိုင်မယ် .... သိပ်မထူးဆန်းဘဲ သမားရိုးကျ ကုန်လွန်ခဲ့တယ်။ ခုနက ပြက္ခဒိန်လေးကို သတိပြုမိပြီးမှ ဆိုင်ရှင်ဟာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်တွေ့ရှိသလို ဟန်မျိုးနဲ့ ပြုံးတော့ ပြုံးလိုက်မိတယ်။ အခုဆို အဲဒီပြက္ခဒိန်ပေါ်က ရုပ်ရှင်မင်းသမီးလေးတောင် ဇာတ်ပို့ ဇာတ်ရံနေရာလောက်မှာပဲ တွေ့ရတော့လို့လေ။ ပြက္ခဒိန်က မိုးထိလေထိနဲ့ဆိုတော့ အတော့်ကို ညစ်ထေးနေကယ်။ "အင်း ... ပြက္ခဒိန်အသစ်တစ်ချပ်တော့ ဝယ်ဦးမှ" ဆိုတဲ့ တစ်ခါမှမတွေးဖူးတဲ့ စိတ်ကူးကို ဆိုင်ရှင် ရရှိခဲ့တယ်။ အဲဒီနောက်မှာတော့ တစ်ဆိုင်လုံး မီးခိုးရိုက်ထားတဲ့အတွက် ကျပ်ခိုးမျှင်တွေ၊ ပိုးအိမ်တွေနဲ့ ရှုပ်ထွေးမှောင်ဝါးနေတာကို စိတ်မကောင်းစွာ ခံစားမိလိုက်ပြန်တယ်။ "ပြင်ရဦးမယ်" ဒါပေမဲ့ ဒီလိုစိတ်ကူးတွေဟာလည်း ခဏတစ်ဖြုတ် ပေါ်လာတဲ့စိတ်ကူးတွေသာဖြစ်ပြီး မကြာခင်မှာပဲ "ဘာမှအရေးမကြီးပါဘူးလေ"လို့ အတွေးဝင်ပြီး နဂိုအတိုင်း ငိုက်မျဉ်းသွားပြန်တယ်။ နေ့လယ်ခင်းဟာ တစ်စပြင်လို ငြိမ်သက်လွန်းလှတယ်။ တစ်ခါတစ်ခါတော့ ကျပ်ခိုးစွဲပြီး ပေါက်ပြဲနေတဲ့ မျက်နှာကြက်ထဲမှာ အသိုက်ဖွဲ့နေကြတဲ့ စာကလေးတွေဆီက ဆူသံညံသံလေးတွေ ကြားရတယ်။ ဝင်လာလိုက်၊ ထွက်သွားလိုက်နဲ့ဆိုတော့ ငှက်အမွေးအစတွေ၊ ကောက်ရိုးစ၊ မြက်ခြောက်စတွေဟာ ဆိုင်ကြမ်းပြင်သမံတလင်းပေါ်မှာ ဟိုတစ်စ ဒီတစ်စ။ နာရီလက်တံတွေ ရပ်နေတာကို တစ်စုံတစ်ယောက်က သတိပေးမှ ဓာတ်ခဲလဲတတ်တဲ့ ဆိုင်ရှင်ရဲ့ တိုင်ကပ်နာရီကလည်း လက်တံတွေကို ဇက်ကျိုးကျလို့ အဲဒီမှာပဲ ကောင်တာပေါ်မှာ ခေါင်းချပြီး အိပ်ပျော်နေတဲ့ ဆိုင်ရှင်ရဲ့ နှာမှုတ်သံဟာ ရှူးရှူးရှဲရှဲနဲ့ တိတ်ဆိတ်ခြင်းကို စတင်တံခါးခေါက်လာခဲ့တယ်။

တကယ့်ကို ခြောက်ကပ်ကပ်နိုင်တဲ့ ကမ္ဘာမြေရဲ့တစ်နေရာက ဇာတ်ဝင်ခန်းပါပဲ။ ထုပ်တန်းမှာ တွဲလဲချည်ပြီး ချထားတဲ့ ဂက်စ်မီးခြစ်ကတော့ လေက သူ့ကို တစ်ချက်ဝှေ့ရင် သူက လေကို သုံးလေးချက်မက ပြန်ဝှေ့လို့တိုက်ခတ်နေဆဲ။ ဆိုင်ရှင်ဟာ ပြင်းထန်တဲ့ နှာချေသံတွေနဲ့အတူ ခေါင်းထောင်လာတယ်။ "သီချင်းလေးဘာလေး ဖွင့်ဦးမှပဲ"ဆိုတဲ့ အတွေးတစ်ခုနဲ့ ကောင်တာထဲက တိပ်ခွေတွေကို မွှေနှောက်တယ်။ ကိုနေဝင်းရဲ့ "ယာဉ်အမီ"ကို ကက်ဆက်ထဲထည့်ရင်း ဆိုင်ထောင့်ထဲကို လှမ်းကြည့်လိုက်တော့ ထိုင်နေတဲ့သူဟာ ထိုင်နေမြဲပုံစံအတိုင်း ထိုင်နေတာကို တွေ့လိုက်ရတယ်။ ဆိုင်ရှင်ဟာ မျက်မှောင်တစ်ချက်ကြုတ်လိုက်မိပြီး ငါလိုလူစားမျိုးများလားဆိုပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်မိတယ်။ × × × တွေ့ကြုံဆုံကွဲ လောကရဲ့သဘာဝပဲ၊ အဆန်းဆုံးကို တို့အချစ်က ဖြစ်ရိုးဖြစ်စဉ်ကို ကျော်လွန်၍မရပြီကော × × ×။ ဆွေးမြည့်ကြေကွဲလှတဲ့ သီချင်းသံဟာ နေ့လယ်ခင်းထဲမှာ စီးမျောမှုစတင်ခဲ့တယ်။ သမိုင်းကို ပြန်ကြည့် မမေ့နဲ့အချစ်ရယ် × × × လူဆိုသည်မှာ × × × ထင်းပုံကိုလည်း မီးလှိုက်လို့စား ... အကြွင်းကပြာပဲ × × ×။ ဆိုင်ရှင်ဟာ သီချင်းလိုက်ညည်းနေတာကို ရပ်လိုက်ပြီး "လူဆိုသည်မှာ ထင်းပုံကိုတည် မီးလှိုက်လို့စား အကြွင်းက ပြာ"ဆိုတဲ့ ဝါကျ

mgyoe.com

mgyoe.com


ကို အကြိမ်ကြိမ် ရွတ်ကြည့်နေရင်း ကက်ဆက်ခလုတ်ကို ရုတ်တရက် ပိတ်ချပစ်လိုက်တယ်။ "ဘာဆန်းလဲ လူ့ဘဝ"ဆိုင့်ရှင်ဟာ ထိုင်နေသူကို တစ်ချက်ဝေ့ကြည့်ပြီး ကောင်တာပေါ်မှာ လက်နှစ်ဖက်တင်လို့ ဦးခေါင်းကို ငုံ့ချလိုက်တယ်။ နောက်တစ်ကြိမ် ဆိုင်ရှင်ဆီက နှာမှုတ်သံတရှူးရှူးနဲ့ ပျင်းရိခြင်းဂီတဟာ ထပ်မံပေါ်ထွက်လာခဲ့တယ်။ ဆိုင်ထောင့်စွန်းမှာ ထိုင်နေတဲ့လူငယ်ဟာ မလှုပ်မယှက်ရှိနေဆဲ။ မျက်တောင်လည်း မခတ်၊ တကယ်တော့ အဲဒီလူငယ်ဟာ ပြီးခဲ့တဲ့ နာရီတော်တော်များများကတည်းက သေဆုံးနေသူဖြစ်တယ်။ သူ့ရဲ့အသားတွေဟာ အေးစက်ပြီး တရိရိဆွေးမြည့်လို့ပေါ့။ ဝေဖာမုန့်ချပ်တွေလို သူ့အသားတွေ။ တချို့က နူးအိပြီးမှ ခြောက်သွေ့သွားတဲ့ ရေစိုစက္ကူပျော့ဖတ်ခြောက်တွေလို။ ဒါပေမဲ့ လူငယ်ဟာ ဟန်မပျက် ထိုင်ရက်ပုံပါပဲ။ အဲဒီလူငယ်ရဲ့ အပေါ်မျက်နှာကြက်မှာတော့ ပင့်ကူတစ်ကောင်ဟာ တွဲလဲကျနေတယ်။ ပင့်ကူဟာ သူ့ပိုးမျှင်တစ်လျှောက် အပေါ်တက်သွားလိုက်၊ အောက်ပြန်ကျလာလိုက်နဲ့ ခက်ခက်ခဲခဲကြိုးစားနေရှာတယ်။ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် နောက်ဆုံးလေးကြိမ်မြောက်မှာ ပင့်ကူဟာ ခြေကားယား လက်ကားယားနဲ့ပဲ လူငယ်ရဲ့ အင်္ကျီဒုတိယကြယ်သီးအဖွင့်အရပြားအတိုင်း ရင်အုံပေါ်ပြုတ်ကျလာခဲ့တယ်။ ဆွေးမြည့်နေတဲ့အရေပြားပေါ် ကျကျချင်း ပင့်ကူဟာ အထိတ်တလန့်နဲ့ တစ်ဟုန်ထိုးပြေးဖို့ ကြိုးစားပေမဲ့ ဘယ်လိုမှ လွတ်လမ်းမြင်ခွင့်မရခဲ့ပါဘူး။ လူငယ်ရဲ့ရင်ထဲ အကောင်လိုက်ကျွံကျသွားတော့တယ်။ လူငယ်ဟာ ကျွံကျလာတဲ့ ပင့်ကူလေးကို သိနေပေမဲ့ ဘာမှမလှုပ်ရှားပေးနိုင်ခဲ့ပါဘူး။ ပြောလည်း ပြောမရ။ သွားတွေဟာ စိနေပြီဖြစ်တယ်။ သဲချောင်းကောနဲ့တူတဲ့ လည်မျိုထဲမှာ သဲတွေပြည့်နေတယ်။ ပါးစပ်ထဲထိ တဖြည်းဖြည်း ပြည့်သိပ်လာခဲ့တယ်။ ဒါပေမဲ့ သူ့မှာ နာကျင်မှုမဖြစ်ပါဘူး။ ပင့်ကူလေးအတွက်ပဲ စိုးရိမ်နေမိတယ်။ ဘယ်လိုများ သူ့ရင်ထဲကနေ ပြန်တက်လာနိုင်ပါ့မလဲဆိုတာကိုပေါ့။ အဲဒါနဲ့ ညာဘက်လက်ကို မြှောက်ကြည့်တယ်။ စိတ်ကသာ လက်ကို ကြွတက်လာတယ်ထင်ပေမဲ့ လက်က လှုပ်မလာဘူး။ "ပင့်ကူလေးတော့ သွားပြီ" လူငယ်ဟာ စိတ်မကောင်းဖြစ်သွားရှာတယ်။ ပင့်ကူလေးဟာ မိုးမျှော်တိုက်ပေါ်က ပြုတ်ကျလာသလို အဟုန်နဲ့ နံရိုးတစ်ချောင်းပေါ်ကို ဖတ်ခနဲ ပြုတ်ကျသွားခဲ့တယ်။ ပင့်ကူလေးဟာ တစ်ခါမျှမရောက်ဘူးတဲ့ နေရာတစ်ခုလို့ သိလိုက်တယ်။ ပတ်ဝန်းကျင်ဟာ နှင်းဆီရနံ့တွေနဲ့ ထုံအီနေတယ်။ အသက်ကို ဝဝ ရှူရှိုက်နေမိတယ်။ အလင်းရောင် ဝိုးတဝါးဟာ ပင့်ကူလေး ကျွံကျခဲ့တဲ့အပေါက်ကနေ ဝင်လာတယ်။ အုတ်ကြွပ်ပြားအဆွေးပေါက်ထဲ လရောင်စီးကျလာတာနဲ့တောင်တူနေတယ်။ ပင့်ကူဟာ သူကျွံကျခဲ့တဲ့အပေါက်ဆီ မော့ကြည့်နေမိတယ်။ "ငါ ဘယ်လိုမှ ပြန်တက်ဖို့မလွယ်ဘူး" ရောက်နေတဲ့နေရာကလည်း သူ မကျွမ်းကျင်တဲ့အရပ်။ ပင့်ကူဟာ ဘေးဘီကိုစူးစမ်းရင်း ထူးဆန်းစွာပဲ ဂူနံရံတွေမှာ ကျောက်ထွင်းစာတွေထိုးထားသလို ထိုးထားတဲ့ နံရိုးပေါ်က အရိုးထွင်းစာတွေကို တွေ့ရှိခဲ့တယ်။ ပင့်ကူ

mgyoe.com

mgyoe.com


ဟာ စိတ်ဝင်တစားနဲ့ပဲ နံရိုးတွေပေါ် တွယ်လျှောက်ရင်း အရိုးထွင်းစာတွေကို လိုက်ဖတ်နေခဲ့မိတယ်။ "နေ့ဖွဲ့သင်္ကရာဇ်တချို့"၊ "မိဘကျေးဇူးကို မဆပ်နိုင်ခဲ့သောသား"၊ "ကမ္ဘာမြေအပေါ် အချစ်ကြီး၍ ယုံမှားခဲ့ရသူ"၊ "အမည်မဲ့ပန်းများသို့ မျက်ရည်"၊ "မနံ့ချိုရဲ့ပန်းချီကားထဲက ..."စတဲ့ ဝါကျအပိုင်းအစတွေကို အဓိပ္ပာယ်ဖော်မရအောင် ပင့်ကူဟာ ဆက်လျှောက်သွားရင်း ဘယ်ဘက်ရင်အုံကို ကာရံတဲ့ နံရိုးတွေထဲက ပြာလဲ့လဲ့နံရိုးတစ်ချောင်းဆီ ရောက်သွားခဲ့တယ်။ "အေးပြည့်ပြည့်၊ အေးပြည့်ပြည့်" ဆိုတဲ့ အမျိုးသမီးတစ်ယောက်ရဲ့အမည်လို့ ထင်ရတဲ့ စကားလုံးတွေကို နံရိုးအပြည့် ရေးထိုးထားတာတွေ့လိုက်ရတယ်။ ပင့်ကူဟာ ခေါင်းရှုပ်ရှုပ်နဲ့ လျှောက်ရင်း ထွက်ပေါက်ကိုသာ စဉ်းစားတော့တယ်။ အဲဒီအချိန်မှာပဲ လေညင်းတချို့ဟာ သူကျွံကျခဲ့တဲ့ အပေါက်ကနေဝင်လာတယ်။ လေညင်းနဲ့နံရိုးတွေ ထိထိချင်းမှာပဲ နံရိုးအားလုံး ကျိုးအက်ကုန်တယ်။ ပင့်ကူလည်း ကမ္ဘာပျက်ပေါ့။ ပင့်ကူဟာ နောက်ဆုံး နံရိုးတစ်ချောင်းကို ကုတ်တွယ်ရင်း အောက်ကိုငုံ့ကြည့်လိုက်တော့ တဆတ်ဆတ်လှုပ်နေတဲ့ ဖြူဖျော့ဖျော့ အစိုင်အခဲတစ်ခုကို တွေ့လိုက်ရတယ်။ ပင့်ကူဟာ အတွေးတွေ ချာချာလည်ခဲ့တယ်။ မကြာခင်မှာပဲ "ဂျွတ်" ဆိုတဲ့အသံနဲ့အတူ တလှုပ်လှုပ်ရင်ခုန်ရင်း အေးစက်စက်အရာတစ်ခုပေါ်ကို တလိမ့်ခေါက်ကွေး ကျသွားတော့တယ်။ အဲဒီနောက်မှာတော့ ထိုအရာပေါ်က ကြက်ဥအနှစ်လို ပျစ်ချွဲစေးကပ်နေတဲ့အစေးတွေထဲ လူးလိမ့်ရုန်းကန်ရင်း ပင့်ကူ သေဆုံးသွားရရှာတယ်။ နှလုံးသားတစ်ခုရယ်လို့တော့ သိမသွားရှာဘူး။ ကဖေးဆိုင်လေးရဲ့ အပြင်မှာတော့ နေရောင်ဟာ တဖြည်းဖြည်း လှမမာရောင်ပေါက်လာရင်း ညနေစောင်းစပြုပြီဖြစ်တယ်။ ဆိုင်ရှင်လည်း ကောင်တာကထပြီး လက်တွေ ဘာတွေဆန့် အကြောလျှော့ရင်း ဆိုင်ထောင့်စွန်းကို လှမ်းကြည့်မိတော့ ထိုင်နေသူဟာ ထိုင်နေမြဲပါလားဆိုတဲ့အသိနဲ့ အံ့သြမှင်တက်မိသွားတယ်။ "သူထိုင်နေပုံကလည်း စောစောကအတိုင်းပါပဲလား ..ဟာ!! မဟုတ်သေးပါဘူး" ဆိုင်ရှင်ဟာ စိတ်ရှုပ်ထွေးစွာနဲ့ ထိုင်နေတဲ့လူငယ်ဆီ ခြေလှမ်းပြင်လိုက်တယ်။ "ဒီမယ်ငါ့တူ ငြိမ်လှချည်လားကွ" စကားစမြည်ပြုရင်း လူငယ်အနားကို ကပ်သွားခဲ့တယ်။ လူငယ်က ကြားပေမဲ့ ဘာမှပြန်မပြောနိုင်ဘူး။ ဆိုင်ရှင်လည်း လူငယ်ရဲ့မျက်လုံးတွေကို အသေအချာကြည့်မိမှ "အို ... ဘုရားသခင်" လို့ ရေရွတ်ရင်း နောက်ကို ခြေတစ်လှမ်းဆုတ်သွားမိတယ်။ လူငယ်ရဲ့မျက်လုံးတွေဟာ ပြူးကျယ်ပြီး လမ်းမကိုလား၊ ကောင်းကင်ကိုလား ဘာကိုငေးနေမှန်းမသိအောင် သေဆုံးနေတယ်။

"အလို ... ဘုရားသခင် ကယ်ပါ၊ ဘာတွေဖြစ်ကုန်ပါလိမ့်" ဆိုင်ရှင်ဟာ ဒုတိယအကြိမ် အာမေဋိတ်သံနဲ့အတူ လူငယ်ရဲ့ပခုံးကို အသာဆုပ်ကိုင်ပြီး လှုပ်လိုက်တယ်။ သဲနဲ့လုပ်တဲ့အရုပ်တစ်ရုပ်ပြိုသွားသလို လူငယ်ရဲ့ကိုယ်ခန္ဓာဟာ ဝုန်းခနဲ ကျကွဲသွားတယ်။ ဆိုင်ရှင်ဟာ လုံးဝထိတ်လန့်အံ့သြခြင်းမှာ အသက်ရှူရပ်မတတ် ခံစားလိုက်ရ

mgyoe.com

mgyoe.com


တာက လူငယ်ရဲ့ပခုံးကို လှုပ်ကိုင်တဲ့ သူ့လက်တစ်ဖက်ကလည်း သမံတလင်းပေါ်ကို ကျိုးကျသွားလို့ပါပဲ။ အကြေအမွအစုအပုံရဲ့ ဘေးအနီးတစ်ဝိုက်မှာတော့ လူငယ်ရဲ့ မျက်လုံးအဆန်နှစ်ခုဟာ မျက်နှာကြက်နဲ့ မျက်နှာချင်းဆိုင်လို့။ တစ်ခုခုကို ရှာဖွေနေတဲ့ မျက်ဆန်နှစ်ခု။ မလှမ်းမကမ်းမှာတော့ ပင့်ကူအသေတစ်ကောင်ကပ်နေတဲ့ ပျစ်ချွဲချွဲ နှလုံးသားအဖတ်တစ်ဖတ်။ အဲဒီအဖတ်မှာ ပိုပြီး အံ့သြစရာဖြစ်ရတာက ပြာလဲ့လဲ့ နံရိုးအကျိုးတစ်ချောင်း စိုက်ဝင်လျက်သား တွေ့ရတာပါပဲ။ ဆိုင်ရှင်ဟာ ချုံးပွဲချငိုဟစ်ရင်း အရူးတစ်ယောက်လို အဝေးကို ထွက်ပြေးသွားတယ်။ နှစ်ပေါင်းများစွာရဲ့ နေ့တစ်နေ့မှာ တော့ အမှိုက်ပုံလိုဖြစ်နေတဲ့ လက်ဖက်ရည်ဆိုင်လေးကို အမှိုက်သိမ်းသမားတွေ တွေ့ရှိ သွားခဲ့တယ်။ လူငယ်ရဲ့ အဆွေးအမြည့် အသေပုံကြီးကိုလည်း တံမြက်စည်းနဲ့ အသေ အချာလှည်းလို့။ ဂေါ်ပြားတစ်လက်နဲ့ သယ်ယူသွားကြတယ်။ နံရိုးအကျိုးလေးတစ် ချောင်းကသာ အမှိုက်သိမ်းသမားတွေ မမြင်နိုင်တဲ့ ထောင့်ချိုးလေးတစ်ခုမှာ လူမသိ သူမသိ ကျန်ရစ်ခဲ့တော့တယ်။ ဘဝအဆက်ဆက်တိုင်းဆိုတဲ့ ထောင့်ချိုးမှာလေ။

ဇန်နဝါရီလ၊ ၂၀၀၃၊ မင်္ဂလာမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# လိပ်ပြာလှသူများ

ခင်ဆွေဦး

လောကကြီးသည် လူတွေအတွက် မိုးမှုန်ကင်းစင်သော တိမ်ပြာပြာကောင်းကင်၊ နေ၏ ရွှေရောင်ခြည်လင်းပွင့်နေသည့်အခိုက် ဖူးငုံနေရာမှ လှပစွာ ပွင့်လာကြသော ပန်းများ၊ ပန်းဝတ်ရည်ကို စားသုံးနေကြသော ရောင်စုံလိပ်ပြာတွေ၊ မြစိမ်းဖန့်ဖန့် သစ်ရွက်၊ အကိုင်းခက်များကြားမှ တေးသီနေကြသော ငှက်ငယ်များ၊ မြစ်ချောင်းအင်းအိုင်ထဲတွင် မြူးထူးပျော်ပါးနေကြသော ရွှေရောင်ငွေရောင် ငါးများ စသည့် အလှတရားတို့သည် လူတွေ၏ စိတ်နှလုံးကို ရွှင်ပြုံးပျော်မြူးစေမည် မလွဲပါ။ ဗုဒ္ဓဝင်တွင် ကာဠုဒါယီအမတ်ကြီးမှာ ပင့်လျှောက်ရန် ခက်ခဲခဲ့သော ဗုဒ္ဓမြတ်စွာကို ကပိလဝတ်ပြည်သို့ ကြွပါစေကြောင်း တောတောင်ရေမြေ သဘာဝအလှအပကို ဂါထာ ၆၀ နှင့် တင်လျှောက်ခဲ့သည်။ အနောက်တိုင်းမှ ထင်ရှားသော ကဗျာဆရာ ဂျွန်ကိ(စ်)–John Keats က အလှတရားသည် ရာသက်ပန် ပျော်ရွှင်စေသာအရာဖြစ်သည်။ (A thing of beauty is a joy forever) ဟု ဆိုခဲ့သည်။

အလှတကာ့အလှတွင် နှလုံးသား၏အလှကို ကျွန်မတို့ ရှေ့တန်းတင်ရတော့မည်သာ။ ရဟန်းစာပေပညာရှင် 'မဃဒေဝ'က 'ပညာပြည့်ဝ နှလုံးလှ'ဟု ဆိုခဲ့သည်။ သည်စကားရပ်ကို တွေးကြည့်လျှင် လူမှာ ပညာပြည့်ဝ၍ နှလုံးလှလေသလား။ မဟုတ်တန်ရာသေး။ လူတွင် ပညာပြည့်ဝဖို့လိုအပ်သလို နှလုံးလှဖို့လည်းလိုကြောင်း မိန့်ဆိုသွားသည် ထင်ပါသည်။ ဗုဒ္ဓ၏ သားတော် ရဟန်းစာဆိုသည် "နှလုံးလှခြင်း"ကို ဦးစားပေးလိမ့်မည်ထင်ပါသည်။ လူတွေပညာကြီးတိုင်း နှလုံးလှပါရဲ့လား။ သည်စကားသည် တွေးကြည့်ရန် သိမ်မွေ့လွန်းပါသည်။ ရုရှားစာရေးဆရာကြီး မက်ဇင်ဂေါ်ကီ (Maxim Gorky)ကတော့ စိတ်ထား သဘောထားကောင်းမှ စာကောင်းပေကောင်း ရေးနိုင်မှာတဲ့။ ဆရာ'ဇော်ဂျီ' သည်လည်း သည်အတိုင်း ပြောဆိုသွားခဲ့ပါသည်။

ကတ်သီးကတ်သတ်တွေးသည် (ဝါ)အတွေးခေါင်သည်ဟု ထင်မှတ်မမှားစေလို

mgyoe.com

mgyoe.com


ပါ။ လူတွေ ပညာကောင်းမှ နှလုံးလှသလား။ နှလုံးသားလှမှ ပညာကောင်းသလား တွေးကြည့်ရမလို ဖြစ်နေသည်။ မဃဒေဝအဆိုကတော့ ကျွန်မအထင် လူမှန်ရင် ပညာလည်း ပြည့်ဝစေရမည့်အပြင် နှလုံးလှဖို့လည်းလိုပေလိမ့်မည်ဆိုခြင်းဖြစ်ပါလိမ့်မည်။ ဆရာတော်ပြောလိုသော ပညာပြည့်ဝခြင်းသည် 'အသိ' စိတ်ကြွယ်ဝလာစေကာ ထိုအသိကပင် လူတွေကို လိမ္မာယဉ်ကျေးစေသည်၊ နှလုံးလှစေသည် ဆိုလိုရင်း မဟုတ်ပါလား။ အသိဉာဏ်အုပ်စိုးသော လူသားတို့၏နှလုံးသားကား လှကိုလှရမည်။ စိတ်ယုတ်မာပုပ်သိုးကာ မလှပသော နှလုံးသားသည် လောကအတွက် ကောင်းကျိုးချမ်းသာ ဘယ်မှာ ဖြစ်စေမည်နည်း။ လူ့ဘောင်တွင် အမှိုက်စသဖွယ် အနှုတ်လက္ခဏာပြနေသော အရုပ်ဆိုးလှသည့် နှလုံးသားပင်တည်း။

လူမှုဆက်ဆံရေးတွင် ရွှေမှုန်ကြဲ အပေါ်ယံ ပကာသန၊ တစ်ဦးကိုတစ်ဦး လိမ်လည်လှည့်ဖျားခြင်း၊ နှလုံးသားမဖြူစင်၊ မကြည်မလင်နှင့် မာယာများခြင်းကို ငြီးငွေ့ကာ ကဗျာဆရာ အများစု သူတို့စိတ်ဖြေရာ ကဗျာတွေ ရေးဖွဲ့ခဲ့ပါသည်။ အိုင်းရစ်ကဗျာဆရာကြီးတစ်ဦးက "ကျွန်တော်တို့ဟာ ဂီတဖန်ဆင်းသူတွေ၊ ကမ္ဘာကြီးကို လှအောင် လုပ်ပေးသူတွေ၊ အိပ်မက်တွေ မက်နေတဲ့ အိပ်မက် မက်သူတွေ" တဲ့။ သူ၏စကားလုံးများအလွန်လှပါသည်။ "စိတ်ကူးမျှော်မှန်းချက်တွေ ဖြစ်နေတဲ့ စိတ်ကူးသမားတွေ၊ အထီးကျန်ပင်လယ်လှိုင်းတွေရဲ့ သောင်ပြင်မှာလျှောက်လို့။ လောကကြီးမှာ လူတွေကတော့ ပင်လယ်လှိုင်းတွေလောက် များပါရဲ့။ ဒါပေမဲ့ ခြောက်သွေ့နေတယ်။ ပျင်းစရာကောင်းနေတယ်။ ငြီးငွေ့စရာ ကောင်းနေတယ်။ တိတ်ဆိတ်တဲ့ စမ်းချောင်းတွေဆီမှာ ထိုင်လို့"တဲ့။ ကမ္ဘာလောကကြီးကို ဆုံးရှုံးနေသူ။ မကျေနပ်ချက်တွေ ရင်မှာပိုက်လို့၊ လောကကြီး(မသမာလောကကို ပြောတာ) ကို စွန့်ခွာခဲ့သူတွေ၊ အပေါ်ယံပျော်ရွှင်မှုကို မရှာဘဲ တကယ့် ပျော်ရွှင်မှုအစစ်ကို ရှာတော့ ကိုယ်က သူတို့ကမ္ဘာကြီး (နှလုံးမလှသူတွေရဲ့ ကမ္ဘာကြီး) ကို စွန့်ခွာရတာပေါ့။ သူတို့အပေါ် ဖျော့တော့အရောင်လေးက ဖြာကျလို့ လရောင်အောက်မှာတောင်မှ လင်းလင်းချင်းချင်း မဟုတ်ရှာဘူး။ ခပ်ဖျော့ဖျော့ အလင်းရောင်လေးရယ် ...။

သူ၏ ပုဂ္ဂလိကခံစားချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရလျှင်

We are the music-makers.
and we are the dreamers of the dreams,
Wandering by wave sea-breakers,
World losers and world forsakers,
On whom the pale moon gleams.

နှလုံးမလှကြသူတွေ လူ့ပတ်ဝန်းကျင်မှ နှလုံးလှကဗျာဆရာ၏ အတွေးအမြင် ဖြစ်ပါသည်။ ပညာပြည့်ဝဖို့ ဆည်းပူးရနိုင်သလို အသိဉာဏ်မြင့်မားရန် လေ့ကျင့်နိုင်

mgyoe.com

mgyoe.com


ကောင်း၏။ နှလုံးလှဖို့မှာကား ကိုယ့်စိတ်ကို သတိတရားနှင့် ပြုပြင်မှ ရနိုင်မည်ဖြစ်ပါသည်။ မြတ်စွာဘုရား ဟောကြားခဲ့ဖူးသော ဒေသနာတစ်ရပ်မှာ "အပ္ပမာဒေထ သမ္မာဒေထ" အစဉ်အမြဲ သတိရှိဖို့ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟ ထုပြောသော ဤလူ့ဘောင်တွင် မကောင်းမှုကို မကောင်းမှုမှန်းသိဖို့ လိုပါသည်။ မြွေပွေးတစ်ကောင်ကို ပွဲခင်းထဲ လွှတ်ကြည့်၊ မြွေပွေးကိုမြင်လျှင် ဖြစ်စေ၊ သိလျှင်ဖြစ်စေ လူတို့ ကွက်ပြေးရှောင်ရှားကြမည်မဟုတ်ပါလား။ မကောင်းမှုကို ဝေးစွာရှောင်ဆိုသည်မှာ သည်ဥပမာပဲ ဖြစ်သည်။ လူတို့၏အသိနှင့် စိတ်ထားနှလုံးကောင်းခြင်းသည် ဒွန်တွဲနေသည်ဟု ပြောရသည်ပင်။ ထို့ကြောင့် ဆရာတော် မဃဒေဝ၏ စကားသည် သည်အချက်ပေါ်မူတည်ပါလိမ့်မည်။ စိတ်ထားနှလုံးသား မကောင်းသူတွေသည် ကိုယ့်ကြောင့်တစ်ပါးသူ ဒုက္ခရောက်မည်ကို ဘယ်တော့မှ မတွေးပါ။ ကိုယ့်ကိုပဲ ကြည့်သည်။ ကိုယ့်တစ်ဘို့တည်းသာ ကြည့်သည်ဖြစ်၍ ကိုလိုနီအုပ်ချုပ်ရေးအောက်မှ နိုင်ငံရေးတွင် "နွားများလိုပဲ တစ်ဘို့တည်းရှိတယ်" ဆိုသော ရင့်သီးသော စကားဆိုရင်းပင် ရှိခဲ့သည်။

မိမိကိုယ် တစ်ခုတည်းသာကြည့်သော သူများ၊ မိမိကိုယ်မှလွဲ၍ တခြားဘက်ကို မကြည့်သူများ၊ စကားပြောဆိုလျှင်လည်း ကိုယ့်ကိုယ်မှလွဲ၍ တခြားဘက်ကို စိတ်မဝင်စားသူများကို အနောက်တိုင်းလူမှုဝန်းကျင်မှ မိမိကိုယ်သာ ဗဟိုပြုသူများ(Self Centered Person) ဟု ခေါ်ဝေါ်သမုတ်ကြကုန်သည်။ ဤတွင် အတ္တဟိတ၊ ပရဟိတ ဟူသော စကားရပ်နှစ်ခုနှင့် ပုဂ္ဂိုလ်နှစ်မျိုးနှစ်စား ကွဲပြားခြားနားစေခဲ့သည်။ တရုတ်ပြည်၌ မိမိ၏ ကိုယ်ကျိုးကို စွန့်လွှတ်ကြ၊ တိုင်းပြည်အကျိုးကို ရွက်ဆောင်ကြ" ဟူသော "ချင်ချင်းမိုင်"ဆိုသူ၏ စကားသည် မွန်မြတ်သောစိတ်ထားရှိသူ၏ စကားဖြစ်သည်။ တစ်ဖန် ကိုယ်ကျိုးမဖက်၊ အသပြာမဖက်သော ရွာရိုးကိုးပေါက်လှည့်လည် ဆေးဝါးကုသသည့် ဖိနပ်မပါ ဆရာဝန်(Barefoot Doctor) နော်မန်ဗက်သွန်း (Noramn Bethum)ကို စာရေးဆရာ(ဦး)ကျော်အောင်က "နှလုံးလှဆရာဝန်" အမည်နှင့် သူ၏ အတ္ထုပ္ပတ္တိကို ဘာသာပြန်ခဲ့လေသည်။ "ဗက်သွန်း" သည် ပညာပြည့်ဝ နှလုံးလှသူ မဟုတ်ပါလား။ ကျွန်မတို့ မြန်မာနိုင်ငံမှ အနန္တသူရိယအမတ်၊ စလေဦးပုည၊ လက်ဝဲသုန္ဒရအမတ်နှင့် ဦးပေါ်ဦး စသည်များလည်း နှလုံးလှပညာရှိများ ဖြစ်ကြပါသည်။

ဖိလစ်ပိုင်မှ သူရဲကောင်းဂျိုဇေရီဇော် (Jose Rizal) သည်လည်း တိုင်းပြည်အတွက် အသက်ကိုပေးအပ်စွန့်လွှတ်သွားသူဖြစ်ပါသည်။ သူတို့၏ နှလုံးသားသည် လှနိုင်လွန်းလှပြီး မြင့်မြတ်လှသည်။ "ရီဇော်" သည် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂရိ၊ အီတာလျံ၊ ဂျပန်၊ ရုရှ၊ လက်တင်၊ မလေး၊ စပိန်၊ သက္ကတ စသည့် ဘာသာပေါင်းမြောက်မြားစွာ တတ်ကျွမ်းသူဖြစ်သည်။ သူသည် စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ဗိသုကာ၊ ပညာရေးသုတေသီ၊ သမိုင်းဆရာ၊ ဂျာနယ်လစ်၊ ခွဲစိတ်ကုဆရာဝန် စသည့် ဘက်စုံပညာရှင်ဖြစ်သည်။ သူ၏ တော်လှန်ရေးရလဒ်အဖြစ် ၁၈၉၆ ခုနှစ်

mgyoe.com

mgyoe.com


နိုဝင်ဘာ ၃ ရက်နေ့ သူ ၃၅ နှစ်အရွယ်မှာ သေဒဏ်ပေးခံရပါသည်။ ဖိလစ်ပိုင်လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ပြီး သူသည် ဒူပေနာပေ၊ ချေသော် မကြေ သူရဲကောင်းဖြစ်ပါသည်။ ကျွန်မတို့နိုင်ငံ မြန်မာသူရဲကောင်းတွေ၏ အစွမ်းသတ္တိကို ဂုဏ်ပြု သောကဗျာလေးတစ်ပုဒ်အတိုင်းပင်။

မားနှင့်ထိုး မားကျိုးပါလို့
လှံပါခွေ၊ မီးမှာထည့်မသွေ၊
ရေမှာထည့် မခြား။
ပဒုမ္မာ ရွှေကြာပန်းလို
လန်းတဲ့ ယောကျာ်း။

ရီဇော်၏ စွမ်းအင်သတ္တိ ဂုဏ်ထူးတွေမှာ ကမ္ဘာ့နိုင်ငံသမိုင်းတွင် ကျန်ရစ်ခဲ့သည်။ သူ နောက်ဆုံးကွယ်လွန်ခါနီးရေးသားခဲ့သော "နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ်" (Ultimo Adios) ကဗျာသည် သူ၏ အကောင်းဆုံးကဗျာ ဖြစ်ခဲ့သည်။ သူ၏ ကဗျာကို ချုပ်ပြီးပြောရလျှင် "ကျွန်တော်ချစ်တဲ့ ကျွန်တော့်မြေ၊ နေရောင်လွှမ်းခြုံတဲ့ နယ်မြေ၊ အရှေ့တိုင်းပင်လယ်ပြင်မှ ပုလဲသွယ်၊ ကျွန်တော့်မိဘ၊ ကျွန်တော်ချစ်တဲ့ ညီအစ်ကိုတစ်တွေ၊ ငယ်သူငယ်ချင်းတွေ၊ ချစ်ဖွယ်သော သူစိမ်းတစ်ရံဆံတွေ အားလုံးအားလုံးကို ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်တော် ချစ်သူအားလုံးခင်ဗျား ကျွန်တော်ဟာကျေးကျွန်တွေ မရှိတဲ့နေရာ၊ အာဏာပါးကွက်သားတွေ မရှိတဲ့နေရာ၊ ကျွန်တော်တို့ရဲ့ယုံကြည်မှုတွေကို မနှိပ်ကွပ်နိုင်တဲ့နေရာကို သွားပါပြီ။ ကျွန်တော့်အတွက် သေခြင်းဟာအနားယူခြင်းပါပဲ"တဲ့။

ဘယ်လောက်မြင့်မြတ်ပြီး လှပသော နှလုံးသားပါလဲ။ အလွန်ပင် ထင်ရှားပြီးကြေကွဲလွမ်းဆွတ်ဖွယ်လည်း ဖြစ်ခဲ့ပါသည်။ ဖြူစင်သော နှလုံးသားနှင့် လိပ်ပြာလှသူတွေ ကျွန်မတို့ လူ့လောကဌ် မလိုအပ်ပေဘူးလား၊ ကိုယ်ကျိုးစွန့်အနစ်နာခံကြသူတွေ၏ ပညာတွေကလည်း နမြောတသရလောက်အောင် ကောင်းလှပါသည်။ မာန်မာန၊ အတ္တ ကင်းဝေးသော ရေပြည့်အိုးများဖြစ်ကြသည်။ ကျွန်မ၏ အဇ္ဈတ္တအတွင်းစိတ်ထဲဌ် ထိုသူမြတ်တို့၏ လိပ်ပြာအလှတို့ နားခိုလျက် ရှိနေမြဲဖြစ်ပါသည်။ သူတို့ကို အမြဲကြည်ညိုလေးစားချစ်ခင်ပြီး အားကျသော ကျွန်မ၊ ဝတ္ထုတွေထဲတွင် စံပြဇာတ်ကောင်များ ဖန်တီးမိလျက်သာ ဖြစ်ပါတော့သည်။

ဖေဖော်ဝါရီ၊ ၂၀၀၃၊ Beauty

❑

mgyoe.com

mgyoe.com

# အကြမ်းဖက်ဝါဒနဲ့ ဂန္ဓီ-ကင်းတို့ရဲ့အကြမ်းဖက်ဆန့်ကျင်ရေးဝါဒ

လူထုစိန်ဝင်း

ဩဂုတ် – ၆ ရက်နေ့ညက အသက်ရှူမဝဖြစ်ပြီး မောလာတာကြော်င့် အောက်ဆီဂျင်ပိုက်တပ်ပြီးလှဲနေရင်းက နိုင်ငံခြားသတင်းတွေကို ကြည့်ဖြစ်ပါတယ်။ ဂျပန် NHK သတင်းဌာနသတင်းတစ်ပုဒ်မှာ ဂျပန်ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတချို့ ဟီရိုးရှီးမား အထိမ်းအမှတ် အဆောက်အအုံကို သွားရောက်ကြပြီး ကွယ်လွန်သူများအတွက် ဆုတောင်းမေတ္တာပို့လုပ်ကြတဲ့ သတင်းကို တွေ့မြင်လိုက်ရပါတယ်။

ဘာလိုလိုနဲ့ ဟီရိုရှီးမားနဲ့ နာဂါဆာကီ မြို့နှစ်မြို့အပေါ် အမေရိကန်တို့က ပထမဆုံး အဏုမြူဗုံးစမ်းသပ် ဖောက်ခွဲခဲ့တာ နှစ်ပေါင်း ၆၀ တောင် ပြည့်ခါနီးပါပေါ့လားလို့ တွေးမိပါတယ်။ ပထမဆုံးစမ်းသပ်ဖောက်ခွဲလိုက်တဲ့အဏုမြူဗုံးရဲ့ ပြင်းထန်တဲ့စွမ်းအားကို အဏုမြူဗုံးပိုင်ရှင် အမေရိကန်တို့တောင် မယုံနိုင်လောက်အောင် ရှိခဲ့ပါတယ်။ ကြောက်မက်ဖွယ်ကောင်းလွန်းလို့ ဒီဗုံးမျိုးတွေ နောက်ထပ် ထုပ်လုပ်ခြင်းမပြုနိုင်အောင် တားမြစ်ပိတ်ပင်တဲ့ နည်းလမ်းတွေ ရှာဖွေဆောင်ရွက်ကြလိမ့်မယ်လို့ လူသားအားလုံးက ထင်မှတ်ခဲ့ကြပါတယ်။

ဒါပေမဲ့ ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါအားလုံးအနက် လူသတ္တဝါဟာ အသိဉာဏ်အမြင့်ဆုံးဖြစ်သလို အမိုက်မဲဆုံးလည်းဖြစ်တယ်လို့ ပြောရမယ်ထင်ပါတယ်။ အဏုမြူဗုံးကို ပိတ်ပင်တားဆီးမဲ့အစား၊ နိုင်ငံတစ်ခုပြီးတစ်ခု ပိုပိုပြီး အစွမ်းထက်တဲ့ အဏုမြူဗုံးတွေ၊ ဟိုက်ဒရိုဂျင်ဗုံးတွေ ထုတ်လုပ်ဖို့သာ ကြိုးစားလာခဲ့ကြတာ တွေ့ရပါတယ်။ အကြမ်းဖက် သတ်ဖြတ်တဲ့ စစ်ပွဲကြီး စစ်ပွဲငယ်တွေလည်း ကမ္ဘာမြေပြင်ပေါ်မှာ နေ့စဉ်နဲ့အမျှကို ဖြစ်ပွားနေကြပါတော့တယ်။

"ပါးကိုက်ရင် နားကိုက်မယ်" ဆိုတဲ့ တောတွင်းဥပဒေသဟာ နေရာတကာ

mgyoe.com

mgyoe.com


လွှမ်းမိုးနေတာတွေ့ရပါတယ်။ လူနည်းစုအကြမ်းဖက်ဝါဒကနေပြီး အာဖဂန်နစ္စတန် ကျူးကျော်မှု၊ အီရတ်ကျူးကျော်မှု စတဲ့ ကျူးကျော်မှုကြီးတွေလို "နိုင်ငံတော်အကြမ်းဖက်မှု" ဝါဒအထိ ကြီးထွားတာကိုလည်း နေ့စဉ်နဲ့အမျှ တွေ့မြင်နေရပါတယ်။

"စစ်အေးတိုက်ပွဲ"ဆိုတဲ့ ခေတ်တစ်ခေတ် ကုန်ဆုံးသွားပြီလို့ ကြွေးကြော်ရင်း ကြွေးကြော်ရင်းနဲ့ "စစ်ပူတိုက်ပွဲ" တစ်ခုပြီးတစ်ခု ပေးထွက်လာတာကိုသာ တွေ့နေရပါတယ်။ "ကြီးနိုင်ငယ်ညှဉ်းဝါဒ"ဆိုတာ တောတွင်းက သားရဲတိရစ္ဆာန်တို့ရဲ့ ဝါဒသာလျှင် ဖြစ်တယ်လို့ ရှုတ်ချရင်း၊ ရှုတ်ချရင်းနဲ့ လက်နက်အားကိုးနဲ့ ဗိုလ်ကျအနိုင်ကျင့်တဲ့ ဝါဒသာလျှင် နေရာတိုင်းမှာ တွင်ကျယ်ချင်တိုင်း တွင်ကျယ်နေတာကို တွေ့နေရပါတယ်။ တစ်ဦးချင်း အကြမ်းဖက်မှုဖြစ်တဲ့ မြောက်အိုင်ယာလန်တို့၊ အစ္စရေးပါလက်စတိုင်းတို့က အကြမ်းဖက်မှုတွေနဲ့ အာဖဂန်နစ္စတန်နဲ့ အီရတ်တို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်တဲ့ "နိုင်ငံတော်အကြမ်းဖက်မှု" ကြီးတွေအကြောင်း တောင်ရောက် မြောက်ရောက် စဉ်းစားရင်းက ကမ္ဘာကျော် အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးသမားကြီးနှစ်ဦး အကြောင်း ရေးထားတဲ့ စာအုပ်ဆီ မျက်စိရောက်သွားပြီး ဆွဲယူကောက်လှန်မိပါတယ်။ စာအုပ်က

"Mahatama Gandhi and Martin Luther King Jr. The Power of Nonviolent Action" ဆိုတဲ့ စာအုပ်ပါ။ ရေးသူက "Mary King" ဖြစ်ပါတယ်။ ကင်း ချင်းတူပေမဲ့ မာတင်လူသာကင်းနဲ့ သွေးမတော် သားမစပ်ပါဘူး။

စာအုပ်ကိုလှန်ကြည့်မိတော့

"To answer brutality with brutality is to admit one's moral and intellectual bankruptcy and it can only start a vicious circle"

အကြမ်းဖက်မှုကို အကြမ်းဖက်မှုနဲ့ တုံ့ပြန်ခြင်းဟာ မိမိရဲ့စိတ်ပိုင်း၊ အသိဉာဏ်ပိုင်း ချွတ်ခြုံကျမှုကို ဝန်ခံရာရောက်တယ်။ ပြီးတော့ ဒါဟာ မဆုံးနိုင်တော့တဲ့ ဒုစရိုက်စက်ဝိုင်းကြီးကို စလိုက်သလိုသာဖြစ်စေနိုင်တယ်။

Brute force has been the ruling factor in the world for thousand of years, and mankind has been reaping its bitter harvest all along. There is little hope of anything good coming out of it in the future. If light can come out of darkness, then along can love emerge from hatred.

(Satyagraha in South Africa)

"အကြမ်းဖက်အင်အားကြီးဟာ ကမ္ဘာကြီးပေါ်မှာ အဓိကနေရာက နှစ်ထောင်ပေါင်းများစွာကပဲ ရှိနေခဲ့တယ်။ လူသားမျိုးနွယ်ဟာ အဲဒီက ခါးသီးတဲ့ သီးနှံတွေကို တစ်လျှောက်လုံးပဲ ရိတ်သိမ်းလာခဲ့ကြရတယ်။ အဲဒီကနေပြီးတော့ အနာဂတ်မှာ ကောင်း

mgyoe.com

mgyoe.com


မွန်တဲ့ အရာ တစ်စုံတစ်ရာ ပေါ်ထွက်လာဖို့ မျှော်လင့်ချက် မဆိုစလောက်သာရှိတယ်။ အမှောင်ထဲကနေပြီး အလင်းရောင်ထွက်ပေါ်လာနိုင်ခဲ့တယ်ဆိုရင် အမုန်းထဲကလည်း အချစ်ဆိုတာ ပေါ်ထွက်လာနိုင်ပေတာပေါ့"

Sh. V.N.S. Chary, Madras
Ashram, Sabarmati, 9 April 1926

Dear Friend,

I have your letter. I too have seen many a lizard going for cockroaches and have watched cockroaches going for lesser forms, but I have not felt called upon to prevent the opreating of the law of the larger living on the smaller. I do not claim to penetrate into the awful mystery but from watching these very operation, I learn that the law of the beast is not the law of the Man; that Man has be painful striving to surmount and survive the animal in him and from the tragedy of himsa which is being acted around him he has to learn the supreme lesson of ahimsa for himself. Man must, therefore, if he is to realize his dignity and his own mission, cease to take part in the destruction and refuse to prey upon his weaker fellow creatures. He can only keep that as an ideal for himself and endeavour day after day to reach it.

Your Sincerely,
MKG

Letter to V.S.Chary,
CWMG ,op!cit, Vol.30,p.262

ချစ်မိတ်ဆွေ

ခင်ဗျားရဲ့စာကို ရရှိပါတယ်။ ကျွန်တော်လည်းအိမ်မြှောင်တွေက ပိုးဟပ်လိုက်ဖမ်းတာ တွေ့မြင်ခဲ့ဖူးပါတယ်။ ပိုးဟပ်တွေက အကောင်ငယ်လေးတွေ လိုက်ဖမ်းတာကိုလည်း စောင့်ကြည့်ဖူးပါတယ်။ ဒါပေမဲ့လို့ အားကြီးသူက အားငယ်သူကို ဝါးမျိုတဲ့ ဥပဒေသကျင့်သုံးနေကြတာကို ဝင်ရောက်တားဆီးဖို့ ခံစားမှုမျိုးတော့ မပေါ်ပေါက်ခဲ့ပါဘူး။ ဒီကြောက်စရာ ဆန်းကြယ်မှုကြီးကို ထဲထဲဝင်ဝင် လေ့လာခဲ့တယ်လို့လည်း မပြောလိုပါဘူး။ ဒါပေမဲ့ ဒီလုပ်ရပ်တွေကို စောင့်ကြည့်ရင်းနဲ့ "တိရစ္ဆာန်တွေရဲ့ ဥပဒေသဟာ လူသားတွေရဲ့ ဥပဒေသမဟုတ်ဘူးဆိုတဲ့ အချက်ကိုတော့ လေ့လာသိ

mgyoe.com

mgyoe.com


ရှိခဲ့ပါတယ်။ ဒါ့အပြင် လူသားဟာ ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်ရင်းနဲ့ သူ့ကိုယ်တွင်းမှာရှိနေတဲ့ တိရစ္ဆာန်စရိုက်ကို ကျော်လွှားအနိုင်ယူနိုင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ သူ့ပတ်ဝန်းကျင်မှာ ကျင့်သုံးနေကြတဲ့ "ဟိံသ"ဆိုတဲ့ ဝမ်းနည်းကြေကွဲဖွယ်ရာတွေထဲက "အဟိံသ"ဆိုတဲ့မြင့်မြတ်လှတဲ့ သင်ခန်းစာကြီးကို ထုတ်ယူရမှာပါလားဆိုတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ အဲဒါကြောင့် လူသားဟာ သူ့ဂုဏ်သိက္ခာနဲ့ သူ့တာဝန်ကို သိမြင်စေဖို့အတွက် အဖျက်လုပ်ငန်းမှာ ပါဝင်ပတ်သက်နေမှုကို ရပ်ဆိုင်းပစ်ပြီး၊ ဘဝတူအားနည်းတဲ့ သတ္တဝါများအပေါ် အနိုင်ကျင့်နေမှုကို ငြင်းဆန်ရမယ်။ ဒီအချက်ကို သူ့အတွက် စံပြအဖြစ် သဘောထားပြီး အဲဒီအခြေအနေကို ရောက်ရှိဖို့ နေ့စဉ်မပြတ် အားထုတ်ကြိုးပမ်းနေရမယ်။

သင့်ရဲ့

အမ်ကေဂျီ

(ဗီ၊ အက်စ်ချာရီထံ ပေးစာ)

အကြမ်းဖက်မှုကို အကြမ်းဖက်မှုနဲ့ ရင်ဆိုင်လို့မရနိုင်ဘူးဆိုတာကို မဟတ္တမဂန္ဒီဟာ ရောက်လေရာနေရာတိုင်းမှာ ဟောပြောပါတယ်။ ဘယ်လိုအကြောင်းပြချက်တွေပဲပေးပေး၊ အကြမ်းဖက်မှုဟာ တရားတယ်လို့ ဘယ်တော့မှ ယူဆလို့မရနိုင်ကြောင်းကိုလည်း ပြောခဲ့ပါတယ်။ ဟီရိုရှီးမားကို အဏုမြူဗုံးကြဲချလိုက်တဲ့အခါမှာ မကြုံဘူးတဲ့စွမ်းအားကြီးကြောင့် ကမ္ဘာတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားခဲ့ရပါတယ်။ ဒါလောက် ရက်စက်ကြမ်းကြုတ်တဲ့လုပ်ရပ်မျိုး လုပ်သင့်ပါရဲ့လားဆိုတဲ့မေးခွန်းထုတ်မှုတွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီအခါမှာ အကြမ်းဖက်မှုတွေ ချုပ်ငြိမ်းသွားစေရန် လုပ်ခဲ့ရတာဖြစ်ကြောင်း ဆင်ခြေပေးသူက ပေးကြပါတယ်။ ဒီအခါမှာ ဂန္ဒီကြီးက

"It has been suggested by Americans friends that the atom bomb will bring in 'ahimsa'(non violence) as nothing else can. It will, if it is meant that its destructive power will disgust the world that it will turn it away from the violence for the time being. This is very like a man glutting himself with dainties to the point of nausea and turning away from them only to return with redoubled zeal after the effect of nausea is well over. precisely in the same manner will the world return to violence with renewed zeal after the effect of disgust in worn out."

"အဏုမြူဗုံးက ဘယ်အရာမှ မစွမ်းဆောင်နိုင်ခဲ့တဲ့ 'အဟိံသ' တရားကို ဆောင်ကြဉ်းပေးလိမ့်မယ်လို့ အမေရိကန်မိတ်ဆွေများက ဆိုခဲ့ကြတယ်။ အဏုမြူဗုံးရဲ့ အဖျက်စွမ်းအား ကြီးမားလွန်းတာကြောင့် လူတွေက ရွံကြောက်ကြီးဖြစ်ပြီး အကြမ်းဖက်မှုတွေကို ရှောင်ကြဉ်ကြလိမ့်မယ်လို့ဆိုခြင်းဖြစ်ပါတယ်။ ဒါဟာ လူတစ်ယောက်က

mgyoe.com

mgyoe.com


အစာမုန်းအောင်ဆိုပြီး၊ စားကောင်းသောက်ဖွယ်တွေကို စားပိုးနင့်ပြီး အန်ထွက်အောင် စားတာမျိုးနဲ့ သိပ်တူတယ်။ အအန်လည်းပျောက်သွားရော အရင်ကထက် နှစ်ဆပိုပြီး အစာမက်သွားတော့တယ်။ အလားတူပဲ အဏုမြူဗုံးကို ကြောက်နေတာလည်း ပြေသွားရော အရင်ကထက်ပိုပြီး အကြမ်းဖက်မှုတွေ လုပ်လာမယ်ဆိုတာ သေချာတယ်"

မဟတ္တမကြီးပြောခဲ့တာ သွေးထွက်အောင်မှန်နေပါရောလား။ စစ်ပြီးစကတော့ စစ်တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆိုတဲ့ အသံတွေ ညံနေအောင် ကြားကြရတာပေါ့။ နောက်တော့လည်း အဏုမြူဗုံးပိုင်တဲ့ နိုင်ငံတွေ တစ်ခုပြီးတစ်ခု တိုးလာလိုက်တာ နည်းသလားလို့။ ဂန္ဓီကြီးက ဒါတွေကို ကြိုမြင်ပါတယ်။ အဲဒါကြောင့်

"Peace will never come until the Great powers courageously decide to disarm themselves"

"မဟာအင်အားကြီးနိုင်ငံတွေက သတ္တိရှိရှိနဲ့ သူတို့လက်နက်တွေကို သူတို့ကိုယ်တိုင် ဖျက်သိမ်းပစ်ဖို့ မဆုံးဖြတ်သရွေ့ ငြိမ်းချမ်းရေးဆိုတာ ရောက်မလာနိုင်ဘူး"လို့ ပြောခဲ့တာဖြစ်ပါတယ်။ ဝမ်းနည်းကြေကွဲစရာ ကောင်းလှတာက အကြမ်းမဖက်ဝါဒ ဆန့်ကျင်ရေးသမားကြီး မဟတ္တမဂန္ဓီဟာ အကြမ်းဖက်လုပ်ကြံခံရလို့ သေဆုံးသွားရ ခြင်းဖြစ်ပါတယ်။ ဂန္ဓီကြီးနောက် အထင်ရှားဆုံး အကြမ်းဖက်ဝါဒဆန့်ကျင်ရေးသမား တစ်ဦးကတော့ လူမည်းခေါင်းဆောင် မာတင်လူသာကင်းဖြစ်ပါတယ်။ ကင်းကလည်း သူ့လူတွေကို အကြမ်းမဖက်ဖို့ အမြဲတမ်း သတိပေးနေခဲ့တာပါ။

"Occasionally violence is temporarily successful, but never permanently so. If often temporary victory, but never permanent peace."

"အခါအားလျော်စွာ အကြမ်းဖက်မှုက ခေတ္တခဏ အောင်မြင်လိမ့်မယ်။ ဒါပေမဲ့ ဘယ်တော့မှ အမြဲထာဝရ မဟုတ်ဘူး။ ယာယီအောင်ပွဲကို ရယူပေးလိမ့်မယ်။ ဒါပေမဲ့ ထာဝရငြိမ်းချမ်းရေးတော့ ဘယ်တော့မှ မရဘူး"

"If the American Negro and other victims of opperssion succumb to the temptation of using viloence in the struggle for justice, unborn generation will be the recipients of a long and desolate night of bitterness, and their chief legacy to the future will be an endless reign of meaningless chaos."

"အမေရိကန် နီဂရိုးတွေနဲ့ တခြားဖိနှိပ်ခံတွေက တရားမျှတမှုအတွက် တိုက်ပွဲဝင်ကြရာမှာ အကြမ်းဖက်မှု အသုံးပြုရေးသွေးဆောင်ဖြားယောင်းမှုများနောက်သို့ ပါသွားခဲ့ကြတယ်ဆိုလျှင် မွေးဖွားလာခြင်းမရှိသေးတဲ့ မျိုးဆက်များဟာ ရှည်လျားခေါင်းပါးတဲ့ ခါးသီးညတွေကိုသာ ရရှိကြလိမ့်မယ်။ ပြီးတော့ အနာဂတ်အတွက် သူတို့ထားရစ်ခဲ့မယ့် အမွေကလည်း အဓိပ္ပာယ်မဲ့ ရုန်းရင်းဆန်ခတ်မှုတွေ မဆုံးနိုင်အောင် ကြီးစိုးနေ

mgyoe.com

mgyoe.com

ခြင်းသာဖြစ်လိမ့်မယ်"

ခြောက်ဆယ်စုနှစ်များအတွင်း အသားရောင်ခွဲခြားမှု ဆန့်ကျင်ရေးတိုက်ပွဲကာလမှ လူဖြူ "ကေသုံးလုံးဂိုဏ်း" တွေက လူမည်းတွေကို အကြမ်းဖက်သတ်ဖြတ်မှုတွေ လုပ်ခဲ့တာကြောင့် လူမည်းအဖွဲ့အစည်းတချို့က အကြမ်းဖက်နည်းနဲ့ လူဖြူတွေကိုတိုက်ဖို့ လှုံ့ဆော်ကြပါတယ်။ ဒါကို 'ကင်း'က လုံးဝဆန့်ကျင်ခဲ့ပါတယ်။ လူထုအစည်းအဝေးကြီးတွေမှာဖြစ်ဖြစ်၊ ချီတက်ဆန္ဒပြပွဲတွေမှာဖြစ်ဖြစ်၊ သူ့ဘုရားကျောင်းကတရားပွဲမှာပဲဖြစ်ဖြစ်၊ သူက အကြမ်းမဖက်တဲ့နည်းနဲ့ တိုက်ခိုက်ဖို့သာ အမြဲဆော်သြခဲ့ပါတယ်။

"We must not think in terms of retaliatory violence. Violence creates many more problems than it solves. There is a voice crying through the vista of time saying 'He who lives by the sword shall perish by the sword.' History is replete with the bleached bones of nations who failed to follow this truth"

"လက်တုံ့ပြန်အကြမ်းဖက်မှုဆိုတဲ့ သဘောမျိုးနဲ့ ဘယ်တော့မှမစဉ်းစားရဘူး။ အကြမ်းဖက်မှုက ပြဿနာကို ဖြေရှင်းနိုင်တာထက် ပြဿနာတွေကို ပိုပြီးဖန်တီးပေးတယ်။ နှစ်ပရိစ္ဆေဒပေါင်းများစွာ အော်ဟစ်လာခဲ့တဲ့အသံတစ်သံရှိတယ်။ "ဓားနဲ့ အသက်ရှင်နေသူဟာ ဓားနဲ့ပဲ သေရမယ်လိမ့်မယ်"တဲ့။ ဒီအမှန်တရားကို လိုက်နာဖို့ ပျက်ကွက်တဲ့နိုင်ငံတွေရဲ့ ဖွေးဖွေးလှုပ်နေတဲ့ အရိုးပုံကြီးတွေနဲ့ သမိုင်းဟာ ပြည့်နှက်နေတယ်"

ဒေါက်တာမာတင်လူသာကင်းဟာ ဂန္ဒီကြီးရဲ့လမ်းစဉ်အတိုင်းလိုက်ခဲ့သူ ဖြစ်ပါတယ်။ ကြေကွဲစရာကောင်းတာက သူသည်လည်း ဂန္ဒီကြီးလိုပဲ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခံရတဲ့အတွက် သေဆုံးသွားရခြင်းဖြစ်ပါကယ်။

"သားရဲတိရစ္ဆာန်တို့ရဲ့ ဥပဒေသဟာ လူသားတို့ရဲ့ ဥပဒေသမဟုတ်ဘူး" လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်က ဂန္ဒီကြီးသတိပေးခဲ့တဲ့စကားကို ဒီနေ့ ထပ်ခါတလဲလဲပြန်ပြောနေဖို့ လိုအပ်နေပြန်ပါပြီ။ အကြမ်းဖက်မှုတစ်ခုကို ပိုပြီးကြီးမားတဲ့ အကြမ်းဖက်မှုကြီးတစ်ခုနဲ့ တုံ့ပြန်နေကြပြန်ပါပြီ။ "ကိုယ့်မျက်လုံးတစ်လုံးဖောက်ရင် သူ့မျက်လုံးတစ်လုံး ပြန်ဖောက်တယ်" ဆိုတဲ့လုပ်ရပ်ဟာလည်း လူရိုင်းတို့ရဲ့ လုပ်ရပ်သာဖြစ်ပါတယ်။ ယဉ်ကျေးတဲ့လူသားများရဲ့ အဖွဲ့အစည်းမှာ လုံးဝ မရှိသင့်တော့ပါဘူး။

ဒီနေ့ခေတ် လူ့အဖွဲ့အစည်းဟာ အသိဉာဏ်ပညာစိုးမိုးတဲ့ လူ့အဖွဲ့အစည်းဖြစ်တယ်လို့ဆိုတဲ့ အသံတွေ ညံနေအောင် ကြားနေရပါတယ်။ ဒါပေမဲ့ ဒီနေ့လူသားများရဲ့ လုပ်ရပ်တွေနဲ့ တုံ့ပြန်လုပ်ရပ်တွေကို ကြည့်လိုက်ကော့ အပြောများ စောနေသလားလို့။

အမှတ် ၁၀၊ အောက်တိုဘာ၊ ၂၀၀၁၊ စံပယ်ဖြူမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# ရွာအလွမ်း

ကိုင်းသစ်အေ ာင်

ဆောင်းကား တဖြည်းဖြည်းဆုတ်ခွာကာစ၊ နွေကား ပီပီပြင်ပြင် မဂ သေး သောအချိန်ကာလကို ကျွန်တော် နှစ်သက်သည်။ ရွက်ဟောင်းတွေ တဖြည်းဖြည်း ကြွေပြီး အထီးကျန် ရိုးတံကျဲနေသော သစ်ပင်များရှိသလို ရွက်နုကလေးတွေ ယှက်ဖြိုး ကာစ အပင်တွေလည်းရှိသည်။ နံနက်စောစော ချမ်းတတ်၍ နေ့ခင်းဘက် ပူတတ်သော သမယ။

ဆောင်းနှောင်းရာသီမျိုး၌ ပတ်ဝန်းကျင်အနေအထား၏ စေ့ဆော်မှုကြောင့် ကျွန်တော့်ရင်မှာ တစ်မျိုးခံစားရသည်။ ဝတ္ထုပဲရေးချင်သလိုလို၊ ကဗျာပဲ စပ်ချင်သလို လို။ သို့သော် စာမျက်နှာပေါ် ချရေးကြည့်တော့လည်း ဟုတ်တိပတ်တိ ဖြစ်မလာ။ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားသည်က များ၏။

သည်အချိန်မှာ ကျွန်တော် ရွာကိုသတိရမိသည်။ ရွာမှ ခွဲခွာခဲ့သည်မှာ ဆယ်စု နှစ်တစ်ခုကျော်ပြီ။ ရွာမှာနေတုန်းကဆိုလျှင် ဆောင်းနှောင်းရာသီမှာ ကျွန်တော်တို့ခြံ ထဲရှိ သရက်ပင်များသည် လေရူးတစ်ချက် တစ်ချက်ဝှေ့လျှင် အသီးများကြွေပြီ။ အိမ် ရှေ့ရှိ မန္တလေးဥသျှစ်သရက်ပင်ကြီးက ပို၍ အကြွေများသည်။ သရက်သီးကြွေလေး တွေကို ကောက်၍ ငှက်ပျောဖက်နှင့်ထုပ်ကာ တစ်ပုံကို တစ်ကျပ်နှင့် ကျွန်တော် ရောင်းခဲ့ ဖူးသည်။

ခြံနောက်ဖေးရှိ ခံတက်ပင်ကြီးတွင်လည်း ရွက်နုတွေဝေနေပြီ။ ခံတက်ပင်ကြီး အောက်တွင် ခံတက်ပင်ပေါက်ကလေးတွေရှိ၏။ ခံတက်ရွက်နုများကိုခူး၊ ကြိုးနှင့်စည်း၊ အိုးထဲမှာ ထည့်၊ ထမင်းရည်နှင့်စိမ်ကာ နေပူထဲတွင် သုံးရက်လောက်လှန်းထားလျှင် ခံတက်ချဉ်ကိုရသည်။ ရပ်ကွက်ထဲ လှည့်ရောင်းစရာမလို။ ဖလုံထဲထည့်ပြီး ပန်ကန်း ပြားတစ်ချပ်နှင့် အုပ်၍ အိမ်ရှေ့မှာထုတ်ထားလိုက်ရုံပဲဖြစ်သည်။ နယ်မှာ နေထိုင်သော ဝန်ထမ်းသားသမီးဖြစ်သူ ကျွန်တော့်အဖို့ ချို့တဲ့လှသော ငယ်ဘဝသည် အခါအခွင့်

mgyoe.com

mgyoe.com

သင့်တိုင်း အမှတ်ရစရာ ဖြစ်ပါသည်။

အဲသည်တုန်းက ကျွန်တော်တို့ရွာမှာ အစိုးရစာစစ်ဌာနမရှိသေး။ ဆယ်တန်းကျောင်းသူ၊ ကျောင်းသားများ စာမေးပွဲဖြေလျှင် ရွာနှင့် သုံးနာရီခန့် မော်တော်စီးရသော စာစစ်ဌာနရှိသည့်မြို့ကလေးသို့ သွားရသည်။

အစိုးရစစ် စာမေးပွဲဖြေဆိုပြီးသော အချိန်ကာလနှင့်တိုက်၍ ကျွန်တော်တို့ရွာမှာ ဇာတ်ပွဲများကျင်းပသည်။ ရွာနီးချုပ်စပ်မှ လှည်းတွေနှင့်လာကြည့်သောပရိသတ်တွေလည်းရှိသည်။ ထိုအချိန်က ရွာရှိ တောင်သူလယ်သမားများအဖို့ ကောက်ပဲသီးနှံများ ရောင်းချပြီးစီး၍ ငွေရွှင်နေသော ကာလလည်းဖြစ်သည်။ မြို့တော်အင်အားသစ်မောင်ယဉ်အောင်၏ "ဓားတောင်သံချောင်း"၊ "တောင်ကညို ပြိုတော့မယ် မဝေရေ" ပြဇာတ်များကို ရွာရှိ ပွဲကြည့်ပရိသတ်များက အလွန်ကြိုက်ကြသည်။

ပွဲမကြည့်သော်လည်း ပွဲဈေးသို့ အပျင်းပြေ လမ်းလျှောက်ထွက်သူများလည်း အမြောက်အမြား။ လက်ဖက်ရည်ဆိုင်။ အအေးဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်၊ အကြော်ဆိုင် အစရှိသောဆိုင်တွေစုံလင်လှသည်။ အကြော်ဆိုင်များတွင် နားလည်မှုဖြင့် ရောင်းသော ချက်အရက်ကိုလည်း ရနိုင်သည်။ ပွဲဈေးတွင် ယစ်မျိုးဘက်က လာရောက်စစ်ဆေးလျှင် ဖက်ရ သိမ်းဆည်းရသည်။ မိသွားပါက အမှုရင်ဆိုင်ရသော်လည်း လစ်ရင် လစ်သလိုတော့ ရောင်းစမြဲဖြစ်သည်။

ပွဲဈေးတွင် မှိုင်းထနေသော ရေနံဆီမီးခွက်ဖြင့် ကွမ်းယာရောင်းနေသော ကွမ်းယာသည်မလေးထံမှ အချိန်ဆွဲကာ ကွမ်းယာဝယ်နေသော ကာလသားတွေကိုလည်း တွေ့ရတတ်သည်။ တီးတိုးတီးတိုးစကားများကိုလည်း ပြောကြသည်။ ပွဲဈေးမှာ လူအစည်ကားဆုံးက ဂျောက်ဂျက်ဝိုင်းဖြစ်သည်။ ကုန်းသတ္တဝါသုံးကောင်(ကြက်၊ ဆင်၊ ကျား) နှင့် ရေသတ္တဝါသုံးကောင် (ငါး၊ လိပ်၊ ပုစွန်)တို့ရှိသည့်အနက် ကုန်းသတ္တဝါများကိုသာ အထိုးများသည်။ ထို့ကြောင့် ရေသတ္တဝါများကျလျှင် ဒိုင်က လောင်းကြေးကို စားပစ်တာများသည်။ ဒိုင်လုပ်သူက ကြိုးမဆွဲမီ "ရေလှိုင်းလေးဝေ့"ဟု ရေသတ္တဝါကို တ လေ့ရှိသည်။ ဂျောက်ဂျက်ဝိုင်းက အနည်းဆုံး ငါးဝိုင်းလောက်ရှိတတ်သည်။ လူအုပ်ထဲ တိုးဝှေ့၍ ဂျောက်ဂျက်ဝိုင်းများကို ကျွန်တော် စိတ်ပါဝင်စားစွာ ကြည့်ခဲ့ဖူးသည်။ နောက်ပိုင်းတော့ ထိုဂျောက်ဂျက်ဝိုင်းများကို ခွင့်မပြုတော့ဟု ကြားရသည်။

ရန်ကုန်မြို့ပေါ်ရှိ ဘုရားပွဲများသို့ ကျွန်တော်ရောက်သော်လည်း ရွာမှာ ကြုံကြိုက်ခဲ့ရသော ပွဲများလောက် မပျော်။ အသက်ပဲ ကြီးသွား၍လားဟု မပြောတတ်။

***

ကျွန်တော်တို့ရွာမှာ မင်္ဂလာဆောင်ကို တပို့တွဲလမှာ အများဆုံးကျင်းပကြသည်။ တပေါင်းလတွင် ငှက်တောင် အသိုက်မပြောင်းဘူး ဟူသော အယူအဆကြောင့်

mgyoe.com

mgyoe.com


မင်္ဂလာမဆောင်ကြ။ တန်ခူးလရောက်မှသာ ပြန်ဆောင်လေ့ရှိသည်။ ဤသည်က ကျွန်တော်တို့ရွာ၏ ဓလေ့တစ်ခုပင်ဖြစ်သည်။

မင်္ဂလာဆောင်တိုင်းလိုလို သစ်ပင်ကြီးများအပေါ်တွင် အသံချဲ့စက်တပ်၍ သီချင်းများဖွင့်သည်။ တွံတေးသိန်းတန်နှင့် တင်တင်မြတို့၏ "မင်္ဂလာတေး၊ ကိုတင်ကိုးနှင့် ပဂ္ဂိဖေ တို့၏ "မောင်ဒေါနနှင့် ကွမ်းတောင်ကိုင်"၊ ရွှေမန်းတင်မောင်၏ "အောင်ပါစေ"တို့ကို အဖွင့်များသည်။ မောင်မောင်ညွန့်၏ ကရုဏာသံနှင့်အတူ "စံပယ်"၊ "ပွင့်ဦး" သီချင်းများကိုလည်း ကြားတတ်ရသေးသည်။ နောက်ပိုင်းမှာတော့ မင်းအောင်၊ အနိုင်နှင့် အောင်သူတို့၏ သီချင်းများကို ပို၍ကြားရသည်။

သို့သော် သီချင်းများကိုပဲ အမြဲတမ်းဖွင့်သည်မဟုတ်။ ကက်ဆက်ဇာတ်လမ်းများကိုလည်း ဖွင့်တတ်သည်။ စိုးမိုးမေတ္တာဇာတ်လမ်းမှ "ကိုသိန်းတန် ... စိုး သဘော်ပေါ် တက်ခဲ့မယ်နော်" ဟူသော ချစ်စံပယ်၏အသံ၊ "လန့်သွားသလား ကိုဘချစ်၊ ကျုပ် မိုးပေါ်ထောင်ပစ်လိုက်တာပါ" ဟူသော ဗိုလ်အောင်ဒင်အဖြစ် သရုပ်ဆောင်ထားသည့် ကောလိပ်ဂျင်နေဝင်း၏အသံတို့က ကျွန်တော်တို့၏နားမှာ စွဲနေပြီ။

မင်္ဂလာဆောင်တချို့မှာ ညဘက် မယ်ဒလင်တီးဝိုင်းရှိတတ်သည်။ ရွာက မင်္ဂလာ ဆောင်က ရန်ကုန်မင်္ဂလာဆောင်လိုမဟုတ်။ ဧည့်သည်တွေက ရန်ကုန်လို မင်္ဂလာပွဲကျင်းပချိန်အတွင်း အချိန်ခွဲ၍ လာသည်မဟုတ်။ ပုံမှန်အားဖြင့် နံနက် ၆ နာရီမှ ၉ နာရီအတွင်း သတ်မှတ်ထားသော်လည်း ၆ နာရီမှ ၇ နာရီအတွင်းပဲ လာကြတာများသည်။ လာသောသူများကို လက်ဖွဲ့အပ်သောခုံ၌ ထိုင်နေသော လက်ဖွဲ့စာရေးက မုန့်စားလက်မှတ် ကမ်းပေးသည်။ နံပါတ်(၁)မှ (၅)အထိသာ တတ်သည်။ နံပါတ်(၅)အထိ ကုန်သွားလျှင် နံပါတ်(၁)က ပြန်စသည်။ နံပါတ်(၁)လက်မှတ်ရထားတဲ့ပုဂ္ဂိုလ်များ မုန့်စားရန်ကြွပါခင်ဗျား"ဟု အသံချဲ့စက်နှင့်ပြောသည်။ နောက်ဆုံး၌ ဧည့်သည်များကလည်း ကုန်လုပြီ။ မုန့်ကလည်း သိပ်မကျန်တော့သည့်အခါမျိုးမှာ "လက်မှတ် ရရ မရရ မုန့်မစားရသေးသော ပုဂ္ဂိုလ်များ မုန့်စားရန်ကြွပါခင်ဗျား" ဟု ပြောသည်။ ထိုအခွင့်အရေးကို စောင့်နေတတ်သော ရွာထဲက ကလေးတချို့ရှိ၏။ မင်္ဂလာဆောင်များတွင် မုန့်ဟင်းခါး။ ကြာဆံကြီး၊ ပေါင်မုန့်အုန်းနို့ဆမ်းတို့ကို ကျွေးတာများ၏။ ထမင်းကျွေးသော မင်္ဂလာဆောင်ရှိသော်လည်း ရှားတော့ရှားသည်။

***

ရွာနှင့်ပတ်သက်သည်များကို ပြန်စဉ်းစားလျှင် ကျွန်တော် "အတင်"ကို သတိရမိသည်။ အတင် ပါမှ ပြည့်စုံလိမ့်မည်။ အတင် ဆိုသည်မှာ ကိုချစ်တင်ဖြစ်သည်။ ကိုချစ်တင်ဟုခေါ်သော လူများရှိသော်လည်း ကျွန်တော်တို့လို ကလေးများက သူ့ကို "အတင်"ဟုသာခေါ်သည်။ ကိုချစ်တင်က လူပျိုကြီးတစ်ယောက်ဖြစ်သည်။ အိမ်ထောင်

mgyoe.com

mgyoe.com


မရှိသော တမတွေနှင့် အတူနေသည်။

ကျွန်တော်မှတ်မိသည့် အရွယ်ကဆိုလျှင် ကိုချစ်တင်သည် အသက်ငါးဆယ်လောက် ရှိပြီ။ အရပ်အမောင်းက ခပ်ပြတ်ပြတ်။ သပ်သပ်ရပ်ရပ် ဝတ်တတ်စားတတ်သည်။ အဖြူတစ်ဝက်၊ အနက်တစ်ဝက် ရောနေသောဆံပင်ကို အုန်းဆီထည့်ကာ သပ်သပ်ရပ်ရပ် ဖြီးထားသည်။ မိန်းမလျာတစ်ယောက် မဟုတ်သော်လည်း စကားပြောလျှင် ကနွဲ့ကလျ အနည်းငယ်နိုင်သည်။

ကိုချစ်တင်သည် ရွာထဲရှိ အလှူမင်္ဂလာဆောင်များ၌ ညဘက် တီးဝိုင်းရှိလျှင် သီချင်းဆိုတတ်သည်။ မယ်ဒလင်သမားရှိလျှင် မယ်ဒလင်နှင့်ဆိုသော်လည်း အတီးသမားမရှိသည့်အခါ တူရိယာလွတ်ဆိုတတ်သည်။ တစ်ခါတုန်းက ဒေါ်မြင့်တို့ ဆွမ်းကျွေး ချက်ကြပြုတ်ကြသောည၌ ကိုချစ်တင်က "တိမ်တမန်" သီချင်းကို သီဆိုသည်။ တိုက်ဆိုင်မှုလားမသိ။ ထိုနေ့ညက မိုးတွေ အချိန်မကျသေးဘဲ ရွာချသည်။ အဲသည်နှစ်က မိုးအဝင်စောသည်။ ကိုချစ်တင် "တိမ်တမန်" ဆိုသည့်ညမှာပဲ မိုးရွာချသည်ဟု အရပ်ထဲမှာ ပြောစမှတ်တွင်သွားသည်။

သို့သော် ကိုချစ်တင် ပုံမှန်သီဆိုသည့်သီချင်းက "နှင်းပျောက်တဲ့နွေ"၊ "နှင်းပျောက်တဲ့နွေဦး ရောက်ပြီလေ" ဟူသော ကိုချစ်တင်၏အသံကို ဆောင်းအကုန် နွေအကူးမှာ ကြားရတတ်သည်။ တခြားအပျော်တမ်းသီဆိုသူတွေရှိသော်လည်း "နှင်းပျောက်တဲ့နွေ"ကို ဘယ်သူမှ မဆိုကြ။ "နှင်းပျောက်တဲ့နွေ" ကိုကြားရလျှင် ကိုချစ်တင်အသံပဲ ဖြစ်သည်။

ကျွန်တော်တို့ရွာတွင် နွေညတွေမှာ မီးဘေးကြောက်၍ ရပ်ကွက်အလိုက် လူစုပြီး ကင်းစောင့်ကြသည်။ တစ်အိမ်ကို တစ်ယောက်ကျ။ တစ်ခါတလေ ကင်းတဲမှာ ကြက်သားဟင်းချက်စားကြသည်။ ပြီးတော့ မီးကိုတော့ ငြိမ်းရသည်။ မီးကင်းစောင့်သော ကင်းတဲမှ မီး စလောင်တယ်ဆိုလျှင် ဘယ်လိုမှ ကြားလို့မတော်။ ထမင်းစားပွဲဝိုင်းတစ်ခုကိုယူပြီး ခုံနတ်မေးသည့်ညတွေလည်းရှိသည်။ သီချင်းတွေလည်း ဆိုကြသည်။

ကျွန်တော် မှတ်မိသေးသည်။ ကျွန်တော်တို့ဆိုသည့်သီချင်းက "သဘင်သည်မလေး မိမော်လွင်"။ ကိုချစ်တင်က မိမော်လွင်လုပ်ပြီး ကျွန်တော်တို့က သံပြိုင်ဆိုကြသည်။ ကျွန်တော်တို့က "မိမော် မိမော် မိမော်လွင် × × × အရိုင်းဘသင်သည်မလေးမို့ တို့များအားပေးချင်" ဟု လက်ခုပ်လက်ဝါးတီး၍ သံပြိုင်ဆိုလျှင် ကိုချစ်တင်က "အားပေးကြပါဦးရှင် အစ်ကိုကြီးများရဲ့ မိမော်လွင် × × အားပေးကြပါဦးရှင် အစ်မကြီးရဲ့ မိမော်လွင်" ဟု ဆိုသည်။ ပျော်စရာကောင်းသည့် ရွာ၏ နွေညတွေကို ကျွန်တော် သတိရမိသည်။

ကိုချစ်တင်မှာ မကောင်းသောဝါသနာတစ်ခုရှိ၏။ ဖဲရိုက်ခြင်းပင်ဖြစ်သည်။

mgyoe.com

mgyoe.com

ဖဲရိုက်သည်ဆိုသော်လည်း ကြေးကြီးဝိုင်းများမှာ မရိုက်နိုင်။ ဆင်းရဲသားအသုဘအိမ်များမှာပဲ ဝိုင်းရှိလျှင် ကိုချစ်တင်ကို တွေ့ရတတ်သည်။ သူ့ ငွေကြေးအခြေအနေကြောင့် အရှုံးမများနိုင်သလို အနိုင်လည်းမများနိုင်။ တစ်နေ့ ဝါသနာ၏စေ့ဆော်မှုကြောင့် ကိုချစ်တင် အဖမ်းခံရသည်။ ဆန်ခိုးမမိ ဖွဲခိုးမိခြင်းဖြစ်သည်။ ပစ္စည်းသက်သေရော၊ လူသက်သေပါ စုံလင်သဖြင့် ဘဝတူတွေနှင့်အတူ အလုပ်ကြမ်းနှင့် ထောင်ခြောက်လ ကျသွားသည်။ ထို့နောက် ကျွန်တော်လည်း ရွာမှထွက်ခွာခဲ့သဖြင့် ကိုချစ်တင်အကြောင်းကို ဘာမှမသိရတော့။

တစ်လောက ကျွန်တော် ရွာမှ လူတစ်ယောက်နှင့်တွေ့၍ "အတင် နေကောင်းလား" ဟု မေးသည်။ ထိုလူက "အတင် လေဖြတ်ပြီးဆုံးသွားတာ မင်းမသိဘူးလား" ဟု ပြောသည်။

***

ဆောင်းအကုန် နွေအကူးအချိန်အခါကို ကျွန်တော်ချစ်သော်လည်း ထိုကာလက ကျွန်တော်ချစ်လို့ မဝသေးခင်မှာတင် ကုန်ပြီ။ နွေဦးမှာ ကြည်နူးလို့ကောင်းတုန်း နွေလယ်သို့ရောက်ပြီ။ သင်္ကြန်ပွဲတော်ပြီးလျှင် နွေနှောင်းသို့ရောက်ပြီး မိုး၏အရိပ်အယောင်တို့ကိုပင် တွေ့ရပြီ။

ကျွန်တော်သည် နွေဦးကိုချစ်မြတ်နိုးလွန်း၍ ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားပါသည်။ သတိရ၍ ငုံ့ကြည့်မိသောအခါ နွေဦးမဟုတ်တော့ဘဲ နွေနှောင်းဖြစ်နေသည့် အကြိမ်များလည်း မနည်းတော့ပါ။

ဒီနေ့နံနက် ကျွန်တော် ပတ်ဝန်းကျင်ကို သတိထားကြည့်မိသည်။ အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီး၏ ခြေရင်းမှာ ရွက်ခြောက်တွေပုံနေပြီ။ နှင်းကတော့ တဖြည်းဖြည်းပါးလာပြီ။ ကျွန်တော် ရွာကို သတိရသော်လည်း သည်လိုအချိန်မျိုးမှာ ဘယ်လိုနည်းနှင့်မှ မပြန်နိုင်သေး။ ကျွန်တော်သည် တက္ကသိုလ်ဝင်တန်း (ဝါ)ဆယ်တန်းကို သင်ကြားပြသနေသော မအောင်မြင်သေးသည့် ကျူရှင်ဆရာပေါက်စလေး တစ်ယောက်။ ဖေဖော်ဝါရီလို အတန်းတင်စာမေးပွဲကြီး နီးသည့်ကာလမှာ ကျောင်းသားတွေကိုထားပြီးတော့ ကျွန်တော် ခရီးမထွက်နိုင်။ အနီးကပ် လက်ပူတိုက်ရဦးမည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး ပြီးလျှင် ရွာကို ပြန်ဖြစ်ချင် ပြန်ဖြစ်လိမ့်မည်။ ပြန်ဖြစ်၍ ရွာရောက်ရင်တော့ ကိုချစ်တင်၏ "နှင်းပျောက်တဲ့နွေ" ကို ကြားရမှာ မဟုတ်တော့။

မေလ၊ ၂၀၀၄၊ မင်္ဂလာ

❑

mgyoe.com

mgyoe.com

# မိုးကွက်ကျားရွာတဲ့ဒီကမ္ဘာမှာ

မောင်သူ

သဲသဲမဲမဲ ရွာသွန်းနေသော မိုးရေမိုးစက်များအောက်မှာ ကလေးငယ်များ ပျော်ရွှင်စွာ ဆော့ကစားနေကြလေသည်။

အအေးဓာတ်က တစ်စတစ်စ ကဲလာသည်။ ကျွန်တော်သည် ကုန်လွန်ခဲ့သော နှစ်များမှ မိုးရာသီနံနက်ခင်း တစ်ခုကို သတိရလာပါသည်။ ဗိုလ်တထောင်သန်လျက် စွန်းလက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ကျွန်တော်နှင့် သဲအိမ်မောင်နေဝါတို့ အတူထိုင်နေခဲ့ကြ။ ခဏမှာ ဆောင်းဝင်းလတ် ရောက်လာ။ ဆောင်းဝင်းလတ်မှာ ရီဝေနေပုံရသည်။ ရောက်ရောက်ချင်းပင် သူက "ဒီလို မိုးအေးနေတဲ့ အချိန်မှာ ဘာလို့ လက်ဖက်ရည် ဆိုင်မှာ ထိုင်နေမလဲ" ဟုဆိုသည်။ ကျွန်တော်နှင့် သဲအိမ်မောင်နေဝါတို့ တစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ သည့်နောက် ... ။

အရက်သောက်ရတဲ့ အကြောင်းကို လူငယ်တွေ အားကျအောင်မရေးသင့်ဘူး။ မောင်ရန်ပိုင်၏ စကားကို ဖျတ်ခနဲ သတိရလိုက်သည်။ အရက်အကြောင်းကို ဘာသာ တရားအမြင်၊ ဆေးပညာအမြင်၊ လူမှုရေးအမြင်တို့ဖြင့် ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ရေးခဲ့ကြပြီ။ ယခု ကျွန်တော်က အက်ဆေးတစ်ပုဒ်အဖြစ် ရေးသည်။ အက်ဆေးဆိုသည် အနုပညာဖြစ်သည်။ အနုပညာသည် သဘာဝပေါက်ပင်ဖြစ်သည်။ သဘာဝပေါက်ပင် ဆိုသောကြောင့် ဆေးပင်များရှိသကဲ့သို့ အဆိပ်ပင်များလည်းရှိမည်။ ကျွန်တော့်စိတ် စေတနာကတော့ အနုပညာခံစားသူများသည် ဆေးပင်ကို ဆေးပင်ဟုသိ၊ အဆိပ်ပင်ကို အဆိပ်ပင်ဟု သိ။ ဖြစ်နိုင်လျှင် အဆိပ်ကို ဆေးဖြစ်စေသော ပညာလည်း ရှိစေချင် သည်။

ယနေ့ အရက်သောက်နေကြသူများရှိသကဲ့သို့ ဆေးရုံတွင် အရက်တက်ဖြတ် နေကြသူများလည်းရှိသည်။ အရက်သည် ကောင်းပါသည်ဟု ကျွန်တော် ပြောမည် မဟုတ်ပါ။ အရက်သောက်ပါဟု ပြောမည်မဟုတ်ပါ။ ဤသို့ဆိုလျှင် အရက်မသောက်

mgyoe.com

mgyoe.com


ကြပါနှင့်ဟု ပြောမည်ကြံတိုင်း တစ်ခါက ဖြစ်ရပ်တစ်ခုကို သတိရလိုက်မိတတ်ပါသည်။ ထိုနေ့က ၅၅ လမ်းမှာ ကျွန်တော်တို့ အရက်သောက်ဖြစ်ကြသည်။ သုံးလေးငါးယောက်။ ကျန်လူများကို မေ့သွားပြီဖြစ်သော်လည်း ကျွန်တော့်ဘေးနား ထိုင်သူတစ်ယောက်ကိုဖြင့် ကောင်းစွာမှတ်မိနေပါသေးသည်။ မောင်ညီညွှတ်။ အစ်ကိုကြီး မောင်ညီညွှတ်။ အရက်သောက်ရာ၌ ဣန္ဒြေကြီးလွန်းလှသော ဆရာမောင်ညီညွှတ်။ ကျွန်တော်တို့ သောက်ကောင်းနေစဉ် ဘေးဝိုင်းတစ်ဝိုင်းမှ သူတို့အချင်းချင်းပြောသည့် "အရက်ဆိုတာ တန်ဆေး လွန်ဘေးဗျ" ဟူသော စကားကို ကျွန်တော် နားစွန်နားဖျား ကြားမိသည်။ "ဘာဗျ" ဟုဆိုကာ ကျွန်တော် ဆတ်ခနဲ ထရပ်လိုက်သည်။ ကျွန်တော့်ဘေးမှ အစ်ကိုကြီး မောင်ညီညွှတ်က ကျွန်တော့်လက်မောင်းကိုဆွဲချ၍ "ကျောင်းဆရာ ထိုင် ... ထိုင်။ သူတို့ပြောတာ တန်ဆေး လွန်ကောင်းလေ ... ကျောင်းဆရာရဲ့။ တန်ဆေး လွန်ကောင်းတဲ့။ သေသေချာချာ နားထောင်မှပေါ့" ဟု ချော့မော့ဖျောင်းဖျ ပြောဆိုနေပါသည်။ ဟုတ်ပါသည်။ ကျွန်တော် နားကြားလွဲသွားခြင်းသာ ဖြစ်သည်။ ဟိုဝိုင်းမှ ထိုစကားပြောသူကလည်း ကျွန်တော့်ကိုကြည့်ကာ သဘောကျနေသည်။

သည်တော့ လူတစ်ယောက်ကို အရက်မသောက်ရန် ကျွန်တော် မည်သို့ပြောရမည်နည်း။ လူတွေသည် မိမိတို့လုပ်နေသော အလုပ်တစ်ခုကို ဆန့်ကျင်ပြောဆိုလာလျှင် မှန်နေသည့်တိုင် မကြိုက်ကြ။ အရက်သောက်သူတို့တွင် သူတို့ဆင်ခြေနှင့်သူတို့ ရှိကြသည်။ အရက်သောက်သူ အတော်များများသည် အရက်မကောင်းကြောင်း သိကြသည်။ (အစစ်အမှန် သိခြင်းတော့ ဟုတ်ချင်မှဟုတ်မည်) ကျွန်တော် တွေ့ဖူးသော လူတစ်ယောက်ရှိသည်။ ပုစွန်တောင်အရက်ဆိုင်တွင် ဖြစ်သည်။ သူသည် အရက်တစ်ခွက်သောက်တော့မည်ဆိုလျှင် အရက်ခွက်ကို မကာ နတ်ပူဇော်ပသသလိုမျိုး ကိုင်မြှောက်လိုက်သည်။ ပြီးနောက် နှုတ်မှ ဂါထာတစ်ပုဒ်ကို ရွတ်သည်။ "ဉစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာအပြစ်တည်း" ဂါထာအဆုံး၌ အရက်ကို ပါးစပ်ထဲသို့ ငွပ်ခနဲ လောင်းထည့်လိုက်သည်။

ယခုအခါ ကျွန်တော် အရက်မသောက်တော့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ။ ပြောပြီးမှ စိတ်ထဲ မသိုးမသန့်ဖြစ်မိတာတစ်ခုရှိသည်။ လိမ်ရာကျနေမည်လားဟု တွေးမိ၍ တစ်ခါက ဖြစ်ရပ်လေးတစ်ခုကို ဖြောင့်ဆိုချင်သည်။ ကျွန်တော် အရက်လုံးဝမသောက်တော့ဟု ဆုံးဖြတ်ချက်ချပြီးသည်နှင့် ပထမဆုံးထား၍ လုပ်ရသောအလုပ်မှာ အရက်သောက်တတ်သော သူငယ်ချင်းများနှင့် မဆုံမိအောင် (လုံးဝ မဆုံမိအောင်) သတိကြီးစွာ ရှောင်ကြဉ်ခြင်းပင်ဖြစ်ပါသည်။ အဲ ... သို့သော်လည်းပေါ့လေ။ ဆရာမြသန်းတင့် မြန်မာပြန်သော "ခန်းဆောင်နီအိပ်မက်" ဝတ္ထုကြီးထဲကအတိုင်း အခန်းခွဲခေါင်းစဉ်ပေးရမည်ဆိုပါက "အရက်က လူကို ချုံခိုတိုက်ခိုက်ခြင်း"၊ "မောင်သူ အငိုက်မိသွား

mgyoe.com

mgyoe.com


ခြင်း" ဟု ဖြစ်မည်ထင်သည်။ တစ်ရက် နိုင်ငံခြားတွင် နှစ်အတော်ကြာ အလုပ်သွားလုပ်နေသော သူငယ်ချင်းတစ်ယောက် ပြန်ရောက်နေပြီ ကြားသောကြောင့် ဝမ်းသာအားရဖြင့် သူ့ဆီရောက်သွားခဲ့သည်။ အိမ်တွင် ခဏမျှ စကားပြောပြီး သူငယ်ချင်းက "လာ ဗျာ၊ လက်ဖက်ရည်သွားသောက်ရအောင်" ဟု ဆို၍ ကျွန်တော်တို့ သူ့အိမ်မှ ထွက်လာခဲ့ကြသည်။ ဒေါ်ပုံသဘော်ကျင်းမှ ရန်ပြေဘက်သို့ လမ်းမကြီးအတိုင်း လျှောက်ခဲ့ကြသည်။ ခြံဝင်းကျယ်ကြီးတစ်ခုရှေ့အရောက် ဝင်ပေါက်ထဲ သူချိုးကွေ့ဝင်လိုက်သည်။ ကျွန်တော် ကြည့်လိုက်တော့ Beer Station တစ်ခု ဖြစ်နေ၍ ကျွန်တော့်နှုတ်က "ဟာ.." ခနဲ အသံထွက်သွားသည်။ "ဘာဖြစ်တာလဲ" ဟု သူမေးသည်။ ပထမတော့ ကျွန်တော် က အရက်ဖြတ်ထားကြောင်း၊ အရက်ဆိုသည့်အထဲတွင် ဘီယာလည်းပါကြောင်း သူ့ကိုရှင်းပြဖို့စိတ်ကူးလိုက်သေးသည်။ တကယ်တမ်းတွင်မူ ကျွန်တော့်နှုတ်က ဘာစကားမှထွက်မလာဘဲ ဦးဆောင်သူ စေရာ ...။

တကယ်တော့ ကျွန်တော် အရက်စသောက်စဉ်ကလည်း နေ့စဉ် သောက်သည် မဟုတ်။ ခုနစ်ရက်တစ်ပတ်လျှင် တစ်ရက်တန်သည် နှစ်ရက်တန်သည် စသည်ဖြင့်သာ။ သို့ရာတွင် အရက်ကို ဘွဲ့ရသည်အထိ သောက်ခဲ့သည်။ ဤနေရာ၌ 'ဘွဲ့'ဆိုသည်မှာ ပညာရေးလောကမှ ပညာရေးဝေါဟာရမဟုတ်ပါ။ အရက်သမားလောကမှ အရက်သမားဝေါဟာရကို ဆိုလိုပါသည်။ လမ်းဘေးတွင် လဲအောင် သောက်ခြင်းကို ခေါ်ပါသည်။ ဤသို့ အရက်သောက်ခဲ့သော ကာလတစ်လျှောက်၌ ကျွန်တော့်ကို အရက်မသောက်ရန် ပြောဆိုခဲ့သူများ အထိုက်အလျောက်ရှိသည်။ ဘယ့်နှယောက်လဲ။ ဘယ်သူတွေလဲဆိုတာကို ကျွန်တော် မမှတ်မိတော့သော်လည်း ထိုအထဲမှ တစ်ယောက်ကိုဖြင့် ကျွန်တော် ယခုတိုင် သတိရနေပါသည်။ မောင်တင့်လွင် ...။ ကျွန်တော့်တပည့်ဟောင်း မောင်တင့်လွင်။

တစ်ချိန်က ဒေါ်ပုံသဘော်ကျင်းလမ်းထိပ်တွင် "လှမြင့်သိန်း" ဟူသော ဆံသဆိုင်လေးတစ်ဆိုင် ရှိခဲ့ဖူးသည်။ လှမြင့်သိန်းဆိုသည်ကတော့ သူ့အဖေအမည်။ သူသည် ညဘက် ဆိုင်သိမ်းပြီးသော်လည်း အိမ်ကိုမပြန်သေးဘဲ ထိုဆိုင်လေးမှာ အေးအေးလူလူ ဂစ်တာထိုင်တီးနေလေ့ရှိသည်။ ကျွန်တော် အရက်သောက်ဖြစ်သည့်နေ့အချို့တွင် သူ့ဆီကို ရောက်သွားတတ်သည်။ သူ့သူငယ်ချင်း တစ်ယောက်စ နှစ်ယောက်စလည်း ရောက်သည့်အခါ ရောက်လာတတ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်တို့သည် ဆိုင်ရှေ့ ပပ်ကြားအက်လယ်မြေကွက်ထဲသို့ဆင်းကာ ဖျာကြမ်းတစ်ချပ်ခင်း၍ ဝိုင်းဖွဲ့။ "ငယ်စဉ်က ကလေးတို့ဘဝဟာ ပျော်ပါးဖို့ရာ လွယ်ပါတယ်"။ ဆရာစိုင်းခမ်းလိတ်နှင့် စိုင်းထီးဆိုင်တို့၏ "ပျောက်ဆုံးနေသော ..."။ Plucking ဖြင့် အဆိုအတီးကောင်းသော သူ့သူငယ်ချင်းက ဂီတရသကို ဖော်ကျူး။ သာယာငြိမ့်ညောင်းသောသီချင်းများသည် "ပလပ်ကင်"နှင့် အလိုက်ဖက်ဆုံး။ တီးလုံးသံစဉ်လှိုင်းကျဲကျဲမှာ စကားလုံးများ မျောပါနေ။

mgyoe.com

mgyoe.com

တစ်ညတော့ ကျွန်တော်နှင့် မောင်တင့်လွင်နှစ်ယောက်တည်း။ သူသည် မည်သည့်သီချင်းကိုမျှ မည်မည်ရရ မတီးဘဲ ဟိုစမ်းစမ်း၊ သည်စမ်းစမ်း လုပ်နေသည်။ နောက် ဘာကိုမျှ မတီးတော့ဘဲ ဂစ်တာကိုပိုက်ကာ အတန်ကြာငြိမ်နေသည်။ "ဒီအရက်တွေကို သောက်မနေပါနဲ့တော့ ဆရာရယ်" ကောက်ကာငင်ကာ သူ ပြောလိုက်သည်။ ကျွန်တော်လည်း အံ့သြသလိုဖြစ်သွားသည်။ သူ သည်စကားကို ခက်ခက်ခဲခဲ ပြောလိုက်ပုံရသည်။ ပြောချင်နေသည်မှာလည်း ရက်များ၊ အချိန်များ ရှည်လျားကြာမြင့်ခဲ့ပုံရသည်။ သူ့ရင်ကို သူ တီးခတ်လိုက်သည့်အသံ။ ဂစ်တာကြိုးလေးလို တုန်နေပေ့ါ။ ထင်မှတ်မထားသည်မို့ ရုတ်တရက် ဘာပြန်ပြောရမည်မသိဘဲ သူ့ကို ငေးကြည့်နေမိသည်။ ကျွန်တော် မေးသည်။ "ငါ ဘာကြောင့် အရက်သောက်နေရသလဲဆိုတာ မင်းသိလား"။ ဘာမျှ ပြန်မဖြေ။ "အေးလေ ... ငါ ဘာကြောင့် အရက်သောက်နေရသလဲဆိုတာကို မင်းသိခဲ့ရင် ခု မင်းကိုယ်တိုင် အရက်သွားဝယ်ပြီး တိုက်လိမ့်မယ်"။ သူသည် နံရံကိုမှီ၍ ကြမ်းပြင်ကို ငေးငိုင်ကြည့်နေသည်။ ပြောခဲ့မိသော စကားအတွက် နောင်တရနေဟန် ရှိသည်။ ကျွန်တော့်စကားကြောင့် စိတ်မကောင်းဖြစ်သွားဟန်ရှိသည်။ ကျွန်တော်ကိုယ်တိုင်လည်း သူ့ကိုကြည့်၍ပြောပြီးမှ စိတ်မကောင်းဖြစ်ရသည်။ နောက်တွင် အရက်သောက်ထားလျှင် သူ့ထံ ကျွန်တော် မသွားတော့ပေ။

သဲသဲမဲမဲ ရွာသွန်းနေသော မိုးရေမိုးစက်များအောက်မှာ ကလေးငယ်များ ပျော်ရွှင်စွာ ဆော့ကစားနေကြလေသည်။

သည်မိုးနှင့် အိမ်မှ လက်ဖက်ရည်ဆိုင်သို့ ထွက်နိုင်ဦးမည်မဟုတ်သေး။ မိုးအေးအေး၊ အတွေးရှည်ရှည်။ သည်လိုမိုးတစ်ရက်မှာပဲပေ့ါ။ ထိုနေ့မနက် ကျွန်တော် အိပ်ရာကထတော့ ကောင်းကင်တစ်ပြင်လုံးသည် အုံ့အုံ့မှိုင်းမှိုင်း။ ထုံးစံအတိုင်းပင် လက်ဖက်ရည်ဆိုင်ထွက်ထိုင်။ ပျင်းလောက်အောင် ထိုင်။ အိမ်ပြန် ထမင်းစား။ ပြန်ထွက်။ လမ်းထိပ်အုတ်ခုံမှာထိုင်။ ဘာမျှလုပ်စရာမရှိ။ ဘာလုပ်ရမည်ကိုမသိ၍ ပေထိုင်နေလိုက်သည်။ ငုတ်တုတ်သေသွားတဲ့အထိ ထိုင်ကြည့်စမ်းမယ်။ ထိုင်သည်။ ထိုင်သည်။ ထိုင်သည်။ အရက်သောက်ချင်စိတ်ပေါ်လာသည့်အချိန်မှာတော့ ညနေစောင်းနေပြီဖြစ်ကြောင်း သတိပြုမိသည်။ သြော် ... စိတ်တွေ ပြိုကွဲနေပါပေါ့လား။

စိတ် ...

ကျ ...

ကွဲ ...

ဖန်ခွက်တစ်လုံး စားပွဲပေါ်မှ ကျကွဲသွားပုံနှင့် ခပ်ဆင်ဆင်တူပါသည်။ စားပွဲထောင့်စွန်းမှာ ဖန်ခွက်တစ်လုံး။ လက်နှင့် မတော်တဆ တိုက်မိ။ ဖန်ခွက်စောင်းသွားသည်မှ ကြမ်းပြင်နှင့်ထိ၍ အစိတ်စိတ်ကွဲပြတ်လွင့်စဉ်သွားသည်အထိကို ရုပ်ရှင်အနှေးပြကွက် (Slow Motion) တစ်ခုလို ကြည့်လိုက်။

mgyoe.com

mgyoe.com


တွေးရင်း တွေးရင်းက စိတ်သည် ဝမ်းနည်းစရာအာရုံတစ်ခုနှင့် မတော်တဆ ထိရိုက်မိ။ စိတ်တဖြည်းဖြည်း ကျလာ။ ကျနေသောစိတ်သည် နောက်ထပ် ကြေကွဲစရာ အာရုံတစ်ခုနှင့် ထိရိုက်မိ။ စိတ်သည် မည်သို့မျှ ပြန်လည် ဆက်စပ်မရနိုင်အောင် ပြိုကွဲ ပြန့်ကျဲ။

အရက်သောက်ဖို့ မြို့ထဲတစ်ပတ် အဖော်လိုက်ရှာကြည့်သေးသည်။ မတွေ့။ ၅၅ လမ်းရောက်သည့်အချိန်သည် မှောင်ရီပျိုးစ။ အိတ်ထဲက ပိုက်ဆံကို ထုတ်ရေတွက်တော့ အမြည်းဆိုင်တွင် သောက်ရန် မလုံလောက်။ အစိုးရဆိုင်ကြီးမှာတော့ အရက်ရောင်းနေတုန်း။ ကျွန်တော် တစ်ချက်တွေသွားသည်။ နောက်ဆုံး၌ ကျွန်တော် စွန့်စားမှုတစ်ခုပြုလိုက်သည်။ အမြည်းဆိုင်က တစ်ပိုင်းပုလင်းတစ်လုံးငွေကာ တန်းဝင်စီလိုက်သည်။ ငါ့အလှည့်ရောက်တဲ့အထိတော့ မကုန်နိုင်သေးဘူး ထင်ပါရဲ့။ အရောင်းကောင်တာရောက်ရန် ရှေ့လူနှစ်ယောက်ခန့်အလိုတွင် ကျွန်တော့် ပခုံးပေါ်သို့ လက်ဖဝါးတစ်ဖက် လာတင်သည်။ ခပ်ဖွဖွ။ ကျွန်တော် လှည့်ကြည့်လိုက်တော့ သဲအိမ်မောင်နေဝါ။ သူက ကျွန်တော့်ကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီး ကျွန်တော့်ပခုံးကို အသာဖက်၍ လူတန်းထဲမှ ခေါ်ထုတ်သွားသည်။ အမြည်းဆိုင်ကလေးဆီသို့။

တစ်ချိန်တုန်းကတော့ ကျွန်တော်သည် ဤသို့ပင် ပြိုကွဲသွားသော စိတ်အပိုင်းအစများကို သွေးရူးသွေးတမ်းဖြင့် ပြန်လည်စုစည်းဖို့ ကြိုးစားအားထုတ်ခဲ့ဖူးသည်။ လက်ဖဝါးတွေမှာ သွေးသံရဲရဲ။ ကျွန်တော် အရက်မသောက်တော့သည့် ကာလအတွင်း ကံအားလျော်စွာပင် စိတ်ကိုကြည့်သော နည်းတစ်နည်း သင်ယူရရှိခဲ့ပါသည်။ စိတ်တို့ကို အရှိအတိုင်းကြည့်နေရသောနည်းဖြစ်သည်။ ပြိုကွဲတယ် ... ပြိုကွဲတယ် ... ပြိုကွဲတယ်... ဟင် ကြည့်စမ်း။ ဖန်ခွက် အသစ်တစ်လုံးပါလား။

ဘဝကို ရလာပြီဖြစ်သော လူတို့သည် ဘဝအဓိပ္ပာယ် ရှာသူ ရှာကြ။ ဘဝသစ္စာ ရှာသူ ရှာကြ။ ဒါက လူနည်းစုဖြစ်မည်ထင်သည်။ အများကတော့ ဘဝပျော်ရွှင်မှု ရှာကြ။ လူတစ်ယောက်အဖြစ် နှစ်လေးဆယ်ကျော်ကျော် ငါးဆယ်နီးနီး နေထိုင်ခဲ့ပြီးဖြစ်သော ကျွန်တော်သည်လည်း တစ်နေ့သားမှာ လက်ဖက်ရည်ဆိုင် အေးအေးလူလူ ထိုင်ရင်း မေးဖျားလက်ထောက်လို့ ကိုယ့်ဘဝမှာ ဘယ်အချိန်က ဘယ်လိုအကြောင်းနဲ့ ပျော်ခဲ့ဖူးသလဲဆိုတာ အတိတ်ကို လည်ပြန်ကြည့်မိသည်။ မြင်လာသည်က ရိုးပြတ်တို့ ထိုးထိုးထောင်ထောင်၊ ပက်ကြားအက်လယ်မြေ မျက်စိတစ်ဆုံး။ ပျော်ရွှင်မှုဆိုတာ ငါ့ဘဝမှာ ဘာတစ်ခုမျှ မရှိခဲ့ဘူးထင်ပါရဲ့။ စိတ်လျှော့ကာ စဉ်းစားခန်းရပ်ပစ်ဖို့ စိတ်ကူးလိုက်သည့်ခဏ ... အရက်သောက်တာကို သတိရလိုက်သည်။ အရက်ဆိုင်သို့ သွားသောခြေလှမ်းများကအစ သွက်လက်ပေါ့ပါးလို့ နေခဲ့သည်ပဲ။

တကယ်တော့ အရက်သောက်၍ ပျော်သည်ဆိုခြင်းမှာ အပျော်အစစ်မဟုတ်။ "အပျော်တု"သာ ဖြစ်သည်။ ကမ္ဘာတွင် မိုးခေါင်သောဒေသအချို့၌ သိပ္ပံနည်းဖြင့် မိုး

mgyoe.com

mgyoe.com


အတုလုပ်ယူခြင်းသဘောပင်။

မည်သို့ဖြစ်စေ ...။

ထပ်၍ ဆိုပါဦးမည်။

မည်သို့ပင် ဖြစ်စေ ....။

ကျွန်တော့်သားကိုတော့ ကျွန်တော့်ရှေ့ မြင်ကွင်းထဲက ကလေးငယ်များလို မိုးစစ်စစ်အောက်မှာပဲ ပျော်စေချင်ပါသည်။

ဩဂုတ်၊ ၂၀၀၄၊ ရန့်သစ်မဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# ရေပေါ်ဆီ

ဇော်နိုင်ဦး

ဘဝမှာ ကိုယ့်ထက်နိမ့်ကျ နွမ်းပါးတဲ့လူသားများအပေါ် ကျွန်တော်တို့တစ်တွေ ဘယ်လောက်အတိုင်းအတာထိ စာနာမှုပေးနိုင်ခဲ့ကြသလဲ။

---

"ဒါလေးက အစိတ်သား ဘယ်လောက်လဲ"

သတင်းစာဖတ်နေရာမှ ဈေးဝယ်ကိုမော့ကြည့်မိသည်။ ကိုယ့်အမေအရွယ် အဒေါ်ကြီးတစ်ဦး။ ငါးရောင်လတ်ပြားလေးတွေကို မထိတထိ သဘောမျိုး လက်ဟန်ပြု၍ ဈေးလှမ်းမေးနေခြင်းဖြစ်သည်။ ဆွဲခြင်းက ဘယ်လက်ပေါ်မှာချိတ်ထားသည်။ အဖြူရောင်လေဘောထည် ရှပ်လက်ရှည်၊ လက်ဖတ်ကိုတော့ ခေါက်မထား။ သူ့ကြည့်ရသည်မှာ ငါးခြောက်ဈေးမေးနေသော်လည်း မဝ့်မရဲ။ အဆီအပျား သွေ့ခြောက်နေသော ဆံပင်ထက်တွင် အရောင်ဖျော့ဖျော့ နှင်းဆီပွင့်တစ်ပွင့်။ မျက်ခုံးမွေးက ခပ်ပါးပါး။ မျက်နှာညိုညိုပေါ်တွင်တော့ သနပ်ခါး ရေကျဲကျဲလေးလူးထားသည်။ ကိုယ်ဟန်က ပိန်ပိန်ပါးပါး။

"လူလေး ဒါက ဘယ်လောက်ဈေးလဲ"

ထပ်မေးမှ ပြန်ဖြေဖို့သတိက ပြန်ကပ်လာရသည်။

"သြော် ... ဒေါ်လေး အစိတ်သား ငါးရာပါ"

ကျွန်တော်က ဖြေလိုက်ရသည်။ ဒါဆို ချိန်ပေးပါဦးဟုပြောသည်။ ငါးခြောက်လေး ငါးကောင်ကို လှမ်းယူပြီးချိန်ရန်ပြင်မှ ခက်ဝှက်ဝှက် ဝှက်ထားဟန်တူသော သူ့လက်နှစ်ဖက်ကို သတိပြုမိလိုက်သည်။

---

လက်နှစ်ဖက်စလုံး ငုံးတိတိ အရည်ရွဲခြင်း၊ စိုခြင်းတော့မရှိ။ အသားအရေက သွေ့ခြောက်နေပြီဖြစ်သည်။ ရုတ်တရက်ကြည့်လျှင် သာမန်လူလိုပင် နှာခေါင်းတိုခြင်း

mgyoe.com


မရှိ၊ မျက်ခုံးမွှေးပါးနေခြင်းကိုတော့ အတန်အသင့်သတိပြုကြည့်မိမှ မြင်နိုင်သည်။ သူ ချိန်ခိုင်းသော ငါးခြောက်ကိုချိန်နေစဉ် ငါးဖောင်ရိုးဈေး ထပ်မေးပြန်သည်။ ပြီးတော့ အစိတ်သား ထပ်ချိန်ခိုင်းသည်။ ဈေးဆစ်ခြင်း၊ ဘာခြင်းမရှိ။ ထိုအခိုက်အတန့်တွင် ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားရသည်။ စိတ်မကောင်းတာပဲ ဖြစ်ရမည်။ ကိုယ်ချင်းစာစိတ်ဟုပဲ ဆိုရမလား။ ဈေးဝယ်ဆိုသည်မှာ သူသူငါငါ ဘာပစ္စည်းဝယ်ဝယ် ဈေးမေးပြီးတော့ ဈေးတော့ဆစ်တတ်သည်။ ပစ္စည်းကိုလည်း ဖင်ပြန် ခေါင်းပြန် ရွေးတတ်ကြသည်။ ထိုမျှဖြင့်မပြီးသေး။ ချိန်ခွင်အနားကပ်လာပြီး ပိုပိုသာသာလေး နော်ဟု ဆိုတတ်ပြန်သည်။ တစ်ခါတစ်ရံ အဆစ်ပါထည့်ပေးစေချင်တတ်သေးသည်။

အဒေါ်ကြီးကတော့ ဈေးလည်းမဆစ်သည့်အပြင် တစ်မျိုးပြီးတစ်မျိုး ထပ်ထပ် အချိန်ခိုင်းသည်။ မိန်းမသားပီပီတော့ ကောင်းတာလေးတွေထည့်ပေးနော်ဟုသာ ပြော ရှာသည်။ ပစ္စည်းများကို ချိန်တွယ်အပြီးတွင် သူက ကျသင့်ငွေပေးသည်။ ကျွန်တော် က ကျသင့်ငွေထဲမှ ငွေနှစ်ရာလျှော့ပေးပြီး

"ဒေါ်လေးက ဘယ်ကလဲ" ဟု မေးရာ

"ရေနံ့သာကပါ" ဟုဖြေသည်။

"ရေနံ့သာဆိုတော့ မတ္တရာ့မြောက်ဘက်ကပေါ့"

သူက ခေါင်းညိတ်ပြသည်။ ထိုင်ပါဦး ဒေါ်လေးဟု ကျွန်တော်က ခုံတစ်ခုံပေး လိုက်သည်။ သူက ထိုင်အပြီးတွင် နဖူးမှချွေးစတို့ကို လက်မောင်းပေါ်မှ ရှပ်အင်္ကျီ စဖြင့် တို့လိုက်သည်။ သူ့မျက်ဝန်းနှင့် မျက်နှာညိုညိုတို့သည် ကြည်လဲ့ဝင်းပသွားသည် ထင်ရ၏။ အသိအမှတ် အပြုခံရခြင်းသည် သူတို့ဘဝအတွက် အားဆေး။ ကျွန်တော် သည် ထိုင်နေသော အဒေါ်ကြီးကိုကြည့်ရင်း ကိုယ့်အမေအဖြစ် စိတ်ထဲမှ အစားထိုး ကြည့်မိရာ ရင်ထဲ စစ်ခနဲ ဖြစ်သွားမိသည်။ ဝဋ်နာ ကံနာ ဝေဒနာရှင်တစ်ဦးပါလား ဟု တွေးမိသည်။

"ဒေါ်လေးက ဘယ်ဇာတိကလဲ၊ ဘယ်လိုက ဘယ်လိုများ ဖြစ်ရတာလဲဗျာ"

"အမေက ပုသိမ်ကြီးဇာတိပါ။ ဒီရောဂါက အမေတို့မျိုးရိုးထဲမှာတော့ မရှိခဲ့ပါ ဘူး။ အမေ့အသက် ၁၉၊ ၂၀ လောက်မှာ သွေးသားအပြောင်းအလဲအရ ဖြစ်သွားပုံရ ပါတယ်။ စဖြစ်စကတော့ အမေတို့လည်း သိပ်နားမလည်ကြတော့ ဆေးမြီးတိုတွေနဲ့ ကုကြတာပေါ့။ စုံလို့ပါပဲ ဆေးတွေလိမ်း၊ ပတ်တီးတွေစည်းနဲ့ နောက်မှ မဖြစ်ချေဘူးဆို ပြီး မနော်ရမ် ဆေးရုံကို ပြေးကြတော့ လွန်နေပါပြီ .. ကွယ်"

တိုးတိမ်ဝင်သွားသော သူ့အသံကို ကျွန်တော် သတိထားမိသည်။ ဖြစ်လာသော ဘဝမှာ နေသားတကျရှိသွားပြီဆိုသော်လည်း အင်္ဂါပြည့်စုံသောဘဝကိုတော့ ပြန်လိုချင် မှာ ဧကန်မလွဲပင်။ သူ့ဘဝမှာ ယောင်ယမ်း၍မျှ မမျှော်လင့်ခဲ့သော ဘဝ၊ စိတ်ကူးယဉ် စကောင်းသော ဘဝမျိုးလည်း မဟုတ်။ စည်းအပြင်ဘက်တွင် ကိုယ့်အသိတရားနဲ့

mgyoe.com

mgyee.com

ကိုယ် စခန်းသွားနေကြသူများ ဖြစ်ကြသည်။

"ဒါနဲ့ ဒေါ်လေးမှာ အိမ်ထောင်ရောရှိလား"

"ရှိတာပေါ့ကွယ်၊ အမျိုးသားကတော့ ဆုံးသွားတာကြာပါပြီ။ သမီးလေးက ရှစ်တန်းတက်ရတော့မယ်၊ ဒီနှစ်တော့ အခြေအနေအရ ကျောင်းထုတ်လိုက်ရတယ်။ အဲဒီ ရေနံ့သာမှာပဲ ကုန်ခြောက်လေးဘာလေး ရောင်းခိုင်းတော့မယ်လေ။ နောက်ပြီး အနီးအနားရွာတွေက စပါးကောက်ပြီး မြို့လာရောင်းပေါ့လေ"

"ကျွန်တော် စပ်စုတာတော့ မဟုတ်ဘူးနော်၊ တစ်ခုတော့ မေးပါရစေ။ ဒေါ်လေး သမီးဟာ အပျိုအရွယ်လေးဖြစ်လာပြီဆိုတော့ ကိုယ့်အမေနဲ့ သွားအတူ၊ လာအတူမျိုး လုပ်တဲ့အခါ ကလေးရဲ့စိတ်ထဲမှာ ..."

ကျွန်တော်လည်း ဆက်မေးရန် စကားလုံးအလှက ရှာမရသဖြင့် ရပ်လိုက်ရပြီး အဒေါ်ကြီးကို အကဲခတ်ပြီး ကြည့်နေရသည်။ အဒေါ်ကြီးက ကျွန်တော့်အမေးကြောင့် ခဏတော့ တွေပြီး စဉ်းစားနေဟန်တူသည်။ ပြီးမှ သဘောပေါက်ဟန်ဖြင့် ...

"အမေတို့ မြောက်ပြင် သရဲဈေးဘူတာမှာ တစ်ခါတလေ ရထားစောင့်ရင်း ပါလာတဲ့ထမင်းချိုင့်ကို သားအမိနှစ်ယောက် အတူစားလိုက်ကြတာပဲ။ သမီးလေးအနေနဲ့ကတော့ သူ့အမေဖြစ်နေတဲ့အတွက် ထူးပြီးတော့လည်း ..."

ကျွန်တော်၏ မမေးသင့်၊ မမေးထိုက်သောအမေးကို အဒေါ်ကြီးက မဖြေသင့်၊ မဖြေထိုက်သော အဖြေဖြင့် ဖြေရှာလေပြီ။ မေးပြီးမှ စိတ်ထဲက အားနာနေမိသည်။

---

လပြည့်ဥပုသ်နေ့မို့ ဈေးဝယ်ပါးနေ၍ စကားစမြည်ပြောဆိုခွင့်ရခြင်းပင်ဖြစ်သည်။ အဒေါ်ကြီးတို့လို အများစုမှာ ဒီလိုရက်မျိုးကိုမှ တမင်ရွေးပြီး ဈေးသို့လာခဲ့ရဟန်တူသည်။

"ဟိုတုန်းက ရေနံ့သာကနေ မန္တလေးလာရင် ကားသမားတွေက တယ်ပြီး သိပ်မခေါ်ချင်ကြဘူးကွယ်။ သူတို့ကိုလည်း အမေတို့က စိတ်မကွက်ရက်ပါဘူး။ ကိုယ့်အကြောင်းနဲ့ကိုယ် မဟုတ်လား။ အဲဒီတော့ ရေနံ့သာကနေ မတ္တရာကို စက်ဘီးနဲ့ လာခဲ့ရတယ်။ မတ္တရာကနေ မီးရထားစီးပြီးမှ မန္တလေးမြောက်ပြင်ဘူတာမှာ ဆင်းရတယ်"

"ဒီဘက်ပိုင်းကျတော့ကော"

"အင်း ... ဒီဘက်ပိုင်းမှာတော့ ကားသမားတွေကော ခရီးသည်တွေကော သဘောထားကြီးလာကြပြီလို့ ပြောရမလား မသိဘူး။ တစ်ခါတလေများ အမေတစ်ယောက်တည်းများဆိုရင် လက်တွေ ဘာတွေတောင် ဆွဲတင်ကြတာပဲ။ နေရာလည်း ပေးထိုင်ကြပါတယ်"

အဒေါ်ကြီးက မောသွားဟန်ဖြင့် စကားစဖြတ်သည်။ တစ်ချက်တော့ စဉ်းစား

mgyee.com

mgyoe.com

မိသည်။ ထိုရောဂါထက် ဆိုးဝါးပြင်းထန်သော ရောဂါများရှိလာ၍ လူတွေရဲ့စိတ်ထဲမှာ မေ့ပြီးတွေးတတ်သွားဟန်တူသည်။ ထိုစဉ် အဒေါ်ကြီးသည် ထိုင်နေရာမှထလိုက်သည်။ ပစ္စည်းများကို ခြင်းတောင်းထဲသို့ နေသားတကျ ဖြစ်အောင် ထည့်သည်။ ပြီးမှ ...

"အမေပြန်တော့မယ်၊ လူလေး လျှော့ပေးလိုက်တဲ့ ငွေနှစ်ရာကို သံဃာတော်တွေ ဆွမ်းလောင်းမယ့်အထဲ ထည့်လိုက်ပါ့မယ်။ တစ်ခါတုန်းကလည်း ရေနံ့သာကနေ မန္တလေးမှာ သီတင်းသုံးတဲ့ ရဟန်းတစ်ပါးကို ရဟန်းခံပေးဖူးတယ်။ အမေ အဲဒီရဟန်းခံကို မလာခဲ့ပါဘူး"

တရွေ့ရွေ့ထွက်ခွာသွားသော သူ့ကျောပြင်ကိုကြည့်ပြီး ကျွန်တော်သည် သက်ပြင်းကို ခပ်ဖွဖွ ချနေရသည်။

--------------

ကျွန်တော်သည် ခဏတော့ ငိုင်ကျန်ရစ်ခဲ့သည်။ ပြီးမှ ပိုက်ဆံသေတ္တာပေါ်က အဒေါ်ကြီး ပိုက်ဆံငါးရာတန်နှစ်ရွက်ဆီသို့ မျက်စိကရောက်သွားသည်။ ဆိုင်က အလုပ်သမားလေးကို ထိုပိုက်ဆံနှစ်ရွက် လှမ်းယူခိုင်းလိုက်ပါတယ်။ ပြီးမှ ...

"အဲဒီ ငါးရာတန်နှစ်ရွက်ကို အန်တီထွေးဆိုင်မှာ နှစ်ရာတန်ငါးရွက်နဲ့ သွားလဲချေကွာ၊ အနုတ်လိုနေလို့ပြော ... ကြားလား"

စက်တင်ဘာ၊ ၂၀၀၄၊ ရုပ်ရှင်တေးကဗျာ

❑

mgyoe.com

mgyoe.com

# အချစ်၊ အမုန်းနှင့် ဘောလုံးအကြောင်း

ကျော်ဝင်း

"ဘောလုံးပွဲထဲမှာ သိပ်ကို ကဲတဲ့သူပါရှင်၊ အားရပါးရ အော်လိုက်တာများပင် .... ဂိုး"

သီချင်းထဲက "ဂိုး"ဆိုသည်နှင့် ကျွန်တော့်မှာ မနေနိုင်။ ဘယ်လိုမှထိန်းမရ။ ပါးစပ်က အားရှိအားကုန် လိုက် "ဂိုး"လိုက်ရမှ နေသာထိုင်သာရှိသည်။ ကျွန်တော် ဘောလုံးကို အချစ်ကြီးချစ်မိသည်မှာ ဒီသီချင်းကိုဆိုသော (ဒေါ်)အမာစိန်၏ တာဝန်မကင်းဟုဆိုချင်ပါသည်။ ပို၍တာဝန်ရှိသူများမှာတော့ ကျွန်တော့်မိဘနှစ်ပါးဖြစ်ဖို့များသည်။ "ဘာကြောင့် အဖေတို့ အမေတို့က ဒီနေရာမှာလာပြီး အိမ်ဆောက်ရတာတုန်း"

ကျွန်တော့်အိမ်က ဘောလုံးကွင်းနှင့် ကပ်လျက်မှာရှိသည်။ သည်တော့ (ဒေါ်) အမာစိန်သီချင်းက မကြားချင်အဆုံး။ ဒီသီချင်းကြားတိုင်းလည်း ဘောလုံးပွဲရှိတာ သေချာသည်။ သည်တော့ အစွဲအလမ်းကြီးသော ကျွန်တော်က "ဂိုး"ခနဲအော်ပြီး ကွင်းထဲသို့ တန်း ဒိုးတော့သည်။ သည်လိုနှင့် ကျွန်တော် ဘောလုံးဝါသနာအိုး ဖြစ်ခဲ့သည်ဆိုပါစို့။

ဘောလုံးကို ချစ်သည့်တိုင် "ရွှေရိုး"ကိုတော့မုန်းပါသည်။ "ဘယ်ကရွှေရိုးက ပါလာရတာလဲ"ဟု စောဒကမတက်ပါနှင့်ဦး။ ဇာတ်ရည်လည်အောင် ရှင်းပြပါမည်။ ကျွန်တော်တို့မြို့လေးတွင် အထက်တန်းကျောင်းနှစ်ကျောင်းရှိသည်။ အမှတ်(၁)နှင့် အမှတ်(၂) ...။ ဒီနှစ်ကျောင်းက မတည့်။ စာပြိုင်ကြသည်ထက် ဘောလုံးပြိုင်ကြသည်က ပိုမည်ထင်သည်။ မြို့နယ်ကျောင်းပေါင်းစုံပွဲတွင် အမှတ် (၁) နှင့် အမှတ်(၂) တွေ့ပြီဆိုသည်နှင့် မြို့မိမြို့ဖတွေ မထိတ်သာ မလန့်သာ ဖြစ်ရတော့သည်။ ကျောင်းသားအားလုံး ကိုယ့်ကျောင်းဘက်မှ တစ်ခဲနက် အားပေးကြရာ ပွဲပျက်ပေါင်း များလှပြီ။

ဝန်ခံကြစတမ်းဆိုလျှင် ကျွန်တော်တို့ အမှတ်(၁)က (၂)ကို ဘယ်တော့မှ မနိုင်ပါ။ ကျွန်တော်တို့ ညံ့လွန်းလှ၍မဟုတ်။ သင်းတို့က တော်လွန်းလှ၍ ဖြစ်သည်။

mgyoe.com

mgyoe.com


အထူး သဖြင့် ဟိုကောင် နံပါတ်(၁၀) ရွှေရိုး ... ။ လူက ငါးဖောင်ရိုး ...။ လှစ်ခနဲပြေးပြီး ဒိုင်းခနဲ ဂိုးသွင်းတတ်သည်။ သူ့ဂိုးတွေကြောင့် ကျွန်တော်တို့ကျောင်း ရှုံးရသည်။ ကျွန်တော် သူ့ကိုမုန်းသည်။ သိပ်အကြာကြီးတော့လည်း မမုန်းဖြစ်ပါ။ တိုင်းနှင့်ပြည်နယ်ပွဲတွေစတော့ ဒီကောင်ရွှေရိုးကို ကျွန်တော် ပြန်ချစ်သွားသည်။ သူက ကျွန်တော်တို့ တိုင်းမှ ရှေ့တန်းတိုက်စစ်မှူး ...။ ထိုစဉ်က တီဗီမရှိသေးပါ။ ဘုန်းကြီးကျောင်းမှ ရေဒီယိုကြီးရှေ့တွင် ဝိုင်းထိုင်ပြီး ဘောပွဲကို သောတအာရုံနှင့် အားပေးရသည်။ ဘောပွဲကြေညာသူဟာ "ဟော ရွှေရိုး ... ရွှေရိုး ... ဆွဲသွားပြီ ... ဆွဲသွားပြီ ... ရှူးတယ်ဗျာ... ဂိုး"။ ဘာပြောကောင်းမလဲ။ ကျွန်တော် ဘုန်းကြီးကျောင်းပေါ်မှ ကျွမ်းထိုးချလိုက်သည်။ ခုနေများ ရွှေရိုးကြီးရှိလျှင် ပြေးဖက်နမ်းလိုက်မိလိမ့်မည်ထင်သည်။

ဤနေရာတွင် မရက်စတမ်းဝန်ခံရမည်ဆိုလျှင် ကျွန်တော်တို့တိုင်းသည် ဘယ်တုန်းကမှ ပြည်ထောင်စု ဒိုင်းကြီး မရဖူးပါ။ ရန်ကုန်တိုင်းလို မန္တလေးတိုင်းလို အသင်းကြီးများနှင့် တွေ့တိုင်း အောင်ဖျာလိပ်ရမြဲဖြစ်ပါသည်။ ဤသို့ ရှုံးရပြီဆိုသည်နှင့် နိုင်သည့်အသင်းမှ ခြေစွာသည့်ငနဲကို ကျွန်တော်မုန်းတော့သည်။ ဒီတစ်ခါ အမုန်းအလှည့်ကျသူကတော့ ရန်ကုန်တိုင်းမှ "သန်းတိုးအောင်" ...။ ဖြစ်ချင်တော့ သူကလည်း နံပါတ်(၁၀)။ စိတ်ချဉ်ချဉ်နှင့် "ဘူကောင်" ဟု ကျွန်တော်က ခေါ်လိုက်သည်။ ဒီဘူကောင်က သုံးဂိုးဆက်သွင်းလိုက်၍ ကျွန်တော်တို့အသင်း မရှုမလှ ရှုံးရသည်။ ခုခေတ်အခေါ် "ဟက်ထရစ်"... ပေါ့။

ဘူကောင် မြန်မာ့လက်ရွေးစင်ဖြစ်တော့ ကျွန်တော် မမုန်းနိုင်ပြန်တော့ပါ။ ထိုစဉ်က တို့မြန်မာ ဒုတိယရွှေခေတ်ကို ပြန်အစပျိုးဖို့ အလားအလာကောင်းဆုံးအချိန်ဖြစ်သည်။ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ ဝင်းအောင် ဆိုသော တိုက်စစ်အတွဲကို အရှေ့တောင်အာရှ ထိပ်သီးများက ကောင်းကောင်းဖြုံနေချိန်။ ကျွန်တော် "ဘူကောင်" ကို "ဘူကောင်" ဟု မခေါ်တော့ပါ။ အီတလီလက်ရွေးစင် နံပါတ် ၁၀ နှင့်နှိုင်း၍ "မြန်မာ ဘက်ဂီယို"ဟု လေးလေးစားစား ပြောင်းခေါ်လိုက်သည်။

မှတ်မှတ်ရရ ကျွန်းဆွယ်ပွဲဖိုင်နယ်မှာဖြစ်သည်။ ပွဲမစမီကပင် ဘုန်းကြီးကျောင်း တီဗီရှေ့မှာ အကျအနနေရာယူသည်။ (ဒီအချိန်ရောက်တော့ တီဗီပေါ်ပြီ။ သူငယ်ချင်းကိုရင်လည်း ဦးဇင်းဖြစ်ပြီ) ... ဆီမီးတွင် နာမည်ကြီး စင်ကာပူကို တစ်ဂိုး ... ဂိုးမရှိနှင့် ဆော်ခဲ့သော မြန်မာဘက်ဂီယိုတို့အတွဲကို ကျွန်တော် စိတ်ချသည်။ မြန်မာ နိုင်ကိုနိုင်ရမည်။ ထုံးစံအတိုင်း ကျွန်တော် ကံမကောင်းခဲ့ပါ။ ထုံးစံအတိုင်းပင် မုန်းစရာတစ်ယောက် ထပ်ရလိုက်ပါသည်။ "ထိုင်း"အသင်းမှ "ကိုင်တီဆတ်" ။

ခုတော့ ကျွန်တော့် အသက် ငါးဆယ်ကျော်ပါပြီ။ သူငယ်ချင်း ဦးဇင်းလည်း ဆရာတော် ဖြစ်ပြီ။ စလောင်းတပ်ပြီးပြီ။ ကျွန်တော် ဘုန်းကြီးကျောင်းကို လာမြဲ။ ဘောလုံးပွဲကြိုက်ဆဲ၊ ကြည့်ဆဲ။ ဒီတစ်ခါတော့ ရှုံးစေချင်၊ နိုင်စေချင်တာတွေ တယ်မရှိ

mgyoe.com

mgyoe.com



တော့ပါ။ ဘယ်သူ့ကိုမှလည်း မမုန်းတော့။ အားလုံးကို ချစ်နိုင်ပြီထင်ပါသည်။ "မြန်" သော "အိုဝင်"ကို ချစ်သလို၊ "ပိုင်" သော "အွန်နရီ"ကိုလည်းခင်ပါသည်။ သွက်သော "တော့တီ"ကိုနှစ်သက်သလို ထက်သော "ဇီဒိန်း"ကိုလည်း သဘောတွေ့ပါသည်။ တောင်ရောက်မြောက်ရောက် အတွေးသဝေထိုးနေစဉ် "ဘက်ခမ်"၏ "ဖရီးကစ်" ဝင်သွားရာ ဆရာတော်က ပြုံးပြုံးကြီး မိန့်သည်။ "ဟော့ကောင် ကျောင်းပေါ်က ကျွမ်းထိုးချဦးလေကွာ ..."။

ရှက်ရှက်နှင့် ပြုံးနေသော ကျွန်တော့်ကိုကြည့်ရင်း ဆရာတော်က မှတ်ချက်ချသည်။ "အင်း ... ဟိုတုန်းက ချစ်တာ အခုမှ မေတ္တာ"။ ဒီတော့လည်း ငယ်စိတ်က နိုးလာပြီး အငေါ်တူးမိသည်။ "ဘာဆိုင်လဲဘုရား"။ သည်တော့ ဆရာတော်က အပြုံးမပျက် တုံ့ပြန်သည်။ "ဟ ဆိုင်တာပေါ့ ဒကာရယ်။ ချစ်တယ်ဆိုတာ အစွဲအလမ်းပါတယ်လေ။ တို့ဘုန်းကြီးစကားနဲ့ပြောရရင် ကိလေသာမကင်းဘူးပေါ့။ ဒီတော့ အချစ်နောက်မှာ အမုန်းပါတတ်သလို အမုန်းနောက်မှာလည်း အချစ်ပါချင်ပါမယ်။ ပမာပြုရရင် ခေါင်းနဲ့ပန်းလိုပေါ့ကွာ။ အဲ ... မေတ္တာဆိုတာကတော့ အစွဲကင်းတယ်။ ပုဂ္ဂလဓိဋ္ဌာန်သဘောမဟုတ်ဘူး။ စကြဝဠာအနှံ့ ဖြန့်ထားတယ်။ အချစ်နဲ့ အမုန်းကို လွန်မြောက်သွားတာပေါ့ကွာ။ ဥပမာပြုရရင် တို့မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ အနှိုင်းမဲ့မေတ္တာမျိုးပေါ့"

"ဒီလိုဆိုတော့လည်း အဟုတ်ပါလား"ဟု စိတ်ထဲကတွေးရင်း ငယ်သူငယ်ချင်းဘုန်းကြီးကို ခုမှ ကြည်ညိုလာမိသည်။ ဆရာတော်ကတော့ ဘုရားစင်မှ ဗုဒ္ဓမြတ်စွာ၏ မျက်နှာတော်ကို မော်ဖူးရင်း တွေးတွေးဆဆ ဆက်မိန့်သည်။ "အင်း ... မေတ္တာအခံနဲ့မှ ပညာကို ချဉ်းကပ်လို့ရတာမျိုးထင်ပါရဲ့ ဒကာရယ်"။ ကျွန်တော့်ခေါင်းထဲတွင် အလင်းရောင်တွေ လက်သွားသလို ထင်လိုက်မိသည်။ "ဉာဏ်အလင်းရသည်"ဆိုတာမျိုးလား။ ငယ်ငယ်က ကစားဖော်၊ ရန်ဖြစ်ဘက် သူငယ်ချင်းကို သံဃာတော် အရှင်သူမြတ်အဖြစ် စိတ်ပါလက်ပါ အားရပါးရ ကန်တော့လိုက်မိပါသည်။

၂၀၀၅၊ အက်ဆေးဆရာနဲ့ ဖြတ်သန်းခြင်းစာအုပ်မှ

❑

mgyoe.com

mgyoe.com

# ကောက်ရိုးနွယ်နှင့် ငါးဖုတ်ထောင်း

ကျောင်းကုန်း ခင်မှူး

အမေ ထမင်းစားပျက်တတ်သော အခါမျိုးတွင် "ဘာစားချင်သလဲ"ဟု တခုတ်တရ မေးလျှင် "ကောက်ရိုးနွယ်အတို့ကလေးနဲ့ ငါးဖုတ်ထောင်း အဖျော်ကလေးများ စားချင်လိုက်တာ သားရယ်" ဟု အမေက မဆိုင်းမတွ ဖြေတတ်သည်။

"အိုင်မကြီးကွင်းက ကောက်ရိုးနွယ်နော်" ဟု အမေ့ အဖြေနောက်က အဆစ်ကလေးလည်း ပါတတ်ပါသေးသည်။

လူ့သက်တမ်း ၈၀ ကျော်နေသွားသော အမေ့မှာ ခံတွင်းမကောင်းလို့ အစားပျက်သည့်အကြိမ်ပေါင်း မနည်းမနောရှိခဲ့ပါသည်။ ထိုမနည်းမနော အကြိမ်တိုင်း အမေ ချင်ခြင်းတပ်သော စားမြိန်ဖွယ်သည်အခါတိုင်း "ကောက်ရိုးနွယ်နှင့် ငါးဖုတ်ထောင်း" ချည်းဖြစ်ပါသည်။

ကျွန်တော်တို့ရွာမှာ အမေသာ ကောက်ရိုးနွယ်နှင့် ငါးဖုတ်ထောင်းကြိုက်သည် မဟုတ်။ ကျွန်တော့် အစ်မကြီးဝမ်းကွဲ အမေ့တူမများလည်းကြိုက်သည်။ မဆီမဆိုင် ကျွန်တော့်အစ်ကိုဝမ်းကွဲ အမေ့တူများနှင့် အကြောင်းပါသော ကျွန်တော့်မရီးများသည်လည်း ထိုနည်းလည်းကောင်း၊ ရွာသူကြီးကတော် ဒေါ်ဒေါ်ကြည်သည်လည်း ထိုနည်းလည်းကောင်း။ ရွာလယ်က အရပ်လက်သည်ကြီး ဒေါ်သင်းထုံလည်း ကြက်သားဟင်းနဲ့ မလဲပေါင်ဟုဆိုကာ ၎င်းနည်းအတိုင်း။ ရွာဦးကျောင်းဆရာတော်သည်လည်း ဇီးဖြူသီးခြောက်ခပ် ဝက်သားအိုးကင်းကပ်ကို ကျော်၍ ကောက်ရိုးနွယ်အတို့နှင့် ငါးဖုတ်ထောင်းခပ် ငါးပိချက်အဖျော်ကို လည်ဆန့်၍ ဖျော်တော်မူရှာသည်။

သို့ဆိုလျှင် မောင်မင်းကြီးသားကကောဟု ကျွန်တော့်ကို မေးငြားအံ့။ အမေ့သား ကျွန်တော်ကလည်း ဇာတိပုည ဂုဏ်မာနမပျက် ၎င်းနည်းအတိုင်းဟု မဆိုင်းမတွဖြေမှာ အမှန်ပင်။

သို့သော် ခက်တာက ငါးဖုတ်ထောင်းကို အခါရာသီမရွေးတော့ တ တိုင်းရ

mgybe.com

mgyoe.com


ကောင်းသော်လည်း ကောက်ရိုးနွယ်ကိုကား အခါကျော်၍ မျှော်ကိုးမရနိုင်ပါ။ ကောက်ခြေပြတ်(ကောက်ရိတ်ပြီးစ) အချိန် တစ်ရာသီမှာသာ ကောက်ရိုးနွယ်ကို လှိုင်လှိုင်ရနိုင်ပါသည်။

နွေလသန်ပေါက် ဆောင်းဦးကလေး ရောက်ပြီဆိုလျှင် ကျွန်တော်တို့ရွာနောက်ဘက် လယ်ကွင်းပြင် တစ်ပြန့်တစ်ပြောရှိ စပါးခင်းသည် ရွှေသီဂီအဆင်းပျောက်လျက် ညိုတိုတို ရိုးပြတ်ငေါက်တောက်သာ ကျန်ပါတော့သည်။ ထိုရိုးပြတ်ငုတ်ကလေးများကို ယှက်လိမ်နွယ်ရစ်တတ်သော စိမ်းညို့ညို့ ပင်နွယ်ကလေးများလည်း အလျှိုလျှို အမောက်ထောင်၍ လာပါပြီ။ ထိုစိမ်းညို့ညို့ ပင်နွယ်ကလေးများတို့ကား အမေကြိုက်သော၊ အမေ့တူမများလည်း ကြိုက်သော၊ တစ်ရပ်လုံး တစ်နယ်လုံးကြိုက် ကောက်ရိုးနွယ်ကလေးများပင်ဖြစ်ပါတော့သည်။

ကောက်ရိုးနွယ်အရောင်သည် ကန်စွန်းရိုးအရောင်နှင့် ဆင်ဆင်တူပါသည်။ သို့သော် သူ့မှာက စိမ်းတစ်ဝက်၊ ညိုတစ်ဝက်၊ ခရမ်းသွေးတစ်ဝက် အရောင်များ ရောယှက်လို့နေပါသည်။ ကောက်ရိုးနွယ်၏ ရိုးတံသည် ကန်စွန်းရိုးလောက် မကြွပ်၊ မရွ၊ မပွ၊ အလွန်ကျစ်လျစ်သည်။ အရွက်ကြည့်ပါဦး။ ကန်စွန်းလောက်ရွက်ဖားမဝေ။ သွယ်လျသေးမျှင်သော အရွက်ကလေးများသည် ရိုးတံကျစ်မှာ ခပ်ကျဲကျဲ အစီအရီတွယ်ကပ်နေတတ်သည်။ သည့်ထက် အံ့ဩစရာကား ရေမှာမဝေ၊ နွေမှာဝေခြင်းပင်တည်း။

ပြီးတော့ကော။ ရှိပါသေးသည်။ မြေပပ်အက်ကြားကို သူမကြောက်။ ကြွက်ကျစ်စာကို သူမဖြုံ။ မိုးရိပ်ကို မလှုံ။ ဆောင်းကြွင်းမြူမြူ နှင်းမြူလွှကို ခေါင်းမြီးခြုံ၍ သူ့ဂုဏ်သိန်နှင့် ခေါင်းပြူလာတတ်ပါသည်။

ကောက်ရိုးနွယ်တို့သည် မြေကို အားကုန်ကုပ်တွယ်သည်။ လက်လှမ်းမီရာ ရိုးပြတ်ငုတ်တိုကို ဖမ်းဆုပ်သည်။ ဖက်တွယ်သည်။ နွယ်ရစ်သည်။ မွန်းတည့်နေ၏ ရာဇမာန်ကို အာမခံနိုင်သော ရိုးပြတ်ငုတ်တို့ တဖြောက်ဖြောက်ကျိုး၍ မြေတွင် ခေါင်းလျှိုးသွားချိန် သူ့မှာကား လည်တံ တသမ်းသမ်း၊ ခေါင်းတရမ်းရမ်း။ တစ်ခါတစ်ရံ စိန်နားကပ်ပန်းလို ဆန်းပြားသောအရောင်တို့ ခြယ်သောပန်းကလေးများကို ဦးထိပ်မှာ ပန်ဆင်နေလိုက်သေးသည်။

နှင်းမှုန်ပြယ်စ ဆောင်းချမ်းနွေးစ နေခြည်အောက်မှာ ကျွန်တော်တို့ကလေးတစ်သိုက် ကောက်ရိုးနွယ်ခူး ထွက်လေ့ရှိသည်။ ပင်အိုကိုင်းထက်က "တကုက္ကူးကူး"ဟုသော ချိုးကူသံကိုနားဆင်ရင်း ကျယ်ပြောသော လယ်ကွင်းပြင်အနှံ့ ကောက်ရိုးနွယ်ကလေးများကို "ဟိုနားတွေ့နိုး သည်နားတွေ့နိုး" ရှာရသည်မှာ မော်ဆရာ၏ သိုက်စာညွှန်းအတိုင်း ရတနာသိုက်ကို စွန့်စားရှာဖွေရသလို ရင်ခုန်ကြည်နူးဖွယ်ကောင်းလှပါသည်။ ကောက်ရိုးနွယ်တစ်မျှင်ကို ရိုးပြတ်ငုတ်ကြား ဘွားခနဲတွေ့လို့များဖြင့် ပပ်ကြားအက်ခရောင်းမြေမှာပင် ကျွမ်းပစ်ထိုးချင်လောက်အောင် ပျော်ပါဘိတောင်း။

mgyoe.com

mgyoe.com


ထမင်းဝိုင်းမှာ ပန်းကန်ပြားအမောက် ကောက်ရိုးနွယ်ပြုတ်ထည့်၊ ငါးဖုတ်ထောင်းအဖျော် ငါးပိချက်ချဉ်ရည်ဆမ်း ခပ်ပျစ်ပျစ်နှင့်များ တစ်လုတ်ပြီးတစ်လုတ် အားရပါးရ လွေးရသည်မှာ "ပါးစပ်ရိုင်ပတ်" ရလောက်အောင် ထမင်းမြိန်ရှက်ဖွယ် ကောင်းလှသည်။

ရွာနှင့် ကျွန်တော် ဝေးခဲ့သည်မှာ ရာစုနှစ်တစ်စိတ်ခန့်ရှိပါပြီ။ ထိုကာလများ အတွင်း ဆောင်းဦးပေါက်လေတိုင်း ထမင်းဝိုင်းတွင် ကောက်ရိုးနွယ်ကို မျှော်မိသည်။ တမ်းတမိသည်။ ငါးဖုတ်ထောင်းအသင့်ရှိသော်လည်း အရသာခဲ ကောက်ရိုးနွယ်နှင့် ဝေးခဲ့လေပြီ။

ရံဖန်ရံခါ မြို့ဈေးမှာ အသင့်ဝယ်၍ ရလာသော ကောက်ရိုးနွယ်ကလေးများ ထမင်းပွဲရှေ့မှောက် ရောက်လာလင့်ကစား ဘာအဆီအငေါ်မတည့်ဘဲ ဖြစ်သည်မသိ။ ခံတွင်းမမြိုက်၊ လျှာဖျားမချိုဘဲ တစ်ခုခုလိုနေသလိုလို၊ တစ်ချိန်က "ရော့ … အမေ အိုင်မကြီး ကောက်ရိုးနွယ်တွေ၊ သန်က သန်ပါဘိသနဲ့၊ အမေကြိုက်မှန်းသိလို့"ဟု ဈေးက ဝယ်လာပြီး အမေကျေနပ်အောင် မုသားဆိုခဲ့သည်ကို ပြေးပြီးသတိရသည်။

ရန်ကုန်ဆေးရုံကြီးတွင် အသည်းအသန် လူနာအဖြစ် တက်ရောက်ကုသနေသော ကျွန်တော့်အစ်မကြီးသည် "တို့ရွာ မယ်ဇယ်ပင် တွင်းရေကို သောက်ချင်တယ်" ဟု တပူဆာဆာ ဓာတ်စာတောင်းဖူးသည်။ ရွာလူကြုံကလည်း အသင့်ရောက်ခိုက်ကြုံ သည်ကို အယုံသွင်း၍ ရန်ကုန်ရေကို "မယ်ဇယ်ပင်တွင်းရေ" ဟု လိမ်လိုက်ရာ မမ အသည်းအသန် လူမမာက "မဟုတ်ဘူး၊ မဟုတ်ဘူး" ဟု တွင်တွင်ငြင်းသည်။ ရွာကို လူလွှတ်ယူခိုင်းပြီးတိုက်မှ "အင်း …ဒါမှအစစ်"ဟု မှတ်ချက်ချပြီး အသေဖြောင့်သွားခဲ့ သည်။

တစ်လောဆီက ကျွန်တော့်တူ ရွာလူကြုံတစ်ယောက် အိမ်ရောက်လာသဖြင့် "ရွာက ကောက်ရိုးနွယ်စားချင်တယ်ကွာ" ဟု လွှတ်ခနဲညည်းမိရာ တူတော်မောင်က ကျွန်တော့်ကို အံ့ဩသလိုကြည့်ပြီး ရယ်ကျဲကျဲနှင့် …

"ဈေးက ဝယ်တို့လည်း အရသာ ဘာကွာမှာမို့လဲ"

ဟုတ်ပါသလား။ တူတော်မောင် စကားအတိုင်း အိုင်မကြီးကွင်းက ကောက်ရိုး နွယ်နှင့် ဈေးကဝယ်သည့် ကောက်ရိုးနွယ်တို့ ရသာအရာမှာ ဘာများကွာခြားပါမည် နည်း။

"ဦးလေးကလည်း စပါးပြီး ပဲ၊ ပဲပြီး စပါး၊ နှစ်သီးစား သုံးသီးစားခေတ်မှာ ဘယ်လယ်ကွင်းက အားလို့၊ ဘယ်ကောက်ရိုးနွယ်က ပေါက်နိုင်မှာလဲ"ဟု ဆရာကြီး ဇေယျ၏ ရွာဓလေ့ "ကောက်ရိုးနွယ်" စာတမ်းအဆုံးသတ် "မှတ်ချက်" ကလေးကို ပြေးပြီး သတိရသည်။

ဘာကြောင့် ကွာခြားရသနည်း။

mgyoe.com

mgyoe.com


ကျွန်တော်တို့သည် မွေးစအချိန်ကတည်းက ကျွန်တော်တို့၏ ဗီဇဉာဉ်များကို ကျွန်တော်တို့ ချက်မြှုပ်ရာအရပ်မှာ အပြီးတိုင် မြှုပ်နှံထားနှင့်ပြီးလေသောကြောင့်ဟု ထင်ပါသည်။

ဧပြီလ၊ ၂၀၀၅၊ ရှပ်ရှင်သစ္စာ

❑

mgyoe.com

mgyoe.com

# တစ်ပိုင်းတစ်စဒိုင်ယာရီ - ၄

အောင်မင်း

19, December, 2004

အပြင်မှာတော့ အေးနေမှာပဲ။ ကျွန်တော်ကတော့ နွေးလို့၊ တံခါးတွေကို အလုံပိတ်၊ ရေနွေးကြမ်းတစ်ခွက်ကို တစ်ငုံချင်းသောက်လို့။ ပီ...ပီ...ပီ ဆိုပြီး အော်နေတဲ့ ပုရစ်သံလိုလို၊ ဘာလိုလို အသံတစ်သံတော့ ထွက်နေပါတယ်။ နောက်တစ်သံရှိပါသေးတယ်။ နံရံပေါ်က နာရီစက္ကန့်တံ ရိုက်နေတဲ့အသံ။

ဒီညမှာ စာတစ်ပုဒ်လောက် ရေးစမ်း။ ဘယ်လိုစာလဲ။ ဇာတ်လမ်းကောင်းကောင်းလေးလား။ ဟုတ်တယ်။ ဇာတ်လမ်းလေးကောင်းတော့ ကောင်းတာပေါ့။ ဒါပေမဲ့ ကျွန်တော်မရေးချင်။ ဇာတ်လမ်းကောင်းရုံသက်သက် ကျွန်တော် မရေးချင်။ ဒါဆို ဇာတ်ဆောင်ကောင်းကောင်းလေးဖွဲ့နွဲ့ပေါ့။ စိတ်လှုပ်၊ လှုပ်ရှားဇာတ်ကောင်။ ဒါဆိုရင်ကော စာတစ်ပုဒ်ရေးချလို့ ရပြီလား။ ရေးချလေ ...ရမှာပေါ့။ စိတ်မပူနဲ့ ရေးချင်တာရေးစမ်း။ ဘယ်လိုဇာတ်လမ်းမျိုးရေးချင်လဲ။ ဘယ်လိုဇာတ်ကောင်မျိုး ရေးချင်လဲ။ ကျွန်တော့်စိတ်ထဲ ဘဝင်မကျ။ ကျွန်တော် ဒီည အဲဒီလိုမျိုး မရေးချင်။ ဒါဖြင့် ဘယ်လိုရေးချင်သလဲ။ ကျွန်တော် ရေးချင်တာက တစ်မျိုး။ ဥပမာပေးရရင် အလိုအလျောက်ပေါက်လာတဲ့ သစ်ပင်တစ်ပင်လို။ ဘာပင်မှန်းလဲမသိ။ အညှောင့်ထွက်လာ။ အရွက်တွေပွင့်လာ။ နောက် တဖြည်းဖြည်းနဲ့ ကြီးလာပြီး အကိုင်းတွေက ထွက်ချင်သလိုထွက်၊ အရွက်တွေက ဝေချင်သလိုဝေ။ အကိုင်းတွေက တွန့်တွန့်လိမ်လိမ်။ အခုလို ဆောင်းတွင်းရောက်လို့ မတော်တဆ ပန်းပွင့်ကလေးတစ်ပွင့်များ ပွင့်လာရင်။ ဟယ် ... ကြည့်စမ်း ထူးဆန်းတယ်။ ပန်းပွင့်ကလေးတစ်ပွင့်တော့ ဘာပန်းမှန်းလည်းမသိ။ စားလို့ရချင်လည်း ရမယ်။ မရချင်လည်း မရဘူး။ အဆိပ် ရှိချင်လည်းရှိပြီး၊ အဲဒီအဆိပ်ကလည်း ဆေးဖက်ဝင်ချင် ဝင်နေရဲ့။ အခေါက်တွေ ဘာတွေကလည်း သွေးလိမ်းရင် ဒဏ်တွေ ဘာတွေ ကြေချင်ကြေပေါ့။ သူ့အမြစ်တွေဆိုလည်း အပြိုင်းထထ၊ မြေကြီး

mgyoe.com

mgyoe.com

ထဲကို ဟိုတိုးဝင် ဒီတိုးဝင်နဲ့ပေါ့။ တွေ့တဲ့လူတစ်ယောက်က ဒါဟာ ဘာပင်ဆိုပြီး နာမည်ပေးလိုက်ရင် ဒီနာမည်ကို ယူလိုက်ရုံပဲပေါ့။ ဒါမှမဟုတ် အပင်မျိုးသစ်ရှာတဲ့ ရုက္ခဗေဒပညာရှင်တွေက ဘာယ်မျိုးနွယ်၊ ဘာ မျိုးစိတ်၊ သက်တမ်းဘယ်လောက်ဆိုပြီး စာတမ်းကပ်သွားရင်လည်း ခံလိုက်ပေါ့။

ဒါပါပဲ။ ကျွန်တော်ရေးချင်တာ။ အဲဒီလိုမျိုး အဲဒီသစ်ပင်လိုဟာမျိုး။

## 22. December, 2004 Morning

ပြတင်းပေါက်ကနေ လှမ်းကြည့်ရင် မနက်ခင်းကောင်းကင်ကို တွေ့ရပါမယ်။ ကျွန်တော် နိုးနေတာ ကြာပါပြီ။ မနက်ခင်းကောင်းကင်ကို လှမ်းကြည့်နေတာပါ။ ကျွန်တော် နိုးစတုန်းက ကောင်းကင်ကြီးဟာလည်း မှုန်ပျပျပါ။ ခဏနေတော့မှ အလင်းရောင်လေးက တဖြည်းဖြည်းချင်း ထင်းထင်းလာတာပါ။ တိမ်မည်းမည်းအဆုပ်တွေက ဟိုတစ်ဆုပ် ဒီတစ်ဆုပ်ပြိုကွဲလို့။ နောက်တော့ ကြည့်ရင်း ကြည့်ရင်း အဲဒီ တိမ်မည်းမည်းတွေဟာ အသက်ဝင်လာသလိုမျိုး လိမ္မော်ရောင်အသွေးတွေ တဖြည်းဖြည်းချင်း စွန်းထင်းလာပါတယ်။ ကျွန်တော် သတိမထားမိလိုက်တဲ့ ဟိုးနောက်က တိမ်မျှင်တန်းတွေဟာလည်း လိမ္မော်ရောင်အမျှင်တွေ ဖြစ်ကုန်ပါပြီ။ နေလုံးကြီးဟာ ထွက်မလာခင် အရောင်တွေကို အရင်လွှတ်လိုက်တာပါလို့ ပြောရင် ရတာပေါ့။ ဒါပေမဲ့ ဒီလို ကျွန်တော် မပြောချင်။ နေလုံးကြီးကို ကျွန်တော် မမြင်ရသေးဘဲ ကျွန်တော် ဒီလိုမပြောချင်။ မနက်တိုင်း နေလုံးထွက်လာနေကျမို့ ဒါ နေလုံးကြီးဆီက အရောင်တွေဆိုတာ ကျွန်တော် သိတာပေါ့။ ဒါပေမဲ့ ကျွန်တော် ဒီလို ကြိုမပြောချင်။ ကျွန်တော် ပြောချင်တာက ကျွန်တော်မြင်တာလေးကိုပဲ သီးသီးသန့်သန့်လေးပြောချင်တာမျိုး။ ကျွန်တော် မြင်တာလေးကိုပဲ ငြိမ်ငြိမ်ကလေး စောင့်ကြည့်နေတာမျိုး။ ကျွန်တော် မြင်တာလေးကိုပဲ စိတ်မလှုပ်မရှား အေးအေးဆေးဆေး ရေးချနေတာမျိုး။

## 22, December, 2004, Night

ကျွန်တော် ဒီလို စောင့်ကြည့်တဲ့အကျင့်ကို ဘယ်တုန်းက ရခဲ့တာလဲ။ အသေအချာတော့ ကျွန်တော် မသိဘူး။ စောင့်ကြည့်တဲ့ အကျင့်ရနေတာတော့ အသေအချာ။ စောင့်ကြည့်တာမှ မြင်မြင်ကရာကို စောင့်ကြည့်လို့။ စောင့်တာတွေက တစ်ပုံတစ်ပင်။ နေထွက်တာကို စောင့်ကြည့်တာ။ နာရီလက်တံပတ်နေတာကို စောင့်ကြည့်တာ။ ဖယောင်းတိုင်မီး တောက်ကလေး လှုပ်လီလှုပ်လဲ့ဖြစ်နေတာကို စောင့်ကြည့်တာ။ ခန်းဆီးစ လေတိုက်နေတာကို စောင့်ကြည့်တာ။ ပုရွက်ဆိတ်တန်း သွားနေတာကို စောင့်ကြည့်တာ။ ခရုတစ်ကောင်သွားနေတာကို စောင့်ကြည့်တာ။ ကောင်းကင်တိမ်ဖြူဖြူအုပ် တဖြည်းဖြည်းပွထလာတာကို စောင့်ကြည့်တာ။ ကြာလာတော့ အကျင့်တစ်ခု

mgyoe.com

mgyoe.com


လို ဖြစ်လို့။

တောပိုင်းမှာ နေတုန်းက ကျွန်တော် စောင့်ကြည့်ခဲ့ဖူးတာက ငါးရံ့ကြီးတစ်ကောင်ကို။

ငါးရံ့ကြီးက တစ်ပိသာလောက်။ အရှည်က တစ်တောင်သာသာ။ နေရာက ကျွန်တော် ဆေးခန်းဖွင့်တဲ့ ရွာဆီကိုသွားတဲ့လမ်းမှာ။ အဲဒီလမ်းက ၃ မိုင်ကျော်ကျော် ၄ မိုင်နီးပါး။

ချုံတွေကြားထဲမှာ လူလျှောက်တာများလားလို့ လမ်းဖြစ်နေတဲ့ လမ်းကလေးအတိုင်းလျှောက်လို့။ လှမ်းကြည့်လိုက်ရင် ကိုယ်လျှောက်တဲ့လမ်းနဲ့အပြိုင် ညီညာစ်ညစ်မြစ်တစ်ခုက စီးလို့။ မြစ်ထဲမှာ နေရောင်က တဖျတ်ဖျတ်ထလို့။

ကရင်ခြေတံရှည် အိမ်တစ်အိမ်နားအရောက်၊ မြစ်ထဲဖြတ်စီးတဲ့ မြောင်းကျော် တံတားတစ်ခုကို ဖြတ်မယ်အလုပ်။ တံတားက ကုက္ကိုပင်ကြီးတစ်ပင်ကို ထက်ခြမ်းပိုင်းပြီး ပက်လက်ထိုးထားတဲ့တံတား။ တံတားပေါ်မှာ ရောက်နှင့်နေတာက အဲဒီငါးရံ့ကောင်။ ငါးရံ့ကောင်မှာ ခုန်ရဖန်များလွန်းလို့မောပြီး မလှုပ်မယှက်။ တစ်ခါတစ်ခါမှ အမြီးကို ဟိုဘက်ယမ်း၊ ဒီဘက်ယမ်း လှုပ်နိုင်ရုံ။

ကျွန်တော့်တပည့်ဖြစ်သူဟာ ရေမြောင်းထဲခုန်ဆင်းပြီး ငါးရံ့ကောင်ကို သူ့လုံချည်ခါးပုံထဲ ယက်ချလိုက်ပါတယ်။ စုစည်းပြီး ထုပ်ထားတဲ့ လုံချည်ထဲမှာ ငါးရံ့ကောင်ဟာ ရုန်းကန်လို့။ ကျွန်တော့်တပည့်ဟာ ကုန်းပေါ်တက်လာပြီး ငါးရံ့ကောင်ကို သရက်ပင်တစ်ပင်ခြေရင်းမှာ ပစ်ချလိုက်ပါတယ် နောက်တော့ ကြိုးတစ်ချောင်းလောက်ဖျို့လို့အော်ပြီး ခြေတံရှည်အိမ်ထဲကို ဝင်သွားပါတယ်။ သရက်ပင်ခြေရင်းက ငါးရံ့ကောင်ကတော့ မြေမှုန့်တွေနဲ့လူးလို့။ ခဏနေတော့ ထခုန်လိုက်တာ အမြင့်က တစ်တောင်ကျော်ကျော်။ ကျွန်တော် သူခုန်တာကို စောင့်ကြည့်နေပါတယ်။ ငါးရံ့ကောင်က နားလိုက်၊ ခုန်လိုက်။ ကျွန်တော် စောင့်ကြည့်နေရင်း သူဟာ ကျွန်တော့်ခြေထောက်နားကို ရောက်လာပါတယ်။ နောက်တစ်ခါ ထပ်ခုန်လိုက်တော့ ကျွန်တော့်ခြေထောက်နဲ့ တိုက်မိပြီး ခြေဖမိုးပေါ် အမြီးဖျားတင်ပြီး ငြိမ်လို့။ ကျွန်တော်လည်း သူ့ကိုစောင့်ကြည့်ပြီး ငြိမ်လို့။ ကျွန်တော် လှုပ်လိုက်လို့ သူ့လှုပ်ရှားမှုတွေ တစ်မျိုးတစ်မည်ဖြစ်သွားမှာကို ကျွန်တော် မလိုလား။ ဥပမာ သူ ညာဘက်ခုန်နေရာက ကျွန်တော့်လှုပ်ရှားမှုကြောင့် လန့်ပြီး ဘယ်ဘက်ကို ခုန်လိုက်တာမျိုး။ ဒါကြောင့် ကျွန်တော် အသက်ကို မျှဉ်းရှူပြီး တုတ်တုတ်မလှုပ်။ ငါးရံ့ကောင်ဟာ ကျွန်တော့်ခြေနှစ်ချောင်းကြားကနေ ဖြတ်ပြီး လူးကာလိမ့်ကာနဲ့ ဆက် ဆက်ပြီး ခုန်သွားပါတယ်။

ကျွန်တော့်တပည့် ပြန်ထွက်လာတော့ ငါးရံ့ကောင်ဟာ မြောင်းထဲကို စီးကျနေတဲ့ ရေစီးကြောင်းနားကို ရောက်နေပါပြီ။ ကျွန်တော့်တပည့် သရက်ပင်အောက်ရောက်လာတော့ သူဟာ ဖျတ်ခနဲခုန်ပြီး ရေစီးကြောင်းထဲကို ကျသွားပါတယ်။ ရေစီး

mgyoe.com

mgyoe.com

ရဲ့အထိအတွေ့ကြောင့် သူဟာ ထပ်မခုန်တော့ဘဲ ရေစီးကြောင်းအတိုင်း လူးကာ လိမ့်ကာနဲ့ ရွေ့ရွေ့သွားပါတယ်။ ကျွန်တော်လည်း သူ့ကိုရော၊ သူ့ကိုဖမ်းမည့် သူကိုရော မလှုပ်မယှက်နဲ့ စောင့်ကြည့်လို့။ သူ့ကိုဖမ်းမည့်သူက ငါးရံ့ကြီးဘယ်ရောက်သွားလဲ … လို့ မေးပေမဲ့ ကျွန်တော် မဖြေ။ ငါးရံ့ကောင်ဆီကိုလည်း ကျွန်တော် တည့်တည့် မကြည့်တော့။ မျက်စိအစွန်းနားကနေပဲ ကြည့်လို့။ မြင်ကွင်းရဲ့ ဟိုဘက်အစွန်မှာက ငါးရံ့ကောင်၊ ဒီဘက်အစွန်မှာက သူ့ကိုဖမ်းမည့်သူ။ ကျွန်တော် စောင့်ကြည့်နေတုန်းပဲ။ ငါးရံ့ကောင်ဟာ မြောင်းထဲကို ဗွမ်းခနဲ ကျသွားပါတယ်။ သူ့ကိုဖမ်းမည့်သူက ပြေးလာပြီး မြောင်းထဲကို လိုက်ခုန်ချလိုက်ပါတယ်။ ရေမြောင်းထဲမှာ တဗွမ်းဗွမ်းနဲ့ လျှောက်ပြီး လက်နဲ့ ရေထဲကို လိုက်နှိုက်လို့။ သူ့မျက်နှာ အမူအရာကိုကြည့်ရတာ ငါးရံ့ကောင်ကို ဖမ်းမိပုံမပေါ်။ မြောင်းအစွန်းနားမှာ ငါးရံ့ကောင်ဟာ ဗွမ်းခနဲ ၂ ပေလောက် ထခုန်ပြီး မြစ်ထဲကျသွားတာကို ထိုးကျနေတဲ့နေရောင်အောက်မှာ လက်ခနဲ ထင်းထင်းကြီးကို သူ့ဖမ်းမည့်သူရော၊ ကျွန်တော်ပါ မြင်လိုက်ရပါတယ်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ ငါးရံ့ထိုးဝင်သွားတဲ့ မြစ်ရေဟာ တငြိမ့်ငြိမ့်စီးလို့။ ရေပြင်ဟာ နေရောင်တဖျတ်ဖျတ်။

ကျွန်တော်လည်း ထုံးစံအတိုင်း စီးနေတဲ့မြစ်ရေ တဖျတ်ဖျတ်ကို ငေးကြည့်မိလို့။

6, February, 2005

ဒီနေ့မနက် စာရေးလို့မရ။ ရေးလိုက်သမျှ စာတွေက သစ်ပင်တစ်ပင်လို ပေါက်မလာ။ အမြစ်တွေ ဖွာမထွက်။ သစ်ကိုင်းတစ်ကိုင်းကို ချိုးပြီး မြေကြီးထဲ ထိုးစိုက်နေရသလိုလို။ ရတ်တရက် ကြည့်လိုက်ရင် သစ်ပင်လေးတစ်ပင်လို ထင်ရ။ နေထိ၊ လေထိလို့မှမကြာ အရွက်ကလေးတွေက ညှိုးညှိုးကျလာ။ ကျွန်တော် ရေးလိုက်သမျှ စာလုံးတွေကလည်း အဲဒီလိုအပင်မျိုး။ အပင်တု၊ အမြစ်မရှိတဲ့ အပင်။ ကျွန်တော်လည်း ရေးချပြီးသမျှ စာရွက်တွေကို ဆွဲဆုတ်ပစ်ပြီးရင်းပစ်။ အပင်မပေါက်တဲ့ အကိုင်းတွေကို မြေကြီးထဲက ဆွဲနုတ်ပြီး ပစ်နေသလို။

မနက်ခင်းကလေးက တိတ်တိတ်ဆိတ်ဆိတ်။ စာကလေးသို ဘာလိုလို ကောင်ကလေးတွေရဲ့ အသံတဇ်သံ နှစ်သံသာထွက်လို့။ နေရောင်ကလေးဟာ ဆေးခန်းရှေ့မြေကွက်လပ်ကလေးဆီကို ဖြာကျလို့။ လေပြည်ဟာ မလေးရှားပိတောက်ရွက်ကလေးတွေကို မသိမသာလေးတိုက်လို့။

ကျွန်တော်ရေးချင်တာ မြေကြီးထဲက အလိုအလျောက် ထွက်လာတဲ့ သစ်ပင်တစ်ပင်လို။ အဲဒီအပင်ကလေး ထွက်လာတာကို ထိုင်စောင့်ကြည့်နေသလိုမျိုး။

ကိုယ့်မှာ ရလာတတ်တဲ့ အကျင့်ဆိုတာကလည်း အဲဒီအပင်ကလေးလိုပဲလား။

mgyoe.com

ဒီရေခံ၊ မြေခံမှာ သူ့အလိုလိုပေါက်လာတဲ့ အပင်ကလေးတစ်ပင်လို့ ဆိုရင် ရမလား။ မကြီးခင် နုတ်ပစ်ချင် နုတ်ပစ်ပေါ့။ မနုတ်ပစ်ဘူးဆိုရင်တော့ တဖြည်းဖြည်း ကြီးကြီးလာ။ အရွက်တွေအကိုင်းတွေနဲ့ ဝေဝေဆာဆာ။

ကျွန်တော့်ရဲ့ စောင့်ကြည့်တတ်တဲ့ အကျင့်ကလည်း အခုဆို အကိုင်းတွေ၊ အရွက်တွေနဲ့ ဝေဆာနေလောက်ရောပေါ့။

ကျွန်တော် ကျွန်တော့်ဆီရောက်လာတဲ့လူနာတွေကို စောင့်ကြည့်ပါတယ်။ သူတို့ပြောတာတွေကို စောင့်နားထောင်လို့။ ကျွန်တော့်ရဲ့ နားကြပ်၊ ကျွန်တော့်ရဲ့လက်နဲ့ သူတို့ခန္ဓာကိုယ်ထဲက အပြောင်းအလဲတွေကို စောင့်ကြည့်လို့။ ကျွန်တော် စောင့်ကြည့်တဲ့အထဲမှာ သေခါနီးလူနာတွေလည်း အပါအဝင်။ တကယ့်တကယ်တော့ ကျွန်တော် မကြည့်ချင်။ တောခလေ့ တောစရိုက်အတိုင်း ဆရာဝန်ကို ကယ်တင်ရှင်လိုပုံအပ်ကာ သူတို့ လူနာအနားကနေ မခွာစေချင်။ ကျွန်တော် အားနာနာနဲ့ သေခါနီးလူအနားမှာ နေဖူးခဲ့တာ အကြိမ်မနည်း။ အော်ရင်းဟစ်ရင်း မျက်လုံးပြူး မျက်ဆန်ပြူး အသက်ထွက်တဲ့သူ။ ဝက် နာမှုတ်သလို တရှူးရှူးမှုတ်ရင်း အသက်ထွက်တဲ့သူ။ တစ်ကိုယ်လုံး တုတ်တုတ်မှမလှုပ်၊ ရင်ဘတ်ကသာ လှုပ်ရုံတင်လှုပ်ပြီး ချွေးသီးချွေးပေါက်တွေနဲ့ အသက်ထွက်တဲ့သူ။ ကုန်းပေါ်ရောက်နေတဲ့ ငါးရံ့လို ဖျတ်ဖျတ်လူးရင်း အသက်ထွက်တဲ့သူ။

အဲဒီလို ကျွန်တော် စောင့်ကြည့်ခဲ့တဲ့သူတွေထဲမှာ စိတ်ဝင်စားဖို့ကောင်း၊ ပျင်းဖို့ကောင်း၊ ကြောက်ဖို့ကောင်း၊ စောင့်ကြည့်ရတာလည်း ခက်တဲ့သူ တစ်ဦးရှိခဲ့ဖူး။ အဲဒီလူကတော့ 'ကျွန်တော်' ကိုယ်တိုင်။ ကိုယ့်ကိုယ်ကိုယ် စောင့်ကြည့်ရတာလောက် စိတ်ဝင်စားဖို့ကောင်းတာမရှိ။ ကိုယ့်ကိုယ်ကိုယ် စောင့်ကြည့်ရတာလောက် ပျင်းဖို့ကောင်းတာမရှိ။ ကိုယ့်ကိုယ်ကိုယ် စောင့်ကြည့်ရတာလောက် ကြောက်ဖို့ကောင်းတာမရှိ။ ကိုယ့်ကိုယ်ကိုယ် စောင့်ကြည့်ရတာလောက် ခက်တာမရှိ။

7, February, 2005

ဒီဒိုင်ယာရီ –၄ မဆုံးခင် ကျွန်တော် ကြုံခဲ့ရတဲ့ကိစ္စတစ်ခုကို ပြောချင်ပါတယ်။ ဒီကိစ္စကလေး ဖြစ်ခဲ့တာကတော့ နေ့လယ်ခင်း နေခြစ်ခြစ်တောက်ပူနေတဲ့အချိန်။ နေရာက မြို့လယ်ကောင်။ နေပူပူမှာ လူတွေဟာ အရှေ့ကနေ အနောက်၊ အနောက်ကနေ အရှေ့သွားလို့။ မြို့လယ်လမ်းမကြီးတစ်လျှောက်လုံး အရိပ်ဆိုတာမရှိ။ ကျွန်တော်ချိန်းထားတဲ့ "တစ်စုံတစ်ယောက်"ကို တစ်မနက်ခင်းလုံး ပန်းခြံမှာ စောင့်ခဲ့ပြီးပြီ။ ကျွန်တော့် တစ်ကိုယ်လုံးလည်း ညောင်းညာလို့။ အစာဝဝမစားရသေးလို့ နုံးလည်း နုံးချိနေပါတယ်။ ချိန်းထားတဲ့သူနဲ့ ဒီနေ့ ကျွန်တော် တွေ့ချင်ပါတယ်။ ညနေဆိုရင် ကျွန်တော် ဒီမြို့ကြီးဆီမှာ မရှိတော့။ တောပိုင်းကို ကျွန်တော် ပြန်ပြီ။

mgyoe.com

mgyoe.com

နေ့လယ် ၁၂ နာရီတိတိထိုးတော့ ကျွန်တော် စောင့်တဲ့နေရာက ခွာခဲ့ပါတယ်။ လူတွေကြားထဲမှာ မျောနေတဲ့ ဒိုက်ဖတ်တစ်ဖတ်လို ကျွန်တော် လမ်းကို လျှောက်မှန်း မသိ လျှောက်ခဲ့ပါတယ်။ ကျွန်တော် ဘယ်လိုသွားနေမှန်း ကိုယ့်ဟာကိုယ် သတိမထား မိ။ စိတ်ထဲမှာ စိတ်တိုနေသလိုလို ဒေါသထွက်နေသလိုလို၊ လူတွေသာမရှိဘူးဆိုရင် လမ်းဘေးတစ်နေရာမှာ ခွေပြီး အိပ်ပစ်လိုက်ချင်သလိုလို။ တကယ့်တကယ်တော့ နေပူ ထဲမှာ အိပ်ရာနေရာမရှိ။ စိတ်ထဲ ဘာလည်း ကိုယ့်ဟာကိုယ် ဘာဖြစ်လို့ ဖြစ်နေမှန်းမသိ။ ဟို "တစ်စုံတစ်ယောက်"နဲ့ တွေ့ချင်သလိုလို၊ မတွေ့ချင်သလိုလို။ ဒါပေမဲ့ ကျွန်တော့် မျက်စိက ဒီ "တစ်စုံတစ်ယောက်" ကို စိတ်မကုန်သေးတာ အသေအချာ။ နဖူးပေါ်က ချွေးတစ်စက် မျက်စိထဲဝင်လာတော့ လူတွေရဲ့ သဏ္ဌာန်တွေဟာ ဝေဝေဝါးဝါးဖြစ်သွား ပါတယ်။ မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်လိုက်တော့ မြင်ကွင်းက ပြန်ကြည်သွား ပါတယ်။ အဲဒီမှာပဲ ကျွန်တော်ဟာ လမ်းဆုံလမ်းခွတစ်ခုဆီ ရောက်နေမှန်း ကိုယ့်ကိုယ် ကို သတိထားမိလိုက်ပါတယ်။

မီးပွိုင့်ကိုကူးပြီး ရှေ့ဆက်လျှောက်မလား။ ညာဘက်ကိုချိုးပြီး လမ်းဖြတ်ကူး မလား။ ဘယ်ဘက်လမ်းချိုးထဲ ဝင်မလား။ ကျွန်တော် မဆုံးဖြတ်ရသေး။ မြို့လယ် လမ်းမကြီးရဲ့ ဘယ်ဘက်ကို ပလက်ဖောင်းမီးပွိုင့်အနားမှာ ရပ်လို့။ ခဏနေတော့ ကျွန် တော့်ရဲ့ခေါင်းဟာ ညာဘက်ကို သူ့အလိုလိုလှည့်သွားပါတယ်။ ညာဘက်ကိုချိုးပြီး လမ်းဖြတ်ကူမည့်ပုံပေါ့။ ဒါပေမဲ့ ညာဘက်ကိုသာ လှည့်သာလှည့်လိုက်တယ်၊ လူက ဆက်ပြီး မလျှောက်။ နောက်ကလူတွေက ကျော်ပြီး မီးပွိုင့်ကို ကူးသွားကြပါတယ်။ ရှေ့က ကူးလာတဲ့လူအုပ်က ကျွန်တော့်ကို ဝင်တိုးပါတယ်။ ကျောက်တုံးတစ်တုံးကို ရေစီးဝင်တိုးသလို ဘယ်ညာနှစ်ခြမ်းခွဲပြီး ကျွန်တော့်ဘေးကနေ ပွတ်တိုက်သွားကြလို့။ ကျွန်တော်သိတာ ခေါင်းပေါ်က နေပူတာရယ်၊ မျက်နှာကို လေပူဝင်တိုးတာရယ်။ လူ တွေ ပခုံးကို ပွတ်တိုက်သွားတာရယ်၊ နောက်ပြီး ကျွန်တော့်ခြေထောက်တွေ လှုပ်မရ တာရယ်။ ဒါပါပဲ။

အဲဒီအချိန် ဟိုဘက်ပလက်ဖောင်းကနေ ဆင်းချလာတဲ့ လူအုပ်ထဲ တွေ့လိုက်ရ တာက ကျွန်တော်မျှော်လင့်နေတဲ့ "တစ်စုံတစ်ယောက်"။ "သူ"ဟာ လူအုပ်ကြားထဲကနေ လမ်းမကို ဘယ်ညာတစ်ချက် ကြည့်လိုက်ပြီး ပလက်ဖောင်းပေါ်ကနေ ဆင်းချလာပါ တယ်။ သူ့ကို လူတွေက အုပ်လိုက်စီတန်းလို့။ အဲဒီလူတွေဟာ မြစ်ကြောမှာ ဗေဒါအုပ် တွေ တန်းစီပြီး မျောလာသလို ကျွန်တော့်ဆီကို လျှောက်လာကြပါတယ်။ ကျွန်တော့် ရဲ့ "တစ်စုံတစ်ယောက်" က အဲဒီဗေဒါအုပ်ထဲက ဗေဒါပွင့်တစ်ပွင့်ပေါ့။ ဒီလိုပြောရတာ က ဒီလူအုပ်ထဲသူတစ်ယောက်တည်းပဲ။ ကျွန်တော့်အတွက် ထင်းနေလို့၊ သူတစ် ယောက်တည်းပဲ ကျွန်တော့်အတွက် စိတ်လှုပ်ရှားစေလို့။ "သူ"က ဒီပြင်လူတွေနဲ့မတူ။ ဒီပြင်လူတွေကို ကျွန်တော် မသိ။ "သူ့"ကို ကျွန်တော် သိပါတယ်။ လူချင်း စိတ်ချင်း

mgyoe.com

mgyoe.com


ရင်းနှီးပါတယ်။ အများထဲမှာ ဒီလူတစ်ယောက်တည်းပဲ ကျွန်တော့်အတွက် ထူးထူးခြားခြား ရှိနေတာ။ သာမန်လူတွေထဲက ထူးထူးခြားခြားတစ်ယောက်။ ဒါကြောင့် လျှောက်လာတဲ့လူတွေကို ဗေဒါအုပ်လို့ ကျွန်တော်ပြောပြီး သူ့ကို ဗေဒါပွင့်လို့ ကျွန်တော် ပြောမိတာပါ။

အချိန်က သိပ်မကြာလိုက်ပါဘူး။ သူဟာ ကျွန်တော့်ဆီကို တဖြည်းဖြည်း နီးကပ်လာပါတယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို မမြင်။ အနီးနား ရောက်လာရင်တော့ ကျွန်တော့်ကို မြင်မလား။ မမြင်ဘဲနေဦးမလား။ ဒါကို ကျွန်တော် မသိ။ "သူ" ကတော့ ကျွန်တော်နဲ့ နီးကပ်လို့လာပါတယ်။ လူတွေဟာ ကျွန်တော့်ကို ဝင်တိုးမလိုလုပ်ပြီး ခုနကပြောသလိုပဲ ကျောက်တုံးနားရောက်မှ နှစ်မြွာခွဲပြီး စီးတဲ့ရေစီးလို ဘယ်ညာခွဲပြီး ပွတ်တိုက်သွားပါတယ်။ သူဟာ ကျွန်တော့်ရှေ့ လက်တစ်ကမ်းအကွာ ရောက်လာပါတယ်။ အပေါ်က နေပူလို့ပဲလားမသိ။ မော့မကြည့်။ ခြေထောက်တွေက တဖျတ်ဖျတ်ရွေ့လို့။ ကျွန်တော့်လက်ကို ဆန့်တန်းလိုက်ရင် "သူ့"ကို ထိနိုင်ကိုင်နိုင်နေပါပြီ။ ကျွန်တော် လှမ်းခေါ်လိုက်ရင် "သူ့" မျက်နှာကို မော့ကြည့်လောက်ပြီ။ ကျွန်တော် ဘာဆက်လုပ်ရမှန်း မခွဲခြားတတ်သေး။

အဲဒီအချိန်မှာ ဖျတ်ဆို ကျွန်တော့်စိတ်ထဲ သစ်ပင်တစ်ပင်လို ပေါက်နေတဲ့ အကျင့်က ဝင်ပြီးနေရာယူပါတယ်။ ဒါက ကျွန်တော်ပြောခဲ့တဲ့ စောင့်ကြည့်တတ်တဲ့ အကျင့်။ ကျွန်တော် "သူ့"ကို စောင့်ကြည့်သလို၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်စောင့်ကြည့်လိုက်ပါတယ်။ "ကျွန်တော်" ကရော ဘယ်လိုလဲ။ လှမ်းခေါ်မှာလား၊ မခေါ်ဘူးလား။ လက်နဲ့လှမ်းတို့မှာလား၊ မတို့ဘူးလား။ ကျွန်တော့်အနေနဲ့ "ကျွန်တော်"လုပ်ချင်တာကို စောင့်ကြည့်နေရုံ။ တစ်ပြိုင်နက်တည်းမှာပဲ "သူ"ကကော ကျွန်တော့်ကို မော့ကြည့်ပြီး ခေါ်လိုက်မှာလား၊ ဝင်တိုးပြီး ဘယ်ဘက် ဒါမှမဟုတ် ညာကို ခွဲပြီး ပွတ်တိုက်သွားမှာလား။ ကျွန်တော် ငြိမ်ငြိမ်သက်သက် စောင့်ကြည့်နေပါတယ်။ ထူးခြားတာက အဲဒီအချိန်မှာ ကျွန်တော့်တစ်ကိုယ်လုံး ပူနေရာကနေ ချွေးတွေဟာ အေးစက်သွားတာ။ နားထဲမှာလည်း ဝေါခနဲ ဆူညံနေတဲ့ မြို့လယ်ကောင်အသံတွေ အားလုံး တိတ်သွားတာပါ။

"ကျွန်တော်" လက်မလှမ်းဖြစ်။ "ကျွန်တော်" ပါးစပ်က လှမ်းမခေါ်ဖြစ်။ "သူ" ကျွန်တော့်ရှေ့ရောက်တော့ ခဏတန့်ပြီး ညာဘက်ခွဲကာ ဆက်လျှောက်သွားပါတယ်။ ကျွန်တော့်ပခုံးကို သူပွတ်တိုက်မသွားပေမဲ့ စိတ်ထဲ ပွတ်မိသွားသလိုလို၊ ခဏနေလို့ ကျွန်တော် လှုပ်ရှားလို့ရလို့၊ နောက်လည်ပြန်လှည့်တော့ ... ဟိုး ခပ်လှမ်းလှမ်းမှာ "သူ"ဗေဒါအုပ်စိမ်းစိမ်းထဲက ခရမ်းရောင်ဗေဒါပွင့် တစ်ပွင့်။

စိတ်ထဲ ဝမ်းနည်းတာလား၊ ဝမ်းမနည်းတာလား။ စိတ်ပျက်တာလား၊ စိတ်မပျက်တာလား၊ ကျွန်တော် မသိ။ ငြီးငွေ့နေလား၊ မငြီးငွေ့သေးတာလား မသိ။

mgyoe.com

mgyoe.com


ကျွန်တော် သိတာကတော့ ဘာဖြစ်နေတယ်လို့ ပြောမပြနိုင်တဲ့ အခြေအနေတစ်ခုမှာ ရှိနေတာ။ ဟိုဘက်မဟုတ် ဒီဘက်မဟုတ် ကြားမျဉ်းကလေးပေါ်မှာ တည့်တည့်ကလေး ရပ်ပြီး စောင့်ကြည့်နေတာ။

ဧပြီလ၊ ၂၀၀၅၊ **Beauty** မဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# အမေသားဝက်

ကျော်ဇေ

ဆောင်းသက်လေ
ရော်ရွက်ကြွေ မြေမှာခပါတဲ့
နွေလအပြောင်း ...

(စာရေးဆရာကြီး ဦးမောင်ကလေး)

ဆောင်းအကုန် နွေအပြောင်း၏ နေ့လယ်ခင်းတစ်ခုဖြစ်သည်။

ဆောင်းသက်လေတိုးဝှေ့၍ ကြွေလွင့်နေသော ရော်ရွက်တွေကို ငေးကြည့်နေစဉ်မှာပင် တဖြောက်ဖြောက် မြည်နေသောအသံတွေကို ကြားနေရသည်။ အိမ်ရှေ့ခြံစည်းရိုးတွင် စိုက်ထားသည့် စွယ်တော်ပင်ဆီမှ ဖြစ်ပါ၏။

စွယ်တော်သီးတောင့် အခြောက်ကလေးများသည် နေ့လယ်ခင်းအရှိန်ကြောင့် ဖျောက်ခနဲ ကွဲအက်ကာ လန်ပြန်ကွေးလိပ်သွားကြသည်။ အထဲရှိ အစေ့ကလေးများမှာ ဝန်းကျင်အနှံ့ လွင့်စဉ်သွားကြတော့သည်။

ဒါကိုမြင်မိတော့ အပင်တွေတောင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကိုယ့်မျိုးဆက်ကို ကိုယ် ထိန်းသိမ်းစောင့်ရှောက် တတ်ကြပါလားဟု တွေးလိုက်မိသည်။

ဒီလိုတွေးမိတော့လည်း ကျွန်တော့်ရင်ထဲမှာ ဝေဒနာတစ်ခုပေါ်လာသည်။ သုခဝေဒနာလား၊ ဒုက္ခဝေဒနာလား မဝေခွဲတတ်ပါ။ သေချာသည်က အမေနှင့်ပတ်သက်သော ဝေဒနာသာဖြစ်သည်။

တစ်ခါတုန်းက အကျော်အမော် စာရေးဆရာမတစ်ဦး၏ ဖြစ်ရပ်။ ထိုဖြစ်ရပ်ကို ဆရာတစ်ဦးက ပြန်ပြောပြဖူးသည်။

"ဆရာမက ကလေးသိပ်လိုချင်နေတယ်။ ခက်တာက ကလေးယူဖို့ကလည်း သူ့မှာ ကိုယ်ခံအင်အားမရှိဘူး။ ကလေးယူခဲ့ရင် အသက်နဲ့လဲရလိမ့်မယ်လို့ ဆရာဝန်က တားမြစ်ထားခဲ့တယ်။ ဒါပေမဲ့ ... အဲဒီဆရာမက ကလေးယူခဲ့တယ်လေ။ သူ

mgyoe.com

mgyoe.com

သေချင်လည်း သေပါစေတဲ့။ သူ့ရင်သွေးရဲ့ မျက်နှာလေးကို မြင်ရရင် ကျေနပ်ပါပြီ ဆိုပြီး ကလေးယူခဲ့တာ။ တကယ်လည်း ကလေးမျက်နှာမြင်ပြီးတာနဲ့ သူ့ရောဂါအခံကြောင့် ကွယ်လွန်သွားရှာတယ်။

ထိုစဉ်ကတော့ ဖျာတစ်ချပ်ပေါ်တွင် တခူးခူးဖြင့် အိပ်ပျော်နေသည့်အမေ့ကို လှမ်းကြည့်ရင်း ဖြစ်ပေါ်လာသော ဝေဒနာဖြစ်သည်။

အမေသည် ရေတိမ်ရောဂါကြောင့် မျက်စိနှစ်ကွင်း အလင်းမရသည်မှာ ကြာခဲ့ပြီ။ သို့သော်လည်း သားသမီးများနှင့် ပတ်သက်လာလျှင် သူ့ကိုယ်သူ လူကောင်းသဖွယ် သဘောထားတုန်းရှိသေးသည်။ ခုလည်း ကျွန်တော့်အလုပ်ကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော ပြဿနာတစ်ခုကို ဖြေရှင်းဖို့ ဆိုင်ရာဆိုင်ရာကို သူကိုယ်တိုင်သွားတွေ့မည်။ ပြောမည် ဆိုမည် လုပ်နေသည်။ သူ့ကိုယ်သူ ဘာမျှဖြစ်မနေသည့်ပုံစံမျိုး။ ကျွန်တော်က "အမေရယ်၊ ကိုယ့်ဘာသာကိုယ် နေစမ်းပါ"ဟု ဆိုလည်းမရ၊ ထိုကိစ္စနှင့်ပင် အမေနှင့်ကျွန်တော် သင့်တော်သည် မသင့်တော်သည် ပြောဆိုရင်း မောမောပန်းပန်းဖြင့် အမေအိပ်ပျော်နေခြင်း ဖြစ်သည်။

တကယ်တော့မူ အမေသည် သူ့ဒုက္ခတဝေဒနာကို လျစ်လျူရှုကာ သားသမီးများ၏ ပြဿနာကို ဖြေရှင်းပေးရန် ကြိုးစားနေခြင်း ဖြစ်သည်။

ဒါ ... မိခင် သဘာဝပါဟု ဆို၍ရသော်လည်း အမေ့အတွက်မူ အကျင့်ပါနေခြင်းဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

အမေသည် အငြိမ်းစားယူထားသော သားဖွားဆရာမတစ်ဦးဖြစ်သည်။ ကျွန်တော်တို့ လူမမည်ကလေးဘဝက၊ အဖေဆုံးပါးစမှ ယခု အငြိမ်းစားယူပြီးချိန်အထိ ဒုံးပေကတ်သတ် ရုန်းကန်လှုပ်ရှားလာရသူဖြစ်သည်။

ထိုစဉ်က အမေ့အသက် (၃၀) ကျော်ရုံကလေးသာရှိသေးသည်။ သမီးတစ်ယောက် သားသုံးယောက် ဥမမည်စာမမြောက်ကလေးများဖြင့် ဘဝခရီးကို စတင်ခဲ့သူဖြစ်သည်။ နောက်အိမ်ထောင် ထူထောင်မည်ဆိုလျှင်လည်း ထူထောင်နိုင်သေးသည်။ စပ်သူဟပ်သူများလည်း ရှိခဲ့သည်ဟုဆိုသည်။ အမေသည် ထိုသူများ၏ မျက်နှာကိုမော်၍မျှ မကြည့်ခဲ့။ သူ့ရင်ခွင်ထဲရှိ ကျွန်တော်တို့၏မျက်နှာကလေးများကို ငုံ့ကြည့်ကာ ဘဝကို ရုန်းကန်လှုပ်ရှားလာခဲ့သူ ဖြစ်သည်။ သူစိမ်းတစ်ရုံဆံနှင့် ကျွန်တော်တို့တစ်တွေ အဆင်မပြေဖြစ်မည်ကိုလည်း အမေ ထည့်တွက်ခဲ့ဟန် ရှိပါသည်။

ကျွန်တော် မှတ်မိနေသော ဖြစ်ရပ်တစ်ခုရှိသည်။ အဖေဆုံးပါးစကာလက ဖြစ်သည်။ ညီအငယ်ဆုံးက နို့မလွတ်သေး။ ကျွန်တော်တို့တစ်တွေကလည်း အတီး အတအရွယ်၊ အမေကလည်း စိတ်လေလေနှင့် ဟိုပြောင်း သည်ပြောင်း လုပ်နေသည့်အချိန်ဖြစ်သည်။ မည်သည့်ဆွေမျိုးသားချင်း၏ အကူအညီကိုမျှ မတောင်းခံဘဲ ကျရာအရပ်တွင် လူမမည် ကလေးတစ်ပြုံနှင့်အတူ ရင်အုပ်မကွာ ရပ်တည်နေချိန်ဖြစ်သည်။

mgyoe.com

mgyoe.com


နေ့ဘက် အမေအလုပ်သွားလျှင် ကျွန်တော်တို့တစ်တွေကို အိမ်နီးနားချင်းများနှင့် စကားအထပ်ထပ်မှာကာ အပ်ထားခဲ့ရသည်။ ညဘက် လူနာလာခေါ်လျှင်မူ အမေသည် အိမ်တွင် ကျွန်တော်တို့ချည်း ထားခဲ့ရမည်ကို မည်သို့မျှ စိတ်မချနိုင်တော့ပါ။ ထို့ကြောင့် စောင်တွေ၊ ခြင်ထောင်တွေကို အထုပ်ကြီးထုပ်ကာ ကျွန်တော်တို့တစ်တွေကိုပါ လူနာအိမ် ခေါ်သွားသည်။ လူနာအိမ်တွင် ခြင်ထောင်တစ်လုံးဖြင့် ကျွန်တော်တို့တစ်တွေ နွေးနွေးထွေးထွေး အိပ်နေသည်ကိုမြင်ပါမှ အမေ ဖြောင့်ဖြောင့်တန်းတန်း အလုပ်လုပ်နိုင်သည်။

ကျွန်တော်တို့ လူလားမြောက်၍ အမေအငြိမ်းစားယူသည့်တိုင်အောင် ကြက်သားအုပ်မကြီးသဖွယ် ထိန်းသိမ်းလာခဲ့ရာ အမေအကျင့်ပါနေခြင်းသာဖြစ်လေသည်။ ယခု အမေ မျက်စိကွယ်ချိန်အထိ မမြင်မစမ်း လိုက်လံ၍ အကာအကွယ်ပေးနေသည်ကို တွေ့ရတော့ တွေးမိလေတိုင်း ကျွန်တော်မျက်ရည်ဝိုင်းရသည်။

အမေတိုင်းသည် သားသမီးများနှင့် ပတ်သက်လာလျှင် တစ်စိတ်တည်း တစ်သဘောတည်း၊ တစ်ရောင်တည်း ရှိကြသည်ဟု ကျွန်တော်ထင်မိပါသည်။ အလုပ်လုပ်ရာ၌ပင် ရင်အုပ်မကွာ နေပုံသည်။ ထိုအတွက် ပင်ပန်းသည်ဟု ငြိုငြင်ခြင်းမရှိ။

တစ်လောကပင် ရန်ကုန်က စာပေထုတ်လုပ်သူမိတ်ဆွေတစ်ဦးနှင့် စကားလက်ဆုံကျခဲ့ရသည်။ သူက အမေကဗျာရေးချင်နေသည်။ သူ့အမေနှင့် ပတ်သက်သောသူ တသသ ဖြစ်နေရသည့် ဖြစ်ရပ်ကလေးတစ်ခုကို ပြောပြသည်။

သူ့ဇာတိက ငဝန်မြစ်ကမ်းနံဘေးရှိ ငါးသိုင်းချောင်းမြို့ကလေးဖြစ်သည်။ မြစ်ရေလျှံမှုကို ကာကွယ်ရန်တည်ဆောက်ထားသော ရေကာတာကြီး၏ အတွင်းဘက်၌ တည်ရှိသည်။

"အဲဒီနေ့ အမေက ကျွန်တော့်ကို ခါးထစ်ခွင်ပြီး ရေခပ်နေတာဗျာ၊ နွေဆိုတော့ မြစ်ရေကလည်း ဟိုအောက်ခြေထိ ရောက်နေပြီး မြစ်ကမ်းပါးစောက်ကလည်း 'ဝ' ခေါ်နေတာပဲ အနက်ကြီး။ ရေတစ်ခေါက်ရဖို့ တာစောက်ကြီးကို ဆင်းရတယ်။ ပြန်တက်ရတယ်။ ခေါင်းပေါ်မှာလည်း ရေအိုးနဲ့ ကျွန်တော့်ကိုလည်း ခါးထစ်ခွင်နဲ့၊ အမေ့အသက်ရှူသံပြင်းပြင်းကို ကျွန်တော် ကြားနေရတယ်။ ဒါနဲ့ တာရိုးပေါ်ရောက်တော့ အမေ ခဏနားတယ်။ အဲဒီတော့ ကျွန်တော်က အမေ ဘာဖြစ်လို့လဲဟင်။ အမေ့အသက်ရှူသံကလည်း အကျယ်ကြီးပဲ။ ကျွန်တော့်ကို စိတ်ဆိုးလို့လား၊ မောလို့လားလို့ မေးလိုက်တယ်။ အဲဒီတော့ အမေက ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်ပြီး အမေ မမောပါဘူး သားရယ်၊ သားကိုလည်း စိတ်မဆိုးပါဘူးလို့ ဖြေတယ်"

မိတ်ဆွေဖြစ်သူသည် ဝမ်းပန်းတနည်းဖြင့် "ကျွန်တော်ဗျာ ခုထိပဲ အမေ မောနေတာ မြင်လျက်သားနဲ့ မမောပါဘူးလို့ ပြုံးပြုံးကြီးပြောနေတာကို မြင်နေတုန်း၊ ကြားနေတုန်းပဲ"ဟု ပြောနေသည်။

mgyoe.com

mgyoe.com


အမေနှင့် ပတ်သက်လာလျှင် လူတိုင်း၌ ပြောစရာတွေလည်း မကုန်၊ ပုံပြင်တွေလည်း များလှစွာ၏ဟုဆိုရမည်။

ပြီးခဲ့သည့်နှစ်က ကျွန်တော်တို့အစ်ကိုကြီးလိုနေသော မိတ်ဆွေကြီးတစ်ဦးက သူ့အမေရှိရာ ရွာသို့ အလည်အပတ် ပြန်သည်။ သူနှင့်အတူ သူ့မိတ်ဆွေတစ်သိုက်ကိုလည်း အလည်အပတ်ခေါ်သွားသည်။ ထိုခရီးစဉ်၌ ကျွန်တော်လည်း လိုက်ပါသွားခဲ့သည်။

ပြန်ခါနီးတွင်တော့ အမေဖြစ်သူကို ကျွန်တော်တို့ မိတ်ဆွေကြီးက ကျွန်တော့်တို့ရှေ့မှောက်တွင်ပင် ပါလာသော ငွေကြေး၊ မုန့်များဖြင့် ကန်တော့သည်။ "အမေ့ကိုသား ကန်တော့ပါတယ်"ဟုဆိုကာ တစ်နယ်တစ်ကျေးတွင် ကျောင်းနေသော ကျောင်းသားကလေးတစ်ယောက် ပြန်ခါနီးကန်တော့သည့်ပုံမျိုး ကန်တော့နေခြင်းဖြစ်သည်။

အမေဖြစ်သူကလည်း မလိမ်မိုးမလိမ္မာ ကျောင်းသားလေးတစ်ယောက်ကို ဆုံးမနေသည့်ပမာ "သားလေး ဘုရားမှန်မှန်ရှိခိုးနော်၊ အစားအသောက်တွေလည်း ဆင်ခြင်စား၊ အမေကတော့ ငါ့သားလေးကို ဘုရားရှိခိုင်းတိုင်း မေတ္တာပဲပို့နေရတယ်။ ငါ့သားလေး ကျန်းမာချမ်းသာပါစေကွယ်။ ကြီးပွား တိုးတက်ပါစေ"ဟု ဆုတွေ တသီကြီးပေးသည်။

အမှန်တော့ အမေဖြစ်သူက ကလေးလို သဘောထားသော သားခများမှာတော့ ခရိုင်အဆင့်ရှိ အရာရှိတစ်ဦး ဖြစ်ပါ၏။

အမေဆိုတာ ဝေးနီးမဟူ၊ အချိန်မရွေး၊ အသက်အရွယ်နှင့် အဆင့်အတန်းက ဟန့်တားမှုမရှိ၊ သားသမီးများအပေါ် မေတ္တာထားရှိနေသည်သာ ဖြစ်သည်။

ကျွန်တော်သည် ဖျာပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော အမေဖြစ်သူကို မျက်ရည်တဝဲဝဲဖြင့် ကြည့်ရင်း ဆို့နစ်မွန်းကျပ်လာပါသည်။

တစ်ဆက်တည်းမှာပင် မိခင်မေတ္တာ၏ ဂုဏ်စွမ်းရည်ကို အရယူကာ ဖော်ကျူးဖွဲ့ဆိုထားသော ဂါထာတစ်ပုဒ်ကို သွား၍ သတိရမိသည်။

"ဥုံ၊ ဂေါဓေဟိ၊ ဝံဂနာဏာမ" အစချီထားသော နွားမသားဝှက် အမည်ရှိဂါထာဖြစ်သည်။

မေက မွေးဖွား သားငယ်နွား ...
ငါတို့နွားမျိုးတို့သည်
လှည့်စားကာကွယ်ခြင်းအတတ်ကို တတ်ကုန်၏။
သင် ချစ်သားသည်
သစ်ပင်ရင်း၌ ကျက်စားသွားလာရစ်လော့။
အရိပ်ဖြင့်
ဖုံးဖိကာကွယ် ထားခဲ့ကုန်အံ့။

mgyoe.com

မေကမ္မွေးဖွား သားငယ်နွား ...
တောဩလည်းကောင်း သစ်ပင်ရင်းဩလည်းကောင်း
သွားလော့၊ သွားလေလော့
ငါတို့အမျိုးအဆွေတို့နှင့် အတူတကွ
အမိ ငါသည် သင်ချစ်သားကို
မေတ္တာရေစာတ် သွန်းဖြန်းအပ်၏။
မေတ္တာရေစာတ် သွန်းဖြန်းအပ်လေသောကြောင့်
တောခွေး၊ သစ်၊ ကျား အစရှိသော ရန်သူတို့သည်
မမြင်ကြကုန်လတ္တံ့၊ မကြားကြကုန်လတ္တံ့.

မေကမ္မွေးဖွား သားငယ်နွား ...
တောမှုဆိုးတို့ကြောင့်ဖြစ်သော ဘေးသည်မရှိ။

မေကမ္မွေးဖွား သားငယ်နွား ...
တောဩ ဆိတ်ငြိမ်၏။
ဆိတ်ငြိမ်ရာအရပ်မှာ ဘေးသည်မရှိ
မြက်ကို စားရစ်လော့
မွေ့လျော်စွာ နေရစ်လော့
အမိ ငါ၏
နွားမျိုးမှဖြစ်သော နို့ရည်ကိုလည်း
မကြာခင် သောက်စို့လတ္တံ့.
မွေ့လျော်ရစ်လော့
မွေ့လျော်စွာ နေရစ်လော့
အလုံးစုံသော တောခွေး၊ သစ်၊ ကျား အစရှိသည်
တို့မှ ဖြစ်သော
အလုံးစုံသော ဘေးတို့သည်
အကြွင်းအကျန် မရှိသောအားဖြင့်
ကင်းစင်လွင့်ပျောက်ပါစေကုန်သတည်း။

ကွင်းပြင်ကျယ်ကျယ် မြင်ခင်းပြင်၌ လွတ်လပ်စွာ အစာအစားနေသော နွားသားအမိကို တွေ့သည့်အခါများတွင် ကျွန်တော့်မှာ တမင်သက်သက် ရပ်ကြည့်ကာ ဤဂါထာကို သတိရနေမိတတ်သည်။ အခြားအချိန်များတွင်လည်း ဤဂါထာကို သတိရတိုင်း ရွတ်ဆိုမိတတ်သည်။ သို့တိုင် ကျွန်တော့်မှာ ဂါထာ၏သဘော၊ ဂါထာ၏

mgyoe.com

mgyoe.com


အတိမ်အနက်ကို မစမ်းဝါးမိခဲ့။

အမှန်ကတော့ ဂါထာမှာ မိခင်မေတ္တာကို သစ္စာပြုရေးဖွဲ့သီကုံးထားခြင်း ဖြစ်ပါ၏။ "မိခင်မေတ္တာမှာ သစ္စာပြုနိုင်လောက်အောင် ခိုင်မြဲလှ၏" ဟူသော အတွေးစကို ကျွန်တော် ရလိုက်သည်။

အိမ်အပြင်ဘက်ကို လှမ်းမျှော်ကြည့်လိုက်တော့ ဆောင်းသက်လေတွင် ရွက်ကြွေတွေက လွင့်နေဆဲ၊ နေရှိန်ကလည်း ရင့်နေဆဲ။ စွယ်တော်ပင်ကလည်း တဖြောက်ဖြောက်ဖြင့် မျိုးဖြုန်းနေဆဲ ရှိသေးသည်။

ကျွန်တော်သည် ကျွန်တော့်အမေနှင့် မိတ်ဆွေတို့၏ အမေပုံပြင်များတွင် နှလုံးအိမ်သည် လျှောင်လှိုင်းတစ်ခု ဖြတ်သွားသည့်ပမာ သိမ့်သိမ့်ခါ ရမ်းသွားရတော့သည်။

ကြည့်စမ်း ... လက်စသတ်တော့ အမေတိုင်းဟူသမျှ "သားဝှက်"နေကြပါတကား။

**မေလ၊ ၂၀၀၅၊ ရုပ်ရှင်သစ္စာမဂ္ဂဇင်း**

❑

mgyoe.com

mgyoe.com

# ရောင်စုံပန်းခင်းမှ သင်းပျံ့ရနံ့များ

ကိုကြွယ်(ဟာသီ္ဂတ)

ဖွင့်ကြည့်လိုက်သည်နှင့် ရှားပါးစာအုပ်ဟောင်းတစ်အုပ်၏ အနောင့်ကြားမှ ပြေးထွက်လာသည်မှာ ငွေရောင်မျှင်ပိုးတစ်ကောင်ဖြစ်နေသည်။ မြန်ဆန်ဖျတ်လတ်စွာဖြင့် စာအုပ်နောက်ကျောဖုံးအား ပတ်ပြေးရာမှလစ်ဟာ အနောင့်ကြား တစ်နေရာသို့ တိုးဝင်ခိုအောင်းသွားသည်။ ရိုက်ခါထုတ်လိုက်မှုအရှိန်ကြောင့် ပြန်လည်ပြေးထွက်လာသော အကောင်ငယ်အား လက်ဖြင့်ပုတ်ခတ်လိုက်၏။ နူးညံ့သည့်ခန္ဓာအိမ်သည် ငွေရောင်မှုန့်များဖြင့် ဖိတ်ကျကြေမွကာ စခန်းရပ်သွားလေသည်။ မတတ်နိုင်၊ ပါဏာတိပတ် သူများအသက်အား မသတ်ချင်သော်လည်း မရတော့။ အတွင်းမှ ခိုအောင်းကာ လိုက်စားနေတတ်သည့်၊ မြင်တွေ့မလွယ်သော သည်လိုသတ္တဝါမျိုးများသည် မိမိအား အစဉ် စိန်ခေါ်ခြိမ်းခြောက်နေသည့် အဖျက်သမားလေးများဖြစ်သည်။ သူတို့၏ လိုက်စားတိုက်ဖျက်မှုကြောင့် အရွယ်စုံအပေါက်တို့ဖြင့် ပျက်စီးခဲ့ရသည့် စာအုပ်များ မနည်းခဲ့ပြီ။ စက္ကူရနံ့လေးများသင်းနေသည့် စာအုပ်သစ်များအတွက် အဖျက်ရန်ကို မပူပန်ရသော်လည်း၊ နှစ်ပေါင်းများစွာ ကြာပြီဖြစ်၍ စက္ကူညိုကုန်ခမ်းစ ရှားပါးစာအုပ်များအတွက်မူ ထိုသတ္တဝါကလေးများ၏ ဘေးရန်သည် မသေးငယ်လှသည် အမှန်ပင်ဖြစ်သည်။ စာအုပ်ဟောင်းများသည် သူတို့အတွက် လတ်ဆတ်ချိုမြိန်ဖွယ်ရှိလှသည့် စားကျက်ခင်းကြီးဖြစ်နေပေလိမ့်မည်။ မိမိအဖို့မူ ပြန်လည်အစားဖြည့်မည်ဆိုပါက ထိုစာအုပ်များသည် ဈေးကွက်တွင် ရှာဖွေယူရန် မလွယ်လှတော့။

အဆင့်ခုနစ်ထပ်မြင့် အစီအရီရှိနေသည့် စာအုပ်စင်ကြီး ငါးစင်ပေါ် ပိတ်ကွယ်ချထားသည့် ကန့်လန့်ကာများအား ဆွဲဖယ်စုသိမ်းပေးရသည်မှာ နံနက်ခင်းနေခြည်နွေးနွေး ထိုးဖောက်လာချိန်တိုင်းတွင် ဖြစ်၏။ တိုးဖိတ်ကျလာသည့် နေခြည်နွေးနွေးနှင့်အတူ လေပြည်နုအေးများပါ ဖြန်းပက်ထိတွေ့လာသည်ဆိုလျှင် စင်အသီးသီးပေါ်ရှိ စာအုပ်ကလေးများ လန်းဆန်းပျော်ရွှင်ပေတော့မည်။

mgyoe.com